www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့စာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

BURMESE CLASSIC .com

## အခန်း (တစ်)

နီယွန်း မီးစိမ်း ထွန်းညှိထားသော သေသပ်သော စာတမ်းက 'ဆောင်ကြာနန်းကလပ်' ဟူ ဆိုညွှန်ပြုထားသည်။ ထိုအမည် စာတမ်းအောက်တွင်မူ ရုလတန် မဂ္ဂဇင်း၏ အမှတ်အသားကို တွေ့ရသည်။

ခေါင်းပေါင်း ပေါင်းထားပြီး ကြွက်ပုံစံ မုတ်ဆိတ်ရှိသော လူလေး တစ်ဦးက တင်ပျဉ်ခွေ ထိုင်နေသည့်ပုံပင် ဖြစ်သည်။ လျှပ်စစ်မီး တစ်ထားပုံကြောင့် သူ၏ မျက်လုံးစိမ်းများက အလင်း တဖျတ်ဖျတ်ခတ်နေသည်။ တစ်နည်း မျက်စိမှိတ်ပြနေခဲ့သည်။

ကလပ်ထဲတွင်မူ ထန်းပင်တုများသာ ရှိသည်။ မီးရောင်က မှိန်မှိန် ညှို့ကြိုပုဂ္ဂိုလ်ကြီးကဲ့သ အရက်မူးပြီး ဟောင်ဖွာဟောင်ဖွာ လုပ်နေသူများမှသည် လူတစ်ထောင်မျှ တက်ရောက်သော

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပတ်လည် ပွဲအထိ ကိစ္စရပ် မှန်သမျှကို နိုင်နင်းစွာ ကိုင်တွယ်နိုင်သူပုံ ထွက်နေသည်။

သို့တိုင်အောင်၊ တစ်ခန်းလုံးမှာ အချယ်အသ ကောင်း၍ ခမ်းနားထည်ဝါပုံပေါက်နေပြီး မရင့်ကျက်သော-ဖောက်သည်များ အကြိုက်လောက်တော့ ဖြစ်နေသည်။

'ဆရာ သော့လေး ကြည့်ပါရစေခင်ဗျာ၊ ဒါ လုပ်ရိုးလုပ်စဉ်ပါ'

ညော့်ကြိုက တောင်းတောင်းပန်ပန် ပြုံး၍ ကလပ်အဖွဲ့ဝင်ဖြစ်ကြောင်း အမှတ်သင်္ကေတ ဖြစ်သော သော့တံကို တောင်းလိုက်သည်။

'ကျုပ်မှာ ဘာသော့မှ မရှိဘူး၊ ကျုပ် မစ္စတာ စတန်တွန်နဲ့ ချိန်းထားလို့ လာတာ ကျုပ်နာမည် ရစ်ဟိုလ်မန်း'

ကျွန်တော်က ပြောလိုက်သည်။

'ဘာ....မစ္စတာ ဟိုလ်မန်း ဟုတ်တာပေါ့'

ညော့်ကြို၏ ပုံစံက ပို၍ ဝပ်ဝပ်ကျိုးကျိုး ရှိသွားသည်။

'မစ္စတာ စတန်တွန်က သူ နည်းနည်းနောက်ကျလိမ့်မယ်လို့ ဖုန်းဆက်လိုက်တယ်၊ ဒါပေမယ့် သူမရောက်ခင် ဆရာ့ကို ကောင်းကောင်း ပြုစုထားလိုက်ဖို့ မှာလိုက်ပါတယ် ဆရာ၊ ကျွန်တော် နောက်က လိုက်ခဲ့မှာပါ'

ကျွန်တော်သည် သူ့ နောက်မှ နေ၍ အားခန်းတွင်းသို့ လိုက်သွားသည်။ တစ်ခန်းလုံးကို စီးမိုးမြင်နေရသော်လည်း သီးသန့်ကျသော စားပွဲတစ်လုံးတွင် ထိုင်လိုက်သည်။ ကျွန်တော်သည်



စီးကရက် တစ်လိပ် မီးညှိပြီးချိန်မလောက်တွင် ညော့်ကြို တော်နေရာတွင် အတော် လှပသော မိန်းမပျိုတစ်ဦးက အစားထိုး ရောက်ရှိနေချေပြီ။

'ဆောင်ကြာနန်းကလပ်က လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်ရှင့်၊ ကျွန်မ နာမည် မယ်ပေါလ်လာပါ ဒီညနေအတွက် လူကြီးမင်းရဲ့ ဧည့်မယ်ပါပဲ'

တာသံ သဲ့သဲ့ ပါသော မိန်းမပျိုသံ နုနုလေး ပေါ်လာသည်။

ကျွန်တော် မော့ကြည့်လိုက်သည်။

ဆံပင်နက်နှင့် အရပ်မြင့်မြင့် မိန်းမချော တစ်ဦး ကျွန်တော့် စားပွဲနားတွင် ရပ်၍ တာဝန်ကျေ အပြုံးဆန်နေသော အေးတိ အေးစက် မျက်လုံးများနှင့် ကျွန်တော့်ကို ကြည့်နေသည်။

သူမသည် အလွန် ဟိုက်သော အင်္ကျီကို ဝတ်ဆင်ထားသောကြောင့် ပြည့်ဖြိုးသောရင်သားက မို့မို့ ပြူနေသည်။ အောက်ပိုင်းတွင်မူ ရှေးခေတ် အာရပ်ဆူလတန်တို့၏ ဆောင်နန်းအပျိုတော်များ ဝတ်ဆင်သော ဘောင်းဘီပွပွကို ဝတ်ဆင်ထားသည်။ စီးထားသောဖိနပ်သည်ပင် ထိပ်ကွေးလေးနှင့် ဖြစ်သည်။ တကယ့် နန်းတွင်းသူ ပုံစံ သက်သက်....

'ကျုပ် ဧည့်မယ်က ကျုပ်အတွက် ဘာတွေများ လုပ်ပေးရပါသလဲ'

ကျွန်တော်က သူမကို မေးလိုက်သည်။

www.burmeseclassic.com



သူမ တံတွေး မြိုချလိုက်ပြီး နောက်သို့ ခြေနှစ်လှမ်းလောက် ဆုတ်လိုက်သည်။ ကျွန်တော့ကို စိတ်မှ မှန်ရဲ့လားဟု ကြည့်သည့် ပုံစံဖြင့် ကြည့်လိုက်သည်။

'ရှင် အရက် သောက်ချင်ရင် အရက် ယူပေးပါတယ်၊ တစ်ခြား ဘာလိုချင်လို့လဲ'

သူမက အေးတိအေးစက် အသံဖြင့် မေးလိုက်သည်။

'ဟာ…အဲဒါဆို ကောင်းတာပေါ့၊ ငါက ဘယ်လို ဘယ်လောက်အထိ ဧည့်ဝတ်ပြုကြတတ်မှန်း မသိလို့ မေးတာ၊ ကဲ ကောဘွန်းတစ်ခွက် ရေခဲမထည့်နဲ့'

ကျွန်တော်က ဖြေလိုက်သည်။

သူမ ဘားကောင်တာသို့ လျှောက်သွားသည်။ သူမ၏ နောက်ပိုင်းများက လှုပ်ကဲသော လှုပ်ရှားမှုကို ပြသွားသည်။ ကျွန်တော် သက်ပြင်းချလိုက်မိသည်။ စားကောင်းသောက်ဖွယ် တစ်ခုကိုပင် အရသာ မခံရသေးခင် မည်သည့် အတွက်ကြောင့် နောက်တစ်မျိုးကို အတင်း မက်လုံးပေးနေကြသည် မသိ။ သို့သော် ဆိုင်တို့၏ ကျင့်ထုံးက ထိုအတိုင်းပင်။

နောက်ထပ် အရက်နှစ်ခွက် သောက်ပြီးသော အခါတွင် တစ်စားပွဲမှ တစ်စားပွဲသို့ ကူးခတ်သွားနေသော ဧည့်မယ်များကို ကြည့်ရှုရသည်ကို ငြီးငွေ့စပြုလာသော အချိန်တွင် ခရစ်ပင် စတန်တွန် ရောက်လာသည်။

ဧည့်ကြိုတို့က တကယ့် စူလတန် ဘုရင်ကြီးကို ကြိုဆို ခေါ်ဆောင်လာသကဲ့သို့ သူ့ကို ခေါ်ဆောင် လာခဲ့သည်။



တစ်နည်းပြောရလျှင် တကယ်လည်း သူသည် ဘုရင် တစ်ပါးဟု ဆိုရမည်။ သူ့ ဥပဓိရုပ်က စူလတန်ဘုရင်တစ်ပါး၏ ဥပဓိရုပ် နှင့် မတူသည်က တစ်ဘာသာ။

သူ့ အရပ်အမောင်းက မနိမ့်မမြင့် ဖြစ်သည်။ ကြံ့ခိုင်မှု ကင်းမဲ့သော ခန္ဓာကိုယ် ဝဝဖြိုးဖြိုးသာ ပိုင်ဆိုင်သည်။ ဆံပင်က အဝါရောင် ထူထူထဲထဲ ရှုပ်ရှုပ်ပွပွ။

သူ့ အသွင်က မှောင်ခိုလက်နက်များ ရောင်းသူဟု ယူဆ လောက်သော အသွင်မျိုး ဖြစ်သည်။ မီမိဇရောစ်းချလိုက်သော မှောင်ခိုလက်နက် မစမ်းသပ်မီ ပစ်ကွင်းမှ လွတ်အောင် ဒရော သောပါး ပြေးလာခဲ့သော လက်နက်ပွဲစားနှင့် တူသည်။

'ဟိုလ်မန်း'

သူက ကျွန်တော့လက်ကို အားရပါးရ ဆွဲရမ်းနှုတ်ဆက် လိုက်ပြီး ကျွန်တော့ဘေးရှိ ဆိုဖာတစ်ခုံတွင် အားရပါးရထိုင်ချ လိုက်သည်။

'ခင်ဗျား ဟိုအနောက်ကမ်းရိုးတန်းကနေ ယောင်အရောက် လာခဲ့တဲ့ အတွက် သိပ် ကျေးဇူးတင်တယ်ဗျာ၊ သိပ်ကျေးဇူး တင်တယ်'

ကျွန်တော့ ဧည့်မယ်က ခပ်သွက်သွက် ပေါ်လာသည်။ စတန်တွန်အား မခို့တရို့ ပြုံးပြပြီး သူမ တင်သားကို သူ့ပခုံး နှင့် တိုက်လောက်အောင် အနီး ရပ်လာသည်။

'ကျွန်မ ဘာမှာပေးရမလဲ မစ္စတာ စတန်တွန်'

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သူမက ခြင်ထောင်သံဘက် နွယ်နေသော အသံဖြင့် ညုတုတု မေးလိုက်သည်။

စတန်တွန်က သူမပေါင်ကို အသာ ညှစ်လိုက်သည်။

'ဗေဘကာ ယူခဲ့ကွာ၊ ပေါလ်လာ အသည်းလေး'

စတန်တွန်က ဆိုလိုက်သည်။ လှည့်ထွက်သွားသော ပေါလ်လာ၏ တင်ပါးကို ပြစ်ပြစ်နှစ်နှစ် ရိုက်လိုက်သည်။

'ချစ်စရာခလေးနော်'

မျှားမျှားစားစားကြီး ယမ်းခါသွားသော တင်သားကို မျှားမျှားစားစားကြီး လှမ်းကြည့်လိုက်ရင်း စတန်တွန်က ဆိုလိုက်သည်။ ထို့နောက် ဆက်ဆိုလိုက်သည်။

'အခုမှ ၁၉-နှစ် ရှိသေးတယ်၊ ဒါပေမယ့် တစ်ပတ် ကို ပုံမှန် ဝင်ငွေ ဒေါ်လာ ၂၀၀-ရှိတယ်'

'ခင်ဗျားလိုပဲ လစာများများ ပေးလေ့ ရှိလား'

ကျွန်တော်က သူ့ကို မေးလိုက်သည်။

သူ၏ အပြုံးက ပို၍ ဝင်းထိန်သွားသည်။

'ကျုပ် သူ့ကို တစ်ပြားမှ ပေးတာ မဟုတ်ဘူး၊ တစ်ခြားညီမယ်တွေကိုလည်း တစ်ပြားမှ ပေးတာ မဟုတ်ဘူး၊ ဖောက်သည်တွေဆီက ရတဲ့ တစ်ဝက်သက်သက်ကအဲဒီလောက်ရှိတယ်'

ပေါ်လ်လာက အရက်ခွက်တစ်ခွက်ကိုင်၍ ပြန်လာသည်။ စတန်တွန်၏ရှေ့သို့ကိုင်းကိုင်းညွတ်ညွတ်တင်လိုက်သည်၊ စတန်တွန်ကို ရိုသေလွန်းလှသည်မဟုတ်။ ရှုတင့်သောမြင်ကွင်းကိုစီးမိုးမြင်သာစေရန် ကိုင်းညွတ်လိုက်ခြင်းသာ ဖြစ်သည်။



စတန်တွန်၏မျက်လုံးပြာများက ရမက်ရောင်တောက်သွားသောကြောင့် သူမပြချက် အလကားမဖြစ်ကြောင်း ထင်ရှားသွားသည်။ သူမ အားကောင်တာသို့ ပြန်လျှောက်သွားသောအခါတွင် စတန်တွန်၏အကြည့်က သူမ နောက်ပိုင်းကို ကပ်၍ပါသွားပြန်သည်။

ဆူလတန်ပီသသော စတန်တွန်ပင်တည်း။ အမြဲတစေအကြံကြီး ကြံနေတတ်သည်။

'ဟုတ်ပါ၊ ဟုတ်ပါ့၊ တစ်ကယ့်ကို ချစ်စရာချာတိတ်မကြီးဘဲ ပေါ်လ်လာကလေး၊ တကယ့်ကို ဟင်း... ဟင်း'

စတန်တွန်က ရေရွတ်လိုက်သည်။

သူသည် အရက်ခွက်ကို အတန်ကြာကိုင်ကစားနေပြီးမှပြောလိုက်သည်။

'ခင်ဗျားကိုကျုပ်ဘာလို့ ဒီလောက် အလေ့တကြီး ဆင့်ခေါ်လိုက်တာလဲလို့ ခင်ဗျားတွေးနေလိမ့်မယ်မှတ်တယ်၊ ဟုတ်လား၊ ဟိုလ်မန်း'

'တွေးတော့တွေးမိသားဗျ၊ ဒါပေမယ့် ခင်ဗျားကအခပေးထားတာပဲ၊ အဲဒီတော့ မပြောသေးဘဲ အချိန်ဆွဲနေရင်လဲ ခင်ဗျား သဘောပဲ၊ အေးအေးဆေးဆေးပဲ၊ ကျုပ်ကတော့ အလျင်မလိုပါဘူး'

ကျွန်တော်က ဆိုလိုက်သည်။

စတန်တွန်က သဘောကျစွာ ကြိတ်ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'စတယ်လာ ရုပ်ရှင် ထုတ်လုပ်ရေး ဌာနက အော်ဂျီနီစ်က ခင်ဗျားကိုဘယ်လိုခေါ်ခဲ့လဲ၊ ဘာလဲ အိုင်ကိုနီးကလပ်တဲ့တိတ္တိ တော့မဟုတ်ဘူး၊ ဒါပေမယ့် တစ်ပါးသူတွေအထင်တကြီးရှိတဲ့ ပုဂ္ဂိုလ်တွေကို နှိမ်နင်းသူလို့ဆိုရမယ်၊ ရှင်းရှင်းပြောရရင်တော့ တစ်လောကလုံးကို သောက်ရေးမထားတဲ့လူလို့အဓိပ္ပာယ်ရတဲ့ စကားကို ယဉ်ယဉ်ကျေးကျေးဆိုလိုက်တာပဲ၊ ဘာပဲဖြစ်ဖြစ်လေ ရုပ်ရှင်လောကမှာ ပြုလည်အောင်ညှိပေးနိုင်တဲ့သူအဖြစ် ခင်ဗျား နာမည်ရထားတာပဲ၊ အဲဒီလိုဂုဏ်ရှိနေမှတော့ တလောကလုံးပေါ် ရိုင်းချင်လဲရိုင်းနိုင်တာပေါ့'

'ခင်ဗျားကျုပ်ကိုခေါ်ချင်းကိစ္စကို အနေးနဲ့အမြန် ပြောပြရမှာပဲ၊ အဲဒီတော့ အခုပဲ ပြောလိုက်ပါတော့လား'

ကျွန်တော်က ဆိုလိုက်သည်။

သူရယ်လိုက်ပြန်သည်။ သို့သော် ဤတစ်ကြိမ်တွင် သူရယ်သံက အသက်မပါလှချေ။

'တကယ် လက်မြန် ခြေမြန် လှုပ်ရှားချင်တဲ့ သူပါလား။ ကောင်းပြီ ဟိုလ်မန်း၊ ဒါပေမယ့်ခင်ဗျားကိုအကျိုးအကြောင်း မပြောခင် ဒီကိစ္စတစ်ခုလုံးဟာ သိုသိုသိပ်သိပ်လျှို့လျှို့ဝှက်ဝှက် နှုတ်လုံရမယ့်ကိစ္စဆိုတာ သတိပေးပါရစေ၊ ဟုတ်ပြီလား'

'ကျုပ်ကိုမစ္စတာနှုတ်လုံလို့လဲ ခေါ်လေ့ရှိကြပါတယ်။ အမှုသည်နဲ့ပတ်သက်လာရင် ကျုပ်က ကမာကောင်လို နှုတ်လုံမှုလို'

ကျွန်တော်က ခပ်ပေါ့ပေါ့ ပြောလိုက်သည်။



'ဟုတ်ပါတယ်၊ ခင်ဗျားရဲ့ဂုဏ်သတင်းကိုကျုပ်သိပါတယ် ခင်ဗျားရဲ့ဟောလိဝုဒ်အဆက်အသွယ်တွေနဲ့ တီးခေါက်ကြည့်ခဲ့ပါတယ်၊ ဒါကြောင့်ခင်ဗျားကိုငှားခဲ့တာ၊ ခင်ဗျား အကောင်းဆုံးပါပဲ ဟိုလ်မန်း'

စတန့်ဘတ်က ထက်ထက်သန်သန် ခေါင်းညိတ်လိုက်သည်။

သူသည် သူ့အရက်ခွက်ကို လှုပ်ကစားရင်း ရုတ်တရက် မေးလိုက်သည်။

'ဆိုစမ်းပါဦး၊ ကျုပ်အကြောင်းဘာသိလဲ'

'ကျုပ်သိတာတွေ မသိတာတွေက အများပါလား'

ကျွန်တော်က မှန်ကုပ်ကုပ်နှင့် မေးလိုက်သည်။

'အများပါတယ်မောင်ဗျာ၊ ကဲ ဆိုစမ်းပါဦး'

သူသည် အတန်ကြာ ကျွန်တော့်ကို ခပ်တည်တည်ကြည့်၍ ပြောလိုက်သည်။

'ကောင်းပြီလေ'

ကျွန်တော်က ပခုံးတွန့်၍ ဆိုလိုက်သည်။

'အစကနဦးကာလမှာ ဟက်နာဆိုတဲ့ လူတစ်ယောက် ရှိခဲ့တယ်၊ သူ့ကိုမြော်မြင်မှုရှိတဲ့သူလို့ ဆိုရမယ်ထင်တယ်။ တကယ်ပါရမီဉာဏ်ရှင်တစ်ဦးဖြစ်ချင်လဲဖြစ်မယ်၊ သူက ပလေးဘွိုင်း ဆိုတဲ့မဂ္ဂဇင်းကို စတင်ခဲ့တယ်။ အင်မတန်အောင်မြင်၊ အင်မတန်အောင်မြင်နေတဲ့ မဂ္ဂဇင်းတစ်စောင်ပေါ့၊ အောင်မြင်တိုင်းလိုပဲပေါ့၊ အဲဒီလိုအောင်မြင်တဲ့မဂ္ဂဇင်းကို တုပတဲ့ မဂ္ဂဇင်းတွေ အမျိုးအပြား ပေါ်ပေါက်လာခဲ့တယ်၊ စာအုပ်ဆိုင်တွေမှာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုက်တုတ့် စာစောဝ်မဂ္ဂဇင်း ခပ်ညံ့ညံ့တွေ ပွနေတာပဲ
ပလေးဘွိုင်းကိုမှီတဲ့မဂ္ဂဇင်း တစ်စောင်မှမပေါ်ပေါက်ဘူး၊ဒါ
ပေမယ့် အဲဒီခပ်ညံ့ညံ့ အတုတွေထဲမှာ ဆူလတန် မဂ္ဂဇင်းက
အကောင်းဆုံးမဂ္ဂဇင်းအဖြစ် ထွန်းဖောက်ထွက်လာနိုင်ခဲ့တယ်

ကျွန်တော်က သူ့ကို စေ့စေ့ကြည့်၍ ဆက်ပြောလိုက်
သည်။

'ခင်ဗျားရဲ့မဂ္ဂဇင်းထဲက အမျိုးသမီးတွေကပလေးဘွိုင်
မဂ္ဂဇင်းက အမျိုးသမီးတွေလောက် မထယ်ဝါကြဘူး၊ခင်ဗျား
မဂ္ဂဇင်းက ဝတ္ထုတွေ၊ ဆောင်းပါးတွေကလဲ အဆင့်မြင့်မြင့်
မဟုတ်ဘူး၊ ဒါပေမယ့် အဲဒီကွဲပြားမှုကို သတိပြုမိစွမ်းလောက်
အောင် အသိဉာဏ်မရင့်တဲ့ ပရိသတ်ငါးသိန်းတော့ ခင်ဗျား
လာနိုင်စွမ်းခဲ့တယ်၊ ပလေးဘွိုင်ကလပ်တွေ မှိုလိုပေါက်နေတဲ့
ကြားထဲမှာ ခင်ဗျားက ပထမဦးဆုံး ဆူလတန်ကလပ်ကို ဖွင့်ရဲ
လောက်အောင်သတ္တိရှိခဲ့တယ်။ ခင်ဗျားက အတုတစ်ယောက်
ဖြစ်ပေမယ့်ခင်ဗျားမှာ သတ္တိမရှိပေမယ့်၊ ခင်ဗျားရဲ့ ခေါင်းမာ
မာ ဆောင်ရွက်မှုကိုတော့ ချီးကျူးလောက်ပါတယ်'

စတန်တွန် သူ့ကို အေးတိအေးစက်ကြည့်လိုက်သည်။ မျက်
လုံးပြာများက အရက်ခွက်ထဲမှအမြှုပ်ထက်ဒေါသမြူမှအမြှုပ်
ထက်နေပုံရသည်။

'ခင်ဗျားရဲ့အမှုသည်တွေကို ဒီလိုပဲ စော်ကားလေ့ရှိလား'

စတန်တွန်က အသံအက်အက်ဖြင့် မေးလိုက်သည်။



'အမြဲတမ်းမဟုတ်ပါဘူး၊ ကျုပ်ရဲ့အမြင် ကျုပ်ရဲ့ သဘော
ထားကို သူတို့မေးမြန်းတဲ့အခါကျမှပါ'

ကျွန်တော်က မှန်မှန်ကန်ကန်ပြောလိုက်သည်။

စတန်တွန်သည် သူ၏ အရက်ခွက်ကို လက်စသပ်လိုက်ပြီး
ပေါ်လီလာအား လက်ညှိုးကွေး ခေါ်လိုက်သည်။ ပေါ်လ်
လာသည် ဘားကောင်တာမှနေ၍ အပြေးအလွှား ရောက်လာ
သည်။

'မစ္စတာဟိုလ်မန်းကိုအရက်ထပ်တည့်ပေးလိုက်ပါဦး၊ အချစ်
သူ့ရဲ့ပမာမခန့်စိတ်ကို အရက်တော်တော်ထိုးပေးရတယ် ထင်
တယ်'

စတန်တွန်က ဆိုလိုက်သည်။

ပေါ်လ်လာက မရဲတရဲပြုံး၍ အရက်ခွက်လွတ်များကို ယူ
သွားသည်။

ကျွန်တော်စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ နာရီကို
ကြည့်လိုက်သည်။ ကိုးနာရီ တစ်ဆယ့်ငါးမိနစ်ဟု ဖော်ပြနေ
သည်။ ကျွန်တော် အနေနှင့် အတော်ရှည်ကြာသည့် ညနေကို
ရင်ဆိုင်ရမည့်ကိန်းဆိုက်နေပုံရသည်။

'ကျုပ်ကို တစ်ယောက်ယောက်က သတ်ချင်နေတယ်လို့
ကျုပ်ပြောရင် ခင်ဗျားဘယ်လိုနေမလဲ'

စတန်တွန်က ရုတ်တရက် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်း....ကျုပ်အိုသြမယ်တော့မဟုတ်ဘူး၊ ဒီညမြို့မယ်တွေမှာ အဖေတွေ၊ အစ်ကိုတွေ၊ မောင်တွေ၊ ရည်းစားတွေတော့ ရှိမှာပေါ့'

ကျွန်တော်က ခပ်ပေါ့ပေါ့ ပြောလိုက်သည်။

'ကျုပ် စာကယ် ပြောနေတာ ကျုပ်ကို ခြိမ်းခြောက်တဲ့ စာ နှစ်စောင် ပြီးခဲ့တဲ့ အပတ်က ရခဲ့တယ်၊ ပထမ တစ်စောင်ကို ကျုပ်ရဲ့အိပ်ခန်း ဗီရိုအံဆွဲထဲက ရတယ်၊ နောက်တစ်စောင်ကို ကျုပ်ရဲ့ရုံးခန်း စားပွဲပေါ်က ရတယ်၊ ကျုပ်ဆိုလိုတာကို ခင်ဗျား သဘောပေါက်တယ် မဟုတ်လား၊ ဟိုလ်မန်း အဲဒီ နေရာနှစ်ခုကို ဘယ်တစ်စိမ်းကမှ ဝင်လို့ မရဘူး၊ ဝင်ရင် သိမှာပဲ၊ အဲဒီတော့ ကျုပ်အသက်ကို ခြိမ်းခြောက်နေတဲ့ သူက ကျုပ်ကို ကောင်းကောင်း သိတဲ့လူ ကျုပ် ယုံကြည်တဲ့ အတွင်းလူပဲ ဖြစ်ရမယ်'

'စာထဲမှာ ဘာရေးထားလဲ'

'ကျုပ် သေထိုက်တယ်ပေါ့၊ ဒီလ အတွင်းမှာသေကိုသေမယ် လို့ပေါ့၊ ဘာလို့ ဘာကြောင့်ဆိုတဲ့ အကြောင်းပြချက်တော့ မပါဘူး'

စတန်တွန်က အတော်ခံပြင်းဟန်ဖြင့် ပြောလိုက်သည်။

'ခင်ဗျားတာ အဲဒါတွေကို အလေးအနက် ထားသလား၊ နောက်နောက်ရွတ်ရွတ် သူငယ်ချင်း တစ်ယောက်ရဲ့ လုပ်ရပ်လို့ မထင်မိဘူးလား'

ကျွန်တော်က မေးမြန်းကြည့်လိုက်မိသည်။



'ကျုပ် အလေးအနက် မထားခဲ့ရင် ခင်ဗျားကို လှမ်းခေါ်ပါ့မလား၊ အထူးသဖြင့် မနေ့ညက အဖြစ်မျိုး ကြုံပြီးတော့'

စတန်တွန်က ဟောက်ထည့်လိုက်သည်။

ပေါ်လ်လာက အရက်ခွက်များကိုရှေ့တွင်ချပေးပြန်သည်။ သို့သော် စတန်တွန်က ဤတစ်ကြိမ်တွင် သူ့ အာရုံနှင့်သူ ဖြစ်နေသောကြောင့် သူမ၏ အလှပြကွက်ကိုပင် ဂရုမထားမိချေ။ သူမနှုတ်ခမ်း စူလျက် ထွက်သွားသည်။

'ကျုပ် အတော် ညဉ့်နက်အောင် အလုပ် လုပ်နေခဲ့တာ၊ ကျုပ် ညဉ့်နက်အောင် အလုပ်လုပ်တာ များတယ်'

စတန်တွန်က အရက်ခွက်ကို လှည့်ကစားရင်း ဆက်ပြောလိုက်သည်။

'ကျုပ် သန်းခေါင်ဝန်းကျင်လောက်ကျမှ ရုံးက ထွက်ခဲ့တယ်၊ ကားမောင်းပြန်ခဲ့တယ်၊ အိမ်ရှေ့ရောက်လို့ ကားပေါ်က အဆင်းမှာပဲ နောက်ကား တစ်စီးက ဖြည်းဖြည်း မောင်းသွားတယ်၊ ကျုပ် ပစ်ခ်....ပစ်ခ်ဆိုတဲ့ အသံပျပျတေးတွေ ကြားလိုက်ရပြီး ကျုပ် နောက်ကျောကို ခပ်ဖေါ့ဖေါ့ထိတာ ခံလိုက်ရတယ်၊ တစ်စုံတစ်ယောက်က ကျုပ်ကျောကို လက်ညှိုးနဲ့ထိုးနေသလိုပေါ့၊ ကျုပ် လှည့်ကြည့်လိုက်တဲ့ အချိန်မှာတော့ အဲဒီကားက အရှိန်မြှင့် မောင်းသွားနေပြီ၊ ကိုက် ၅၀-လောက်ကို ရောက်နေပြီ၊ လမ်းပေါ် ငုံ့ကြည့်လိုက်တော့ ဒါလေးတွေ တွေ့တယ်'

www.burmeseclassic.com

www.burmeseclassic.com



စတာန်တွန်သည် သူ့အင်္ကျီအိတ်ထဲသို့ လက်နှိုက်လိုက်ပြီး၊ ကျွန်တော့ရှေ့ စားပွဲပေါ်သို့ အဖြူရောင် ခေါင်းပွ ပလပ်စတစ် ဆလင်ဒါလေးများ ပစ်ချလိုက်သည်။ ကျွန်တော်သည် ထိုဆလင်ဒါတစ်ခုကို ကောက်ယူ၍ စေ့စေ့ကြည့်လိုက် ပြီးနောက် မျက်ခုံးပင့်ကြည့်လိုက်သည်။

'ပလပ်စတစ် ကျည်ဆန်တွေလား'

'ကလေး ကစားစရာပါ ဘယ်စတိုးဆိုင်မှာ ဝယ်ဝယ်၊ ဝယ်လို့ရတယ်၊ တစ်ခေါ်လာပဲ ကျတယ်၊ ပလပ်စတစ် ကျည်တောင့်တွေ ပစ်နိုင်တဲ့ ပလပ်စတစ် ဒသမ ၄၅-ကိုးလ်ပစ္စတိုလေးတွေဟာ အန္တရာယ်မှ မဖြစ်ကြောင်း အာမခံထားတယ်၊ ယင်ကောင်တစ်ကောင်ကို အနီးကပ် ပစ်တောင် ယင်ကောင် ဖင်ထောင်သွားမှာ မဟုတ်ဘူးလို့ အာမခံထားတယ်၊ ဒါပေမယ့် အဲဒီသေနတ် ကျည်ဆန်နဲ့ ပစ်ခံလိုက်ရတော့ ကျုပ် တစ်ကိုယ်လုံး အေးစက်သွားတယ်၊ ဟိုလ်မန်း'

စတန်တွန်က ဆိုလိုက်သည်။

'တကယ့် ကျည်ဆန်နဲ့များ ပစ်လိုက်ခဲ့ရင် ဘယ်လောက်လွယ်သလဲ ဆိုပြီး သွေးခဲသွားတယ်ပေါ့'

ကျွန်တော်က သဘောတူစွာ ခေါင်းဆတ်လိုက်ပြီး ဆက်ပြောလိုက်သည်။

'ဒါပေမယ့် အဲဒါကလည်း အနောက်သား ဆန်တဲ့ လူတစ်ယောက်ရဲ့ ယုတ္တိရှိရှိ ဆင့်ပွားလုပ်ရပ် ဖြစ်နိုင်တာပဲ'



'ဖြစ်နိုင်ပါတယ် ဒါပေမယ့် အဲဒါကို ကျုပ် အလေးသာမပေးနိုင်ဘူး၊ ကျုပ်တွက်ကိန်းမှားရင် ကျုပ်သေမှာ ဒါကြောင့် ခင်ဗျားကို ငှားတာ ဟိုလ်မန်း၊ ကျုပ်ကို ဘယ်သူက ဒီလောက် ထက်ထက်သန်သန် သတ်ချင်တယ် ဆိုတာကို ခင်ဗျားဖော်ထုတ်ပေးရမယ်၊ နောက်တစ်ခါ တကယ့် ကျည်ဆန်တွေနဲ့ လက်တည့်မစမ်းခင် သူတို့ကို တားရမယ်'

စတန်တွန်က အသည်းအသန် ဆိုလိုက်သည်။

'ကောင်းပြီ ကျုပ် ကြိုးစားကြည့်ပါမယ်၊ ယုံ့ထင်ကြောင်ထင် ထင်စရာ ပုဂ္ဂိုလ်တွေ ရှိလား'

ကျွန်တော်က စိတ်မပါ့တပါ ဆိုလိုက်သည်။

'ကျုပ်လို အနေအထားမှာ ရောက်နေတဲ့သူဟာ ရန်သူပိုင်းနေတတ်တယ်၊ ကျုပ် ခက်ခက်ခဲခဲ တက်လာရတာပါ ဟိုလ်မန်း၊ လူတွေရဲ့ ပကတိ ခံစားချက်ကို ဘယ်သူသိမလဲ ကျုပ် အသက်ပေးယုံကြည်တဲ့သူ ကျုပ်နဲ့ အင်မတန် နီးစပ်တဲ့သူ၊ လီယွန်လိုလူက လုပ်ကြံဖို့ ကြိုးစားနေတာ ဖြစ်နိုင်တာပဲ'

စတန်တွန်က အဓောဝ် မကျေမနပ် ဖြစ်သည့်ပုံဖြင့် ဆိုလိုက်သည်။

'လီယွန် ဟုတ်လား'

ကျွန်တော်က စိတ်ရှည်စွာ မေးလိုက်သည်။

'ကျုပ်ရဲ့ စာတည်းချုပ် လီယွန် ဒေါက်တာလပ်စလေ၊ ကျုပ်တို့နဲ့ လက်တွဲလာတာ ငါးနှစ်ရှိပြီ၊ ကျုပ်ညီတစ်ယောက်လို သူ့ကိုယုံကြည်အားထားတယ်'

www.burmeseclassic.com

www.burmeseclassic.com

'ညီတစ်ယောက်အပေါ်ထားတဲ့ မေတ္တာထက်တောင်ပိုမယ်'

'တခြား ဘယ်သူရှိသေးလဲ'

'အင်း….ကျုပ်ရဲ့အချစ်ဆုံး မယားဟောင်းကြီး မီလစ်ဆာကိုလဲ တည့်တည့်တွက်နိုင်တာပဲ၊ သူက ကျုပ်ဆီက တစ်နှစ်ကို မယားစရိတ် နှစ်သောင်းငါးထောင်ရနေတယ်'

စတန်တွန်က ခပ်ပေါ့ပေါ့ ရယ်မောရင်း ပြောလိုက်သည်။

'အဲဒါဆို သူ့အနေနဲ့ ခင်ဗျားကို အသက်ရှင်နေစေချင်စရာ အကြောင်းသာရှိတယ်၊ သေစေချင်တဲ့ဆန္ဒ ဘယ်ရှိမလဲ'

ကျွန်တော်က ထောက်ပြလိုက်သည်။

'ကျုပ် အသက်အာမခံကြေးလဲ သူ ခံစားခွင့်ရှိတယ်ဗျ….၊ အသက်အာမခံကြေးက တစ်သိန်းလောက်ရှိမယ်၊ သူ နောက်ထပ် အိမ်ထောင်ပြုချင်စိတ်ဝင်နေပြီး မင်္ဂလာကြေးလဲ လိုချင်တာ ဖြစ်နိုင်တာပဲ'

စတန်တွန်က စိတ်ပျက်လက်ပျက်ဟန် ဆိုလိုက်သည်။

'တခြားရော ဘယ်သူရှိလဲ'

'ဒီကလပ်က ရှယ်ယာဝင်ရှိသေးတယ်'

စတန်တွန်က သူ့အသံကို တိုးချလိုက်သည်။ လည်ပြန်ကြည့်လိုက်ပြီးမှ လေသံဖြင့် ပြောလိုက်သည်။

'ဂျီနီမေယာ'

'မေယာ'

ကျွန်တော်က အထိတ်တလန့် ဆိုလိုက်သည်။



'တိုးတိုးပြောစမ်းပါ၊ တစ်လောကလုံးသိအောင် မောင်းခတ်သလို အော်နေရသလား'

စတန်တွန်က ကျိတ်မနိုင်ခဲမရ ပြောလိုက်သည်။

'ဒါဆိုရင် ဂိုဏ်းငွေပဲပေါ့၊ ဂိုဏ်းငွေလောက်ဆို စော်သေးတယ်၊ မေယာ့ရဲ့ ကိုယ်ပိုင်ငွေဖြစ်နေရင် ပိုဆိုးသေး'

ကျွန်တော်က သူ့အလိုကျ အသံနှိမ့်ချပြီး ပြောလိုက်သည်။

'သူက နောက်တန်းမှာ နေပါတယ်၊ ဘာမှ ဝင်လုပ်တာ မဟုတ်ဘူး၊ လိုအပ်တဲ့ငွေထုတ်ပေး မတည်ပေးတာပဲရှိတယ်'

စတန်တွန်က ညှိုညှိုနွှမ်းနွှမ်းဆိုနေသည့်ပုံ ပြောလိုက်သည်။

'တစ်ပတ်မှာ သုံးရက်လောက် စာရင်းစစ်တာပဲရှိလား'

ကျွန်တော်က ငေါ့တော့တော့ ပြောလိုက်သည်။

စတန်တွန်က မျက်နှာရှုံ့မဲ့ လိုက်သည်။

'တစ်ခါတစ်ခါတော့ အဲဒီလိုပေါ့ ကျုပ်တို့ မြိုးမြိုးမျက်မျက်ရတဲ့အချိန်ကစပြီးတော့ ကျုပ်ပိုင်ဆိုင်တဲ့ ငါးဆယ့်ငါး ရာခိုင်နှုန်းကို ရောင်းချဖို့ တွင်တွင်ကြောင်းဆိုလာခဲ့တယ်၊ သူစိတ်မရှည်ဖြစ်လာပြီလား မဆိုတတ်ဘူး'

'ကျုပ်ကတော့ မေယာ့ဖြစ်ဖြစ်၊ သူငှားတဲ့လူဖြစ်ဖြစ် အဲဒီလူဟာ ပလပ်စတစ်ကျည်တောင့်တွေနဲ့ ကစားမဲ့လူစားမျိုး မဟုတ်ဘူးလို့ ယူဆတယ်'

ကျွန်တော်က ဆိုလိုက်သည်။

'ခင်ဗျားစကားက စိတ်သက်သာစရာ တစ်ကွက်မှ မရှိပါလား'

www.burmeseclassic.com



စတန်တွန်က အရက်ခွက်ကို အသံမြည်မြည် မော့ချလိုက်ပြီး ဆက်ပြောလိုက်သည်။

'ကဲ...ခင်ဗျားရွေးချယ်စရာလူတွေ အများကြီးဆိုတာ တွေ့လား'

'မေယာပါ ထည့်တွက်လိုက်ရင် စာရင်းပြည့်ရောလား'

ကျွန်တော်က မေးမြန်းလိုက်သည်။

မျက်လုံးပြာများက ကျွန်တော့်မျက်နှာကို အတန်ကြာ လေ့လာလိုက်သည်။ ထို့နောက် အကြည့်လွှဲသွားသည်။

'ထင်စရာလူတစ်ယောက်ရှိသေးတယ်၊ ပက်စဘက်စ်တိန်း'

စတန်တွန်က အသက်မပါသော လေသံဖြင့် ပြောလိုက်သည်။

'ထရန်းမက်မှုတ်တဲ့သူ'

'ဟုတ်တယ်....သူပဲ၊ အခုတော့ အပေါ်ထပ် နန်းဆောင်ခန်းမထဲမှာ တီးမှုတ်နေတယ်၊ ကျုပ်တို့ ဒီကလပ် ဖွင့်ကာစက သူ့ညီမ ရှယ်လီက ပထမဆုံးမယ်တစ်ဦးပေါ့၊ တစ်လလောက်ကြာတော့ သူမ မူးယစ်ဆေးဝါးစွဲနေမှန်း ကျုပ် သိခဲ့တယ်... အကြောထဲကို ဘိန်းဖြူထိုးသွင်းတဲ့အဆင့် ထိရောက်နေခဲ့တယ်၊ အဲဒါကြောင့် သူ့ကို အလုပ်ထုတ်ပစ်လိုက်ရတယ်၊ နှစ်ပတ်လောက်ကြာတော့ သူ့ကိုယ်သူ သတ်သေလိုက်တယ်၊ ရေချိုးဇလားထဲထိုင်ပြီး သူ့လက်ကောက်ဝတ်ကို သူဖြတ်လိုက်တယ်၊ သူ့အစ်ကို ပက်က သူ့အလောင်းကို အရင်ဆုံးတွေ့လိုက်တာပဲ၊ ဘယ်လိုအကြောင်းကြောင့်တော့ မသိဘူး၊ ဒီကောင် စိတ်သိပ်



မှန်ပုံမရဘူး၊ အဲဒီကိစ္စ ကျုပ်ကို အပြစ်ဖို့လိုက်တယ်၊ ရှယ်လီက မူးယစ်ဆေးဝါးစွဲနေတာ ကျုပ်ရဲ့အပြစ်လိုလို....'

'ဒါပေမယ့် အခု သူ ခင်ဗျားဆီမှာ အလုပ်လုပ်နေတယ် ဟုတ်လား'

'သူနဲ့ သူ့သုံးယောက်တီးဝိုင်းအဖွဲ့ကို သုံးပတ်လောက် ငှားလိုက်တယ်၊ အမြင်မှားနေတာလေးတွေ ကင်းသွားအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့'

စတန်တွန်က ညီးညီးတွားတွား ဆက်ဆိုလိုက်သည်။

'ပေးရတဲ့ ကြေးကလဲ ထိပ်တန်းကြေးပဲ....၊ အဲဒီကာစ် တကယ်ကြေးကြီးတယ်၊ ဒါပေမယ့် ကျုပ် သူ့ဆီက ဘာတုံ့ပြန်မှုရသလဲ၊ ကျုပ်ကို မြော်ကြည့်ကြည့်တာပဲ ခံရတယ်၊ လူတွေ တကယ်ပဲဟိုလ်မန်း၊ ကျေးဇူးသိတတ်တာမဟုတ်ဘူး၊ ကျွေးတဲ့လက်ကို ကိုက်ချိမ်းကြတာ၊ [illegible]တွေနဲ့ပေါ့ ခွေးလိုက်သေးတယ်'

'ခင်ဗျားရဲ့အယ်ဒီတာ၊ ခင်ဗျားရဲ့မယား၊ ခင်ဗျားရဲ့ လုပ်ငန်းပါတနာ၊ ခင်ဗျားရဲ့ ထရန်ပက်သမား၊ တခြားသံသယဖြစ်စရာ ဘယ်သူရှိပါသေးသလဲ'

ကျွန်တော်က မေးလိုက်သည်။

'ကျုပ်မှတ်မိသလောက်ကတော့ အဲဒါပဲ၊ ကျုပ်မသိတဲ့ ကျုပ်ကိုသတ်ချင်တဲ့သူ နှစ်ရာလောက်ရှိရင်လဲ ရှိမှာပေါ့'

စတန်တွန်က သွားဖြီးပြုံး၍ ပြောလိုက်သည်။ ပြုံးလိုက်သောအခါတွင် သူ့သွားများက ထင်းခန်နဲ့ ပေါ်လာသည်။ သို့သော်ပုလဲသွယ်ကဲ့သို့မဟုတ် စန္ဒရားခလုတ်များနှင့်တူသည်။

www.burmeseclassic.com

www.burmeseclassic.com



ခလုတ်လေးခုကလည်း စုပြုံနေသည်။ ထစ်နည်း သွားလေးချောင်းက ထပ်နေသည်။

'အေးလေ....ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်က အတော်ဆုံးလူကို ရထားပြီလို့ ယူဆတယ်ဟိုလ်မန်း၊ တော်လားမတော်လားတော့ မသိဘူး၊ ခင်ဗျားကကြေးအကြီးဆုံးဆိုတာတော့အသေချာပဲ'

စတန်တွန်ကလက်ပတ်နာရီကိုတစ်ချက်ကြည့်ပြီး မျက်မှောင်ကုပ်လိုက်သည်။

'ကျုပ်ရုံးကိုပြန်ရောက်သင့်နေပြီ၊ မနက်ဖြန်မနက် ဆယ်နာရီလောက်မှာ ရုံးကိုအရောက်လာခဲ့၊ အဲဒီကစပြီး ခြေရာကောက်မယ် ဟုတ်ပြီလား'

'စိတ်ချ၊ ကျုပ်ဟိုတယ်ကိုပြန်သွားမယ်၊ ပြီးတော့'

ကျွန်တော်ခေါင်းဆတ်၍ပြောလိုက်သော်လည်း ကျွန်တော် စကားမဆုံးလိုက်ရချေ။

'ဘယ်ဖို့တယ်ပြန်မှာလဲ၊ ခင်ဗျား ကျုပ်အိမ်မှာနေရမယ် ဟိုလ်မန်း၊ ခင်ဗျားကိုငှားတဲ့အကြောင်းမှာ အဲဒါလဲ ပါဝင်တယ်၊ ကျုပ်ညဘက် နှစ်နှစ်ခြိုက်ခြိုက်အိပ်နိုင်အောင် ခင်ဗျားကိုငှားထားတာ၊ ဘယ်လိုပဲဖြစ်ဖြစ်လေ ကျုပ်အိမ်က မြို့ထဲက ဘယ်ဟိုတယ်ထက်ဖြစ်ဖြစ် သာတယ်'

စတန်တွန်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဒါပေမယ့်....ကျုပ်'

စတန်တွန်က ဇာတ်ဟန်ပြည့်ပြည့် သက်ပြင်းချလိုက်သည်။



'အဲဒီအသေးစိတ်အချက်အလက်တွေအားလုံးကျုပ်တာဝန်ထားစမ်းပါ၊ ခင်ဗျားအတွက် လိုလေသေးမရှိအောင် ကျုပ် ဆောင်ရွက်ကြည့်မယ်၊ ဒီမြို့မှာ စတန်တွန်က ထိပ်တန်းအကျိုးဆောင်ပဲ'

စတန်တွန်က ပြောပြောဆိုဆို မျက်စိတစ်ဘက် မှိတ်ပြ၍ မေးလိုက်သည်။

'ခင်ဗျား ပေါ်လ်လာလေးကို ဘယ်လိုသဘောရလဲ'

'ခန္ဓာကိုယ်အချိုးအစားက ကောင်းပါတယ်၊ ဒါပေမယ့် ပါးစပ်ဟာတိုင်း ပါးစပ်ကအသံပဲထွက်လာတယ်'

ကျွန်တော်က အေးစက်စွာ ပြောလိုက်သည်။

'ဩြော်....ခင်ဗျားက ပညာတတ်မမျိုးမှ ကြိုက်တယ်ပေါ့ သဘောပေါက်တယ်၊ သဘောပေါက်တယ်၊ အဲဒါလဲ မခဲယဉ်းပါဘူး'

စတန်တွန်က သွက်လက်စွာ ခေါင်းညိတ်ပြောလိုက်သည်။

သူ့လက်ညှိုး အကွေးမပြည့်ခင်မှာပင် ပေါ်လ်လာ ဇာပွဲသို့ ရောက်လာသည်ဟု ဆိုရလောက်အောင်ပင် ပေါ်လ်လာ သွက်လက်စွာ ရောက်လာသည်။ မျှော်လင့်တကြီး ကြည့်လိုက်သည်။

'နီနာကိုအငတ်အစားလဲပြီး ဒီကိုချက်ချင်းလာခဲ့လို့ ပြောလိုက်စမ်း'

စတန်တွန်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ဟုတ်ကဲ့ မစ္စတာစတန်တွန်'

www.burmeseclassic.com

www.burmeseclassic.com



ပေါလ်သာက စိတ်ပျက်သွားသံသဲ့သဲ့ဖြင့်ဆိုလိုက်သည်။

ဆယ်မိနစ်လောက်အကြာတွင်မူ ရွှေအိုရောင်ဆံပင်နှင့်အရပ်ရှည်ရှည် မိန်းမချောတစ်ဦး ရောက်လာသည်။

သူမသည် အပြာရောင်လည်ဟိုက်ဂါဝန်ကို ဝတ်ဆင်ထားပြီး ဂါဝန်သားကအသားနှင့် တစ်ထပ်တည်း ကပ်နေသောကြောင့် သူမ၏လှုပ်ရှားမှုတိုင်းက စိတ်လှုပ်ရှားစဖွယ် ဖြစ်နေခဲ့သည်။

သူမသည် စတန်တွန်နှင့်ကျွန်တော့်ကို မျက်လုံးညိုကြီးများနှင့်တစ်ချက်အကဲခတ်လိုက်ပြီး စားပွဲတွင်ထိုင်လိုက်သည်။

'ကွမ်ဒီးဗနင်း မစ္စတာစတန်တွန်'

သူမ့အသံညှည့်ညှူလေးက ကျွန်တော့်ကျောရိုး တစ်လျှောက်ကို ဆားဘင်ခွန်တိုးလိုက်သကဲ့သို့ ရင်ဖိုသွားစေသည်။

'နီနာ ချစ်၊ ငါ့ရဲ့မိတ်ဆွေ အချင်းကြီး ရစ်ဟိုလ်မန်းနဲ့ မင်းကိုမိတ်ဆက်ပေးချင်လို့ခေါ်တာ'

စတန်တွန်က သူမကိုရှင်းပြစရာပြုံး၍ ပြောလိုက်သည်။

'ဟယ်လို...မစ္စတာဟိုလ်မန်း'

မျက်လုံးညိုကြီးများက တဒင်္ဂကျွန်တော့်ကို မျက်လုံးချင်းဆိုင်ကြည့်လိုက်ပြီး စတန်တွန်ကို ကြည့်လိုက်ပြန်သည်။

'မစ္စတာဟိုလ်မန်းက အခုပဲ ကာလီဖိုးနီးယားက ရောက်လာတာ၊ သဘောပေါက်တယ်မဟုတ်လား'

စတန်တွန်က ဆက်ပြောလိုက်သည်။

'ဟုတ်ကဲ့၊ ဝမ်းမြောက်ဝမ်းသာပါပဲ မစ္စတာစတန်တွန်၊ ကျွန်မတို့ညီမယ်တွေရဲ့တာဝန်က ဒါပဲမဟုတ်လား'



သူမ ပြုံးလိုက်သည်။ သို့သော်နှုတ်ခမ်းထောင့်များ ကွေးနေသောကြောင့် အပြုံးက လှောင်ပြုံးမှုန်း ထင်ရှားလှ၏။

'အမှန်ဘဲနီနာ၊ အချစ် အမှန်ဘဲ'

စတန်တွန်က သူမလက်ကိုအမှတ်တမဲ့ ပုတ်လိုက်ပြီး ခုန်ထလိုက်သည်။

'ကဲ...ကျုပ်ရုံးမှာကိစ္စရှိသေးတယ်၊ ဟိုလ်မန်းက ခင်ဗျားအတွက် လိုလေသေးမရှိအောင် ဆောင်ရွက်ပေးပါလိမ့်မယ်၊ မနက်စာစားဖို့အချိန်မှာ ပြန်တွေ့တာပေါ့'

စတန်တွန်က ပြောပြောဆိုဆိုပင် မုန်တိုင်းအသေးစားတစ်ခုကဲ့သို့ အခန်းထဲမှ တဟုန်ထိုးထွက်သွားသည်။

နီနာကကျွန်တော့်ကို အကဲခတ်ဟန်ဖြင့် ကြည့်လိုက်သည်။ နှုတ်ခမ်းထက်တွင် လှောင်ပြုံးသေးက ကြိုနေဆဲ။

'ကဲ...စုလအန်ကတော့ ကျွန်မတို့ရဲ့ဆက်ဆံရေးအထင်ကိုလမ်းကြောင်းပြောသွားခဲ့ပြီ၊ ဒီတော့ ပြောပါသခင်၊အသင်မည်သို့သောဆန္ဒများ ရှိပါသနည်း'

သူမက ခေါ့တော့တော့ဆိုလိုက်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (နှစ်)

အိမ်တော်စိုးက တကယ့်အိမ်တော်စိုးနှင့်တူနေသည်။ ငွေးဝတ်ထားသောအဝတ်အစားများနှင့် အနေကြပ်နေသောပဟိုသရုပ်ဆောင် ရှားဖွေရေးဌာနမှ စာတ်ရုံတစ်ဦးနှင့် တူမနေခဲ့ချေ။

အိမ်တော်စိုးက အရပ်ရှည်ရှည်၊ ခန္ဓာကိုယ်တုတ်ခိုင်ခိုင်ပင်ဖြစ်သည်။ ဝတ်ထားသော အဝတ်အစားများကလည်း ပုံစံကျနသေသပ်လှသည်။ အသက် ၄၀ ဝန်းကျင်ရှိသည်။ ဆံပင်ကနက်နက်၊ မျက်နှာကတင်းတင်းပင်။ သူ၏အသွင်မှာ ကပ်မှုဉ္စေ့ကြိုနှင့် တသွင်တည်းပင်။ မည်သည့်အခြေအနေမျိုးကြုံကြုံကျွမ်းကျင်စွာ ဖြေရှင်းနိုင်သူပုံပေါက်နေသည်။

'ဂွတ်မောနင်းမစ္စနီတာ၊ ခုလို တစ်ခေါက်ပြန်တွေ့ရတာဝမ်းသာပါတယ်'

အိမ်တော်စိုးက နီနာကို ယဉ်ကျေးစွာပြုံး၍ သိမ်မွေ့စွာ ပြောလိုက်သည်။



'ဪ...အယ်လ်ဘတ်၊ သူကတော့ ရှင့်ရဲ့ ညှော်သည်တော်သစ် မစ္စတာဟိုလီမန်းဘဲ'

သူမက ခပ်ငေါ့ငေါ့လေသံဖြင့် ပြောလိုက်သည်။

'ဂွတ်အီးဗနင်းဆရာ'

အယ်လ်ဘတ်က ကျွန်တော့်လက်ဟိုအိတ်ကို လှမ်းယူလိုက်ရင်း ဆက်ပြောလိုက်သည်။

'ဆရာလာမယ့်အကြောင်းကို မစ္စတာစတာန်တွန်က ဖုန်းဆက်အကြောင်းကြားခဲ့ပါတယ်၊ ဒီမှာနေရတိုက် စိတ်ချမ်းသာမယ်လို့ မျှော်လင့်ပါတယ်၊ ဆရာလိုချင်တာရှိရင် ကျွန်တော့်ကို လှမ်းခေါ်လိုက်ပါ—သာမဆိုပေါ့ဆရာ'

'အဲဒါ အယ်လ်ဘတ် အစွမ်းပဲ၊ ရှင် ဘာပဲလိုချင်လိုချင် သူ့ကိုလှမ်းခေါ်လိုက်၊ အခုလိုပေါ့၊ တစ်ခုခု သောက်ချင်တဲ့အသံသပြင်းနေရင်'

နီနာစကားအဆုံးအထိ ပြောရန် မလိုအပ်ခဲ့ချေ။ အယ်လ်ဘတ်က ဖြတ်မေးလိုက်သည်။

'ညှော်ခန်းထဲမှာ ပြင်ဆင်ပေးရမလား မစ္စနီနာ၊ ဆရာအတွက် တွန်အင်ဂျင်ရိုလား'

'ဘာတွန်ရေခဲနဲ့ပဲလုပ်ပါ'

ကျွန်တော်က သူ့ကိုပြောလိုက်သည်။

အိမ်တော်စိုးပျောက်သွားသည်။ နီနာသည် ကျွန်တော့်ကို မြေညီထပ်အခန်းများကို လိုက်ပြသည်။ ဝင်ပေါက်ခန်းမကြီးထဲမှနေ၍ စာကြည့်ခန်းနှင့် ဘားခန်းတွဲနေသော အခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ထိုမှနေ၍ လူသုံးဆယ်မျှ တစ်ပြိုင်နက်တည်း ညစာစားနိုင်သော စားသောက်ခန်း။

စားသောက်ခန်းမှနေ၍ ဧည့်ခန်းထဲသို့၊ ဧည့်ခန်းထဲတွင် ဆိုဖာ ၁၂ လုံးလောက်ချထားသည်။ နောက်ဆုံး ရွှေလှောင် အိမ်ကဲ့သို့ တည်ဆောက်ထားသော ခတ်ခလှကားဖြင့် မြေ အောက်ခန်းသို့ဆင်းသက်ခဲ့သည်။

မိုးလုံလေလုံရေစိုခံရေကန်ကြီးသည် မီးရောင်များအောက် တွင် ပြိုးပြိုးပျက်ပျက်လက်နေသည်။ ရေကန်ကြီး၏ တစ်ဖက် စွန်း ကျွန်းပုံသဏ္ဍာန်ပြုလုပ်ထားသည့် ထန်းပင်အုန်းပင် များဖြင့် ဆောဆာဆာပင်၊ ယင်းတစ်ဝိုက်တွင် တောညို ညိုအသွင် ပိုပြင်စွာ မှောင်ရိပ်ပင်ကဲ နေသည်။

နီနာသည် ကျွန်တော် အကြည့်သွားရာကို လိုက်ကြည့်ပြီး နားလည်ရိပ်ကဲစွာဖြင့် ပြန်ကြည့်လိုက်သည်။

'အဲဒီနေရာကို အိုအေစစ်လို့ ခေါ်ကြတယ်၊ ပါတီတိုင်းမှာ တော့ အဲဒီလိုပဲ စတုတ္ထမာဘီနီ ငင်သွားပြီဆိုရင် အဲဒီနေရာလေး က သိပ်လှလို့ အယူအဆဝင်သွားပါတတ်တယ်၊ တခါထဲ အသည်း အသန်ကူးသွားကြတယ်'

သူမက လေအေးအေးလေးဖြင့် ရှင်းပြလိုက်သည်။

'အဲဒီလိုအကူးမှာ ဘယ်နှစ်ယောက် ရေနစ်လေ့ရှိလဲ'

ကျွန်တော်က စိတ်ဝင်စားစွာ မေးလိုက်သည်။

သူမ ပြုံးလိုက်သည်။



'အဲဒီမေးခွန်းတော့ အယ်လ်ဘတ်ကိုပဲ မေးရလိမ့်မယ်။ ရေ ကန်သန့်ရှင်းရေးကို သူကိုယ်တိုင် မလုပ်ရင်လဲ လုပ်တဲ့သူကို တော့ သူသိမှာ သေချာတယ်'

သူမက စိတ်ပရှုပ်ဟန် ပခုံးတစ်ချက် တွန့်လိုက်ပြီး ဆက် ပြောလိုက်သည်။

'ကဲ... အခု ရှင်နှစ်ပြားတန်အလည်အပတ်ခရီး ကုန် ပြီ၊ ဒီတော့ အယ်လ်ဘတ်က သူနာမည်ကောင်းကို မယို ယွင်းအောင်ထိန်းပြီး သောက်စရာလေးတွေ တည်ခင်းထား လားဆိုတာ သွားကြည့်ရအောင်'

ကျွန်တော်ဧည့်ခန်းထဲသို့ပြန်ရောက်သောအခါတွင် အယ်လ် ဘတ်ရော၊ သူမ၏ဖျော်ရည်ခွက်များပါ အသင့်စောင့်နေသည် ကို တွေ့ရသည်။

နီနာသည် အနီးဆုံးဆိုဖာတွင် ဝင်ထိုင်လိုက်သည်။ ကျွန် တော်က သူမဘေးတွင် ထိုင်လိုက်သည်။ အယ်လ်ဘတ်က ခွက် ထဲသို့ ယမကာနှောက်ရည်များလောင်းထည့်လိုက်သည်။

နီနာက ထောပတ်သကြားနှင့် ဗောဘွန်းရောစပ်ထားသော ဖျော်ရည်ကိုတစ်ငုံသောက်လိုက်ပြီး ကျေနပ်စွာပြုံးလိုက်သည်။

'ကောင်းမှကောင်းပဲအယ်လ်ဘတ်၊ ကျေးဇူးပဲ'

သူမက ရွှင်ပျစွာ ဆိုလိုက်သည်။

'ကျေးဇူးပါပဲမစ္စနီနာ၊ တစ်ခြားဘာကိုအလိုရှိပါသေးလဲ'

'ကျွန်မတော့ တစ်ခြားဘာမှမလိုအပ်ပါဘူး'

နီနာက ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

အလ်ဘတ်စက္ကန့်ပိုင်းမျှ တုံ့ဆိုင်းဆိုင်းဖြစ်သွားပြီးမှ ပြောလိုက်သည်။

'အပြာရောင်ခန်းမဆောင်ကို အသင့်ပြင်ထားပါတယ် မစ္စ နီနာ၊ လတ်တလောတော့ တစ်ခြားဧည့်သည်တစ်ယောက်မှမရှိပါဘူး'

'ကောင်းပါတယ်'

နီနာက အရေးမထားသံဖြင့် ဖြေလိုက်သည်။ အလ်ဘတ် အခန်းထဲမှထွက်သွားသည်။

ကျွန်တော်သည် ကျွန်တော့် ဗောဘွန်ခွက်ကို ကိုင်လိုက်ပြီး အနည်းငယ် သောက်လိုက်သည်။ ဈေးကွက်တွင် ဈေးအကြီးဆုံး ဗောဘွန်မှုန်းသဘောပေါက်လိုက်သည်။

နီနာသည် ဆိုဖာကိုနောက်မှီထိုင်လိုက်ပြီး ဒူးတစ်လုံးပေါ် ဒူးတစ်လုံး ချိတ်တင်လိုက်သည်။

'တကယ့်သက်ရှိထင်ရှား စူလတန်းတစ်ပါးနဲ့ မိတ်ဆွေဖြစ်ရတာကို ဘယ်လိုသဘောရသလဲ မစ္စတာဟိုလ်မန်း'

သူမက ကျွန်တော့်ကိုစေ့စေ့ကြည့်လျက်မေးလိုက်သည်။ သူမ၏မျက်လုံးညိုထဲတွင် လှောင်ရိပ်သဲ့သဲ့ မြင်ရသည်။

'ယ....ဆောင်ကြာနန်းမှာထက် ဒီမှာကပိုလို့တောင်ကောင်းသေး၊ ဒီမှာကြတော့ ဆောင်ကြာနန်းလာလို ဧည့်ဝတ်ပြုမှုကို ရတဲ့လပြစ် အရက်ဖိုးလဲ ပေးမနေရဘူး'

ကျွန်တော်က ပြောလိုက်သည်။



'အခုလိုရှင့်ကို ဘုရင်ကောရာဇ် ဧည့်ဝတ်ပြုနည်း ပြုနေတာတော့ ရှင့်အတွက် အင်မတန်ကြီးကျယ်တဲ့ကိစ္စ သောင်ရွက်ပေးနေကြပဲဖြစ်မယ်'

သူမက အလ္လာဘသလ္လာဘပုံစံ ပြောလိုက်သည်။

'ဩော်....ကျုပ်ကိုတွေ့ဆုံသိကျွမ်းရတဲ့သူတိုင်း ကျုပ် သိပ်ပြီး ပြုစုချင်တဲ့စိတ် ပေါက်လာတတ်တယ်၊ ကျုပ်ဆွဲဆောင်မှုကြောင့်လို့ မှတ်တာဘဲလေ၊ လူတိုင်း ကျေသောက်တဲ့ပုဂ္ဂိုလ်ဖြစ်ဖြစ်နေတာ ဘယ်တတ်နိုင်မလဲ'

ကျွန်တော်က ပြောလိုက်သည်။

'လိပ်ပြာမလုံတဲ့စိတ်မျိုး မပင်ဘူးလား၊ မစ္စစ်ဟိုယ်မန်းနဲ့ ဟိုလ်မန်းလေးတွေက ဖေဖေကြီးအိမ်ပြန်လာဖို့စောင့်နေတယ် ဆိုတဲ့အချက်ကရှင့်ရင်ထဲမှာ ဘယ်လိုမှမဖြစ်စေဘူးလား'

သူမက ခပ်ထေ့ထေ့ မေးလိုက်သည်။

'ဘယ်မစ္စစ်ဟိုလ်မန်း ဘယ်ဟိုလ်မန်းလေးတွေ ဘယ်အိမ်မှာမှ ဘယ်သူမှ စောင့်မနေဘူး'

ကျွန်တော်က ဖြေလိုက်သည်။

'အင်း....ကျွန်မတွေ့လိုက်တဲ့တစ်နယ်တစ်ရပ်က အမျိုးသား အမျိုးသားတိုင်း အိမ်ထောင် မရှိတာကတော့ တိုက်ဆိုင်မှု သက်သက်ပဲဖြစ်မယ်ထင်တယ်'

နီနာက သက်ပြင်းတစ်ချက် အသာမှုတ်ထုတ်ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား အက်ဖ်ဘီအိုင်ကို လှမ်းမေးကြည့်ချင် မေးကြည့်လိုက်လေ၊ ရတယ်... ခင်ဗျား ဂွတ်နိုက်လို့ နှုတ်ဆက်ပြီး အိမ်ပြန်လဲ ပြန်ခဲ့လေ ရတယ်'

ကျွန်တော်က ခပ်အေးအေးပင် ပြောလိုက်သည်။

သူမ စုတ်သပ်သံ ပြုလိုက်သည်။

'မစ္စတာ ဟိုလ်မန်း....ကျွန်မတို့ညှော်မယ်တွေက ကိုယ့်တာဝန်ကို ကိုယ်သိတယ်၊ အင်း....ကိုယ့် တာဝန်ကို မဆုတ်မနစ် ဆောင်ရွက်တယ်လို့ ဆိုရမယ်ဆိုတာပဲ၊ မိုးရွာရွာ၊ နေပူပူ၊ နှင်းကျကျ၊ မြူဆိုင်းဆိုင်း ကျွန်မတို့နဲ့ စာပို့ လုပ်ငန်းက တာဝန်ကြေကြေ တာဝန်ထမ်းဆောင်စမြဲပါပဲ'

ကျွန်တော် တစ်ချက် ကြည့်လိုက်သည်။ ထို့နောက် သူမကို ခေါ်ဝေါ်သော နာမ်စားကိုပြောင်း၍ မေးလိုက်သည်။

'မင်း ညှော်မယ်တစ်ဦးလုပ်နေတာ ဘယ်လောက်ကြာပြီလဲ'

'ကျွန်မ မဂ္ဂဇင်းက လထုတ်တာ ညှော်မယ်အဖြစ် အစပြုခဲ့တယ်၊ ရှိတ်စပီးယားရဲ့ရုပ်ထုကို ထွေးပွေ့ထားတဲ့ပုံနဲ့ပေါ့၊ မဂ္ဂဇင်းရဲ့ အလယ်မျက်နှာမှာ ကျွန်မကို ပညာတတ်အတန်းစားလို့ ဖန်တင်ရေးခဲ့တယ်၊ ဒါပေမယ့် စာနဲ့ရုပ်က ဘာမှမဆိုင်နဲ့ဘူး၊ အဲဒီနောက်တော့ စတန်တွန် ကလပ်တစ်ခုဖွင့်ဖို့ စိုင်းပြင်းနေတယ်၊ မိန်းမပျိုလေးတွေ အလိုရှိနေတယ်လို့ ကြားလိုက်တယ်၊ ဒါနဲ့ လျှောက်လိုက်တယ်၊ လွန်ခဲ့တဲ့ ရှစ်လ ကလပ်စဖွင့်တဲ့ညကတည်းက ကျွန်မရှိခဲ့တယ်လို့ ဆိုနိုင်တယ်ပေါ့၊ ဘာဖြစ်လို့ ကျွန်မကို ပညာတတ်မိန်းကလေးက ဒီအလုပ်လုပ်နေတယ်လို့ မေးစရာရှိတယ်၊



အဲဒါကလဲ ရှင်းပါတယ်၊ ဒီမှာက တစ်ပတ်ကို ဒေါ်လာနှစ်ရာငါးဆယ်ရတယ်၊ ကျွန်မ ကျောင်းဆရာမလစာထက် နှစ်ဆပိုရတယ်'

သူမသည် သူမ၏ ဖျော်ရည်ခွက်ကို ငုံ့သောက်လိုက်ပြန်သည်။ ကျွန်တော့်ကို ကြည့်လိုက်ပြန်သည်။

'အဲဒါကတော့ ကျွန်မရဲ့ဘဝ ဇာတ်လမ်းပါပဲ....မစ္စတာ ဟိုလ်မန်း၊ ရှင့်ဘဝ ဇာတ်လမ်းကရော ရှင်ဘယ်လိုပုံ အသက်မွေးဝမ်းကြောင်းပါသလဲ'

'ကျုပ်က စက်မှုအကြံပေးပုဂ္ဂိုလ်တစ်ဦးပါပဲ'

ကျွန်တော်က ဆိုလိုက်သည်။

'ဟုတ်လား....သိပ်စိတ်ဝင်စားဖို့ကောင်းမယ့်အလုပ် ဟုတ်ပုံမရဘူး'

သူမက ကျွန်တော့်ကို အကဲခတ်ရင်း ဆက်ဆိုလိုက်သည်။

'ရှင့်ပုံစံက အကြံပေးပုဂ္ဂိုလ်နဲ့မတူဘူး၊ လက်တွေ့ကိုင်ဆောင်မယ့် ပုဂ္ဂိုလ်မျိုးနဲ့ တူနေတယ်၊ လူတွစ်ကျယ်လိုလို၊ အရက်ဆိုင်တံခါးစောင့်လိုလို'

'အင်း....အဲဒါကတော့ ငါ့ဘဝအနေမတောင်လို့ ဖြစ်လိမ့်မယ်၊ မင်းက ကလပ်စဖွင့်ကတည်းက ဝင်လုပ်နေခဲ့တယ်ဆိုရင် ရှယ်လီဆီအလ်စတိန်းကို သိခဲ့မှာပေါ့'

ကျွန်တော်က ဆိုလိုက်သည်။

သူမမျက်လုံးများ အနည်းငယ်မှိန်သွားသည်။ ကျွန်တော့်ထံမှ မျက်နှာလွှဲလိုက်ပြီး အသက်မပါသောအသံဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ သူ့ကို သိပ်မမှတ်မိဘူး၊ ကလပ်မှာ တစ်လလောက်ပဲ အလုပ်လုပ်ပြီး အဖြုတ်ခံလိုက်ရတယ်'

'အလုပ်ဖြုတ်ခံရပြီး သိပ်မကြာခင်မှာ သူ့ကိုယ်သူ သတ်သေလိုက်တယ်'

ကျွန်တော်က စကားထောက်လိုက်သည်။

'သိပ်ဆိုးတဲ့အဖြစ်ပဲ၊ ကျွန်မ သတင်းစာထဲမှာ ဖတ်ခဲ့ရတယ်'

နီနာက အသံတိုးတိုးဖြင့် ဆိုလိုက်သည်။

'ဆေးသမားဖြစ်နေလို့ အလုပ်ဖြုတ်ခံလိုက်ရတယ်လို့ ကြားတယ်'

ကျွန်တော်က မျှော်လင့်တကြီး စကားအစ်လိုက်သည်။

'ဟုတ်လား....ကျွန်မတော့မသိဘူး၊ သူ ကလပ်မှာအလုပ်လုပ်နေတုန်းက သူနဲ့ သိပ်တွေ့ရတယ်မရှိခဲ့ပါဘူး၊ ကလပ်မှာအလုပ်က သိပ်များတယ်၊ တစ်ယောက်နဲ့တစ်ယောက် 'ဟဲလို' လို့ နှုတ်မဆက်နိုင်လောက်အောင် အလုပ်များနေတဲ့ညက များတယ်'

ထိုအကြောင်းကို ဆက်အစ်နေလျှင် အကျိုးထူးမည်မဟုတ်ကြောင်း သဘောပေါက်သောကြောင့် ကျွန်တော် နှုတ်ပိတ်လိုက်တော့သည်။

ကျွန်တော် ဖော့ကွန်ကို လက်စသပ်ပြီးချိန်တွင် နီနာလည်း သူမ၏ တွန်နှင့်ဂျာရီကို ခွက်ကုန်မော့ပြီး ဖြစ်သည်။

'ကဲ....ဘာလုပ်ကြမလဲ'

သူမက ရွှင်ပျှဟန်ဖြင့် ကြည့်ရှု မေးလိုက်သည်။ ဆက်ပြောလိုက်သည်။



'ကျွန်မ တာဝန်တွေကို ကျွန်မ မေ့သလိုတောင် ဖြစ်သွားတယ်၊ မည်သည့်အရာကို အလိုရှိပါသနည်းသခင်၊ နောက်အရက်တစ်ခွက်လား၊ ဂီတသံများ ကြားလိုပါသလား၊ လိုအင်ဆန္ဒရှိသည့်အရာကိုသာ ဆိုပါသခင်'

'မင်းအတွက် ဘယ်လိုမှအပန်းမကြီးဘူးဆိုရင် ငါအိပ်ရာဝင်ချင်တယ်'

ကျွန်တော် ယဉ်ကျေးစွာ ပြောလိုက်သည်။

'ဩော်....ရှင်အိပ်ရာဝင်ချင်မှာပေါ့၊ ကျွန်မ သဘောပေါက်ပါတယ်ရှင်၊ ရှင်က တခြား အလျှံ ညီးညီး ယောက်ျားသားကြီးတွေထက် တစ်ဘာသာခြားမယ်လို့ ဘယ်လိုကြောင့်များ ကျွန်မ ထင်မိသွားခဲ့လဲ မသိဘူး'

သူမက ပေါ့ပါးစွာ ထလိုက်သည်။

'ကောင်းပါပြီ မစ္စတာဟိုလ်မန်း၊ ရှင့် ဧည့်မယ်က လမ်းပြခေါ်ဆောင်သွားပါမယ်'

ကျွန်တော် သူမနောက်မှ လိုက်ခဲ့သည်။ အဝင်ခန်းမကို ဖြတ်သန်းခဲ့သည်။ ကြီးမားလှသော လှေကားထစ်ကို တက်ခဲ့သည်။ အပြာရောင်ခန်းမဆောင်ထဲသို့ ရောက်သွားသည်။

ခန်းဆီးအပြာ၊ မွေ့ရာအပြာ၊ အိပ်ရာခင်းအပြာ၊ အခန်းနံရံက အပြာဖြစ်နေသောကြောင့် ခန်းဆောင်ပြာဟု အမည်တွင်သတည်းဟူသောအချက်ကို အခန်းထဲဝင်ဝင်ချင်းမှာပင် ထင်းထင်း မြင်တွေ့လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မျက်နှာကျက်ပေါ်တွင် တပ်ဆင်ထားသော ကြီးမားလှသော ကြယ်ပုံစံ မှန်ကြီးက စိတ်ကို မရိုးမရွ ဖြစ်သွားစေသည်။

'ခရစ်ပတ်စတန်တွန်က ဤအိမ်ထဲက အခန်းတိုင်းကို တစ်မျိုးတစ်ဘာသာစီ မွမ်းမံထားတယ်၊ ဒီအခန်းစတိုင်ကို ဘယ်လိုခေါ်လဲတော့ မသိဘူး၊ တော်ဝင်ဆောင်နန်းလို့ ခေါ်မလားမသိဘူး....'

နီနာက ဆိုလိုက်သည်။

'ဂိုသပ်ခေတ်ပြာလို့ ခေါ်ရင် ပိုသင့်တော်မယ်ထင်တယ်'

ကျွန်တော်က နှာခေါင်းရှုံ့၍ ဆိုလိုက်သည်။

သူမ တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် ကျွန်တော့်ကို ခပ်အေးအေး ကျောခိုင်းရပ်လိုက်သည်။

ကျွန်မအင်္ကျီဇစ်ဖြုတ်ပေးပါရှင်၊ ခုချိန်ကစပြီး ရှင့်ကို မစ္စတာဟိုလ်မန်းလို့လဲ မခေါ်နိုင်တော့ပါဘူး၊ စက်မှုအကြံပေးပုဂ္ဂိုလ်တွေမှာ ခရစ်ယာန်နာမည်တော့ ရှိမယ်မှတ်တယ်'

'ရစ်ခ်လို့ ခေါ်ပါ'

ကျွန်တော်က ပြောပြောဆိုဆိုပင် သူမ၏ အင်္ကျီဇစ်ကို ခါးလယ်ကျော်သည်အထိ ဖွင့်ချလိုက်သည်။

ကျွန်တော် စီးကရက်တစ်လိပ် မီးညှိနေခိုက်တွင် သူမ ဂါဝန်လျှောထဲမှ ထွက်လိုက်သည်။ ဂါဝန်အောက်တွင် လိုက်ဖက်ညီသော ဘရာစီယာနှင့် အတွင်းခံဘောင်းဘီသာ ဝတ်ဆင်ထားသည်။



သူမသည် သူမ၏ ဂါဝန်ကို အင်္ကျီချိတ်ပေါ်တွင် အသေအချာ ချိတ်လိုက်ပြီးနောက် ဗီရိုထဲတွင် ချိတ်လိုက်သည်။ ထို့နောက် ချာခနဲလှည့်၍ ကျွန်တော့်ထံသို့ ဖြည်းလေးစွာ ပြန်လျှောက်လာသည်။

သူမသည် ကျွန်တော်နှင့် နှစ်ပေအကွာတွင် ရပ်တန့်လိုက်သည်။ မျက်လုံးထဲတွင် လှောင်ရိပ်က ကဲနေသည်။

'အလုကွန့်ထဲ မိပြီ၊ စကားလေးတောင် မဆိုစွမ်းတော့ဘူးလား ရစ်ကလေး၊ ရှင် တွေ့နေတာ ဘာမှမဟုတ်သေးဘူး'

ကျွန်တော်သည် စီးကရက်ကို တအား ရှိုက်လိုက်သည်။ သူမကို မျက်လုံးချင်း ဆိုင်ကြည့်လိုက်သည်။

'ငါ စဉ်းစားမိတယ် သိလား၊ စတန်တန်က ဒီညနေ မင်းကို ကလပ်က ခေါ်ခဲ့တော့ နောက်ထပ်ရမဲ့ ဘတ်ငွေတွေ မင်းနစ်နာတာပေါ့၊ ဒါပေမယ့် အဲဒီအတွက် သူနစ်နာကြေး ပေးမယ်မှတ်တယ်'

'အမှန်ပဲ'

သူမက မာရေကြောရေ ဖြေလိုက်သည်။

'ဘယ်လောက်လဲ'

'အဲဒါ အရေးလား'

သူမက မခံချင်ဟန် ကိုယ်ကို မတ်လိုက်သည်။ မျက်လုံးအကြည့်က စူးရှလာသည်။

'ဒါမှမဟုတ် ကျွန်မကို အရှုံးများနေတယ်လို့များ ထွက်နေသလား ရစ်ခ်ဘီ'

www.burmeseclassic.com

www.burmeseclassic.com



'ငွေတစ်ရာလောက် ပေးမှာပေါ့'

ကျွန်တော်က သူမ စကားကို ဥပက္ခာပြု၍ ဆက်မေးလိုက်သည်။

'အတိအကျ သိချင်ရင် ပြောလိုက်ပါမယ် နှစ်ဆ'

သူမက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'သိချင်လို့ မေးကြည့်တာသက်သက်ပါ၊ ငါဟာ အခပေးပြီး ရမက်ဖြေလေ့ မရှိဘူး၊ သူများ စရိတ်နဲ့လည်း မဖြေဘူး၊ ဒါကြောင့် ဒီကိစ္စ တစ်ခုလုံးနဲ့ ပတ်သက်ပြီး ငါ့နှာခေါင်းကိုအပုတ်နံ့ တက်သလို ခံစားနေရတယ်'

ကျွန်တော်က သူမကို ရှင်းပြလိုက်သည်။

အခန်းတစ်ဘက်စွန်းရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ကျွန်တော့ အိတ်ကို တင်ထား၏။

ကျွန်တော် အခန်းထောင့်သို့ လျှောက်သွားသည်။ အိတ်ကို ကောက်ကိုင်လိုက်သည်။ တံခါးဝသို့ လျှောက်ခဲ့သည်။

'တစ်ခြား ဧည့်သည်တွေ မရှိတော့ အခန်းလွတ်တွေအများကြီး ရှိမယ် မှတ်တယ်၊ မနက်စာ စားချိန်မှာ တွေ့တာပေါ့'

ကျွန်တော်က လေအေးအေးဖြင့် ဆိုလိုက်သည်။

သူမ မျက်နှာ ရဲသွားသည်။ မျက်လုံးထဲတွင် လူသတ်တော့မည့်အလား ဒေါသရိပ်များ ဝေလာသည်။ သူမသည် ကျွန်တော်နှင့် တံခါးပေါက်ကြားသို့ သွက်လက်စွာ လျှောက်သွားသည်။ ကျွန်တော့ကို ဟန့်တားလိုက်သည်။



'ဒါ ဘာလုပ်တာလဲ ရစ်ခ်ျဂေဘီ ကျွန်မကို နှစ်ပြားတန် အပျက်မနဲ့ တူအောင် ဆိုပ်တာလား'

သူမက လေသံမာမာဖြင့် မေးလိုက်သည်။

'မင်း ဘာမှ ပူစရာ မရှိဘူး မနက်ကျရင် စတန်တွန်ကို ဒေါ်လာ နှစ်ရာ ပြင်ရထိုက်တယ်လို့ အတို့အထောင် မလုပ်ပါဘူး စိတ်ချပါ'

ကျွန်တော်က သူမကို ပေါက်ထည့်လိုက်သည်။

သူမ လက်တစ်ဘက် မြှောက်တက်လာသည်။ ကျွန်တော့ ပါးကို ဖြန်းခနဲ ရိုက်ထည့်လိုက်သည်။

'ရှင် ကျွန်မကို ဒီလို လုပ်လို့ မရဘူး'

ကျန်ပါးတစ်ဘက် ပေါ်သို့ လက်ဝါးဒဏ် ကျလာပြန်သည်။

'ရှင် သောက်သုံး မကျတဲ့'

သူမ နောက်တစ်ချက် ထပ်ရိုက်ရန် ဟန်ပြင်လိုက်သည်။

ကျွန်တော် ရုတ်တရက် ဒူးကွေးချလိုက်သည်။

သူမသည် ကျွန်တော့ ကျောပြင်ကို ဖုန်းဖုန်းထုရင်း ရုန်းကန်သည်။

'ကျွန်မကို အောက်ချ ဝက်ပုတ်ကြီး ရှင့်ကို ကျွန်မသတ်မယ် သတ်မယ်—သတ်မယ်'

သူမက အသည်းအသန် အော်ဟစ်လိုက်သည်။

'မင်း အဲဒီလို လုပ်ဖို့ ရည်ရွယ်တယ်လို့ ငါ ထင်သား'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်အေးအေး ပြော၍ လျှောက်ထွက် လာခဲ့သည်။

သူမက ကျွန်တော့် ပခုံးထက်မှ တွန့်ရင်းလိမ်ရင်း ရုန်းရင်း ကန်ရင်း အော်ရင်းဟစ်ရင်း ကျွန်တော့် နောက်ကျောကို တဖုန်းဖုန်းထုရင်း ပါလာသည်။

ကျွန်တော် လှေကားအတိုင်းဆင်းသက်ခဲ့သည်။ ခန်းမကြီးကို ဖြတ်ခဲ့သည်။

ရွှေရောင် လှောင်အိမ် ဓာတ်လှေကားက မြေအောက်ခန်းတွင် ရပ်သွားပြီး ကျွန်တော် လှမ်းထွက်လိုက်ချိန်ကျမှ သူမ အလှုပ်အရှိက်၊ အဆဲအဆို တန့်သွားသည်။

'ရှင် ဘာလုပ်မလို့လဲ ကျွန်မကို အောက်ချ မချရင်'

သူမ အသည်းအသန် ပြောလိုက်သည်။

'နီနာ အချစ် မင်း သွေးဆူနေတာကို ဖြေဖို့လိုတယ်'

ကျွန်တော်က ကြင်ကြင်နာနာ ပြောလိုက်သည်။

ကျွန်တော် နောက်သို့ ခြေတစ်လှမ်း လှမ်းလိုက်သည်။ ရေကာပ်စပ်သို့ ရောက်သွားသည်။

'ရှင်....မလုပ်....ရှင် မလုပ်'

သူမ သံကုန်ဟစ်လိုက်သည်။ သို့သော် သူမ စကားတစ်ပိုင်း တစ်စနှင့် ရပ်သွားသည်။ ငယ်သံသာ ဖြစ်သွားသည်။

ကျွန်တော် သူမခါးကို လက်နှစ်ဘက်ဖြင့် ကိုင်လျက် ရေထဲသို့ မြှောက်ပစ်ထည့်လိုက်သည်။



သူမသည် ဗွမ်းဟူသော အသံနှင့်အတူ မြုပ်သွားသည်။ နှစ်စက္ကန့်ခန့်လောက် အကြာတွင် ရေထက်သို့ ခေါင်းပေါ် လာသည်။ ကျွန်တော့်ကို သတ်တော့ ဖြစ်တော့မည့်ပုံစံ သူ စူးစူးရဲရဲ ကြည့်လိုက်သည်။

'မင်းဟို အိုအေစစ်ကိုကူးသွားပါလား နီနာ အချစ် ဒီကနေ လှမ်းကြည့်ရတာတော့ နေချင်စဖွယ် နေရာလေးပဲ'

ကျွန်တော်က ဖော်ဖော်ရွေရွေ လေသံဖြင့်ပင် ပြောလိုက်သည်။

'ကျွန်မ ရှင့်ကို ကျေးဇူးတင်သင့်တယ် မထင်တာဘိုလ်မန်း၊ ရှင် ကျွန်မကို အသက်ရှင် နေထိုင်စရာ အကြောင်းတရား တစ်ခုကို ဖန်တီးပေးခဲ့ပြီး ရှင့်ကို ကလဲ့စားမချေနိုင်သေးခင် ကျွန်မ မသေ မခြင်း ကြိုးစားသွားမယ်'

သူမ အံကြိတ်၍ ဆိုလိုက်သည်။

သူမသည် စကားပြောရင်းဖြင့် ရေကန်စပ်သို့ကူးလာမိသည့် အမှားကို ကျူးလွန်လိုက် မိသည်။ ကျွန်တော်သည် သူမ ခေါင်းပေါ်သို့ အသာ ခြေထောက် တင်၍ ဖိချလိုက်သည်။ သူမ ရေထဲ မြုပ်သွားပြန်သည်။

သူမ နောက်တစ်ခါ ရေပေါ် ပြန်ပေါ် လာသည်အထိ ကျွန်တော် စောင့်မနေခဲ့တော့ချေ။ ရွှေလှောင်အိမ် ဓာတ်လှေကားသို့ သုတ်ခြေတင်ခဲ့သည်။ ဧည့်ခန်းသို့ ပြန်တက်ခဲ့သည်။

ကျွန်တော် ဓာတ်လှေကားမှ ထွက်လိုက်သောအခါတွင် ကျွန်တော့်ကို အသင့်စောင့်ဆိုင်းနေသော အယ်ဘတ်ကို တွေ့

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသည်။ လက်ထဲတွင် လင်ဗန်းတစ်ချပ်ကိုင်ထားပြီး လင်ဗန်းပေါ်တွင် ပေါက္ကန်တစ်ခွက်တင်ထားသည်။

'ဆရာ ပြုံးပြုံးထန်ထန်လျှပ်ရှားလိုက်ပြီးနောက် ဒါလေးတော့လိုမယ်မှတ်တယ်'

သူက အေးဆေးစွာ ဆိုလိုက်သည်၊

ကျွန်တော်သည်အရက်ခွက်ကိုကောက်ယူပြီး သူ့ကို ...မျှော်မှန်းကြည့်လိုက်ပြီ....

'မင်းဟာ သတ္တမမြောက်သားရဲ့ သတ္တမမြောက် သားမျိုးဖြစ်နေလို့ အကြားအမြင်ပေါက်နေတာလား၊ ဒါမှမဟုတ်ရင် ကြမ်းပြင်တွေကို ဖောက်မြင်နိုင်တဲ့ စက္ခုအာရုံမျိုး ရနေလား'

ကျွန်တော်က အေးစက်စွာ မေးလိုက်သည်။

'ဆရာပြောတဲ့ဒုတိယအချက်က ပိုလို့နီးစပ်တယ်'

အလ်ဘတ်က ပြောပြောဆိုဆိုမှင် ရုတ်တရက် ကိုင်းလိုက်သည်။ ကြမ်းပြင်ပေါ်တွင်ခင်းထားသော ကော်ဇောကို ဆွဲမလိုက်သည်။ ကြမ်းပြင်တွင်ဖောက်ထားသော မှန်ပေါက်ကြီးကို တွေ့ရသည်။

ကျွန်တော်ငုံ့ကြည့်လိုက်သည်။ ရေကန်ပေါ်သို့စီးမိုးမြင်နေရသည်။ ပါးစပ်မှတတွတ်တွတ်ရေရွတ်ရင်း ရေကန်ဘောင်ကို တွယ်ကာနေသော နီနာကိုမြင်လိုက်ရသည်။ သူမ ဆိုရွတ်သံများ မကြားနိုင်၍ တော်ပေသေးတော့သည်။

အလ်ဘတ်က ကော်ဇောကိုပြန်ခင်းလိုက်ပြီး မတ်တပ်ရပ်လိုက်သည်။



'ကျွန်တော်စပ်စပ်စုစုကြည့်မိတာကို ခွင့်လွှတ်နိုင်မယ် ထင်ပါတယ်ဆရာ၊ ဆူဆူညံညံတွေကြားလို့ ကျွန်တော်လိုက်ကြည့်မိတာပါ၊ မည်သူသူတစ်ယောက်တည်းအိမ်ပေါ်မှာအသတ်ခံရတာမျိုးဖြစ်ရင် မစ္စတာစတန်တွန့် သဘောကျမယ် မထင်ဘူး'

'အဲဒီကြမ်းပြင်က ချောင်းကြည့်ပေါက်အမှီပဲ၊ ပါတီတွေကျင်းပတဲ့အချိန်တွေမှာ တကယ့်ပွဲကြည့်ဇင်ကြီး ဖြစ်နေမှာပဲ'

ကျွန်တော်က ဆိုလိုက်သည်။

'အင်း...ဧည့်သည်အဆော်များများအတွက် သဘောကျစရာ ရှုခင်းတွေ ပေးစွမ်းနိုင်တဲ့ မြင်ကွင်းတစ်ခု ဖြစ်ခဲ့တာပေါ့ အခါခါ ပဲပေါ့ဆရာ'

အလ်ဘတ်က ထေခက်ခံစကား ဆိုလိုက်သည်။

'ဟိုတစ်ခုကရော ဘယ်လိုလဲ၊ အိုးအောစစ်အပေါ်တည့်တည့်က ချောင်းကြည့်ပေါက်၊ အဲဒီနေရာကိုတော့ စတန်တွန် သိုသိုဝှက်ဝှက်ထားမယ်မှတ်တယ်၊ သူ့အတွက် သီးသန့် အရသာခံပေါက်ဖြစ်မယ် ထင်တယ်'

အလ်ဘတ် နှုတ်ခမ်းထောင့်များ အပြုံးဖက်နွယ် ကွေးလုကွေးခင် ဖြစ်သွားသည်။

'ဆရာက အင်မတန် မျှော်တွေးဉာဏ်ရင့်တဲ့သူပဲ'

ကျွန်တော် မောဘွန်းအရက် အနည်းငယ် ငုံလိုက်သည်။

'စတန်တွန်က ငါ့အကြောင်းရော ပြောထားသေးသလား'

'ဆရာ ဒီလို ဒီရောက်နေမှန်း ကျွန်တော် သိပါတယ်.... မစ္စတာ စတန်တွန်နဲ့ မနေ့ညက အိမ်ပြန်ရောက်တော့ လမ်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကာအဖြစ်နဲ့ ပတ်သက်ပြီး အတော် စိတ်မချမ်းမသာ ဖြစ်နေခဲ့တယ်ဆရာ၊ ဘာလိုလာမယ်ဆိုတာကို သူပြောခဲ့ပါတယ်၊ ဒါပေမယ့် ဆရာ့နာမည်ကို ဟိုကတည်းက ကျွန်တော်သိခဲ့တယ်၊ ကျွန်တော်က ဟောလီဝုဒ်ဒေသမှာ သုံးနှစ် အလုပ်လုပ်ခဲ့တယ်၊ ရုပ်ရှင်လောက လူကြီးတစ်ဦးရဲ့ အိမ်မှာပါပဲ’

အလ်ဘာတ်က အေးဆေးစွာ ပြောလိုက်သည်။

‘အေး... မင်းစကားပြောဆိုပုံ အမူအရာ၊ လေယူလေသိမ်းကိုကြည့်ရင်း မင်း ဟဲယ်ဗာလီဟီးလ်မှာ ပုံစံသွင်းခံလာရတဲ့သူမှန်း သိသာတယ်၊ ဒါနဲ့ မင်းဆရာကို သတ်ချင်မယ့် လူတစ်ဦးဦးကိုများ မသိဘူးလား’

ကျွန်တော်က မေးမြန်းလိုက်သည်။

‘မသိပါဘူးဆရာ... မစ္စတာ မေယာနဲ့ သူ့အပေါင်းအသင်းတွေ ရောက်လာချင်တော့ ကျွန်တော် စိတ်မရိုးမရှုဖြစ်မိပါတယ်၊ ဒါပေမယ့် သူတို့နဲ့ ပတ်သက်လာရင် ဘယ်သူဖြစ်ဖြစ် ဒီလိုပဲ ခံစားရမယ်လို့ မှတ်တယ်’

အလ်ဘာတ်က တွေးတွေးဆဆ ပြောလိုက်သည်။

‘မင်းကိုယ်တိုင်အနေနဲ့ရော စတာန်တွန်ကို သတ်ဖြတ်ချင်စရာ အကြောင်းရှိလား’

ကျွန်တော်က စကားထောက်လိုက်သည်။

အလ်ဘာတ်က ခေါင်းကို ဖြေးလေးစွာ ခါလိုက်သည်။

‘မရှိပါဘူး... သူက အပေးအကမ်းရက်ရောတဲ့ အလုပ်ရှင်တစ်ဦးပါပဲ၊ ကိုယ်ရည်ကိုယ်သွေးတော့ နည်းနည်းစိတ်ပျက်စရာ



ကောင်းတယ်၊ ဒါပေမယ့် ခုခေတ်မှာ ဘယ်သူမှ စင်းလုံးချော မဖြစ်ပါဘူး’

ကျွန်တော်က လေးစားစွာ ခေါင်းခါလိုက်သည်။

‘မင်းရဲ့ အရည်အသွေးကို အိမ်တော်စိုးအဖြစ် လာပြီး ဖြုန်းနေတာလဲ အလ်ဘာတ်၊ သံတမန်ရေးရာဝန်ထမ်း ဖြစ်သင့်တယ်’

‘ကျေးပါပဲ ဆရာ’

ရှယ်လီဆစ်အက်စတိန်း ကလပ်မှာ အလုပ်လုပ်နေတုန်းက ဒီကိုလာလည်ဘူးလား’

ကျွန်တော်က ရုတ်တရက်မေးလိုက်သည်။

အလ်ဘာတ်၏ မျက်နှာက ရုတ်တရက် ဟင်းလင်းဖြစ်သွားသည်။ ခံစားချက်ကို သံမဏိတံခါးဖြင့် ညက်ညောစွာ ပိတ်လိုက်သည့်ပုံ ခံစားချက် လုံးဝ ရှင်းလင်းကင်းစင်သွားသည်။

‘ရှယ်လီဆပ်အက်စတိန်း ဟုတ်လား ဆရာ၊ ကျုပ် ဒီနာမည်နဲ့ လူတစ်ယောက်မှ မသိဘူး...၊ ဒါပေမယ့် လေ ကျွန်တော် မစ္စတာ စတာန်တွန်ဆီမှာ အလုပ်ဝင်ရောက်ပြီး နောက်ပိုင်းမှာ ဒီကိုလာလာတည်းတဲ့ အမျိုးသမီးငယ် တော်တော်များများ တွေ့ဖူးပါတယ်၊ အဲဒီလို လာလည်တဲ့ ငယ်မယ် အရေအတွက်ကို ကျွန်တော် စာရင်းကောက်နေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် မစ္စတာ စတာန်တွန်က ခေတ်ပေါ် ဆော်လမွန်ဘုရင်ပဲလို့ ယူဆမိတယ်’

အလ်ဘာတ်က အပြုံးသဲ့သဲ့ဖြင့် ပြောလိုက်သည်။

‘အဲဒါတော့ အမှန်ပဲ’

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ထောက်ခံစကား ဆိုလိုက်သည်။

အသံမြည်သံလေး ပျပျပေါ်လာပြီးနောက် ရွှေရောင်အိမ်ခေါင်လေ့ကား မြင်ကွင်းမှ ပျောက်သွားသည်။ မီနပ်စ်အလှနတ်သမီးသည် အချိန်မရွေးပင် ရေလှိုင်းထဲမှ တက်လာပေတော့မည်။ အတိအကျဆိုရလျှင် နီနာ မြေအောက်ရေကူးကန်မှ တက်လာတော့မည်။

ကျွန်တော်သည် မကြေပွဲ ဆက်နွှဲရန် ဆန္ဒမရှိသောကြောင့် အရက်ခွက်ကို လျှင်မြန်စွာ လက်စသတ်လိုက်ပြီး လင်ဗန်းပေါ်သို့ ခန့်ခွက်ပြန်တင်လိုက်သည်။

'ငါ ဘယ်မှာအိပ်လို့ရမလဲ'

ကျွန်တော် လျှင်မြန်စွာ မေးလိုက်သည်။

'တစ်ခန်းရှိပါတယ် ဆရာ၊ လှေကားထိပ်မှာ ဘယ်ဘက်ချိုးစင်္ကြံ လမ်းအဆုံးမှာ မျက်နှာချင်းဆိုင်တွေ့တဲ့အခန်းပဲ၊ အခန်းကသေးတယ်၊ ဒါပေမယ့် အင်မတန် သက်တောင့်သက်သာ ရှိပါတယ်၊ ဘာမှန်မှ မရှိဘူးဆရာ'

အလ်ဘတ်က လေအေးဖြင့်ပင် ဆိုလိုက်သည်။

'နီနာကို သဘက်တစ်ထည်ယူပေးလိုက်၊ ခုလောက်ဆို သူသူချမ်းနေလိမ့်မယ်'

ကျွန်တော် ဧည့်ခန်းဆောင်ဘက်သို့ ခပ်သုတ်သုတ်လျှောက်ရင်း ပြောလိုက်သည်။



'မစိုးပါနဲ့ဆရာ ကျွန်တော် အားလုံး....အားလုံး ကြည့်ရှုထားလိုက်ပါ့မယ်'

အလ်ဘတ်က အင်မတန် စွမ်းရည်ပြည့်ဝသော အသံဖြင့် ရဲရဲကြီး အာမခံလိုက်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (သုံး)

နောက်တစ်နေ့မနက် ကိုးနာရီ အချိန်တွင် ကျွန်တော် စားသောက်ခန်းထဲသို့ ရောက်သောအခါတွင် ကြီးမားလှသော စားပွဲကြီးထိပ်တွင် ထိုင်၍ တစ်ယောက်တည်း မနက်စာ စားသောက်နေသော ခရစ်ပင် စတန်တွန်ကို တွေ့မိလိုက်သည်။

စတန်တွန် ခေါင်းမော့ကြည့်၍ ခေါင်းညိတ် လိုက်သည်။

'မောနင်း ဟိုလ်မန် လာလေ ကောင်မလေး မနိုးသေးဘူး မှတ်တယ်၊ သိပ် နွမ်းသွားတယ် ထင်တယ်'

စတန်တွန်က လေသံငြိမ်သဲ့သဲ့ဖြင့် ဆိုလိုက်သည်။

ကျွန်တော် ကုလားထိုင် တစ်လုံး ဆွဲထုတ်လိုက်သည်။ စားပွဲတွင် ထိုင်လိုက်သည်။ ထိုအချိန်မှာပင် အိမ်ဖော် အမျိုးသမီးလေး တစ်ဦး ဝင်လာသည်။ အိမ်ဖော်ဆိုသည့် အမည်သာ ပြောင်းနေသည်။ ညှို့မယ်နှင့် မခြားနားလှသော ဝတ်ဆင်မှုနှင့် လုပ်မှုတို့ ပြည့်စုံနေသည်။



'ဂွတ်မောနင်း မစ္စတာ ဟိုလ်မန်းကျွန်မ ဂျူဒီပါ မစ္စတာ ဟိုလ်မန်းရဲ့မောင်းမမိဿံတစ်ဦးအဖြစ် မှတ်ရင် ရပါတယ်'

သူမသည် မနက်စာစားနှင့် မလိုက်ညီလောက်အောင် ရှင်မြူးလှသော အသံဖြင့် ဆိုလိုက်သည်။

စတန်တွန်က ကျွန်တော် မျက်လုံးပြူးသွားသည်ကို တွေ့၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'သူ ပြောတာ အမှန်ပဲ ဒါပေမယ့် ခင်ဗျားဘယ်လိုတုံ့ပြန်မယ် ဆိုတာ သိချင်လို့ ပါခင်ဗျား မျက်နှာကတော့ဗျာမှတ်မှတ်သားသား အသင့်ပဲ'

'မနက်စာ မစားရသေးခင် နောက်ရှတ်နေတာကိုး ခင်ဗျား အတော် စိတ်ရှင်လန်း နေတယ်မှတ်တယ်'

ကျွန်တော်က သူ့ကို ဘုကြည့်ကြည့် ပြောလိုက်သည်။

'မစ္စတာ ဟိုလ်မန်း ဘာမျှား သုံးဆောင်မလဲရှင်'

ဂျူဒီက မေးလိုက်သည်။

'ကော်ဖီ ပေါင်မုန့်ကင်နဲ့ မာမာလိဒ်'

ကျွန်တော်က သူမကို ပြောလိုက်သည်။

'အဲဒါပဲလား'

သူမက အကယ်ပင် အံ့ဩသွားပုံပြောလိုက်သည်။

ကျွန်တော်က ဘုပြော ပြောလိုက်သည်။

သူမသည် စိတ်ရှုတ်းထွေးသောဟန်ဖြင့် ခပ်ကြော့ကြော့ ကြောင် လှည့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်စီးကရက်တစ်လိပ်ကိုမီးညှိလိုက်သည်။ စတန်တွန်က သူ၏နောက်ဆုံးကိတ်မုန့်ကို မေ့ပလဲအချိုရည်နှင့် ထိုစားလိုက်ပြီး ကျွန်တော့်ကို အပြုံးမြိန်မြိန်ဖြင့် လှမ်းကြည့်လိုက်လေသည်။

'ခင်ဗျားဟာ လောကကြီးကို အမြဲတစေ ထော်လော်ကန့်လန့်မြင်နေတဲ့ဖြစ်ပုံရတယ်၊ ဟိုလ်မန်း၊ ဟုတ်သလား'

စတန်တွန်က ရွှင်မြူးစွာဆိုလိုက်သည်။

ကျူဒီသည် ကျွန်တော် မှာလိုက်သော အစားအသောက်များဖြင့် ပြန်လာသည်။ ကျွန်တော့်ကိုကူးစက်ရောဂါသင့်စေနိုင်သည့်ရောဂါသည်ဟူ ယူဆပုံဖြင့် မျက်နှာလွှဲ၍ အစားအသောက် တည်ခင်းပေးသည်။ သူမပြန်ထွက်သွားသော အခါတွင် ကျွန်တော်ကော်ဖီသောက်ရန် ကော်ဖီခွက်ကိုကောက်၍ မော့သောက်လိုက်သည်။ နေသာထိုင်သာ အနည်းငယ်ရှိသွားသည်။

'မနက်စောစောမှာ ရွှင်ပျနေတဲ့သူကို ပြစမ်းပါ၊ အဲဒီလူဟာ လောကကြီးကိုနှစ်ပေါက်တစ်ပေါက်ရိုက်တတ်တဲ့သူပဲဆိုတာကို ကျုပ်ပြမယ်'

စတန်တွန်က ကျွန်တော့် ကိုပြုံးပြပြီး ပြောလိုက်သည်။

ခင်ဗျားပဲဖြစ်နေလိမ့်မယ်ထင်တယ်'

ကျွန်တော်က ခပ်အေးအေးပင် ပြောလိုက်သည်။

'ခင်ဗျားက ကျေးဇူးကန်းလှပါလား၊ ကျုပ် ခင်ဗျားကို မိုးပျံနေတဲ့ကြေး ပေးထားတယ်၊ ကျုပ်အိမ်ကိုဖိတ်တယ်၊ ပညာ



တတ်ကောင်းမနဲ့ ဖက်ပေးတယ်၊ အဲဒါကိုကျေးဇူးတင်သလား ဟိုလ်မင်း'

စတန်တွန်က နားမလည်ဟန်ဖြင့် မေးလိုက်သည်။

'ခင်ဗျားခုလောက်ထိ အသက်ရှည်ရှည်နေနိုင်စွမ်းခဲ့တာကို ကျုပ်အံ့သြမိတယ်'

ကျွန်တော်က ပြောလိုက်သည်။

'အင်း....ကျုပ်ကိုမနေ့ညကတော့ ဘယ်သူမှသတ်ဖို့ မကြံခဲ့ပါဘူး၊ ခင်ဗျားရောက်နေပြီဆိုတာကြားလို့လားမသိဘူး'

နောက်ရွှတ်ရွှတ်ပြောနေခဲ့သောစတန်တွန်၏မျက်နှာ ရုတ်ချည်းတည်သွားသည်။

'တကယ်ပါ ဟိုလ်မန်း၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျား ဘာလုပ်ဖို့စိတ်ကူးထားသလဲ'

'ကျုပ်လတ်တလောလုပ်နိုင်တာကတော့ အရစ်ပတ်စတန်တွန်ကို သတ်ချင်ကောင်းမယ့်သူတွေကို သွားတွေ့ဆုံပြီးအကျိုးအကြောင်း မေးမြန်းဖို့ပဲ၊ သူတို့လိပ်စာတွေ လိုမယ်၊ ခင်ဗျား ရုံးခန်းရောက်ရင် ရနိုင်ကောင်းပါတယ်နော်၊ ဟိုခြိမ်းခြောက်စာတွေကိုလဲ ကျုပ်ကြည့်ချင်တယ်'

ကျွန်တော်က ပြောလိုက်သည်။

'သူတို့ကိုစကားပြောလို့ ထူးမယ်ထင်လား'

စတန်တွန်က မေးလိုက်သည်။

'ထူးချင်လဲထူးမှာပေါ့၊ ခင်ဗျားပေးတဲ့ စာရင်းထဲက ဘယ် ယောက်ယောက်ကများ ဒီစာတွေကို ရေးနေခဲ့ရင် လန့်သွား

www.burmeseclassic.com



မှာပေါ့။ ဆက်ပြန်မှာမဟုတ်ဘူး၊ တစ်ယောက်ဆီက သဲလွန်စ ရရင့်လဲရမယ်၊ ကျုပ်ကျိုးစားကြည့်ပြီးမှသိမှာပေါ့'

'အင်း... ခင်ဗျားပြောတာမှန်တယ်'

စတန်တွန်က သူ့နှုတ်ခမ်းကိုလက်ကိုင်ပဝါဖြင့်တို့လိုက်ပြီး လှမ်းဟစ်လိုက်သည်။

'ဂျဒီ'

ဂျဒီသည် အနောက်ထဲမှ ပစ်ထုတ်ခံလိုက်ရသကဲ့သို့ ရုတ်ချည်းရောက်လာသည်။

'ဟုတ်ကဲ့ မစ္စတာစတန်တွန်'

အပန်းတကြီး အသက်ရှူရင်း မေးလိုက်သည်။

'ငါ မစ္စတာဟိုလ်မန်းနဲ့အတူ ရှိုးသွားမယ်၊ ခဏကြာရင် အပြာရောင်ခန်းမထဲမှာအိပ်နေတဲ့ မစ္စစ်နီနာကိုသွားကြည့်လိုက်ဦး၊ သူ မနက်စာဟောဘာတွေ လိုချင်လားကြည့်'

စတန်တွန်က ပြောလိုက်သည်။

'ဟုတ်ကဲ့ဆရာ'

သူမက ရာဇာနွယ်မျှားကို ဦးညွှတ် နောက်ရှို့သွားသည့်ပုံဖြင့် ဦးညွှတ်နောက်ရှို့သွားသည်။

အလိဘတ်မရှိရင် အဲဒါကပြဿနာပဲ၊ ချေးရောသောရှေး ကိုယ်ပဲစဉ်းစားနေရတယ်'

စတန်တွန်က ဒေါပွပွဟန်ဖြင့် ဆိုလိုက်သည်။

'အလ်ဘတ်ကဘာဖြစ်လို့လဲ'

ကျွန်တော်က မေးလိုက်သည်။



သူမက မှန်းတည့်ချိန်မတိုင်ခင်အိပ်ရာကထလေ့မရှိဘူး၊ သူက ညဉ့်နက်ကျီး မနက်ထိလောက် တာဝန်ပေးထားလေ့ရှိတော့ အဲဒီကိစ္စကို ဟန့်တားလို့မဖြစ်ဘူး'

စတန်တွန်က ခက်ထန်ထန်ဆိုလိုက်သည်။

'အလ်ဘတ်ကတော့ တကယ့်အထင်ကြီးစရာပဲ၊ ခင်ဗျား သူ့ကိုဘယ်လိုလာခဲ့တာလဲ'

ကျွန်တော်က ရိုးရိုးသားသားမေးလိုက်သည်။

'သူက ဟောလီဝုဒ်က ကျုပ်မိတ်ဆွေတစ်ယောက် အိမ်မှာ အလုပ်လုပ်နေခဲ့တယ်လေ၊ အဲဒီမိတ်ဆွေက မင်းသမီးပေါက်စ တစ်ယောက်နဲ့ အဲ့...စိမ်ပြေးတမ်းကစားရင်း နှလုံးရောဂါနဲ့ သေသွားတယ်၊ ကျုပ်က အလ်ဘတ်ကို အတော်ကြာကြာ ကတည်းက မျက်စေ့ကျနေခဲ့တာ၊ အဲဒါနဲ့ သူ အလုပ်လက်မဲ့ ဖြစ်သွားတာနဲ့ တစ်ခါတည်း ဖမ်းခေါ် ခန့်ထားလိုက်တယ်'

စတန်တွန်က ပြောလိုက်သည်။

'မင်းသမီးပေါက်စဆိုတာ သေချာရဲ့လား၊ ခင်ဗျား မိတ်ဆွေ သေသွားအောင် တမင်ရွှေးပို့လိုက်တဲ့ အင်မတန်ဖြိုးတဲ့ ခင်ဗျားရဲ့ညီမယ်တစ်ယောက်တော့ မဟုတ်ပါဘူးနော်'

ကျွန်တော်က ရိုးရိုးအအပုံစံဖြင့် မေးလိုက်သည်။

စတန်တွန်က သဘောကျစွာ ပြုံးလိုက်သည်။

'အေးဗျ၊ တိုက်ဆိုင်တယ်လို့ပဲပြောရမလား မသိဘူး၊ ကလပ်ဖွင့်တုန်းက အဲဒီကောင်မလေး အလုပ်လာလျှောက်သေးတယ်'

'ခင်ဗျားက အလုပ်ခန့်လိုက်တယ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'မခန့်ရပါဘူးဗျာ၊ ဒီလောက်မြန်မြန်ပြေးနိုင်တဲ့ မိန်းမကို ဘယ်လိုလုပ်အသုံးတည့်မလဲဗျ'

စတန်တွန်က ခေါင်းတယမ်းယမ်းဖြင့် ဆိုလိုက်သည်။

တစ်နာရီလောက်အကြာတွင် ကျွန်တော်တို့သည် စူလတန်မဂ္ဂဇင်းရုံးခန်းသို့ ရောက်ရှိသည်။ ရုံးခန်းမှာ မြို့လယ်ခေါင် အထပ်သုံးဆယ်အဆောက်အဦး၏အပေါ်ဆုံးထပ်တွင် တည်ရှိသည်။

စူလတန်မဂ္ဂဇင်း၏ အမှုဆောင်အရာရှိ ဖြစ်သော ခေါင်းပေါင်း ပေါင်းထားပြီး တင်ပျဉ်ခွေထိုင်နေသော လူဝလေးပုံကို မှန်တံခါးပေါ်တွင် ရေးဆွဲထားသည်။

ရုံးခန်းသည် ခေတ်မီ သားနားသပ်ယပ်မှု အပြည့်ရှိပြီး တစ်ခြားတစ်ပါးသောရုံးခန်းမျိုးတို့နှင့်အသွင် ကွဲပြားမှုလုံးဝမရှိခဲ့ချေ။ ညှို့မယ် တစ်ဦးတစ်ယောက်၏ အရိပ်အယောင်ကိုမျှ မမြင်ရချေ။

စတန်တွန်၏ အတွင်းရေးမှူးမသည်ပင် အသက် ၅၀-အရွယ် အသွင် ရှိသည်။ စတန်တွန်သည်ကျွန်တော့မျက်နှာပေါ်မှ အံ့သြရိပ်ကို သတိပြုမိလိုက်သည်။ သို့သော်လည်း သူ့ရုံးခန်းတွင်းသို့ ရောက်ရှိပြီး တံခါးပိတ်လိုက်ပြီးမှ စကားစလိုက်သည်။

'ဒီနေရာက ကျုပ် အလုပ် လုပ်တဲ့ နေရာပဲ ဟိုလီမန်း၊ ကျုပ်ကစားချင်တဲ့အခါ ကလပ် ရှိတယ်၊ အိမ်ရှိတယ်၊ အလုပ်နဲ့ အပျော်ကို သီးခြား ခွဲထားမှ မှန်တယ်'



စတန်တွန်က စားပွဲနောက်တွင် ဝင်ထိုင်ရင်း ဆိုလိုက်သည်။

'ကျုပ်ကတော့ အလုပ်မှန်းမသိ အပျော်မှန်းမသိတဲ့ အဖြစ်တွေ အခါခါကြုံမိတယ်'

ကျွန်တော်က သူ့ကို ပြောလိုက်သည်။

သူသည် ညှော်ခန်း အံ့ဆွဲထဲတွင် မွှေနှောက်လိုက်ပြီးနောက် ကျွန်တော့ထံသို့ စာအိတ်နှစ်အိတ် ပစ်ပေးလိုက်သည်။

'ကျုပ် ခင်ဗျားအတွက် လိပ်စာတွေ ရေးပေးတုန်း အဲဒီစာတွေ ဖတ်ကြည့်လိုက်'

စာနှစ်စောင် စလုံးမှာ ရှင်းရှင်းပင် နှစ်စောင် စလုံးကို လက်နှိပ်စက် ရိုက်ထားသည်။ လက်မှတ်ရေးထိုးထားခြင်း မရှိချေ။

ပထမ စာတွင် 'ခင်ဗျား သေသင့်တယ် စတန်တွန်၊ ငါးသမကုန်ခင် ခင်ဗျား သေမှာပါ' ဟု ရေးသားထားသည်၊ ဒုတိယစာတွင်မူ 'လကုန်ဖို့ ၁၅-ရက်ပဲ လိုတော့တယ် စတန်တွန်ခင်ဗျား ဘယ်လို ခံစားရသလဲ' ဟု ရေးသားထား၏။

စာအိတ် နှစ်အိတ်စလုံးတွင် ကိုယ်ရေးဟု ရေးသားထားပြီး ခရစ်ပင် စတန်တွန် သစ္စာဖောက်ဟု လိပ်မူထားသည်။

'ခင်ဗျား ဘယ်လို ထင်သလဲ ဘာသဲလွန်စမှတော ရစရာ မရှိဘူး'

စတန်တွန်က မော့ကြည့်ရင်း ပြောလိုက်သည်။

'ဘာလို့ သစ္စာဖောက်လို့ ဆိုတာလဲ'

ကျွန်တော်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

စတန်တွန်က ပခုံးတွန့်ပြလိုက်သည်။

'အဲဒါလည်းကျုပ်မသိဘူး၊ ကျုပ်ဘဝ တစ်လျှောက်လုံး ဘယ်သူ့ကိုမှ သစ္စာ မဖောက်ဖူးခဲ့ဘူး'

ယင်းစကားကား လူ့လောကတွင်း မျက်နှာပြောင် အကျဆုံးသော မုသားစကားပင် ဖြစ်သည်။ သို့ကြောင့် ယင်းကို စောဒကတက်ရန် ကျွန်တော် မကြိုးပမ်းမိတော့ချေ။

စတန်တွန်က ကျွန်တော့ထံသို့ စာရွက်တစ်ရွက် ထွန်းပို့လိုက်သည်။

'ကျုပ် မလ်လီဆာရဲ့ လိပ်စာကို ရေးပေးလိုက်တယ်၊ ခင်ဗျား သူ့ဆီ မရောက်ခင် သူ ဘော်လေကားပေါ်က ပြုတ်ကျပါစေလို့ ကျုပ် ဆုတောင်းပါတယ်၊ နောက်ပြီး ခင်ဗျား မေယာကို ရှာတွေ့နိုင်မယ့် နေရာပါ ရေးထားတယ်။ တစ်ဘက်စိတ်တိုင်းကတော့ ကလပ်မှာပဲပေါ့၊ နေ့ခင်းနေ့လယ်ကျရင် အဲဒီမှာ အတီးအမှုတ် လေ့ကျင့်ကြတယ်၊ ခင်ဗျား ကလပ်ထဲကို လွယ်လွယ်ကူကူဝင်လို့ ရမှာပါ၊ ကျုပ် အဲဒီကိုစွ စိစဉ်ပြီးပြီ တစ်ခြား ဘာလိုသေးလဲ'

ကျုပ်တော့ တစ်ခြား ဘာမှ စဉ်းစားမရဘူး'

ကျွန်တော်က ပြောပြောဆိုဆိုပင် ပိုက်ဆံအိတ်ထဲသို့ ထိုစာရွက်ကို ခေါက်ထည့်လိုက်သည်။

'ခင်ဗျား မသွားခင် လီယွန်နဲ့ တွေ့သွားရင် ကောင်းမယ်ထင်တယ်၊ ခင်ဗျားအကြောင်းကျုပ် ပြောပြထားတယ်၊နောက်ပြီး စာတွေ အကြောင်းရော'



စတန်တွန်က ပြောပြောဆိုဆိုပင် ရုံးတွင်း စကားပြောစက်ခလုတ်ကို နှိပ်လိုက်သည်။ အသံစူးစူးလေး ပေါ်လာသည်။

'ဒီမှာ ဟိုလ်မန်း ရောက်နေတယ်၊ လီယွန် မင်း၊ အားရင် မင်းဆီ သူ ခဏလာမလို့'

စတန်တွန်က ဆိုလိုက်သည်။

'လွှတ်လိုက်လေ၊ အခုပဲ လွှတ်လိုက်ပါ'

တစ်ဘက်မှ ပျူပျူငှာငှာ ဆိုလိုက်သည်။

စတန်တွန်က စကား ပြောစက် ခလုတ်ကို ပိတ်လိုက်သည်။

'လီယွန်ရဲ့ ရုံးခန်းက ညာဘက်ဒေါ့ ကပ်ရက် အခန်းပဲ၊ ဒီညညစာ စားချိန် အိမ်မှာ ပြန်ဆုံတာပေါ့ ဟုတ်လား'

စတန်တွန်က ဆိုလိုက်သည်။

'ဒါပဲပေါ့'

ကျွန်တော်က ဆိုလိုက်သည်။

ကျွန်တော် တံခါးဝသို့ ရောက်သွားချိန်တွင် စတန်တွန်က လှမ်းခေါ်လိုက်သည်။

'ဟိုလ်မန်း'

ကျွန်တော် လှည့်ကြည့်လိုက်သည်။

သူ၏ မျက်လုံးပြာများထဲတွင် လှောင်ရိပ် တွေ့ရသည်။

'ခင်ဗျား ဘာကို ကြောက်တာလဲ၊ မျက်နှာကျက်က မှန်ပေါက်တွေကိုလား'

သူက စပ်ဖြဲဖြဲ မျက်နှာပေးဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါရော တစ်ခန်းလုံး ပြင်ဆင်ထားပုံကိုပါ သဘောမတွေ့လို့ပဲ၊ ကျုပ်ကို အရှုံးတစ်ပိုင်း စိတ်ကျ စိတ်ဝင်သွားစေတယ်'

ကျွန်တော်က နှင်ကိုယ်ကြားတိုးတိုးတိတ်တိတ် ပြောနေဟန် အသံကို နှိမ့်ချလိုက်ပြီး ဆက်ပြောလိုက်သည်။

စတန်တွန်က အားရပါးရ ဟားတိုက် လိုက်သည်။ ကျွန်တော့်ကို လှမ်းဆဲလိုက်သည်။

'ခွေးမသား'

အယ်ဒီတာချုပ်၏ အခန်းသည် ထုတ်ဝေသူ၏ ရုံးခန်းထက် နည်းနည်းလေး သာသေးသည်။ လီယွန် ဒေါက်ကလပ်ကထိုင်နေရာမှထ၍ ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက် လိုက်သည်။ ကျွန်တော့်ကို ကုလားထိုင်တစ်လုံးသို့ ညွှန်ပြလိုက်သည်။

သူသည် အရပ်ရှည်ရှည် ခပ်သွယ်သွယ် ဖြစ်သည်။ အသက် ၃၀-အရွယ်ခန့် ရှိမည်။ဆံပင်ကို တိုတိုညှပ်ထားပြီးလေးထောင့်ကိုင်းတပ် မျက်မှန် တပ်ဆင်ထားသည်။

'ကျုပ် တတ်နိုင်သမျှ ကူညီဖို့ အသင့်ပါပဲ မစ္စတာ ဟိုလ်မန်း။ ခရစ်က ကျုပ်ကို အကျိုးအကြောင်း ပြောပြထားပါတယ်၊ သူ့ကိုသနားမိပါတယ်၊ ကျုပ်ကိုသာ တစ်ယောက်ယောက်က လူအကုန်မှာ သတ်မယ်လို့ ခြိမ်းခြောက်ထားခဲ့ရင် ကျုပ် မျောက်မီးခဲ ထိုင်မိသလို ဖြစ်နေမှာပဲ'

'ခင်ဗျား သူနဲ့ တွဲတာ ကြာပြီလား'

'၄ါးနှစ်ရှိပြီ'



'ဒါဆို ခင်ဗျား စတန်တွန် အကြောင်း ကောင်းကောင်းသိမှာပေါ့၊ တစ်ခြားသူတွေထက်စာရင် ပိုလို့ သိမှာပေါ့'

'အဲဒီလို အတိအကျကြီး ပြောလို့ မရဘူး၊ ကျုပ် စတန်တွန်လို လူမျိုး ပြင်ပမှာ သိပ်တွေ့တာ မဟုတ်ဘူး'

လီယွန်က တွေးတွေးဆဆ ပြောလိုက်သည်။

'သူ့ကို သတ်ချင်တဲ့ သူ တစ်ယောက်ယောက်ကိုများ သိသလား'

'တစ်ယောက် မဟုတ်ဘူး၊ တစ်ထောင်လောက် ရှိနိုင်တယ်လို့ ဆိုချင်မယ် ထင်တယ်။ စတန်တွန်ကို တဟုန်ထိုး အောင်မြင်တဲ့သူကို မနာလိုတဲ့ သူကို မနာလိုဘတ်တဲ့သူများပါတယ်၊ ဒါပေမယ့် သူ့ကို သတ်လောက်အောင် အလေးအနက်ကြီး အညိုးအမျက် ထားခဲ့သူတော့ ကျုပ် မသိဘူးလို့ ဆိုရမယ်'

'ခင်ဗျားရော'

လေးထောင့် မျက်မှန် နောက်မှ မီးခိုးရောင် မျက်လုံးများ အေးစက်သွားသည်။

'ခင်ဗျား စကားက သိပ် နားဝင် မချိုလှဘူး၊ မစ္စတာဟိုလ်မန်း'

'ကိုယ်ရေး အနေနဲ့ မတွက်ပါနဲ့၊ တတိယ လူတစ်ယောက်အနေနဲ့ ကြည့်စမ်းပါ၊ စတန်တွန်ကို သတ်ရင် ခင်ဗျားအတွက် ဘယ်လို အကျိုး ရှိမလဲ'

ကျွန်တော်က အေးဆေးစွာ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

လီယွန်၏ နှုတ်ခမ်းပါးများပေါ်တွင် အပြုံးသဲ့သဲ့ ပြန်သွားသည်။

'ခင်ဗျားရဲ့ ရှုံးပုံကအစတော်ကို ထူးထူးပဲ၊ မစ္စတာ အိပ်ခ်ျကို သတ်လို့ ကျုပ် ဘယ်လိုအကျိုးရှိမလဲ ခင်ဗျား ရှုံးပုံ ခေတ်မစား သွားပါစေနဲ့လို့ ကျုပ် ဆုတောင်းပါတယ်၊ ခေတ်စားသွားလို့ကတော့ တစ်ပတ်တစ်ပတ် နိုင်ငံအနှံ့ ဖြစ်ပွားလိုက်မယ့် လူသတ်မှု တောင်သောင်းတွေ ပေါ်များလာမှာ သေချာတယ်'

လီယွန်က ခဏ တွေးလိုက်ပြီး ဆက်ပြောလိုက်သည်။

,ကဲ...လီယွန် မရှိတော့ရင် ဒီမဂ္ဂဇင်း အမွေ ဆက်ခံတဲ့သူ ဇီကာ ကျုပ် ရှယ်ယာ ၂၅-ရာခိုင်နှုန်း မြင့်တောင်းလို့ ရကောင်းမယ် ထင်တယ်၊ ဒါပေမယ့် သူ့ကို သတ်တဲ့ စွန့်စားမှုမျိုး အထိတော့ စွန့်စားရကျိုး နပ်မယ် မထင်ဘူး'

'ပေါင်းသင်း ဆက်ဆံမှုဘက်ကရော စတန့်တွန်ပာ ပေါင်းလို့ သင်းလို့ ကောင်းမယ့် လူတစ်ယောက်လို့ မှတ်တယ်၊ ပေါင်းရကြပ်ကြပ် သူနဲ့အမြဲတစေ လက်တွဲလုပ်ကိုင်နေရတော့ စိတ်ကွက်စရာတွေ ရှိနိုင်တယ်'

ကျွန်တော်က အစ်မေးလိုက်သည်။

'မပြေလည်တဲ့ အချိန်တွေ ရှိပါတယ်၊ ဒါပေမယ့် အယ်ဒီတာနဲ့ ထုတ်ဝေသူ အခန့်မသင့်တာကတော့ မဂ္ဂဇင်းလောကရဲ့ သဘာဝပါပဲ၊ ဝမ်းနည်းပါ မစ္စတာတိုယ်မန်း၊ လီယွန် ဒေါက်ကလပ်ကို ထိခိုက်စေလောက်တဲ့ စွဲချက်ကို ကျုပ် ထင်လို့ မရပါဘူး'



'ခင်ဗျား ရှယ်လီဆစ်ဘက်စ်တိန်းကို မှတ်မိလား'

ကျွန်တော်က အမှတ်တမဲ့ အစ်လိုက်သည်။

'မှတ်မိတာပေါ့ စတန့်တွန် ကလပ်က အလုပ် ထုတ်ပစ်လိုက်တဲ့ ဆေးသမားလေ၊ သူ့ကိုယ်သူ သတ်သေသွားတော့ ကျုပ်တို့ပါ ရင်ထိတ်ခဲ့ရတယ်၊ သူ့ဘာသာသူ လုပ်တဲ့ကိစ္စက မဂ္ဂဇင်းပေါ် အရှိန်ထိုး နိုင်တာကိုး ဒါပေမယ့် ကံကောင်းပါတယ်၊ ကျုပ်တို့ လန့်သလို ဖြစ်မသွားပါဘူး'

လီယွန်က ချက်ချင်း ဖြေလိုက်သည်။

'ခင်ဗျားနဲ့သူ တွေ့ဆုံဘူးလား'

လီယွန် ခေါင်းခါလိုက်သည်။

'ကလပ် ဖွင့်ကတည်းက ကျုပ်ကလပ်ထဲကို တစ်ခေါက်မှ ရောက်ဖူးပါဘူး၊ မစ္စတာဟိုလ်မန်း ကလပ်ကိစ္စက စတန့်တွန့်ကိစ္စ မဂ္ဂဇင်းက ကျုပ်ကိစ္စ'

'ခင်ဗျား အိမ်ထောင် ရှိသလား'

ကျွန်တော်က အသာအယာ မေးလိုက်သည်။

ကျွန်တော့စကားကို သူအတော် သဘော ကျသွားပုံရသည်။

'မရှိဘူးဗျ ဒါပေမယ့် အိမ်ထောင်ပြုဖို့တော့ ကျုပ် တွေးထယ်၊ မကြာမတင် ကာလမှာ ဖြစ်မလား မဆိုတတ်ဘူး'

'ဒါဆိုရင်လည်း ကွန်ဂရက်ကျူလေးရှင်းပါပဲ'

ကျွန်တော်က ယဉ်ကျေးစွာ ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျေးဇူးပါပဲ၊ ဒါပေမယ့် အမျိုးသားရဲ့ ကွန်ဂရက်ကျူလေး ချင်းက စောစောနေတယ်၊ ကျုပ်တို့ ရှင်းစရာကိစ္စလေးတွေ ရှိနေ သေးတယ်'

လီယွန်က ခပ်တွေတွေ ပြောလိုက်သည်။

ကျွန်တော် မတ်တတ်ရပ်လိုက်သည်။ လီယွန် ကျွန်တော့ကို တဒင်္ဂမျှ ကြည့်လိုက်သည်။ တုံ့ဆိုင်းဆိုင်း မျက်နှာရိပ်ပေါ် လာသည်။

'မစ္စတာ ဟိုလိမန်း ဒါကတော့ နှစ်ကိုယ်ကြား အကြံပြ ချက်ပါ၊ စတန်တွန်ဟာ ကလပ်ကို ဖွင့်ကတည်းက မိန်းမ ပတ်သက်လာရင် ဘောင်စည်းလွတ်သွားပုံရကယ်၊ လူ့စည်း ဘီလူးစည်း မထားတော့ပုံ ရတယ်၊ အဲဒီတော့ လတ်တလော ညှော်မယ်တွေထဲမှာ သူ ဘယ်သူ့ကို စိတ်ဝင်စားနေတယ် ဆိုတာကို ကြည့်၊ အဲဒီ မိန်းကလေး တစ်ဦးဦးရဲ့ နောက်မှ သဝန်တိုနေတဲ့ ရီးစား၊ မကျေမနပ် ဖြစ်နေတဲ့မောင်၊ ဒါ မဟုတ် အစ်ကို ရှိနေ၊ သိပ် အံ့ဩစရာ ဟုတ်မယ် မထင်ဘူး'

'ကျေးဇူးပါပဲ လီယွန်၊ ကျေးဇူး အများကြီး တင်ပါတယ်'

ကျွန်တော်က စိတ်ပျက် ဟန် သက်ပြင်းတစ်ချက် မှုတ်ထုတ် ပြီး ပြေလိုက်သည်။

× × ×

မလ်လစ်ဆာစတန်တွန်၏ အခန်းသည် အထက်တန်းလွှာ ရပ်လက်ရှိ မိုးမျှော်တိုက်ကြီးတစ်တိုက်၏ အပေါ်ဆုံး ထပ်တွင် ရှိသည်။ မြို့တစ်မြို့လုံးကို ပီပီပြင်ပြင် စီးမိုးမြင်နေရသည်။



သူမ တံခါးဖွင့်လိုက်သော်လည်း သံကြိုးချိတ်မဖြုတ်ချေ။ ထို့ကြောင့် သုံးလက်မ တံခါး အပွင့်ကြားမှ နေ၍ကျွန်တော့ကို သံသယဖြင့် ချောင်းကြည့်နေသော ဒအားစက်သည့် မျက်ဝန်း ပြာတစ်လုံးကိုသာ ပထမဦးဆုံး မြင်လိုက်ရသည်။

ကျွန်တော်က ကျွန်တော် မည်သူဖြစ်ကြောင်း၊ လာရင်း ကိစ္စမှာ အရေးကြီး အတွင်းရေးကျသော ကိစ္စ ဖြစ်ပြီး၊ သူမ၏ လင်သည်နှင့် ပတ်သက်နေကြောင်း ပြောပြလိုက်သည်။ ထိုအ ခါကျမှ သူမက ကျွန်တော့ကိုအခန်းထဲသို့ဖိတ်ခေါ်လိုက်သည်။ ထိုသော် ဖိတ်ခေါ်မှုက အသက်မပါ တာဝန်ကျေမျှသာ ဖြစ် သည်။

ဧည့်ခန်းထဲသို့ ရောက်ပါမှ သူမ အသွင်ကို ပီပီပြင်ပြင် မြင် လိုက်ရသည်။ ခရစ်မင် စတန်တွန်သာလျှင် တစ်လင် တစ်မယား နှစ် ကျင့်သုံးသူ ဖြစ်ပါလျှင် ဤမိန်းမမျှနှင့် အတော်ပင် ကျေ နပ်ခဲ့လိမ့်မည်။

သူမသည် အရပ်ရှည်၏။ လှပခန့်ညားၾ၏။ ဆံပင်ကအနီ ... ကိုလုံးက အပြာရင့် ဖြစ်သည်။ နှုတ်ခမ်းထူထူ စူစူက ရမက် ... ကိစ္စတာများကို ပီပီပြင်ပြင် ဖော်ပြနေသည်။

သူမ ဝတ်ဆင်ထားသော လိမ္မော်ရောင် ပိုးဂါဝန်နှင့် လိုက် ဖက်ညီသော အသားကပ် ဘောင်းဘီသည် သူမ၏ ခန္ဓာကိုယ် ... ချိုးအစားကို ပီပီပြင်ပြင် ဖော်ကျူးထားသည်။

... အနှစ်ချုပ် ဆိုရပါလျှင် မက်လီဆာ စတန်တွန်သည် စိတ် ...သော မိန်းမ ဖြစ်သော်လည်း တစ်ခါတစ်ရံ တွင်စိတ်လှုပ်

www.burmeseclassic.com



သွားတတ်သည့် သဘာဝ ရှိသည်ဟု ကျွန်တော် ကောက်ချက် ချမိသည်။ ထိုသို့ စိတ်လွတ်သွားသော အခါတွင် အနားတွင် ရှိရလျှင် အတော် ကောင်းပေမည်ဟု စိတ်ထဲမှ ရော်ရမ်း ယူဆ လိုက်မိသည်။

သူမ စီးကရက် တစ်လိပ် မီးညှိလိုက်သည်။ ကျွန်တော့်ကို စိတ်မရှည်စွာ ကြည့်လိုက်သည်။

'ပြောစရာရှိရင် မြန်မြန်ထက်ထက် တိုတိုသာ ပြောပါ မစ္စတာ ဟိုလ်မန်း ကျွန်မ လင်ဟောင်းအကြောင်း ကျွန်မ ပြောဆိုဖို့ နေနေသာသာ တွေးတောဖို့ မတွေးချင်ဘူး'

သူမက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'ကောင်းပါပြီ တိုတိုပဲ ပြောပါမယ် သူ့ကို တစ်ယော ယောက်က သတ်မယ်လို့ ခြိမ်းခြောက်နေတယ်၊ အဲဒီ ခြိ ခြောက်တဲ့ သူဟာ ခင်ဗျား ဖြစ်လိမ့်မယ်လို့ သူက ယူဆတယ်'

ကျွန်တော်ကလည်း ခပ်ပြတ်ပြတ် ပြောလိုက်သည်။

သူမ မျက်လုံး ပြူးသွားသည်။

'ရှင်တကယ် ပြောနေတာလား'

'ကျုပ်ကို အခကြေးငွေပေးပြီး စုံစမ်း ခိုင်းလောက်အော သူက အလေးအနက် ထားနေတာပဲ၊ ကဲ ခင်ဗျားခြိမ်းခြေ နေတာလား'

ကျွန်တော်က အေးဆေးစွာ မေးလိုက်သည်။

'အဓိပ္ပာယ် မရှိတာ'



သူမက အတော်ပင် စိတ်ကုန်ခန်းဟန်ဖြင့် ရေရွတ်လိုက်သည်။ သို့သော် စိတ်ထဲတွင် ဈေးကွက် တွက်နေမှန်း မျက်လုံးများပေါ်တွင် ပေါ်လွင်နေခဲ့သည်။

'ကျွန်မ ရိုင်းတယ်လို့လဲ မထင်စေချင်ဘူး၊ ဒါပေမယ့် စိတ်မှန်နေတဲ့ သူကကိုယ် ထမင်းစားလက်မှတ်ကို ဆုတ်ဖြဲပါ့မလား'

'မင်းရဲ့ မယားစရိတ် ဆုံးရှုံးမှာကို ဆိုလိုတာလား'

'ဒါပေါ့'

'ကိုယ့်ထမင်းစား လက်မှတ်ကို အဆုံးရှုံးခံ ဆုတ်ဖြဲမယ့် သူကတော့ နောက်အိမ်ထောင် ပြုဖို့ ကြံနေတဲ့ မယားဟောင်းပဲ ထမင်းစားလက်မှတ် ဆုံးရှုံးပေမယ့် လင်ဟောင်းက သေသွား ဆုံးသွား ခဲ့ရင် သူ့အနေနဲ့ အသက်အာမခံ ငွေသိန်းချီပြီး ရဖို့ ရှိတာကိုး၊ လင်အသစ်နဲ့ ဘဝသစ်ကို ကောင်းကောင်းကြီး ထူထောင်နိုင်မှာပေါ့'

ကျွန်တော်က တစ်လုံးခြင်း ပြောပြလိုက်သည်။

သူမ မျက်နှာပေါ်မှ သွေးရောင် ပြယ်သွားသည်။ ကျွန်တော့်ကို တဒင်္ဂ ပြူးကြည့်လိုက်သည်။

'လီယွန် ဒေါက်ကလပ်ဟာ ရှင့်ကို ဘာပေါက်ကရတွေ ပြောလွှတ်လိုက်လဲ သူ့ကို ကျွန်မ လက်ထပ်မယ်လို့ ပြောခဲ့တယ်လို့ ဆိုရင် သူဟာ လူညာသက်သက်ပဲ၊ ကျွန်မအနေနဲ့တော့ သူနဲ့ ကျွန်မဟာ မိတ်ဆွေသက်သက်ပဲ အဲဒါက'

သူမ တက်ကိန်း လွဲသွားသည်ကို ရုတ်ချင်း သဘောပေါက်လိုက်သောကြောင့် သူမ အသံ တဖြည်းဖြည်း တိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ကျွန်မကို ဘာလုပ်ဖို့ ကြံနေတာလဲ'

သူမက လေသံဖြင့် ပြောလိုက်သည်။

'မယားစရိတ် မပေးရအောင် စတာန်တွန် နှစ်ပေါက်- တစ်ပေါက်ရိုက်တဲ့ အကွက်တစ်ကွက်လား၊ သူက ငွေကို အရေးထားတာ မဟုတ်ဘူး၊ အခု ပေးနေတာထက်နှစ်ဆလောက်ကို အေးအေးဆေးဆေး ပေးနိုင်တယ်၊ ဒါပေမယ့် အဲဒီ အယုတ်တမာကောင်က ကျွန်မ သူ့ကို လှည့်ခဲ့တယ်လို့ ယူဆတယ်၊ အဲဒါကို အဲဒီ ဘာဝင်ရှူးက မခံမရပ်နိုင် ဖြစ်နေတယ်'

သူမ ရန်လိုသော အကြည့်က ရိုက်ချက်တမျှ ပြင်းထန်စွာ သက်ရောက်လာသည်။

'စတာန်တွန်လို အယုတ်တမာ ကောင်ရဲ့ လက်ရုံးဖြစ်ရတာ ဘယ်လို အရသာ ရှိပါသလဲမစ္စတာဟုဲလ်မန်း၊ တကယ်ပဲလက်မ ထောင်စရာလို့ ထင်စရာလား'

'ကျုပ်ကတော့ သူ့ကို တကယ် ကို ချစ်စရာကောင်းတဲ့ သူလို့ မှတ်တယ်၊ တကယ် သူလတန်ပဲဒါကြောင့် နုနုရွယ်ရွယ် ဗီအချိန်မှာ သေသွားမှာကို နမြောမိတယ်၊ အကယ်၍ ခင်ဗျား ဟာ လီယွန် ဒေါက်ကလပ်ရဲ့ အကူအညီနဲ့ ဖြစ်ပစေ အကူအညီမပါဘဲ ဖြစ်ပစေ၊ စတာန်တွန်ကို လုပ်ကြံဖို့ ကြိုးစားနေရင် မကြိုးစားပါနဲ့လို့ ပြောပါရစေ၊ မစ္စစ်စတာန်တွန် ခင်ဗျားရဲ့ အနေအထားနဲ့ဆိုရင် အလီဘိုင် ခိုင်ခိုင် ရှိတောင်မှ မလွယ်ဘူး နောက်ပြီး ဘာ့ပွင့်ပွင့်လင်းလင်း ပြောရရင် မစ္စစ် စတာန်တွန် လီယွန်ကမှ ခင်ဗျား ထက် သိုသိုသိပ်သိပ် ရှိသေးတယ်၊ ခင်ဗျား က စိတ်လှုပ်ရှားနေတဲ့ အချိန်မှာ နှုတ်စည်းမဲ့ သွားတတ်တယ်'



ကျွန်တော်က စိတ်မကောင်းဟန် ခေါင်းတွင်တွင် ခါယမ်း၍ ပြောလိုက်သည်။

သူမသည် စီးကရက်တိုအား အနီးဆုံး ဆေးလိပ်ပြာခွက်ထဲတွင် ဒေါသတကြီး ထိုးချေလိုက်ပြီးနောက်ပြတင်းပေါက်သို့ လျှောက်သွားသည်။ မြို့တစ်ခွင်လုံးကိုအတန်ကြာ စိုးမိုးကြည့်နေပြီးမှ ကျွန်တော့ထံ ပြန်လျှောက်လာလည်း။

'လီယွန်ကတော့ ကျွန်မတို့အကြောင်း ဘာမှ မပြောလိုက်ဘူးလား'

သူမက အစ်တစ်တစ် အသံနှင့် မေးလိုက်သည်။

'တစ်ခွန်းမှ မဟာခဲ့ပါဘူး၊ ခင်ဗျား လင်ဟောင်းကို အသိပေးလိုစိတ် သိပ် ရှိပုံ မရပါဘူး'

ကျွန်တော်က ရှင်းမြူးစွာ ဆိုလိုက်သည်။

'ရှင် အခုတော့ သူ့ကို ပြောမှာပေါ့'

'ပြောဖို့ လိုတယ်လို့ မထင်ပါဘူး'

ကျွန်မတော်က သာတိသာ၍ ဆိုလိုက်သည်။

သူမ ကျွန်တော့ကို စေ့စေ့ ကြည့်လိုက်သည်။ ပိုးဂါဝန်စ ရှတ်ဘာရက် တင်းသွားသောကြောင့် သူမ၏ ရင်သားပုံစံ ပီပီပြင်ပြင် ထင်းလာသည်။

'နှုတ်ပိတ်ကြေးတော့ ရှိမှာပေါ့ မိန်းမတစ်ယောက်နဲ့ ပတ်သက်လာရင် နှုတ်ပိတ်ခ နှစ်မျိုးပဲရှိတယ်၊ တစ်ခုကငွေ ငွေဘယ်လောက် လိုချင်ပါသလဲ မစ္စတာ ဟုဲလ်မန်း'

သူမက ဒေါသဖြင့် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် စိတ်မဝင်စားပါဘူး'

နှုတ်ခမ်းများက လှောင်ပြုံးဖြင့် ကွေးသွားသည်။

'ကျွန်မကို ငွေထုတ်ခိုက်ဘယ်မို့ ဘဝင်မြင့်ရမလား မစ္စတာဟဲ့လ်မန်း ဘယ်လိုများ အကြံပြုလိုပါသလား၊ နေ့ခင်း နေ့လယ် ပုံမှန်ပွဲလေးလား၊ ဒါမှ မဟုတ် စနေ၊ တနင်္ဂနွေမှာတော့ ရုပ်အလ် အပန်းဖြေခရီး ထွက်ရစ်းလား'

'ခင်ဗျားရဲ့ ကမ်းလှမ်းချက်က မက်လောက်စရာပဲ၊ ဒါပေမယ့် တတိယ တစ်မျိုး ရှိသေးတယ်'

ကျွန်တော်က ရိုးသားစွာ ပြောလိုက်သည်။

'ဟုတ်လား ကျွန်မက နည်းလမ်းပုံကို ကျွန်မ သိနေတယ် မှတ်ကယ်၊ တစ်နေရာရာမှာ ကျွန်မ လွတ်သွားတယ်မှတ်တယ်'

သူမက ခပ်လှောင်လှောင် မျက်ခုံးမြှင့်၍ ပြောလိုက်သည်။

'တကယ်လို့ ခင်ဗျားက ခင်ဗျားလင်ဟောင်းကို လုပ်ကြံနေမှု ရပ်တန့်ကရပ်ရင် ဒါမှမဟုတ် အစမပျိုးသေးရင်ကျုပ်တို့ အပေးအယူ တစ်ခု လုပ်လို့ ရမယ်'

ကျွန်တော်က အကြံပြုလိုက်သည်။

'ဘုရား....ရှင်ဟာ ကျွန်မ လုပ်ငန်း မဂ္ဂဇင်းတွေမှာ ဖတ်ရတဲ့ ဒဏ္ဍာရီ သစ္စာဝန်ထမ်းနဲ့ တူပါတယ်'

သူမက အံ့သြရိပ်ရော၊ လှောင်ပြောင်ရိပ်ပါ သင့်သော စကားကို ဆိုလိုက်သည်။ ထို့နောက် ဆက်မေးလိုက်သည်။

'ရှင်တကယ် ပြောနေတာလား'

'တကယ် ပြောနေတာ၊ တို့အပေးအယူ လုပ်လို့ ရမလား'



မက်လီဆာ စတန်တွန်က ပခုံးတွန့်လိုက်သည်။

'အပေးအယူလုပ်လို့ သိပ်ရပေါ့ရှင်၊ အဲဒီစတန်တွန်ငယုတ်ကိုသတ်ဖို့ ကျွန်မဘယ်တုန်းကမှ လေးလေးနက်နက်မစဉ်းစားခဲ့ဘူးသလို ဘယ်တော့မှလဲဦးနှောက်ခြောက်စံ လေးလေးနက်နက် ကြံစည်ဖို့မရည်ရွယ်ပါဘူး'

'ကောင်းပါ၊ အခုလိုအချိန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်မစ္စစ် စတန်တွန်'

'အခုလိုတွေ့ရတာ အများကြီးဝမ်းသာသွားပါပြီရှင်၊ ရှင့်လိုလူစားကို စတန်တွန်ဘယ်လိုများ ရှာနိုင်ခဲ့တာလဲ'

သူမက အေးတွေးဆဆ ပြောလိုက်သည်။

ကျွန်တော်က ပြုံးလိုက်သည်။

'သူကအတော်ဆိုးတစ်ယောက်လိုချင်နေတုန်းမှာကျွန်တော် အသင့်ရှိနေခဲ့တာပဲ'

သူမ ကျွန်တော့်နား ကပ်လာသည်၊ ကျွန်တော့် ပခုံးပေါ် လက်တစ်ဘက် အသာအယာတင်လိုက်သည်။

'ကျွန်မ့ ပြောစရာတစ်ခုရှိသေးတယ်၊ ကျွန်မတို့ သဘောတူညီချက်မှာ လီယွန်လဲပါဝင်တယ် မှတ်တယ်၊ ကျွန်မနှုတ်က ပြောလိုက်မိတဲ့အကြောင်းသူ့ကိုပြန်မပြောပြဘူး မဟုတ်လား'

'ပြောစရာအကြောင်းတော့ လတ်တလော ကျုပ်စဉ်းစားလို့ မရဘူး'

သူမက ကျွန်တော့်လက်မောင်းကို ဖျစ်ညှစ်လိုက်သည်။

'ရှင်နဲ့ ပေါင်းရသင်းရ သိပ်လွယ်တာပဲ မစ္စတာ ဟဲ့လ်မန်း'

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်ကိုဆိုဖာဘက်သို့ အသာအယာဆွဲသွားသည်။

'ရှင် ဒီမှာထိုင်ပြီး အရက်တစ်ခွက်လောက် သောက်လိုက်ပါဦးလား၊ ရှင်မသွားခင် ကျွန်မတော့ အရက်သောက်ချင်စိတ် ပေါ်လာတယ်'

'သိပ်ကောင်းတဲ့အကြံပေါ့ဗျာ ဘွန်းဝဲ လုပ်ပါ'

ကျွန်တော်က သူမစကားကို ရီဝေသလိုက်နာစွာပင် ဆိုဖာပေါ် ထိုင်ချလိုက်သည်။

'ရမယ်'

သူမက ဆိုလိုက်သည်။ သူမမျက်လုံးထဲ ဘုင်ဗုံးတစ်လုံး၏ စနက်တံမီးစွဲနေသည့် အရိပ်အယောင်မျိုး တွေ့ရသည်။

'ကျွန်မတို့ဘဝီမ်းဒီလောက်ဆန်နေကြဖို့ မလိုဘူးထင်တယ်၊ ကျွန်မကို ဂိုမလ်လီဆာလို့ပဲခေါ်ပါ၊ အဲဒီမစ္စစ်တာန်သွန်ဆိုတဲ့ နာမဝိသေသနကြီးကို ကျွန်မသိပ်မုန်းတာဘဲ၊ အဲဒီနာမည်နဲ့တွဲနေတဲ့ မသာယာတဲ့အိပ်မက်တွေကို ပြန်သတိရမိဘယ်'

'ရစ်-လို့ခေါ်ပါ၊ ကျုပ်မိတ်ဆွေတွေက ရစ်လို့ပဲ ခေါ်ပါတယ်'

ကျွန်တော်က ရီဝေလိုက်နာစွာပင် ဆက်ပြောမိသည်။

မက်လီဆာသည် အရက်စင်သို့လျှောက်သွားပြီး အရက်ငှဲ့လိုက်သည်။ ထို့နောက်ဆိုဖာသို့ ပြန်လျှောက်လာသည်။ ထိုင်လိုက်သည်။ ခေါင်းတစ်လုံးက ကျွန်တော့်ခေါင်းနှင့် ထိထိကပ်ကပ် ပူးပူး။



'ကဲ....ကျွန်မမိတ်ဆွေသစ် ရစ်အတွက် ဒီခင်မင်မှုဟာ လေးလေးနက်နက် နက်ရှိုင်းလာပြီး တရင်းတနှီးဖြစ်လာပါစေ'

သူမက ဟန်ပါပါခွက်ကိုမြှောက် ဆုတောင်းလိုက်သည်။

သူမ၏မျက်လုံးပြာများဖြင့် ကျွန်တော့်ကို စူးစိုက်ကြည့်လိုက်သည်။ မလှမ်းမကမ်း မနီးမဝေးပါပဲနဲ့ ကျွန်တော့်ထံသို့ အတင်းကြီး ညှတ်နူးနေသော အရိပ်တစ်ခုကို တွေ့ရသည်။

ကျွန်တော်သည် ခရစ်တာန်စတွန်းကို တွေ့စမှသည် ယခုတစ်ကြိမ်လျှင် ကရုဏာသက်မိသည်။ စာနာအမြင် ဝင်လာသည်။

ယောကျ်ားတိုင်းယောကျ်ားတိုင်းသည် ယောကျ်ားတကာ ခိုက်လောက်သော မိန်းမနှင့်ရလိုသောဆန္ဒ ရှိတတ်ကြသည်။ ယင်းသို့သောဆန္ဒပြည့်ခွင့်ရသူမျိုး ရှားပါသည်။ စတာန်တွန်သည် ထိုဆန္ဒပြည့်ခွင့်ရခဲ့သော်လည်း လက်လွှတ်ဆုံးရှုံးခဲ့ရသူ ဖြစ်နေပုံရသည်။

သို့သော် မလ်လီဆာက ကျွန်တော့်ကိုတကာယ်ခိုက်ဖို့ပွတ်သီးပွတ်သပ်လုပ်နေခြင်းတော့ဟုတ်တန်မတူချေ။ သူမနှင့်လီယွန်ကိစ္စ နှုတ်ပိတ်နေမည်ဆိုသော ကတိစကား အာမခံမြဲစေရန် ကြိုးပမ်းနေခြင်းဖြစ်နိုင်သည်။

'လီယွန်ဒေါက်ကလပ်ဟာ ဘယ်လိုလူစားလဲ'

ကျွန်တော်ကအမှတ်တမဲ့မေးလိုက်သည်။

ယင်းစကားက သူမကိုဟန်ပျက်သွားစေသည်။ ကျွန်တော် မတောင်းဆိုသောအရှုံးကိုပေးရန် အသင့်ဟန်ပြင်နေခဲ့သော သူမလက်တမှ အရက်ခွက် လွှပ်ခါသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'လဲယွန်လား၊ အခုလတ်တလောအချိန်မှာ ဘာလို့ သူ့အကြောင်းပြောဆိုချင်ရတာလဲ ရှစ်အချစ်'

သူမကမျက်တောင်တစ်ဖျတ်ဖျတ်ခတ်ရင်း မေးလိုက်သည်။

'ကျုပ်စိတ်ဝင်စားလို့ပါ၊ လူတစ်ယောက်ကို သတ်ရကျိုးနပ်တယ်လို့ယူဆရင် သတ်မယ့်လူစားမျိုးလား'

ကျွန်တော်က မေးလိုက်သည်။

'ကျွန်မ မသိဘူး၊ အဲဒီလိုကိစ္စတွေကို ဘယ်သူပြောနိုင်မှာလဲ'

သူမက တိုးဆိုင်းဆိုင်းပြောလိုက်သည်။

'မ သဘာဝစိတ်နဲ့သိရင် သိမှာပေါ့'

ကျွန်တော်က ဝေါဟာရဲ့အရက်ကို သောက်ရင်း ပြောလိုက်သည်။ စဘန်တွန်၏အရက်လောက်မကောင်းသော်လည်းမဆိုးလှချေ။

'ရှိစေတော့ မလ်လဲဆာ၊ ခုလို အရက်တိုက်တဲ့အတွက် ကျေးဇူးပါပဲ၊ ကဲ–အခုကျုပ်သွားတော့မယ်'

ကျွန်တော်ဆိုဖာပေါ်မှ ထလိုက်သည်။ သူမ ကျွန်တော့်ကို ပြုံးကြည့်လိုက်သည်။ သူမကိုယောကျ်ားသားတစ်ယောက်က ငြင်းပယ်နေသည်ကို မယုံနိုင်သည့်အသွင်မျိုးနှင့်ဖြစ်သည်။

သူမနှုတ်ခမ်းကို နှစ်ကြိမ်သုံးကြိမ်မျှလျှာနှင့်သပ်လိုက်သည်။ ထို့နောက် ရိုကြိုးတောင်းပန်သောအသွင်ဖြင့် လက်တစ်ဘက်ကမ်းပေးရင်း ပြောလိုက်သည်။

'ရှစ်–ရှင်....ရှင်က ခုလို....ခုလို ပြန်လို့ ဘယ်ဖြစ်မလဲ'

သူမအသံက အနည်းငယ် တုန်နေသည်။



'ကျုပ်မစစ်ဆေး မမေးမြန်းရသေးတဲ့ မသင်္ကာစဖွယ် လူတွေရှိသေးတယ်၊ ခုလိုအဖက်ဖက်က ပံ့ပိုးကူညီမှုပြုတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်မလ်လဲဆာ'

ကျွန်တော်က ရှင်မြူးစွာဆိုလိုက်သည်။

သူမ ညာလက်တွင် အရက်ခွက်ကို မြောက်ကိုင်ထားလျက်ပင်၊ ဘယ်လက်ကမူ ကျွန်တော့်ကိုလက်ကမ်းလျက်ပင်၊ ကြက်သေ သေနေသည့်ဟန်။

'ပစ်ပယ်မှ ရှင်....ကျွန်မကိုပစ်ပယ်မှာဘဲ၊ ပေးစွမ်းသလား'

သူမက နာနာကျည်းကျည်းအသံဖြင့် ပြောလိုက်သည်။ လေသံသက်သက်မျှသာဖြင့်။

'အာ....အခုလို သတိပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်'

ကျွန်တော်က လေးလေးနက်နက်ပြောဆိုပြီး သူမ၏ဘယ်လက်ထဲသို့ အရက်ခွက်လွတ် ထည့်ပေးလိုက်သည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (လေး)

ဂျံနီမေယာသည် ကိုယ်ခန္ဓာဝဖြိုးပြီး ဆံပင်လုံးဝ ပြောင်နေသော သူတစ်ဦးပင်ဖြစ်သည်။ သူ့အသွင်ကလူထက်အလောင်းကောင်နှင့် ပိုတူနေသည်။ သူ့မျက်ဝန်းများက ခံစားချက်ကင်းသောရင်ကို ဖော်ပြနေသည်။

'စတန်တွန်က သူ့ကို တစ်ယောက်ယောက်သတ်မှာကို တွေးကြောက်နေတယ်တဲ့လား'

သူမက တွေးတွေးဆဆပြောရင်း ငက်နှုတ်သီးနှယ် ချွန်ကောက်နေသော နှာခေါင်းထိပ်ကို ကုပ်လိုက်သည်။

'အရင်ကတည်းက အဲဒီလို မပူခဲ့တာကို အံ့ဩမိတယ်၊ ဟိုတုန်းကတည်းက ကြောက်သင့်တယ်'



သူ့အသံက ရှက်ကြွေတာထဲ ဖြတ်တိုက်သော လေပြေနှယ် ရှတတ သိသိခေါင်ခေါင် ပေါ်လာသည်။

ဟို အနောက်ကမ်းရိုးတန်း ဒေသက လူတစ်ယောက်ကို တောင် လှမ်းခေါ် အကူအညီတောင်းတယ်ဆိုတော့ သူ့အတော်ကြောက်နေပုံရတယ်၊ ခင်ဗျားအကြောင်း ကုပ်ကြားဘူးပါတယ်၊ ဟိုလ်မန်း....ခင်ဗျားဈေးက သေးမှာမဟုတ်ဘူး'

'ကျုပ်ကတော့ ရှိသမျှနဲ့ အစွမ်းကုန် ကြိုးစားရတာပါပဲ.... ခင်ဗျားလဲ ခင်မှာပေါ့၊ ခုလိုကိစ္စမှာ အကြောင်းတရားလိုက်ရှာရမှာပဲ'

ကျွန်တော်က ပြောလိုက်သည်။

'ကျုပ်သူ့ကို သတ်စရာအကြောင်းရှိမယ်လို့ ခင်ဗျားက ယူဆလို့လား၊ သူက ယူဆလို့လား၊ ကျုပ် သူ့ကို သတ်ချင်စရာအကြောင်းရှိနိုင်သလား'

မေယာက မေးလိုက်သည်။

'ကလပ်မှာ ခင်ဗျားက ရှယ်ယာဝင် ပါတနာတစ်ဦးပဲ.... ကလပ်က ဝင်ငွေအတော်ကောင်းနေတယ်၊ အဲဒီတော့ ခင်ဗျားရဲ့ ရှယ်ယာ ၄၉ ရာခိုင်နှုန်းကို ခင်ဗျား မကျေနပ်တော့လို့လဲ ဖြစ်နိုင်တယ်၊ အဲဒါ အကြောင်းတရပ်ဖြစ်နိုင်တယ်၊ ဟိုခေတ်တုန်းကဆို အဲဒါ အကြောင်းတရပ်ဖြစ်ခဲ့လိမ့်မယ်'

ကျွန်တော်က စကားလုံးကို ဂရုတစိုက်ရွေးချယ်၍ ပြောလိုက်သည်။

ဟိုခေတ် လွန်ခဲ့တာကြာပြီ ဟိုလ်မန်း....အခု ကျုပ်တို့ကမ္ဘာက တစ်မျိုးတစ်ဘာသာ ခြားနားနေပြီ၊ တကယ်တမ်း ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပ ဆိုတဲ့ လှိုးကွက်တွေကို တရားမဝင်လုပ်စရာမလိုတော့ဘူး
အလစ်သမားလူကြမ်းတွေ မလိုတော့ဘူး၊ ရွှေ့နေတွေ၊ ဝတ်လ
တွေ၊ စာရင်းကိုင်ကောင်းကောင်းပဲလိုတယ်၊ ကျုပ်တရားဝင်
လုပ်ငန်းတွေ လုပ်နေတာ နှစ်နှစ်ဆယ်ရှိပြီ အဲဒါကို ခင်ဗျား
ကောင်းကောင်းသိပါတယ် ဟိုလ်မန်း'

မေယာက ကျွန်တော့်ကို စေ့စေ့ကြည့်၍ ပြောလိုက်
သည်။

'အင်း....ကျုပ်ကတော့ ဒီကလပ်က တကယ့် ရတနာတွင်
ဖြစ်နေလို့ တစ်ကြိမ်တစ်ခါတော့ဖြစ် ခင်ဗျားစိတ် ပြောင်းခဲ့ပြီ
လားလို့ပါ'

ကျွန်တော်က အသာဆိုလိုက်သည်။

'ခင်ဗျားကို ကျုပ်အပေါင်းအသင်းတွေနဲ့ မိတ်ဆက်မပေး
ရသေးဘူး'

သူသည် ကျွန်တော့် အခန်းထဲသို့ ဝင်လာကတည်းက တချိန်
လုံး ကျွန်တော့်ကို တိတ်တဆိတ် ကြည့်နေခဲ့သော လူနှစ်ဦး
ဘက်ကို လက်ဝှေ့ယမ်းပြလိုက်သည်။

'အသက်ကြီးလာတော့ သတိမေ့လေ့ရှိတယ်၊ ကဲ့ဒီတော့
ကျုပ်ကို ခွင့်လွှတ်ပါ ဟိုလ်မန်း'

သူသည် ပထမလူကို လက်ညှိုးထိုးပြလိုက်သည်။

'သူကတော့ လယ်ရီမူလာ'

မေယာက လူကြမ်းများ မလိုတော့ဟု ဆိုလျှင် မည်သည်
အတွက်ကြောင့် မူလာကို အနားတွင်ထားသနည်းဟု စောဒ
ဘက်စဖွယ်ကောင်းသွားသည်။ မူလာမှာ လူငယ်တစ်ဦးမျှသာ

သော် စိတ်ပျက်မှုထက် သက်ငယ်ရင့်သည့်ပုံ ပိုရင့်ရိပ်ကဲနေ
ည်။ အသက် ၂၂ နှစ်ခန့်သာရှိမည်ဖြစ်သော်လည်း ဖြူဆွတ်
တာ မျက်နှာနှင့် နက်မှောင်သော မျက်လုံးများက လူမှန်သမျှ
သရော်အမြင်ရှိနေပုံရသည်။

ယခင်ခေတ်ကာလက သူ့ကို ဂိုဏ်းချုပ်၏ သက်တော်စောင့်
ါ ဆိုမည်။ ယခု ခေတ်ကာလတွင် သူ့ကို အရှုးအဖြစ်သာ
တ်မှတ်မည်။ သို့သော် မည်သို့ကြည့်ကြည့် အနှစ်ချုပ်က
ာ်ဘာသာတည်းဟ်။ သူသည် သေမင်းတမန်ပင်။ သူ့ကို
ကြည်မျှဖြင့် ကျွန်တော် ကြက်သီးမွေးညှင်း ထမိသည်။

'မစ္စတာ ဟိုလ်မန်းကို 'ဟယ်လို' လို့ နှုတ်ဆက်လိုက်ပါ....
သိမ့်'

မေယာက လေအေးဖြင့် ဆိုလိုက်သည်။

'အေး....ဟိုလ်မန်း.... ခင်ဗျားနာမည်ကို ကျုပ် တစ်ခါမှ
ကြားဖူးဘူး'

လယ်ရီက သရော်ပြော ပြောလိုက်သည်။

မေယာ လက်ညှိုး၏ညွှန်ရပ် ပြောင်းသွားသည်။

'သူကတော့ ချာလီဆာဂါ'

ဆာဂါမှာ လူဝဝ ထွားထွားဖြစ်သည်။ ထိပ်ပြောင်စပြုနေ
။ ကိုင်းမပါသော မျက်မှန်ဝိုင်းကို တပ်ဆင်ထားသည်။
နံပြည့် ချွေးထွက်နေပုံရသည်။

သည် သူ၏ နဖူးပြင်ကျယ်ကြီးကို လက်ကိုင်ပဝါကြီးဖြင့်
ကျွန်တော့်ကို သဲ့သဲ့ပြုံးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တွေ့ရတာ ဝမ်းသာပါတယ် မစ္စတာ ဟိုလ်မန်း'

အသံအစ်အစ်နှင့် ဆိုလိုက်သည်။

'ချာလီကတော့ ကျုပ်ရဲ့ စာရင်းကိုင်ပဲ'

မေယာက အေးဆေးစွာ ဆိုလိုက်သည်။

'ကောင်းပါ့၊ ဒါပေမယ့် လယ်ရီက ခင်ဗျားရဲ့ ဝက်လုံတော့ မဆိုလိုက်ပါနဲ့ဗျာ'

'လယ်ရီက ကျုပ်ရဲ့အသက်အာမခံ၊ ဟုတ်တယ် မဟုတ်လား လယ်ရီ'

မေယာက ခပ်တည်တည်ပင် ဆိုလိုက်သည်။

'ဟုတ်ပါတယ် မစ္စတာ မေယာ'

'ကျွန်တော့်ကို ရေခဲတုံးလို့ ဆိုရမယ်ထင်တယ်၊ အားလုံး အေးဆေးနေအောင် ကျွန်တော့်ကို အနားမှာ ထားထားတာပါ'

လယ်ရီက တစ္ဆေးတစ္ဆေး ဆိုလိုက်သည်။

'သူက အတော် စိတ်ကူးစိတ်သန်းကောင်းတဲ့ ချာတိတ်'

မေယာက ဆိုလိုက်သည်။

စကားဆက်စရာမရှိတော့ဟန်ဖြင့် တိတ်ဆိတ်သွားကြသည်။ မေယာက သူ့နှာခေါင်းကိုကုပ်ရင်း ကျွန်တော့်ကို မျက်တောင်မခတ် ကြည့်မြဲကြည့်နေခဲ့သည်။ သို့သော် သူသည် အလဟာ အချိန်ဖြုန်းမည့်သူမဟုတ်ကြောင်း ကျွန်တော် သိခဲ့သည်ပေါ လိုက်သည်။

'တခြား ပြောစရာရှိသေးလား'



ကျွန်တော်က ဖြည်းလေးစွာ မေးလိုက်သည်။

'သူ့ကိုပြောပြလိုက်ပါ ချာလီ၊ ဒီကိစ္စကို သူ အတော် သဘောတွေ့လိမ့်မယ် မှတ်တယ်'

မေယာက ဆိုလိုက်သည်။

'ဟုတ်ကဲ့ မစ္စတာမေယာ....ကိစ္စက ဒီလိုပါ၊ ပထမနှစ်လမှာ ကလပ်က ငွေမှန်သုံးဆယ်ရာခိုင်နှုန်း အမြတ်ပြခဲ့တယ်၊ နောက် တစ်လမှာတော့ အရှင်းပဲ၊ အခု နောက်ဆုံးလမှာတော့ တဖြည်း ဖြည်း အရှုံးပြသာထက် ပြလာတယ်၊ ပထမ ၁၂ ရာခိုင်နှုန်းခဲ့က နေ ပြီးခဲ့တဲ့လ ၂၅ ရာခိုင်နှုန်းအထိ အရှုံးပြသွားတယ်'

ချာလီက ချွေးတသုတ်သုတ်ဖြင့် ရှင်းပြလိုက်သည်။

'လုပ်ငန်းမကောင်းတာလား'

ကျွန်တော်က စကားထောက်လိုက်သည်။

'လုပ်ငန်းသိပ်ကောင်းပါတယ် မစ္စတာဟိုလ်မန်း၊ မကောင်းတာက မစ္စတာ စတန်တွန်ပါ၊ သူ စာရင်းလိမ်ပြနေတယ်၊ စာရင်းလိမ်ပုံကလဲ ကြမ်းသလား မမေးနဲ့'

ချာလီက ခေါင်းတခါခါဖြင့် ဆိုလိုက်သည်။

'သူ ဘယ်လောက်လည်နေလဲ မေယာ'

ကျွန်တော်က မေးလိုက်သည်။

'ပြောပြလိုက်ပါ ချာလီ'

မေယာက ဆိုလိုက်သည်။

'ဒေါ်လာ ငါးသောင်းတစ်လောင်ရှစ်ရာ သုံးဆယ်ကိုးဒေါ်လာပဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုဆိုရင် ခင်ဗျားအနေနဲ့ စတန်တွန်ကို သတ်လောက်စရာအကြောင်း မရှိသွားဘူးလား'

ကျွန်တော်က သွေးတိုးစမ်းမေးလိုက်သည်။

မေယာ ရှေ့သို့ အသာကိုင်းလိုက်သည်။

'ကျုပ်ပြောခဲ့သလိုပဲပေါ့၊ တရားဝင်လူမီးကွက်တွေ၊ အလုပ်ဖြစ်နေတဲ့ ကာလပဲ၊ ကျုပ် သူ့ကို တရားစွဲချင်စွဲလို့ရတယ်၊ သူ့ကို ဥပဒေနဲ့ ပစ်ပေါက်လို့ရမှတော့ ကျည်ဆန်နဲ့ ဖောက်ခတ်နေဖို့လိုသေးလား'

မေယာက နလပိန်းတုံးတစ်ဦးကို ရှင်းပြနေရပုံဖြင့် ရှင်းပြလိုက်သည်။

'ခင်ဗျား အဲဒါလုပ်ဖို့ စိုင်းပြင်းနေတယ်လား၊ သူ့ကို ရှေ့နေတွေနဲ့ တွေ့ပေးမလို့လား'

ကျွန်တော်က မယုံကြည်နိုင်သော လေသံဖြင့် မေးလိုက်သည်။

'ကျုပ်တို့ တွေ့ဆုံဆွေးနွေးခဲ့ပြီးပါပြီ၊ သူ့ကို ပြောပြလိုက်စမ်း လယ်ရီ'

မေယာက ဆိုလိုက်သည်။

'ဟုတ်ကဲ့ မစ္စတာ မေယာ....ကျုပ် ချာလီ သူနဲ့စကားပြောဖို့ သူ့ကလပ်ကိုသွားခဲ့ပါတယ်၊ ချာလီက သူ့ကို ကိန်းဂဏန်းတွေ ယောက်ပြတော့ သူက စောဒကတက်ဖို့ ကြံပါတယ်၊ ဒါပေမယ့် ပြင်းပြင်းထန်ထန်တော့ မဟုတ်ပါဘူး၊ ကိန်းဂဏန်းတွေက ကွက်ကွက်ကွင်းကွင်း သူ့ရှေ့မှာပေါ်နေတာပဲ၊ မစ္စတာ



မေယာ မှာလိုက်တဲ့စကားကို ကျုပ်က ပြောပြလိုက်တယ်၊ ဒီလမကုန်ခင် 'လိုင်ငွေပါးသောင်းကို ဆပ်နိုင်ရင်ဆပ်၊ မဆပ်နိုင်ရင် သူ့ရှယ်ယာကို မစ္စတာ မေယာဆီ ရောင်းရမယ်လို့'

'အဲဒါကို သူဘယ်လို တုံ့ပြန်သလဲ'

ကျွန်တော်က မေးမြန်းလိုက်သည်။

'ဟာ....တကယ့်ကို ရှူးရှူးဒိုင်းဒိုင်း ဖြစ်သွားတယ်၊ အတော့ကို ရိုင်းခဲ့တယ်'

လယ်ရီက အသံသေးဖြင့် ပြောလိုက်သည်။

'သူ့ လယ်ရီကို မဆဲသင့်ခဲ့ဘူး၊ ခင်ဗျားသိတယ် မဟုတ်လား မစ္စတာ ဟိုလ်မန်း....လယ်ရီက စိတ်လှုပ်ရှားလွယ်တယ်၊ မစ္စတာ စတန်တွန် သတိရတဲ့အထိ စောင့်နေလို့ အပိုပါပဲလို့ ဆဲဘောပေါက်ပြီး ကျုပ်တို့ ပြန်ခဲ့ကြတယ်'

ချာလီက လယ်ရီအား သားချစ်တစ်ဦးကို ဖခင်က ကြည့်ပုံမျိုး မြတ်မြတ်နိုးနိုးကြည့်၍ ပြောလိုက်သည်။

'ကိစ္စက အဲဒီလိုပေါ့ မေယာ ဟုတ်လား'

ကျွန်တော်က မေးလိုက်သည်။

'အမှန်ပဲ.... ကျုပ်ကိုလိမ်ထားတဲ့ ကျုပ်ရှယ်ယာ ကျုပ်ရမယ်၊ နောက်နောင် စာရင်းဇယားတွေကို ချာလီ ကိုင်မယ်၊ အဲဒီလိုမှ မလုပ်ချင်ရင် သူ့ရှယ်ယာကို ကျုပ်ကြိုက်ဈေးနဲ့ ရောင်းရမယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်မရှုံး၊ စတန်တွန်လိုအရွှးမျိုးနဲ့ဆို ကျုပ်ပိုလို့ မပူသေး၊ ကျုပ်လူတွေကို ယှဉ်လောက်အောင် သက်လုံကောင်းတဲ့လူ မဟုတ်ဘူး'

မေယာက ခေါင်းတညိတ်ညိတ်ဖြင့် ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခုလို ရှင်းရှင်းလင်းလင်း ပြောပြလိုက်တာကို ကျေးဇူးတင်ပါတယ် မယော'

ကျွန်တော်က ပြောပြောဆိုဆို ထိုင်နေရာမှ ထလိုက်သည်။

ကျွန်တော် တံခါးဝသို့ ခြေနှစ်လှမ်းလောက် လှမ်းပြီးချိန်တွင် ဟန့်တားသံ ပေါ်လာသည်။

'နေဦး'

ကျွန်တော် ပြန်လှည့်ကြည့်လိုက်သောအခါတွင် မယောသည် နှာခေါင်းကုပ်ဆဲ... မျက်နှာကျက်ကို ကြည့်နေသည်။

'အဲဒီ သောက်ရူး အခု ပက်ပင်းကြီး မသေစေချင်ဘူး၊ အဲဒီလိုကိစ္စ ပေါ်လာရင် ကလပ်ပိတ်ရကိန်း ဆိုက်သွားနိုင်တယ်၊ ကျုပ်က သူ့ကို သေစေချင်တာ မဟုတ်ရင် တစ်ခြားသူကိုရော သေစေချင်တဲ့သူတွေ ဘယ်သူတွေ ရှိအုံးမယ် ထင်သလဲ ဟိုလ်မန်း'

မယောက အေးစက်သော အသံဖြင့် မေးလိုက်သည်။

'ကြာလေ... ကြာလေ ခွေးကျွယ်လာမဲ့ ကိန်း ဆိုက်နေတယ် မယော ကျုပ်သိတဲ့သူတွေ အကြောင်းကို ကျုပ် ပြောနေတာ ကျုပ်မသိတဲ့သူတွေ ဘယ်လောက် ရှိမယ် မဆိုတတ်ဘူး'

ကျွန်တော်က တုံ့ပြန်လိုက်သည်။

'တစ်ခါက မိန်းကလေး တစ်ယောက် ရှိခဲ့တယ်၊ သူ့ကိုသူ သတ်သေသွားတဲ့ တစ်ယောက် ဘယ်သူလဲ လယ်ရီ'

မယောက တစ်ယောက်တည်း စကားပြောနေဟန်ဖြင့် ရွတ်လိုက်သည်။

'ရှယ်လီဆင်ဘာထ်ဝေါ်ထိန်းပေါ့ မစ္စတာ မယော'

လယ်ရီက သွက်လက်စွာ ဖြေလိုက်သည်။



'အဲဒီကိစ္စကို ကျုပ် ကြားမိတယ်၊ သူ့အစ်ကို ပက်ကလက်ရှိ ...လပ်မှာ ထရန်းပက်် မှုတ်နေတယ်'

'ခင်ဗျား သူ့ကို မေးမြန်းပြီး ပြီလား'

မယောက မေးလိုက်သည်။

'ကျုပ် အခု သူ့ကို သွားတွေ့မလို့ပဲ'

'လယ်ရီပေါ့ ခင်ဗျားနဲ့ လိုက်ရင် ကောင်းမယ် ထင်တယ်'

'ကျေးဇူးပါပဲ၊ ဒါပေမယ့် မလိုပါဘူး'

ကျွန်တော်က ပြတ်ပြတ်သားသား ပြောလိုက်သည်။

လယ်ရီက ဖျတ်ခနဲ မတ်တတ်ရပ်လိုက်သည်။ သူ့မျက်လုံး...းက အေးစက် တောက်ပနေသည်။

'မစ္စတာ မယောက ကျုပ် လိုက်'

မယော လက်သုံးတစ်ချောင်း ရမ်းလိုက် သောကြောင့် ...ယ်ရီ ပါးစပ်ပိတ် သွားသည်။

'မစ္စတာ ဟိုလ်မန်း အခုနေနဲ့ ကိုယ်ပိုင် ဆုံးဖြတ်ခွင့် အပြည့်...ယ် လယ်ရီ၊ နောက်ပြီး သိုသိုဝှက်ဝှက် အုပ်အုပ်ဆိုင်းဆိုင်း...း ပြုတတ်ပါတယ်၊ ငါတို့အားလုံး သိုသိုသိပ်သိပ် ဆောင်...ရတဲ့ ကာသ ရှိပါတယ်။ အဲဒီကောင်မလေး သူ့ကိုယ်သူ...တ်မသေခင် တစ်လလောက်မှာ ကလပ်က ထုတ်ပစ်ခဲ့တဲ့...က မသိမသိပ်ခဲ့ဘူး၊ စတန်တွန်က အင်မတန် ထိဘ်သွန်...လုပ်နေခဲ့လို့ ဘယ်လိုမှ သုံးမရခဲ့ဘူး၊ အဲဒီကိစ္စ ကျုပ်ကိုယ်...ဖြေရှင်းခဲ့ရတယ်'

မယောက ...အေးစွာ ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လယ်ရီက မေယာကို မျက်မှောင်ကုပ် ကြည့်လိုက်သည်။ ပုံမှန်ထက် မြင့်သော အသံဖြင့် ပြောလိုက်သည်။

'မစ္စတာ မေယာ ဒီဟိုလ်မန်းကို ဒီကိစ္စတွေ ပြောသင့်တယ်လို့...'

မေယာသည် သူ့ကို အသာလှမ်းကြည့်လိုက်သည်။ အကြည့်က ချိုချိုသာသာပင်။ အသာအယာ ခေါ်လိုက်သည်။

'ဒီကို လာစမ်းပါအုံး လယ်ရီ'

လယ်ရီက မေယာအနီးသို့ ယိုယို့ကျိုးကျိုးပင် လျှောက်သွားသည်။

'ကဲ...မင်း သေနတ် ပေးစမ်း'

လယ်ရီက သူ၏ ချိုင်းအိတ်ထဲမှ ဒသမ ၃၅၇ ပစ္စတိုလ်ကို သက်မဲ့ မျက်နှာဖြင့်ပင် ကမ်းပေးလိုက်သည်။

မေယာသည် ပစ္စတို မောင်းဆိန်းခလုတ်ကို သေချာကြည့်လိုက်သည်။ ထို့နောက် သေနတ်ပြောင်းကို မြဲမြဲဆုတ်ကိုင်လိုက်သည်။ ထို့နောက် သေနတ်ဒင်ဖြင့် လယ်ရီ နဖူးကို ပြင်းပြင်းထန်ထန် ထုပစ်လိုက်သည်။ လယ်ရီ ဒူးထောက်ကျသွားသည်။

'လယ်ရီ ငါ့ဆုံးဖြတ်ချက်တွေကို ဘယ်တော့မှ စောဒက မတက်ရဘူး ဆိုတာကို မြဲမြဲမှတ်ထားပါ'

မေယာက အသာအယာ ပြောလိုက်သည်။

'ဟုတ်ကဲ့ မစ္စတာ မေယာ'

လယ်ရီသည် နဖူးကို လက်နှင့် အုပ်ကိုင်၍ နာကျင်စွာ ... နောက် ယိမ်းရင်း လေးတွဲ့စွာ ပြောလိုက်သည်။



မေယာသည် ကြားတွင် မည်သို့သော အဖြစ်အပျက်မျိုး ဖြစ်ခဲ့ပုံဖြင့် ကျွန်တော့ကို လှမ်းကြည့်၍ ဆက်ပြောလိုက်သည်။

'လယ်လီဆစ်ဘက်စ်တိန်းမှာ မိန်းကလေး သူငယ်ချင်း တစ်ယောက် ရှိခဲ့တယ် လယ်ရီ၊ သူ့နာမည် ဘယ်သူလဲ'

'ကိုပက်ခ် ဂျူနီကိုပက်ခ်'

လယ်ရီက အသံအုပ်အုပ်ဖြင့် ဆိုလိုက်သည်။

'ဟုတ်တယ် ဂျူနီကိုပက်ခ် ခင်ဗျား သူနဲ့ တွေ့ဆုံ စကားပြောသင့်တယ် မှတ်တယ်၊ ဟိုလ်မန်း သိုသိုသိပ်သိပ်လေးပေါ့၊ ကျုပ်တို့ သူနဲ့ စကားပြောခဲ့ပုံမျိုး'

'သူ့ကို ဘယ်မှာ တွေ့နိုင်မလဲ'

ကျွန်တော်က မေးမြန်းလိုက်မိသည်။

'လယ်ရီ'

လယ်ရီ မတ်တတ်ရပ်လိုက်သည်။ သူ၏ နဖူးထိပ်တွင် အာလူးကြီး ထွက်နေချေပြီ။ ကျွန်တော် ဘုကြည့် ကြည့်လိုက်သည်။

'လယ်ရီ'

မေယာက စိတ်မရှည်နိုင် သံ့သံ့ရယ်လျက် ထပ်ဆို လိုက်သည်။

'သူ လစ်ဗင်အင် စားတော်ဆက်မှာ အလုပ် လုပ်နေတယ်'

လယ်ရီက မကြည်မသာ အသံဖြင့် ဖြစ်ဖြစ်ညှစ် ဆိုလိုက်သည်။

www.burmeseclassic.com



'အဲဒီလို ပက်ခ် အမျိုးသမီးကို သွားတွေ့ဆုံ စကားပြော ချည်။ ဟိုလ်မန်းခင်ဗျားကလယ်ရီမိတ်ဆွေ တစ်ဦးဖြစ်ကြောင်း လယ်ရီက ညွှန်လိုက်တယ်လို့ ပြောရင် ပိုကောင်းမယ် ထ တယ်'

မေယာက ဆက်ဆိုလိုက်သည်။

'အင်း....လယ်ရီလို မိတ်ဆွေတစ်ဦး ရှိတယ်လို့ တစ်ကြိ တစ်ခါ မေတ္တာ ကျွန်တော် အထင်ခံလိုက်ပါမယ်'

ကျွန်တော်က ခေါင်းတညိတ်ညိတ်ဖြင့် ဆိုလိုက်သည်။ လယ် ရီက ကျွန်တော့ကို အရှင်လတ်လတ် အရည်ခွ ချွတ်လိုသည့် အကြည့်ဖြင့် ကြည့်လိုက်သည်။

× × ×

## အခန်း (လေး)

ကျွန်တော် ဆောင်ကြာနန်း ကလပ်သို့ ရောက်သောအခါ တွင် လေးနာရီထိုးရန် ၁၅ မိနစ် ရှိနေခဲ့သည်။ ကျွန်တော် နာမည် ဟိုလ်မန်းဟု ဆိုလိုက်သည်နှင့် စတန်တွန် ဆိုခဲ့သည့် အတိုင်းပင် ကလပ်ထဲသို့ လွယ်လွယ်ကူကူ ဝင်ခွင့်ရလိုက်သည်။

ဘားခန်းမှာ ညနေ ၇ နာရီ အချိန်မှ ဖွင့်သည်။ သို့သော် ခင်းကျင်းထားပြီးသား ဖြစ်သည်။ တစ်ခန်းလုံးတွင် လူသူ ကင်းရှင်းနေသည်။ ခန်းထောင့် စင်မြင့် ထက်တွင်မူ လူသုံး ယောက် ရှိနေသည်။

ထရန်းပက် သမားသည် စန္ဒယားခုံကို မှီရပ်း ထရန်းပက် မှုတ်နေသည်။ မျက်လုံးများကို မှိတ်ထားသည်။ ဂီတဈာန်ဝင် နေပုံပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com



စန္ဒယားသမားကမူ သူ တီးခတ်လေ့ကျင့်မှုကိုလက်စသတ်၍ ဘေ့စ်သမားနှင့် စကားပြောနေခဲ့သည်။ ယင်းတို့ တံခါးဝသို့ ဖြည်းဖြည်းလေးစွာ လျှောက်သွားသည်။ ကျွန်တော်သည် ယင်းတို့ကို ဖြတ်ကျော်၍ စင်မြင့် အစွန်းသို့ လျှောက်သွားသည်။ ဂျပ်စ်လော့ဘာတွင် ပက်ဆစ်ဘက်စ်တိန်းဟာ အတော်ဆုံး အဆင့်သို့ ဖြစ်စေ၊ လူအစွမ်းကို အသာနားစွင့်လိုက်မိသည်။

ပက်ဆစ်ဘက်စ်တိန်းက ခန္ဓာကိုယ် ထွားကြိုင်းလှ၏။ အရပ်က ၆-ပေ ၄-လက်မလောက် ရှိမည်။ မျက်နှာထား ခက်ထန်ကြမ်းတမ်းသည်။ ဆံပင် ကောက်ကောက်လိမ်လိမ်က ပခုံးထိ ဝဲကျနေသည်။ ဤသို့သော သူတစ်ဦး၏ အကြည့်မျှလောက်ဖြင့်ပင် ခရစ်ပင် စတန်တွန် ကြောက်သေးပန်းလုလု ဖြစ်သွားရသည်က မဆန်းချေ။

နောက်ဆုံး တေးသံစဉ်လေးကအားအားငြိမ့်ငြိမ့်ဆွတ်ဆွတ်နုနုလေး တိုးတိတ်ပျောက်ကွယ်သွားသည်။

'တကယ့်ကို ချိုမြတဲ့ ဂီတသံပဲ'

ကျွန်တော်က တလေးတစား ဆိုလိုက်သည်။

ပက်က သူ၏ ထရန်ပက်ကို ချလိုက်သည်။ မျက်လုံးမှ တဖြည်းဖြည်း ဖွင့်လိုက်သည်။ မျက်နှာပေါ်တွင် အထင်မကြီး ရိပ်ကို တွေ့ရသည်။

'ဘားခန်း မဖွင့်သေးဘူး ကိုယ့်လူ၊ ကျုပ် ဂီတကို ခင်ဗျား တရုံးဝင် နားထောင်ခွင့် ရနိုင်တာ တစ်နည်းပဲ ရှိတယ်၊ အဲဒါကတော့ အဲဒီဘားက သောက်သုံးမကျတဲ့ အရက်ကိုပိုက်ဆံပေး သောက်နေမှပဲ၊ အဲဒီလိုကျမှ ကျုပ် တစ်ညလုံး ဒီဝေါမှာ



ချူးဖြိုင်ဖြိုင်ကျအောင် တီးမှုတ်နေတဲ့ အခါကို သူတို့ပေးနိုင်တာ'

ပက်က လေးတဲ့သော အသံဖြင့် ဆိုလိုက်သည်။

'မင်းရဲ့ တေးသံချင်းကို ငါကြိုက်တယ် ပက်၊ ဒါပေမယ့် ငါလာတာ သီချင်းနားထောင်ဖို့ မဟုတ်ဘူး၊ စကားပြောဆိုဖို့'

ကျွန်တော်က ပြောလိုက်သည်။

'စကားပြောဆိုဖို့ ဆိုတာ နှစ်ယောက်ရှိမှ ဖြစ်တာကိုယ့်လူ၊ ကျုပ်က ရေမိုးချိုးပြီး ခဏ အနားယူဖို့ ဆုံးဖြတ်ထားတယ်၊ ခင်ဗျား ဒီနားမှာ ရပ်ပြီး တစ်ယောက်တည်း စကား ပြောချင်ပြောဆိုရင်လည်း ကျုပ်အနေနဲ့ ကန့်ကွက်စရာ မရှိပါဘူး'

ပက်က စိတ်မပါစွာ ပြောလိုက်သည်။

'ခရစ်ပင်စတန်တွန်ကို တစ်ယောက်ယောက်က သတ်ဖို့ ခြိမ်းခြောက်နေတယ်၊ မင်းဖြစ်နိုင်တယ်လို့ သူ တွက်ဆမိတယ်၊ မင်း ညီမလေးသေတဲ့ ကိစ္စ မင်း သူ့ကို အပြစ်မြင်နေတယ်လို့ သူက ယူဆတယ်'

ကျွန်တော်က ပက် စကားတစ်ခွန်းမျှ မဆိုခဲ့သေးဟန်ဖြင့် အေးဆေးစွာ ဆက်ပြောလိုက်သည်။

ပက်က ထရန်းပက်ကို ပါးစပ်တွင် တေ့လိုက်သည်။ သံစဉ်တစ်ချက် မှုတ်လိုက်ပြီး ပြန်ချလိုက်သည်။

'ခင်ဗျားက ရဲလား၊ တံဆိပ်တွေ ကဒ်တွေနဲ့ ရဲအစစ်လား'

'မဟုတ်ဘူး စတန်တွန်က သူ့အသက်ကို ကာကွယ်ဖို့ ငှားထားတဲ့သူပဲ ငါနာမည် ဟိုလ်မန်း....စစ်ဟိုလ်မန်း'

ကျွန်တော်က ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ကျုပ်နာမည်ကို သိနေတာပဲ'

ပက်က တုံ့ပြန်လိုက်သည်။

သူသည် လက်ဆွဲနှုတ်ဆက်ရန် လက်ကမ်းပေးခြင်း မရှိချေ။ မပေးသည်ကပင် ကောင်းသေးသည်ဟု ယူဆလိုက်မိသည်။ လက်က ကြီးမား တုတ်ခိုင်လှသည်။

သူသည် သူ၏ထရန်းပက်အား သားသည်တစ်ဦးကိုမိခင်က ဆိပ်နေသည့်ပုံစံ အသာအယာ သိမ်းဆည်း လိုက်သည်။ ထို့နောက် စီးကရက် တစ်လိပ် မီးညှိ၍ မျက်လုံးထောင့်မှ လှမ်းကြည့်လိုက်သည်။ ကျွန်တော် ရှိအုံးမည်ကို ဒွိဟ ပွားမိသည့်ပုံစံဖြင့်....

'သူ့ကို မင်း လုပ်ကြံဖို့ ကြိုးစားနေတာ ဟုတ်ချင်မှ ဟုတ်မယ်၊ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် တို့စကား နည်းနည်းပြောကြရင် ကောင်းမယ် မှတ်တယ်'

ကျွန်တော်က ပုံမှန် လေသံဖြင့် ဆိုလိုက်သည်။

'ကောင်းပြီ ဒါပေမယ့် ဒီထဲမှာတော့ မပြောချင်ဘူး၊ ကျုပ်ရဲ့ ကိုယ်ပိုင်အချိန်ကို ဒီအမှိုက်ပုံးထဲ ဖြုန်းလေ့ မရှိဘူး'

ပက်က သက်ပြင်းတစ်ချက် မှုတ်ထုတ်၍ ဆိုလိုက်သည်။

ကလပ်မှ နေ၍ လမ်းတစ်ဖြတ်လောက်အကွာတွင် ဘားဆိုင် တစ်ဆိုင် ရှိနေသည်။ ကျွန်တော်တို့သည် ချောင်ကျကျ အခန်း တစ်ခန်းထဲ ဝင်ထိုင်လိုက်သည်။ အရက်များ လာချသည်အထိ ထိုင်စောင့်လိုက်သည်။ ပက်က စီးကရက်တစ်ဘူး ထုတ်ယူ၍ စီးကရက် တစ်လိပ် မီးညှိလိုက်သည်။ အားရပါးရ ရှိုက်ဖွာ လိုက်သည်။



'မင်းညီမ ကလပ်မှာ အလုပ်ဝင်လုပ်ပြီး နောက်ပိုင်းမှာ ဆေးသမား ဖြစ်နေတာကို သိလာရတယ်လို့ စတန်တွန်က ဆိုတယ်၊ အဲဒါကြောင့် သူ့ကို အလုပ် ထုတ်ပစ်လိုက်တယ်၊ နောက် တစ်လလောက်ကြာတော့ ကောင်မလေးက သူ့ကိုယ် သူ သတ်သေသွားတယ်တဲ့၊ အဲဒါနဲ့ ပတ်သက်ပြီး မင်းက သူ့ကို အပြစ်တင်သယ်လို့ စတန်တွန်က ယူဆတယ်၊ ဒါပေမယ့် ဘာ လို့ သူ့ကို အပြစ်မြင်မှန်း မသိဘူးတဲ့ ဟုတ်သား ပက်'

ကျွန်တော် စကားစလိုက်သည်။

ပက်သည် သူ့အရက်ခွက်ကို အသာ ချလိုက်သည်။ ထို့ နောက် ကျွန်တော့ကို စေ့စေ့ ကြည့်လိုက်သည်။

'ခင်ဗျားက သူ့လူပဲ အဲဒီတော့ သူက အဲဒီလိုပြောရင် အဲဒီလိုပဲ နေမှာပေါ့'

ပက်က တုတ်ခိုင်လှသော ပခုံးကို တွန့်ရင်း ပြောလိုက်သည်။

'အဲဒီလို မလိမ့်တပတ် စကားမဆိုပါနဲ့ ငါက သူ့ကို မသေ စေချင်ဘူး၊ သူက ငါ့လုပ်အားခ ပေးနေတော့ မသေစေချင် ဘူး၊ အဲ့ သူ့အခစားကို သူ့ကို မသေအောင် ကာကွယ်ပေးနေ တာနဲ့ သူ့ကို မေတ္တာ ရှိမှရှိ၊ သူပြောတာ ယုံမယုံက မဆိုင်ဘူး သူ့အတွက် လက်ကျန်အမှီ အသုဘ ကျင်းပနိုင်အောင် ကြိုးစား နေတဲ့ သူကို အချိန်မီ တွေ့ချင်တာပဲ ရှိတယ်'

ကျွန်တော်က လေသံ ခပ်မာမာဖြင့် ပြောလိုက်သည်။

'ဟာ....အဲဒီ အသုဘပွဲကိုတော့ ကျုပ် နွှဲလိုက်ချင်ပါတယ် ဗျာ၊ ကျုပ်အခမဲ့ ထရန်းပက် မှုတ် ဖျော်ဖြေပေးပါ့မယ်၊ အိမ်ကနေ သုသာန်အထိ အကအခုန် အတီးအမှုတ်နဲ့ လိုက်ပို့

www.burmeseclassic.com



လိုက်မယ် တကယ် အဲဒီပွဲမှာ ရှေ့တန်းက တက်တက်ကြွကြွ ပါဝင်လိုက်မယ်'

ပက်က အားရပါးရကြီး ပြောလိုက်သည်။

'ခုကိစ္စနဲ့ပတ်သက်ပြီး မင်းအမြင်ကို ပြောပြချင်လား၊မပြောပြချင်ဘူးလား'

ကျွန်တော်က မှန်ကုပ်ကုပ် မေးလိုက်သည်။

ပက်က စဉ်းစဉ်းစားစား ... [illegible]

ပက်က စဏ္ဍန်းအနည်းငယ် စဉ်းစားလိုက်သည်။

'အင်း....ပြောပြချင်ပါတယ်၊ ပြောတိုက်တယ်လို့ ယစ်လို့ ရှယ်လီအတွက် ဒီလောက်တော့ ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါတယ်'

ပက်က လေသံပျော့ဖြင့် ပြောလိုက်သည်။

သူသည် သူပြောမည့် စကားကို အရသာ မတွေ့သည့်ဟန်ဖြင့် ပါးစပ်ကို လက်ဖြန့်သုတ်လိုက်သည်။

'သူအလုပ်ပြုတ်ရတဲ့ အကြောင်းက စတာန်တွန် အလိုကို မလိုက်ခဲ့လို့ပဲ'

'ဒါဖြင့် မူးယစ်ဆေးသမား မဟုတ်ခဲ့ဘူးပေါ့'

'ဆေးတစ်လိပ်နှစ်လိပ်သောက် သောက်ဖူးကောင်းသောက်ဖူးလိမ့်မယ်၊ ဒါပေမယ့် စတာန်တွန် ပြောသလို အကြောထဲ ထိုးသွင်းတဲ့ကိစ္စကတော့ မဖြစ်နိုင်ဘူးဗျ မဖြစ်ရေးချ မဖြစ်ကိစ္စပဲ၊ ဘာလို့လဲ သိလား'

ပက်က ဆိုလိုက်သည်။

'ဘာလို့လဲ'

ကျွန်တော်က မေးလိုက်သည်။



သူသည် စားပွဲပေါ်တင်ထားသော ကျွန်တော့် စီးကရက်ဘူးထဲမှ စီးကရက်တစ်လိပ်ထုတ်ယူလိုက်သည်။မီးညှိလိုက်သည်။ ဖြည်းဖြည်းရှိုက်ဖွာလိုက်သည်။

'ရှယ်လီဟာ နှလုံးရောဂါသည်၊ ဟိုငယ်ငယ် ကလေးဘဝကတည်းက နှလုံးအားနည်းတဲ့ရောဂါရှိတယ်၊ဒါကြောင့် ကြမ်းကြမ်းတမ်းတမ်း ကစားခုန်စားမှုတွေ မပြုနိုင်ခဲ့ဘူး၊ စတာန်တွန် ပြောသလို သူတကယ်ပင် ဆေးစွဲနေတယ်ဆိုရင်တောင် သွေးကြောထဲဆေးသွင်းထည့်တဲ့အဆင့်မရောက်ခင်ကတည်းက နှလုံး ဒဏ်မခံနိုင်လို့ သေခဲ့မှာ'

'သူ့နှလုံးရောဂါအကြောင်း ရဲတွေက သိခဲ့လား'

'ကျုပ် ရဲတွေကိုပြောပြဖို့ ကြိုးစားခဲ့ပါတယ်ဗျာ၊ ဖြည်းဖြည်းထန်ထန် ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် ရဲတွေက ကျုပ်စကားကို အရေးမထားဘူး၊ ကျုပ်နာမည်ပျက်နဲ့လူကိုး၊ ထောင်ထွက်တစ်ယောက်ရဲ့စကားကို ဘယ်သူကယုံမလဲဗျာ'

ပက်က နာကြည်းဟန်ဖြင့် ရယ်မောပြောလိုက်သည်။

'ရှယ်လီကို ကုသပေးနေခဲ့တဲ့ ဆရာဝန်ရော၊ မင်းတို့ မိဘတွေရော မင်းစကားကို မယုံရင်တောင် ဆရာဝန်စကားတော့ ယုံရမှာပေါ့'

ကျွန်တော်က ဆိုလိုက်သည်။

'သူ့ဆရာဝန်နဲ့ နောက်ဆုံးပြတဲ့အချိန်က သူ ကျောင်းက ထွက်တဲ့နှစ်မှာ အဲဒီတုန်းက သူ့အသက် ၁၄ နှစ်ပဲရှိသေးတယ် နှလုံးရောဂါဖြစ်နေလို့ ကျောင်းထွက်ခဲ့ရတာပဲ၊ ဖြည်းဖြည်းထန်ထန် ဒဏ်မခံနိုင်တော့ဘူး၊ တခြားလူငယ်တွေ ပျော်ပါးသလို

www.burmeseclassic.com



ပျော်ပါးခွင့်မရခဲ့ဘူး။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာ အမြင်တစ်မျိုးဝင်သွားတယ်၊ ဒီရောဂါကို ဥပက္ခာပြုထားလိုက်ရင် ရောဂါကလည်း၊ သူ့ကို ဥပက္ခာပြုလာလိမ့်မယ်လို့ ယူဆလိုက်တယ်၊ သူ့ကိုဆရာဝန်ပြဖို့ ကျုပ်အကြိမ်ကြိမ်တိုက်တွန်းခဲ့တယ်၊ ဒါပေမယ့် နောက်ဆုံး သူစိတ်လှုပ်လှုပ်ရှားရှားနဲ့ ကျုပ်ကို ရန်တွေ့တဲ့ကိန်းနဲ့ နိဂုံးချုပ်လာရတော့ ကျုပ်လဲ လန့်လာတယ်၊ သူ့ကို ရောဂါဖြစ်အောင် လုပ်ပေးနေသလို ဖြစ်နေခဲ့တယ်'

ပက်ဇာ တည်တည်ကြည်ကြည် ပြောလိုက်သည်။

သူသည် စားပွဲခင်းပေါ်တွင် တောင်ခြစ် မြောက်ခြစ်လုပ်နေခဲ့သည်။

'ကျုပ်သိသလောက်တော့ သူ့နှလုံးရောဂါ ပြင်းပြင်းထန်ထန်ခံရတဲ့အချိန် သုံးကြိမ်ရှိခဲ့တယ်၊ နောက်ဆုံးတစ်ကြိမ်ကပြီးခဲ့တဲ့နှစ်လောက်က ဒီကိစ္စကို ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး၊ ကျုပ်ကိုတောင် မပြောခဲ့ဘူး၊ ရှယ်လီလောက် ပြင်းပြင်းထန်ထန် အသက်ရှင်ချင်နေခဲ့တဲ့သူကို ကျုပ် မကြုံဖူးပါဘူး၊ ဒါကြောင့် ရှယ်လီ သူ့ကိုယ်သူ သတ်သေတယ်ဆိုတဲ့ကိစ္စကို အံ့ဩဖွယ်ရာ ကျုပ်...ကျုပ်ရဲ့ထရမ်ပက်ကို လွှင့်ပစ်လိုက်တဲ့ပုံမျိုး... စတန်တွန်က မိန်းမ မလိုက်စားတဲ့ပုံစံမျိုး၊ အံ့ဩဖွယ် ဖြစ်နေတယ်'

'မင်း အစောစောကပြောတော့ မင်းဟာ ထောင်ထွက်ဆို၊ အဲဒါ ဘယ်တုန်းကလဲ'

ကျွန်တော်က မေးမြန်းလိုက်သည်။



'လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပါ၊ အဲဒီတုန်းက ကျုပ် အခြေအနေ အတော်ခြွင်းနားပါတယ်၊ ကျုပ်နဲ့ နောက်အဖွဲ့ဝင် ငါးယောက်လောက်က အညံ့ဆုံး ကလပ်တွေမှာ တစ်ည တစ်ပဲလျှောက်ဖျော်ဖြေနေခဲ့ရတယ်၊ ကျုပ်တို့အာကန်ဆပ်စ်ပြည်နယ် တခွင်မှာ လျှောက်ဖျော်ဖြေနေခဲ့တယ်၊ အဲဒီ တောခေါင်ခေါင် ကလပ်မှာ ဖျော်ဖြေနေတဲ့ညက ဖြစ်ပျက်သွားတာပဲ'

ပက်က ခဏတန့်လိုက်သည်။ ဝီစကီ ... ... လိုက်သည်။ ထို့နောက် ပြန်ပြောင်းအမှတ်ရဟန်ဖြင့် ရှုံ့မဲ့ပြုံး၍ ဆက်ပြောလိုက်သည်။

'အဲဒီညက ကျုပ် ကောင်းကောင်း လက်စွမ်းပြနေခဲ့တယ်၊ ကျုပ် ထုံးစံအတိုင်းပေါ့၊ စင်မြင့်ပေါ်မှာ ဒူးထောက်ပြီး အားရပါးရ မှုတ်နေခဲ့တယ်၊ ... ချွန်ဝင်နေခဲ့တယ်ပေါ့၊ မျက်စေ့မှိတ်ထားမိတော့ အဲဒီ အရက်သမား ထလာတာကို မမြင်လိုက်ဘူး၊ သူက ပုခြစ်နေတဲ့ ကော်ဖီတစ်ခွက်ကို ကျုပ် ထရမ်ပက်အိုးထဲကို သွန်ထည့်လိုက်တယ်'

ပက် ပခုံးတွန့်လိုက်သည်။

'အဲ... နောက် ကျုပ် စိတ်ကြည်လင်သွားတဲ့အချိန်မှာတော့ သေလောက်တဲ့ လက်နက်နဲ့ ရိုက်နှက်မှုနဲ့ အမှုဖွင့်ခံနေရတဲ့အဖြစ်ကြုံတယ်၊ အဲဒီအရက်သမားက ပုံမှန်အားဖြင့် အဲဒီမြို့မျက်နှာဖုံးကြီးပေါ့၊ သူရက်သတ္တပတ် နှစ်ပတ်လောက် ဆေးရုံတက်ကိန်းဆိုက်သွားတာကိုး၊ ကျန်တဲ့သူတွေက သိပ်ပဲ ... ကျမ့်ဘူး၊ အဲဒီလို အရပ်ဒေသမှာ ဥပဒေက သူတို့လက်ထဲမှာ သူတို့လုပ်သလို ဖြစ်နေခဲ့တယ်၊ အဲဒါနဲ့ နောက် ရှစ်လလုံးလုံး

www.burmeseclassic.com



ကျုပ် ကျောက်ထုရကိန်းဆိုက်သွားတာ တော်သေးတာပေါ့ လျှာကျိုက်မထဲတင် ပူခဲ့ပေမယ့် ကျုပ်ပါးစပ် မထိခိုက်ခဲ့ဘူး'

ပက်က စကားစသတ်လိုက်သည်။

'သေလောက်တဲ့ လက်နက်နဲ့ တိုက်ခိုက်တယ်ဆိုတော့ မင်း ဘာလုပ်ခဲ့သလဲ'

ကျွန်တော်က မေးလိုက်သည်။

'ဘာလုပ်ရမလဲ.... ထရမ်းပက်အိုးနဲ့ ကောက်ရိုက်ပစ်လိုက်တာပေါ့၊ ကျုပ်အဆက်မပြတ်ရိုက်ဖို့ပဲ၊ ဒါပေမယ့် အိုးမှာ သွေးတွေပေလာလို့ ကျုပ်ရပ်လိုက်တယ်၊ ကျုပ် ထရမ်းပက်သွေးစွန်းတာတော့ မလိုချင်ဘူး'

'သူဘယ်လောက် ပြင်းပြင်းထန်ထန် ဒဏ်ရာရသွားလဲ'

'ဘယ်လောက်မှ မဟုတ်လောက်ခဲ့ပါဘူးဗျာ၊ အဲဒီကောင်က လူပျော့ဖြစ်နေခဲ့တာ'

ပက်က စိတ်ကုန်ဟန်ဖြင့် ပြောလိုက်သည်။

'ဘယ်လောက် ပြင်းပြင်းထန်ထန် ထိခိုက်ခဲ့သလဲ'

ကျွန်တော်က ထပ်ဆင့်မေးလိုက်သည်။

'ခေါင်း နှစ်နေရာ သုံးနေရာကွဲသွားတယ်၊ ဒါပေမယ့် နှစ်ပတ်လောက်နေတော့ ပြန်ကောင်းသွားပါတယ် ထင်တာပဲလေ၊ ကျုပ်ကိုထောင်ကလွှတ်ပေးလိုက်တော့ အဲဒီပြန်ပြီးသာကြောင်းမကြောင်း မမေးမိပါဘူး၊ ကျုပ်အတွက် မသာကြောင်း မမ... ကြောင်း ဖြစ်ကိန်းဆိုက်သွားနိုင်ကြောင်း သဘောပေါက်... တယ်'



ကျွန်တော် စီးကရက်တစ်လိပ် မီးညှိလိုက်သည်။ သူ့ကို စေ့စေ့ကြည့်လိုက်သည်။ သူ့ခန္ဓာ၊ သူ့ဗလနှင့် အရက်သမားကို အပြတ်သမမိ၍ လူသတ်မှုမရစီဆိုင် ခဲ့ရသည်ကိုပင်ကံကောင်းသေးတော့သည်ဟု ဆိုရမည်။

'ဒီကိစ္စကို နည်းနည်း ရှင်းရှင်းလင်းလင်းဖြစ်အောင် ပြောရအောင် ပက်၊ မင်းညီမ သေးစွဲနေတယ်ဆိုတာကို စတာန်တွန် လိမ်နေခဲ့တယ်လို့ မင်းယူဆတယ်၊ နှလုံးရောဂါသည်ဖြစ်လို့ ဘယ်လိုနည်းနဲ့မှ ဒဏ်ခံနိုင်မှာမဟုတ်ဘူးပေါ့ ဒါပေမယ့် သူ့မှာ နှလုံးရောဂါရှိမှန်း အထောက်အထားပြနိုင်တဲ့သူ တစ်ဦးမှ မရှိဘူးပေါ့'

ကျွန်တော်က မေးလိုက်သည်။

'အမှန်ပဲ ကိုယ့်လူ၊ ကျုပ် ငါးနှစ်သား အရွယ်လောက်ကတည်းက ကျုပ်အဖိုးကြီးကို မတွေ့ခဲ့ရတော့ဘူး၊ တစ်နေ့ အိမ်ကနေထွက်သွားတယ်၊ မပြန်စတမ်း ဆက်လျှောက်သွားခဲ့တယ်၊ ရှယ်လီကျောင်းထွက်ပြီး သုံးလအကြာမှာ ကျုပ်မေမေ သေသွားတယ်၊ အဲဒါ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်ကပေါ့'

ပက်က အေးစက်စွာ ခေါင်းညိတ်ရင်း ပြောလိုက်သည်။

'ရှယ်လီဟာ ဒီလောကကြီးမှာအသက်ရှင်နေထိုင်ချင်စိတ် သိပ်ကြီးခဲ့တဲ့သူ၊ ဒါကြောင့်သူ့ကိုယ်သူသတ်သေမယ့်သူမဟုတ်ဘူးလို့ မင်းယုံကြည်တယ်'

ပက်က ကျွန်တော့်ကို အေးစက်စွာ ကြည့်လိုက်သည်။

'ခင်ဗျားအတော်တတ်တဲ့သူပဲဟိုလ်မန်း၊ ကျုပ်လွန်ခဲ့တဲ့ဆယ်မိနစ်လုံးလုံး အစညာဝ်းခံပြောနေခဲ့တာ အဲဒါပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ရှယ်လီ ဘာဖြစ်သွားတယ်လို့ ထင်လဲ'

ပက် ဆောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။ အတန်ကြာ ခေါင်းခါလိုက်သည်။

'ကျုပ်မသိဘူး၊ နှုတ်အဲဒီကိစ္စကို ကျုပ်စဉ်းစားလို့ မရဘူး၊ တောန်တုန်က ရှယ်လီကိုအလုပ်ထုတ်ပစ်လိုက်ရတဲ့ကိစ္စနောက် တစ်လကြာသောတဲ့ကိစ္စ သူ့အက်ကလှတ်အောင် သက်သက် ရှယ်လီ ဆောစွဲနေခဲ့တယ်လို့ မဟားဒရား ညွှန်ပြနေခဲ့တယ်၊ ဒါပေမယ့် ကျုပ်လုံးဝမယုံဘူး၊ ဒီကိစ္စဟာ ဒါထက်နက်တယ်၊ အဲဒီနက်တဲ့အလယ်မှာ တောန်…နှုန်ရှိနေတယ်'

'မင်း သူ့ကိုဒီလောက်မုန်းရင် ဘာလို့ သူ့ကလပ်မှာအလုပ် လုပ်နေလဲ'

ကျွန်တော်က မေးလိုက်သည်။

ပက် မျက်နှာပေါ်တွင် အပြုံးမြိန့်မြိန့်ကြီး ပေါ်လာသည်။ မလှပသောအပြုံး။

'ကျုပ်တစ်နေ့နေ့ရောက်လာပြီး သူ့ဦးနှောက် ပွင့်သွားအောင်နရှင်းအုပ်မှာကို သိပ်ကြောက်နေတယ်၊ ကျုပ်ကို ငြိမ်းချမ်းရေး ကမ်းလမ်းချက်မျိုးကမ်းလှမ်းဖို့ စိတ်ကူးပုံ ရတယ်၊ ကျုပ်နဲ့ခင်မင်ရင်းနှီးသွားရင် မျက်လုံးတစ်ဘက်ဖွင့်အိပ်နေရတဲ့ ဝန်ကလှတ်မယ်ပေါ့၊ ဒါနဲ့ကျုပ်ကို သူ့ကလပ်မှာ သုံးပတ် ဖျော်ဖြေဖို့ ငှားလိုက်တယ်၊ ကျုပ်ကလဲ အပိုင်ပဲဆိုပြီး ကျုပ်ရဲ့ ပွဲကိုယ်စားလှယ်ကို ပုံမှန်ဈေးထက် တစ်ပတ် ထောင်ငါးရာ ပိုတောင်းခိုင်းလိုက်ရတယ်၊ တောန်တွန်က မတုံ့မဆိုင်းထုတ်ပေးပါတယ်'

…ပက်က ကြေနပ်စွာပြုံး၍ ကုလားထိုင်ကို နောက်မှီထိုင် …ိုက်သည်။

'ကျုပ်အဖွင့်ညမှာသူဝင်လာတယ်၊ကျုပ်ကိုလှိုက်လှိုက်လှဲလှဲ …ကြိုး ပြုံးပြုံးပြီး အခုလိုသူ့ကလပ်မှာ လာဖျော်ဖြေခဲ့တဲ့အ…တွက် ဘယ်လောက်ကျေးဇူးတင်ဝမ်းသာပါတယ်ဆိုတဲ့ စကားတွေ ပစ်…တယ်၊ အဲဒီတော့ ကျုပ်ကလဲ ခုလို ကလပ်မှာ တီးမှုတ်ရတဲ့…အတွက် ဝမ်းသာတဲ့အကြောင်း၊ သူနဲ့အချိန်ပြည့်နီးနီး၊ နီးနီး …ပ်ကပ်ရှိနေရတာကို ဝမ်းသာရပါကြောင်း ပြောလိုက်မိတယ်၊ …ျုပ်က ကောင်းကောင်းမွန်မွန်ဘဲ ပြောလိုက်ပါတယ်၊ အဲဒီ …ကိုပြောတဲ့တစ်ချိန်လုံး သူ့ကိုကြည့်နေခဲ့တယ်၊ ကျုပ်မျက်လုံး …ကအရိပ်ကို သူကောင်းကောင်း တွေ့ခဲ့တယ်၊ အဲဒီနောက် …ခုထိ ဆယ်ရက်လုံးလုံးပေါ့ သူ့ကိုတစ်ကြိမ်မှ မဆုံမိတော့ …ဘူး'

'ဒါပဲပေါ့၊ တစ်ခြားဘာများ ပြောစရာရှိသေးလဲ'

'အချက်လေးတစ်ခုတော့ရှိတယ်၊ အဲဒါ အရေးပါချင်မှ …ပါမယ်ထင်တယ်၊ ရှယ်လီမှာ မိတ်ဆွေတစ်ယောက် ရှိခဲ့တယ်၊ …ကယ့်သူငယ်ချင်းပေါ့၊ ကောင်မလေးတစ်ယောက်နာမည်က …နီကိုပက်၊ ရှယ်လီသေပြီးနောက်တစ်နေ့မှာ ကျုပ်ဂျီနီကို …သွားရှာတယ်၊ အဲဒီကိစ္စကို သူအနည်းအများသိမယ်လို့ ကျုပ် …ထင်မိတယ်၊ ရှယ်လီ မသေခင် ရက်ပိုင်းမှာ ရှယ်လီနဲ့သူ …ကောင်းကောင်းစကားပြောဖြစ်ခဲ့မှာပဲလို့ ယူဆမိတယ်၊ သူ့ကို …တော်ရှာခဲ့ရတယ်၊ သုံးရက်လောက်ကြာမှ ပြန်တွေ့တယ်၊ …ဒီတော့လဲ အလကားပဲ၊ သူ ပထမကျုပ်ကို စကားပြော…

www.burmeseclassic.com

www.burmeseclassic.com

တောင် ငြင်းဆန်တယ်၊ နောက်တော့ ပြီးခဲ့တဲ့လက ရှယ်လီကို သိပ်မတွေ့ခဲ့ဘူး၊ ဘာမှမသိဘူးလို့ ဆိုတယ်၊ အဲဒီတစ်ချိန်လုံး သူတစ်ခုခုကိုကြောက်နေပုံရတယ်၊ သူတစ်ခုခု သိနေခဲ့သလိုပဲ၊ ဒါပေမယ့်တစ်ယောက်ယောက်က သူ့ဆီ လက်ဦးရောက်လာပြီး ပါးစပ်ပိတ်ထားအောင် ခြိမ်းခြောက်ခဲ့သလိုပဲ'

'ဘယ်ပြောတတ်မလဲ၊ မင်းအနေနဲ့ကတော့ မစ်ဆ်ညီမကို မင်းယုံကြည်မှုနဲ့ယူဆတဲ့အချက်တွေပဲရှိတယ်၊ စတန်တွန်ကိုစွပ်စွဲစရာ ခြေခြေမြစ်မြစ်ဖြစ်တာ ဘာမှမရှိဘူး'

ကျွန်တော်က စိတ်မဝင်စားဟန် ပြောလိုက်သည်။

'နေပါဦး၊ ရှယ်လီမူးယစ်ဆေးဝါး စွဲနေပါတယ်ဆိုတဲ့စကားမမှန်နိုင်ဘူးဗျာ၊ သူ့နှလုံးက ဒဏ်မခံနိုင်ပါဘူးလို့ ကျုပ်ပြောခဲ့သားပဲ'

ပက်က ဒေါသတကြီးဖြင့် ပြောလိုက်သည်။

'ရှယ်လီနှလုံးရောဂါရှိခဲ့တယ်လို့ မင်းပြောခဲ့တာဟုတ်ဖူး ဒါပေမယ့် အဲ့ဒီစကားကို ထောက်ခံအတည်ပြုဖို့ ဆရာဝန် မပြ နိုင်ဘူး၊ အဲ....နှလုံးရောဂါရှိနေခဲ့ရင်တောင် ဆေးဒဏ်ကို ခံ နိုင်မခံနိုင် မင်းဘယ်လိုလုပ်သိမလဲ၊ အဲဒါဆရာဝန်တွေရဲ့အမြင် လား မင်းရဲ့သီးခြားအမြင်လားပက်၊ ရှယ်လီဆေးသမားဟုတ် ခဲ့ရင်ရော သူ့အလိုလိုဖွင့်ပြောမယ် ထင်လား'

ကျွန်တော်က ခတ်ပြတ်ပြတ်မေးလိုက်သည်။

ပက်၏မျက်နှာ မဲနက်သွားသည်။ ကြမ်းထမ်း ခက်ထန်သွားသည်။



'ခင်ဗျားအသံကို ကျုပ်ကြားပါတယ်ကိုယ့်လူ၊ ဒါပေမယ့် ကျုပ် အနှစ်ချင်လောက်အောင်မှုန်းတဲ့ ဝက်ပုတ်တစ်ကောင် ကျုပ်ရှေ့မှာထိုင်နေတာပဲမြင်တယ်'

သူသည် စားပွဲမှ ထ လိုက်သည်။ တံခါးဝသို့ ခပ်သွက်သွက် လျှောက်သွားသည်။ ခေါင်းငိုက်စိုက်၊ လက်ပြင် ကုန်းကုန်း နှင့်ပင်။ ဘားကောင်တာတွင် ထိုင်နေသည့် ခပ်ထွားထွား လူတစ်ယောက်နှင့် ပခုံးတိုက်မိသွားသည်။ ထိုသူ ခုံပေါ်မှနေ၍ချော်ကျ ကျသွားသည်။

သို့သော် ပက် ဆက်လျှောက်သွားသည်။ ထိုသူကို တိုက်မိသည်ကိုလည်းကောင်း၊ ထိုသူ ခုံပေါ်မှ ပြုတ်ကျသည်ကိုလည်းကောင်း၊ ပက် အလျှင်းသိပုံ မရခဲ့ချေ။

× × ×

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကျွန်တော် အိပ်ပြန်နိုးလာသော အခါတွင် ညနေ ၇-နာရီ ထိုးနေပြီ။ အလ်ဘာတ် တံခါးဖွင့်ပေးပြီး ပျူငှာစွာ ပြုံးပြသည်။

'မင်း အလုပ်ပြန်ဝင်နေပြီကိုး အလ်ဘာတ်'

ကျွန်တော်က နှုတ်ဆက်လိုက်သည်။

'ရှတ်အီးဗနင်းဆရာ မစ္စတာစတန်းတွန် စာကြည့်ခန်းထဲမှာ စောင့်နေပါတယ်၊ သိပ် အရေးကြီးတယ်လို့ ဆိုပါတယ်'

ကျွန်တော် စာကြည့်ခန်းသို့ လျှောက်ခဲ့သည်။ ကျွန်တော် အခန်းထဲသို့ ဝင်လိုက်သည်နှင့် အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေခဲ့သော စတန်တွန် တန့်ခနဲ ရပ်လိုက်သည်။ ကျွန်တော့ကို ဘုကြည့် ကြည့်လိုက်သည်။



'ခင်ဗျား ဘယ်တွေ လျှောက်သွားနေတာလဲ ဟိုလ်မန်း၊ ကျုပ် အသတ်မခံရအောင် ကျုပ်ကို ကာကွယ်ဖို့ ခင်ဗျားအချိန်ပြည့် အနားမှာ မရှိရင် ဘယ်လိုလုပ် လူသတ်သမားကို ဟန့်တားမလဲ'

စတန်တွန်က အသည်းအသန် လှမ်းဟစ်လိုက်သည်။

'ခင်ဗျား ယိုထင်ကြောင်ထင် ထင်နေတဲ့ သူတွေ ခင်ဗျားကို တကယ် သတ်စရာ အကြောင်း ရှိမရှိ ကျုပ် တစ်နေကုန် လိုက်စုံစမ်းနေရတာဗျ၊ အဲဒီလို သွားစုံစမ်းဖို့က ခင်ဗျားအကြံ နာမည်တွေ လိပ်စာတွေ ခင်ဗျားပဲ ပံ့ပိုးလိုက်တာကို မှတ်မိသေးရဲ့လား'

ကျွန်တော်က တုံ့ပြန် အော်လိုက်သည်။

စတန်တွန်က နှာခေါင်းရှုံ့၍ ပြောလိုက်သည်။

ကျွန်တော့လက်ထဲသို့ စာအိတ် တစ်အိတ်ထိုးထည့်ပေးလိုက်သည်။ ၎င်းစာအိတ်ပေါ်တွင် ခရစ်ပင် စတန်တွန်၊ [illegible] ဟုပင် လိပ်မူထားသည်။

ကျွန်တော်သည် စာအိတ်ထဲမှ စာရွက်ကို ထုတ်၍ ဖတ်ရှုလိုက်သည်။

'နောက်တစ်ကြိမ် ပလပ်စတစ် ကျည်တွေ မဟုတ်ဘူး စတန်တွန်၊ ခဲပူတွေ ဖြစ်လိမ့်မယ်၊ သိပ်မစောင့်ရတော့ပါဘူး၊ ဘယ်လိုနေလဲ'

စတန်တွန် ဆွေ့ဆွေ့ခုန်နေခဲ့သည်။ ကျွန်တော့စာကို ပြန်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ တွေ့လား၊ ကျုပ်ငွေ ကျုပ်အချိန်ကို ခင်ဗျားလျှောက်ဖြုန်းနေတော့ဘာဖြစ်တယ်ဆိုတာကို သောက် ခြိမ်းခြောက်စာတစ်စောင် ရောက်လာပြန်ရတယ်'

စတန်တွန်က ငိုညည်းတော့မည် အသံဖြင့် ဆိုလိုက်သည်။

'ဒီစာကို ဘယ်က ရလဲ'

'ကျုပ်ရဲ့ သီးသန့် ရေချိုးခန်းထဲက အိမ်သာအိုးပေါ်က ရတာဟိုလ်မန်း၊ လူတစ်ယောက်ဟာ ကိုယ့်အိမ်သာထဲမှာတောင် လုံခြုံမှု မရှိရင်'

'ခင်ဗျား ဆိုလိုတာကို ကျုပ် သဘောပေါက်ပါတယ်၊ ခင်ဗျား ဒီညနေ ရုံးက ပြန်လာတော့ ဒီစာက အိမ်သာအိုးပေါ်မှာ ရှိနေခဲ့တယ်ပေါ့'

ကျွန်တော်က စာနာရိပ် အသင့်နိုင်ဆုံး ဖြစ်အောင် လေသံဖမ်း၍ မေးလိုက်သည်။

'အမှန်ပဲ ဒီစာကို ဘယ်သူ အဲဒီပေါ်တင်ခဲ့သလဲ၊ အဲဒါကို ကျုပ် သိချင်တယ်'

စတန်တွန်က ကယောင်ချောက်ချားဟန်ဖြင့် သူ့ဆံပင်ကို ဆုတ်ဖွလိုက်သည်။

'ဒါ အတွင်းလူ လက်ချက်ဖြစ်မှာပေါ့ အိမ်ဖော်တစ်ဦးဦး အလ်ဘတ်လား၊ ဂျူဒီလား၊ စားဖိုမှူးလား ဘယ်သူ ဖြစ်မလဲ'

ကျွန်တော်က နှိုင်းနှိုင်းဆဆ ပြောလိုက်သည်။

'ပေါက်ကရတွေ မပြောမနေနဲ့ဟိုလ်မန်း၊ အလ်ဘတ်တို့ဂျူဒီတို့ ကျွန်တဲ့လူတွေက ကျုပ်ကို ဘာလို့ သတ်ချင်ရမှာလဲ'



စတန်တွန်က ကျွန်တော့ကို အရှုံးကြည့်၊ ကြည့်၍ ပြောလိုက်သည်။

'အဲဒီ အဖြေကိုတော့ ခင်ဗျားက ကျုပ်ထက် ပိုသိရမှာပေါ့ ဒါပေမယ့် အိမ်ဖော်တစ်ယောက်က စာတွေချနေတာနဲ့ခင်ဗျားကို လုပ်ကြံဖို့လူ ဖြစ်တယ်လို့ တပ်အပ်ပြောလို့ မရဘူး၊ အပြင်က လူတစ်ယောက်အတွက် လာဘ်စား အကျိုးဆောင်ပေးနေတာ ဖြစ်နိုင်တာပဲ မဟုတ်လား'

ကျွန်တော်က ဆိုလိုက်သည်။

စတန်တွန်က ကျွန်တော့ကို မျက်မှောင်ကုပ်ကြည့်ရင်း တစ်အောင့် ငြိမ်သွားသည်။ ထို့နောက် တုံ့ဆိုင်းဆိုင်းသဘောတူလိုက်သည်။

'ဖြစ်နိုင်ပါတယ်၊ ကျုပ် သူတို့အားလုံးကို ဒီထဲ စုခေါ်လိုက်မယ် ခင်ဗျားက အကြမ်းဖက်ပြီး သူတို့ဆီက ဝန်ခံစကား မထွက်မချင်း စစ်တော့ဗျာ'

'ကျုပ် ဒါထက် ကောင်းတဲ့ အကြံရထားတယ်၊ စတန်တွန် ညှော်ခန်းထဲ သွားပြီး အရက် တစ်ခွက်လောက် အေးအေးဆေးဆေး သောက်လိုက်ကြရအောင် ခင်ဗျားဟာ စူလတန်အနေနဲ့ အင်မတန်အစွမ်းထက် ကောင်းထက်ပေမယ့် စုံထောက်အနေနဲ့တော့သောက်သုံးကို မကျဘူး၊ အဲဒီစာတွေကို အိမ်ဖော်တစ်ယောက်ယောက်က ချနေခဲ့ရင် ကင်းထောက်လှုံယ်လေးတစ်ဦးကို မှားပါတယ်လို့ ဝန်ခံမှာ မဟုတ်ဘူး၊ အလစ်သမားကို ဖမ်းသလိုဖမ်းမှ ဖြစ်မှာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က စတန်တွန်ကို အတော် စိတ်ကုန်ဟန်ဖြင့် ပြောလိုက်သည်။

'ကျေးဇူးပါပဲ ပါမောက္ခကြီး ဟိုလ်မန်း'

စတန်တွန်က ငေါ့တော့တော့ ဆိုလိုက်သည်။ ကျွန်တော့ကို လက်သီးစာ ကြွေးတော့မည်လားဟု တဇက် ထင်မိလိုက်သည်။

'တောက် ခင်ဗျားကို ငွေကုန်ကြေးကျခံပြီးဒီအထိအရောက် ခေါ်မိတာကို ကျုပ် ရင်ထုမနာ ဖြစ်လာပြီ'

စတန်တွန်က မျက်စေ့စုံမှိတ်၍ ညည်းတွားလိုက်သည်။

'ခင်ဗျား ကိုယ်ပိုင်ငွေတော့ ကုန်ကျခံပြီး ခေါ်တာရော သေချာရဲ့လား၊ ခင်ဗျား ရဲ့ ရှယ်ယာဝင်ဆီက ရိတ်ထားတဲ့ ငွေငါး သောင်းထဲက ခေါ်တာတော့ မဟုတ်ပါဘူးနော်'

ကျွန်တော်က အေးစက်စွာ မေးလိုက်သည်။

စတန်တွန် မျက်လုံးများ ကျယ်သွားသည်။ ထက်ထက်သန်သန် အံ့ဩမှုကို ပြုံးလိုက်သည်။

'ဟာ... ခင်ဗျား ကျုပ်အကြောင်း မုသားစကားတွေ ကြားလာပြီပေါ့ ဟုတ်လား'

သူသည် မြူးကြွကြွ ခြေလှမ်းများဖြင့် တံခါးမပေါက်သို့ လှမ်းသွားသည်။

'ကျုပ်တို့ သော်ခန်းထဲမှာ အရက်သောက်ရအောင် အရက်သောက်ရင်း အဲဒါလေးတွေကို ပြောပြပေါ့ဗျာ ဟုတ်လား ကိုယ့်လူ'



'ကိုယ့်လူ ဟုတ်လား၊ ကျုပ်က ခင်ဗျားငွေတွေကို လိမ်ညာယူထားတဲ့ သောက်သုံး မကျတဲ့ကောင် ဆိုတာ မေ့သွားပြီလား'

ကျွန်တော်က ခပ်တည်တည် မေးလိုက်သည်။

စတန်တွန်က ကျွန်တော့ပခုံးကို ဖက်လိုက်သည်။ ချိုရွှင်သော မျက်နှာလေးနှင့် တံခါးဝဘက်သို့ ဆွဲခေါ်လိုက်သည်။

'ကျုပ် စိတ်လှုပ်ရှားနေတုန်း ပြောတာတွေကို အလေးအနက် မထားပါနဲ့ဗျာ'

စတန်တွန်က သဘောကျစွာရယ်ရွှင်း ပြောလိုက်သည်။

ကျွန်တော်တို့ဧည့်ခန်းထဲသို့ဝင်ရောက်သွားသည်။ ကျွန်တော်သည် အနီးဆုံးဆိုဖာပေါ်ကုပ် ခြေပစ်လက်ပစ်ထိုင်ချလိုက်လေသည်။ စတန်တွန်ကလည်း နံရံပေါ်မှ ခလုတ်တစ်ခုကိုနှိပ်လိုက်သည်။ အုလ်ဘတ်သည် စင်္ကြန်ပိုင်းအတွင်းမှာပင် တံခါးဝတွင် ပေါ်လာသည်။

'မစ္စတာဟိုလ်မန်းအတွက် ဗော့ဒ်ကာတစ်ခွက်၊ ငါ့အတွက် ဗော့ဒ်ကာတစ်ခွက်'

စတန်တွန်က ချင်မြူးစွာ ပြောလိုက်သည်။

'ဟုတ်ကဲ့ဆရာ'

'သား...ဒါနဲ့အလ်ဘတ်'

ဟုတ်ကဲ့ဆရာ'

'မင်း အဲ...ငါ့အိမ်သာအိုးဖုံးပေါ် ဘာမှမတင်ခဲ့ပါဘူးနော်'

www.burmeseclassic.com

www.burmeseclassic.com



အလ်ဘာတ်ဟ သူ့ကို ဆယ်စက္ကန့်နီးပါးမျှ ကြောင်ကြည့်လိုက်သည်။

'ဟိုဟာပေါ့၊ မင်းအိမ်သာဖုံးပေါ်မှာ မတော်တဆ ဘာမှ မတင်ခဲ့ဘူး ဟုတ်လား'

စတန်တွန်က အနေကြပ်သွားပုံဖြင့် ပြောလိုက်သည်။

'ဘယ်လိုဟာမျိုးလဲဆရာ၊ နှင်းဆီနီတစ်ဆုပ်လား'

အလ်ဘာတ်က အေးစက်သောအသံနှင့် မေးလိုက်သည်။

'မဟုတ်ပါဘူး၊ ဘာမှမဟုတ်တော့ပါဘူး၊ ငါ စိတ်ရှုပ်ထွေးနေပုံရတယ်'

စတန်တွန်က ဗလုံးဗထွေးပြောလိုက်သည်။

အလ်ဘာတ်အခန်းထဲမှထွက်သွားသည်နှင့် ကျွန်တော်သည်းသံပြုလိုက်မိသည်။ စတန်တွန်က ကျွန်တော့ကို ခပ်တင်းတင်း မြှုံကြည့်လိုက်သည်။

'ခင်ဗျားကို အခပေးထားတဲ့အလုပ်ကို ခင်ဗျားလုပ်ခဲ့ရင် ကျုပ် ခုလိုအဆက်ရှူးဖြစ်မှာမဟုတ်ဘူး'

'ခင်ဗျားလို ဖြုတ်ဦးနှောက်နဲ့လူက ထုတ်ဝေသူလုပ်နေတာ နှမြောစရာပါ၊ တစ်ကယ်-တစ်ကယ်၊ ခင်ဗျားတီဗီမှာတက်ပြီး လူပျက်လုပ်သင့်တယ်'

ကျွန်တော်ကရယ်သံကို မနည်းအုပ်ထားရသည်ပုံဖြင့် ပြောလိုက်သည်။

အလ်ဘာတ်က အရက်ခွက်များဖြင့် ပြန်ရောက်လာသောကြောင့်သူ့ကိုတုံ့ပြန်ခွင့်မရလိုက်ချေ။ အလ်ဘာတ်ပြန်ထွက်သွား



သောအခါတွင်စတန်တွန်သည် ကျွန်တော့ဘက်သို့ပြန်လျှောက်လာပြီး ဆိုဖာပေါ်တွင် ယှဉ်ထိုင်လိုက်သည်။

'ခင်ဗျားသူတို့အားလုံးကိုတွေ့ခဲ့ရဲ့လား၊ ကျုပ်အကြောင်း ဘာပြောလိုက်ကြလဲ၊ မလ်လီဆာရော ခင်ဗျား စံချိန်ချိုးဖြစ်ခဲ့လား'

စတန်တွန်က ထက်ထက်သန်သန် မေးလိုက်သည်။

'ဘာလိုဗျ စံချိန်'

ကျွန်တော်ဆတ်ဆတ်ခြင်ခြင် မေးလိုက်သည်။

'ဗီရိုတံခါးဖွင့်လိုက်ရင် ဘယ်သူများထွက်လာမယ်လို့ ဘာစ် ထိတ်ထိတ်ဖြစ်နေရတယ်၊ ကျုပ်တို့ အိမ်ထောင်သက် ၆ လ အကြာမှာတော့ အချိန်ပြည့်ကျုပ်ခြေဖျားထောက် လျှောက်နေရတဲ့ကိန်းဆိုက်ခဲ့တယ်၊ ပုန်းနေတဲ့သူတစ်ယောက်ယောက်ကို နင်းမိမှာစိုးလို့၊ ကျုပ်ကိုသတ်ဖို့ ကြံနေတဲ့သူက မလ်လီဆာလား'

'မလ်လီဆာမဟုတ်ပါဘူး'

ကျွန်တော်က မှန်မှန်ကန်ကန်ပြောလိုက်သည်။

'ဒါပေမယ့် သူနောက်အိမ်ထောင်ပြုဖို့ ကြံနေတယ်မဟုတ်လား၊ သူ့နောက်လူကကျုပ်ထက်အသက်အာမခံကို မျက်စိကျနေနိုင်တယ်'

စတန်တွန်က ဆိုလိုက်သည်။

'မလ်လီဆာက အခုလိုအနေအထားနဲ့ နောက်အိမ်ထောင်ပြုဖို့စဉ်းစားလိမ့်မယ်လို့ ကျုပ်မထင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဒါပေမယ့် မိန်းမတွေနဲ့ပတ်သက်ရင် ပြောရ ခက်သား၊ မေယာရော မေယာကို တွေ့ခဲ့လား'

စတန့်တွန်က ဆက်မေးလိုက်သည်။

'တွေ့ခဲ့ပါတယ်၊ သူရော သူ့စာရင်းထိန်းချာလီရော၊ သူ့သက်တော်စောင့်လယ်ရီရော၊ ခင်ဗျားငွေငါးသောင်းလောက် ရိုက်ထားတာကို သူတို့သိရှိတဲ့ပုံနဲ့ အဲဒီစာရင်းရှင်းဖို့ ခင်ဗျားကို ဘယ်လိုအခွင့်အရေးပေးထားတယ်ဆိုတာကို ပြောပြခဲ့တယ်'

'သူတော်တော် တော်တယ်၊ ဒါပေမယ့်သူ့စကားကအလိမ်အညာတွေ သက်သက်ပါ၊ ဝါရှင်းဇယားက သူ့ကို မှောက်ကမ ဖြစ်အောင် သူ့လူချာလီက လုပ်လိုက်တာ၊ တကယ့် စာရင်းစစ်ဝင်ရင် အဲ့ဒါတွေပေါ်လာမှာပါ၊ ဒါပေမယ့်ကျုပ်အဲဒီလို တကယ့်စာရင်းစစ်ကိုခေါ်ရဲတဲ့သတ္တိမရှိဘူးလို့ မေယာက ယူဆတယ်၊ အစကတည်းက သူ့ကိုကြောက်တဲ့အပြင် သူ့သက်တော်စောင့်အရူးရဲ့လက်သံကို ကျုပ်ခံရဲမှာမဟုတ်ဘူးလို့ တွက်မိပုံရတယ်'

စတန့်တွန်က ခေါင်းတခါခါဖြင့် ဆိုလိုက်သည်။

'ခင်ဗျား မကြောက်ဘူးပေါ့'

ကျွန်တော်က မေးလိုက်သည်။

'ဟ... အဲ့ဒီ နှစ်ချီးလူကို ဘာလို့ကြောက်ရမှာလဲ၊ လွန်ခဲ့တဲ့ တစ်ခေတ်ကတုန်းက ကျူနီမေယာက တကယ့် ထိပ်တန်းဂိုဏ်းခေါင်းကြီးဖြစ်နေတုန်းကတော့ တစ်မျိုးပေါ့၊ အခုတော့ သူက ဘာလဲ၊ စိတ်ကူးယဉ်ကမ္ဘာထဲမှာ အသက်ရှင်နေတဲ့ အိုနာကျိုး



ကန်၊ အဖိုးကြီးတစ်ယောက်ပဲ၊ အဲဒီ အိပ်မက်ကမ္ဘာထဲမှာသာ သူ့ဘာသာသူ ဟုတ်နေတာ'

စတန့်တွန်က နှာခေါင်းရှုံ့ပြောလိုက်သည်။

'ခင်ဗျား အဲဒီလို ယူဆနေရင်တော့ ခင်ဗျားဘဝရဲ့ အကြီးဆုံး အမှားတစ်ခုကို ကျူးလွန်ရာရောက်သွားမယ်၊ သူ့ ဩဇာ အများကြီးရှိသေးတယ်'

စတန့်တွန်သည် သူ၏ [illegible] ဖြည်းဖြည်း သောက်ပြီး ကျွန်တော့်ကို စိတ်ကုန်ဟန် ကြည့်လိုက်သည်။

'ဒါဖြင့် မေယာက ကျုပ်ကို လုပ်ကြံဖို့ စီစဉ်နေတယ်လို့ ခင်ဗျား ယူဆသလား'

'မပြောတတ်ဘူး.... ခင်ဗျားကိုသတ်ဖို့ မလိုဘူးလို့ သူကဆိုတာပဲ၊ ခင်ဗျားဆီက လိုချင်တာကို ခင်ဗျားကိုမသတ်ပဲ လွယ်လွယ်ကူကူရနိုင်တယ်လို့ ဆိုတယ်၊ သူပြောတာလဲ ကြောင်းကျိုးဆီလျော်ပါတယ်၊ ခုကိစ္စမှာ ခင်ဗျားကလိမ်လိမ် သူကလိမ်လိမ် ခင်ဗျားရဲ့ကလပ်ကို အသက်ဝင်နိုင်တဲ့အချိန်ထိတော့ ခင်ဗျားကို သူ အသုံးလိုနေမှာပဲ'

'ကောင်းပါလေ.... ခင်ဗျားပြောမှ ဈေးတွက် တွက်သလို ရှင်းသွားတာပဲ၊ မေယာက အမိန့်ပေးလိုက်ရင် ကျုပ်နောက်ကို လူဆိုးတစ်ယောက်စေလွှတ်လိုက်ပြီး အပြောက်ရှင်းလိမ့်မယ်၊ ဒါပေမယ့် ကျုပ်လက်ထဲကနေ ကျုပ်ရဲ့ကလပ်ကို မရမချင်း ကျုပ်ကို ဘာမှ လုပ်မှာမဟုတ်ဘူးပေါ့ ဟုတ်လား'

စတန့်တွန်က စိတ်ပျက်စွာ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ခင်ဗျား သူ့ကို ပါတနာအဖြစ် လက်မခံခင်က ခင်ဗျား ဟိုမေး ဒီမေးလုပ်ခဲ့မှာပေါ့၊ လမ်းထောင့်မှာရပ်နေတဲ့သူတိုင်း သူ့ အကြောင်းတစ်ခုခုတော့ ပြောနိုင်မှာပဲ၊ လုံလုံခလောက် လောက် တစ်ခုခု ပြောနိုင်ခဲ့မှာပဲ'

ကျွန်တော်က တွေးတွေးဆဆ မေးလိုက်သည်။

စတန်တွန်က ရှေ့သွား အားလုံးပေါ်အောင် မချိုပြုံး ပြုံးလိုက်သည်။

'ကျုပ်က ငွေလိုနေခဲ့တာကိုး၊ သူ့ဆီကလွဲလို့ ဘယ်မှ သွားစရာမရှိခဲ့ဘူး'

ကျွန်တော် ဘောဘွန် ဘူစ်ငုံသောက်လိုက်သည်။

'ထားတော့ကွာ၊ ဒီမေယံလို ဟို-ထရမ်းပက်မှုတ်တဲ့သူရော သူနဲ့ စကားပြောဖြစ်ခဲ့လား'

BURMESE CLASSIC .com

စတန်တွန်က မေးလိုက်သည်။

'ကျုပ် ပက်ဆပ်ဘက်စ်တီနီးနဲ့ စကားပြောဖြစ်ခဲ့ပါတယ်၊ သူ့ညီမဟာ ဘယ်တုန်းကမှ ဆေးမစွဲခဲ့ဘူးတဲ့၊ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ခင်ဗျားလိမ်ခဲ့တယ်တဲ့၊ ရှယ်လီကို ခင်ဗျားအလုပ်ထုတ်ပယ်လိုက်တဲ့ အဓိကအကြောင်းက ခင်ဗျား ရွှေစံအိမ်တော်ကြီးမှာ ခင်ဗျားနဲ့ ရွှေလက်တွဲ ချစ်ပွဲမဝင်ခဲ့လို့တဲ့၊ သူ့ ဘဝ တစ်လျှောက်လုံး နှလုံးရောဂါသင့်လာခဲ့သော အကြောထဲကို မူးယစ်ဆေးဝါး ထိုးသွင်းတဲ့အဆင့်ထိ ရောက်လောက်အောင် သူ့နှလုံးက ခံခဲ့မှာမဟုတ်ဖူးတဲ့'

ကျွန်တော်က ပြောလိုက်သည်။



'သောက်ရူးတစ်ကောင်တော့ ထိုးပြန်ပြီး လုပ်စမ်းပါဦး.... နောက် ဘာတွေပြောသေးလဲ'

စတန်တွန်က ရှင်မြူးစွာ ဆက်ပြောလိုက်သည်။

သူ့ညီမဟာ သိပ်ပြီးတော့ သေရမှာကို သိပ်စိုးရိမ်တဲ့သူ၊ အသက်ရှင်ဖို့ ဆန္ဒသိပ်ပြင်းခဲ့တယ်၊ ဆရာဝန်ကိုပြခဲ့ရင် ရောဂါကို အသိအမှတ်ပြုရာရောက်မှာမို့ ဆရာဝန်ကိုတောင် မပြခဲ့ဖူး၊ အဲဒီလိုလူစားက ဘယ်လိုလုပ်ပြီး သူ့အသက်သူ လုပ်ကြံပါ့မလဲတဲ့'

'ခင်ဗျားက ဘယ်လိုယူဆသလဲ ဟိုလ်မန်း....သူ့စကားမှန်တယ်လို့ ယူဆသလား'

စတန်တွန်က ဖန်ခွက်လွတ်ကို လှည့်ကစားရင်း မေးလိုက်သည်။

'သူ့စကားကို ကျွန်းကန်ပေးစရာအချက်တစ်ချက်မှမရှိဘူး၊ သူ့အမြင် သူ့ရှုထောင့်ကနေတော့ သူမှန်ကောင်း မှန်နေနိုင်တယ်၊ သူ့ညီမကို သူ အဲဒီလိုပဲ မြင်ခဲ့တယ်၊ အဲဒီလိုဖြစ်အောင်လဲ သူ့ညီမက သူ့ရှေ့မှာ ဘယ်လောက် ထိန်းထိန်းသိမ်းသိမ်း နေခဲ့လဲ မသိဘူး'

ကျွန်တော်က ဖြည်းလေးစွာ ပြောလိုက်သည်။

'ဖြစ်နိုင်တာပဲ'

စတန်တွန်က စိတ်မဝင်စားဟန် ရေရွတ်လိုက်ပြီး ဆက်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဖြေ ဒေါ် လာတန်ဒ်မေးခွန်းကို ဆိုစမ်းပါဦး ဟိုလ်မန်း—ပက်က ကျုပ်ကို သင်္ချိုင်းကုန်းပို့ဖို့ ကြိုးစားနေတဲ့သူ ဖြစ်နိုင်သလား'

'ဖြစ်နိုင်တာပဲ....လွန်ခဲ့တဲ့ ငါးနှစ်က သူ ထရမ်းပက်ထဲကို ကော်ဖီပူပူ လောင်းထည့်လိုက်တဲ့ အရက်သမားကို သေလုမျောပါး ရိုက်ထည့်ခဲ့တာပဲ၊ ခင်ဗျားကို သတ်စရာအကြောင်းနဲ့ ထောက်ရင်တော့ ခင်ဗျားကို လွယ်လွယ်ကူကူ သတ်ဖို့ပဲ၊ သူ စကားပြောတာကို ကျုပ်နားထောင်ရင်း သူ့ သဘောထားကို သဘောပေါက်လာတယ်၊ သူ့ အတွက် သူ့ရဲ့ ဂီတကသာ ဘဝ၊ လောက၊ ကျန်တာတွေက အပယိကတွေပဲ'

'ကောင်းပါ့....ကောင်းပါ့၊ ဆက်ပြောပါဦး ဟိုလ်မန်း'

စတန်တွန်က တောက်ပသော မျက်လုံးများဖြင့် ဆိုလိုက်သည်။

ပက်က ရှယ်လီအတွက် ကလဲ့စားချေဖို့ စိတ်အားထက်သန်နေတယ်၊ ဒါပေမယ့် ရှယ်လီအတွက် သူ ဆွေးနေတာတော့ မဟုတ်ဘူး၊ အဲဒါ အလေးထားလောက်တယ် ထင်တယ်၊ စိတ်ကူးယဉ်ကမ္ဘာထဲမှာ လောကအတွက် နေရာမရှိဘူး၊ လက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေအတွက်ပဲ နေရာရှိတယ်၊ ကလဲ့စားချေမှု၊ မုန်းတီးမှုလိုဟာမျိုးတွေအတွက်ပဲ စိတ်ကူးယဉ်လောကထဲမှာ လူတစ်ယောက်ဟာ ဖြစ်ချင်တာကို ဖြစ်လို့ရတယ်၊ ဧကရာဇ်ကြီးဖြစ်ချင်လား၊ သူရဲကောင်းဖြစ်ချင်လား၊ ပါရမီရှင် ပညာရှင်ကြီးဖြစ်ချင်သလား၊ ပါရမီရှင် ပညာရှင်ကြီး တစ်



ယောက်အတွက်တော့ လူသတ်မှုတစ်ခု စီစဉ်ရတာ အင်မတန် လွယ်ကူတဲ့ကိစ္စ ဖြစ်မှာပေါ့'

ကျွန်တော်က ပြည်းလေးစွာ ပြောလိုက်သည်။

စတန်တွန် ခုန်ထလိုက်သည်။ ကျပ်မပြည့်သူ တစ်ဦးကဲ့သို့ ပြည့်ပြည့်ကြီး ပြုံးလျက် ကျွန်တော့်ကို ငုံ့ကြည့်လိုက်သည်။ စတန်တွန် လက်မခံနိုင်တော့သောကြောင့် ရုတ်တရက်များ စိတ်ဖောက်ပြန်သွားပြီလားဟု ကျွန်တော် ထင်မှတ်လိုက်မိသည်။

'ဟိုလ်မန်း၊ သူငယ်ချင်း ခင်ဗျားကို မတရားပေးရတဲ့ အခကြေးနဲ့ တစ်ပြားမကျန် ထိုက်တန်ပါတယ်၊ ခင်ဗျားဟာ တကယ့် ပညာရှိတစ်ယောက်ပဲ'

စတန်တွန်က စိတ်လှုပ်ရှားစွာ ဆိုလိုက်သည်။

'ခင်ဗျား အရက်နောက်တစ်ခွက်လောက်သောက်ဖို့ လိုနေပြီမှတ်တယ်'

ကျွန်တော်က နှိုင်းနှိုင်းချင့်ချင့် ပြောလိုက်သည်။

'ခင်ဗျား အံ့သြသွားစေမယ့် အချက်တစ်ခုရှိတယ်၊ ကျုပ်လဲ ကျုပ်နည်း ကျုပ်ဟန်နဲ့ ပညာရှိပဲ'

စတန်တွန်က ခပ်ကြွားကြွား ပြောလိုက်သည်။

'ကောင်းတာပေါ့ဗျာ၊ အဲဒါဆို ကျုပ်တို့အားလုံး ပညာရှိတွေ ဖြစ်သွားကြတာပေါ့၊ ဒါပေမယ့် ပညာရှိတွေ ဖြစ်သွားတာနဲ့'

ကျွန်တော်က မရေမရာ ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် ဒီညနေက တတိယစာကို မကောက်ရတော့ ကျုပ်ကို ကျုပ် မေးလိုက်တယ်၊ ဒီကိစ္စ ဘယ်လောက်ကြာကြာ ဆက်နေဦးမလဲ'

စတန်တွန်က ဇာတ်ဟန်ပါပါ ပြောလိုက်သည်။

'အဲဒီမေးခွန်းကို ခင်ဗျား ဘယ်လို ပြန်ဖြေလိုက်သလဲ'

ကျွန်တော်က အင်မတန် ထက်မြက်သော အကြောင်းရင်းကို ကြားလိုက်ရသကဲ့သို့ ရှင်ပျစွာ မေးလိုက်သည်။

'အဲဒီမှာတင် ကျုပ် ဆုံးဖြတ်လိုက်တယ်၊ ကိုယ့်လူ၊ ဒီကိစ္စ အခုချက်ချင်း ရပ်တန့်ကာ ရပ်ဖို့လိုတယ်၊ ကျုပ် အစီအစဉ်တစ်ခု စဉ်းစားဖို့ စာကြည့်ခန်းထဲ ဆင်းလာခဲ့တယ်၊ အဲဒီမှာ ပညာပါရမီက အစွမ်းပြပေတော့တာပဲ၊ ကဲ...အံ့ဩစရာရဲ့ဒုတိယပိုင်းကို ကျုပ် ပြောရမယ်၊ ကျုပ်တို့ ဒီညပါတီ တစ်ပွဲ ကျင်းပမယ်'

စတန်တွန်က ဆက်ပြောလိုက်သည်။

'စာကြွင်းသောက်ကြွ ပျော်ရွှင်ကြဆိုတဲ့ မူနဲ့လား၊ ကျုပ် သိပ် တက်ကြွမှု မရှိရင် ကျုပ်ကို ခွင့်လွှတ်ပါဗျာ'

ကျွန်တော်က စိတ်ပျက်စွာ ပြောလိုက်သည်။

စတန်တွန် ဟက်ဟက်ပက်ပက်ကြီး ပြုံးလိုက်ပြန်သည်။ ကြံ တစ်ကြိမ်တော့ မှန်သော စကားကို၊ အရူးပါးစပ်က ဒါရိုက်ကြားရမတော့မည်မှန်း သဘောပေါက် လိုက်သည်။

'ခင်ဗျား နားမလည်ဘူး၊ ပါတီပွဲတစ်ပွဲ ကျင်းပမည်ဆိုရင် လူတွေ အများကြီး လိုတယ်၊ မိန်းမတွေလိုတယ်၊ ဂီတလိုတယ်၊ အရေးပါ အရာရောက်တဲ့သူတွေ လိုတယ်၊ နောက် ပွဲသိမ်းစရာ အကွက်ကောင်းကောင်းလိုတယ်'

BURMESE CLASSIC .com



စတန်တွန်က လေသံအေးဖြင့် ဆက်ပြောလိုက်သည်။

'အဲဒါတွေအားလုံး ခင်ဗျားရဲ့ စာကြည့်ခန်းထဲမှာ ကြံဆတွေးတော ဆောင်ရွက်လိုက်သလား'

'ဒါပေါ့ ကျုပ်က စလတန် မဂ္ဂဇင်းရဲ့ စူလတန် အလကား ဖြစ်နေတာ မဟုတ်ဘူး၊ ခင်ဗျား သဘောပေါက်တယ် မဟုတ်လား၊ ပါတီပွဲကို ပျော်ပျော်ပါးပါးကြီး ကျင်းပဖို့ ညှိမယ် တစ်ခုထက်ထက်သန်သန်လာနေကြပြီ၊ ငြိမ့်ငြိမ့်ညောင်းညောင်း တေးဂီတ တီးခတ်ဖို့ သုံးယောက် အဖွဲ့တစ်ဖွဲ့ကို စုစည်းနေပြီ၊ အရေးပါ အရာရောက်တဲ့ သူတွေကို ဖိတ်ခေါ်ထားတယ်၊ တစ်ယောက်မှ မလာဘူးလို့ မငြင်းဘူး၊ အားလုံး လာကြလိမ့်မယ်၊ ကျုပ်ရဲ့ မယားဟောင်း မယားချောကြီး မလ်လီဆာဂျစ် လီတာရဲ့ အိမ်ခရှေ့မင်းသား မာဘာ ပက်ဆစ်ဘက်စ်တိန်း ကိုယ်တိုင် အမြဲတစေ အေးအေးချမ်းချမ်း နေသိုင်တတ်တယ်ဆိုတဲ့ ကျုပ်ရဲ့ လုပ်ငန်း ပါတနာကြီး ကျော်နီမဲယာနဲ့ ကျုပ်ရဲ့ အယ်ဒီတာချုပ်ကြီးကလည်း တစ်ကြိမ်တစ်ခါတော့ဖြင့် အငှားမယ်တွေနဲ့ ပျော်ပျော်ပါးပါး ပွဲနွှဖို့ လာပါ့မယ်လို့ ကတိပြုလိုက်တယ်'

စတန်တွန်က ကျွန်တော့ထံမှ အတော့်အပြန် မျှော်စောင့်နေသကဲ့သို့ ကြည့်လိုက်သည်။

ကျွန်တော်က သူ့အကြိုက် မလေး ဟုတ်ရဲ့လားဖြင့် အစချီလိုက်ပြီး သူတို့အားလုံးလာအောင် ဘယ်လိုများ မက်လုံးပေးခေါ်လိုက်သလဲ ဆိုသော စကားဖြင့် နိဂုံးချုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက လွယ်ပါတယ်၊ အဲဒီမှာ ပါတီ သိမ်းကွက်က အရေးပါသွားတာပေါ့၊ ကျုပ်ကို ဘယ်သူ ခြိမ်းခြောက်နေတယ်၊ ဘာကြောင့် ခြိမ်းခြောက်နေတယ်ဆိုတာကို သက်သေပြနိုင်ကြောင်း သူတို့ တစ်ယောက်ချင်းကို ပြောလိုက်တယ်၊ ကျုပ်ကို လုပ်ကြံ သတ်ဖြတ်ဖို့ ကြိုးစားနေတဲ့သူဟာ ညစ်ခံပွဲမှာရှိမယ် အချိန်တန်ရင် မျက်နှာဖုံး ခွာပြပါ့မယ်လို့ ကျုပ်က ကတိပေးခဲ့တယ်'

စတန်တွန်က ဝင့်ဝင့်ကြွားကြွား ပြောလိုက်သည်။

'စောစောက ကျုပ် ပက်ဆစ်ဘက်စ်တိန်းရဲ့ စိတ်ကူးယဉ်လောကနဲ့ သိပ် ပူးကပ်သွားမိတယ် ထင်တယ်၊ ကျုပ် မတ်မတ်ထိုင်ပြီး လက်ဖျောက်တီးလိုက်ရင် ခင်ဗျား ပျောက်သွားမယ်ထင်လား'

ကျွန်တော်က ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

'ခင်ဗျား ဘာမှ ပူစရာ မလိုပါဘူးကိုယ့်လူ၊ ကျုပ်အသေးစိတ် အနုစိတ်အားလုံး တွက်ချက်ပြီးပြီ'

စတန်တွန်က ညစ်ညင်သာသာ ပြောလိုက်သည်။

'ဒါဖြင့် ကျုပ်ကို ပြောပြစမ်းပါအုံး'

ကျွန်တော်က စိတ်တိုတိုနှင့် မောက်လိုက်သည်။

'ကျုပ် ပထမ အရက် တစ်ခွက် မှာလိုက်အုံးမယ်'

သူသည် နံရံပေါ်မှ ခလုတ်ကို နှိပ်လိုက်သည်။ ထို့နောက် တမြတ်တနိုး ကြည့်နေလိုက်သည်။

'ကျုပ် ဒီအိမ်ကို ဝယ်တော့ ပထမဆုံးအဲဒီ မွမ်းမံမှုလုပ်လိုက်တယ်၊ အခန်းတိုင်း အခန်းတိုင်းမှာ လူခေါ်ခလုတ် ဆင်လိုက်



တယ်၊ ခင်ဗျား ကျုပ်ရဲ့အိမ်ဘယ်နေရာ ရောက်နေနေ တော်ပြတ်လို့တော့ မသေဘူး'

'ကျွန်တော့်ကိုခေါ်ပါသလား မစ္စတာ စတန်တွန်'

အလ်ဘတ်အသံက အနည်းငယ် အေးစက်နေပုံရသည်။

'အရက်ခွက်တွေ ဖြည့်ပါဦး'

စတန်တွန်က ရှစ်မြူးစွာဆိုလိုက်သည်။

'ဟုတ်ကဲ့ ဆရာ'

အလ်ဘတ်က သတိဆွဲရပ်သကဲ့သို့ ရပ်မြဲရပ်နေခဲ့သည်။

'ငါ တာထွက် သေနတ်ပစ်ပေးရမှာလား'

စတန်တွန်က ယဉ်ကျေးစွာ မေးလိုက်သည်။

'ဆရာ....စောစောက ပြောတဲ့ ဆရာ့အိမ်သာအိုးနဲ့ ပတ်သက်တဲ့စကား'

စတန်တွန်က မအီမသာ ရေရွတ်လိုက်သည်။

အလ်ဘတ်က သူ့ကိုအေးစက်သောအကြည့်ဖြင့် ကြည့်လိုက်သည်။

'အဲဒီကိစ္စတစ်ခုလုံးဆရာနောက်နေတာလို့ ကျွန်တော်နောက်တော့ သဘောပေါက်လိုက်မိတယ် ဟုတ်ရဲ့လား'

အလ်ဘတ်က အေးစက်သော လေသံဖြင့် မေးလိုက်သည်။

'ဟုတ်တာပေါ့ အလ်ဘတ် ငါ နောက်နေခဲ့တာပါ'

စတန်တွန်က ထက်ထက်သန်သန် ပြောလိုက်သည်။

'အခုလို ဖြေရှင်းလိုက်တဲ့အတွက် ကျေးဇူးပါပဲ ဆရာ'

အလ်ဘတ်က ဟန်ပါပါ လည်ချောင်းရှင်းရှင်း ပြောလိုက်ပြီး ရှုတ်တရက် အသံပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟား...'

စတန်တွန်သည် တံခါးဝဘက်သို့ လျှောက်သွားသော အလ်ဘတ်ကို ပြုံးကြည့် ကျန်ခဲ့သည်။

အလ်ဘတ်သည် တံခါးပေါက်သို့ ရောက်သွားသောအခါ ချာခနဲ လှည့်ကြည့်ပြီး လည်ချောင်းရှင်းလိုက်ပြန်သည်။

'ဟား...'

ထို့နောက် အခန်းပြင်ဘက်သို့ ထွက်သွားသည်။

'ဒီကောင် ကျုပ်ကို ချောင်းနေပါလား၊ ဘယ်လိုဖြစ်တာလဲ၊ ဟိုလ်မန်း... ခင်ဗျား ဘယ်လိုထင်လဲ၊ ရုပ်ရှင်ထဲမှာတော့ ဒီလို အကောင်မျိုး မတွေ့ကြုံခဲ့ဖူးဘူး'

စတန်တွန်က ဂဏှာမငြိမ်ဟန် ပြောလိုက်သည်။

'အဲဒီအိမ်သာပုံးဇာတ်မျိုး မရိုက်ဘူးသေးလို့ နေမှာပါ'

ကျွန်တော်က ပြောလိုက်သည်။

အလ်ဘတ် ပြန်ဝင်လာသည်။ ထို့နောက် စောစောက ထူးထူးခြားခြား မည်သို့မျှ မပြောခဲ့သည့်ပုံစံမျိုးဖြင့် အရက်ခွက်များ ချပေးသည်။ စတန်တွန်ကမူ မြွေပါတစ်ကောင်ကိုကြည့်သည့်ပုံစံမျိုးဖြင့် သူ့ကို မျက်တောင်မခတ် ကြည့်နေခဲ့သည်။

'ခင်ဗျား နောက်ဆုံး အသေးစိတ် အချက်အလက်အထိ စဉ်းစားထားပုံကို ပြောမလို့ ဟန်ပြင်နေခဲ့တယ်'

အလ်ဘတ် အခန်းထဲမှ ပြန်ထွက်သွားသောအခါတွင် ကျွန်တော်က မေးမြန်းလိုက်သည်။

'အို ဟုတ်ပါ့... ဒီလို ပါတီပွဲ မြိုင်မြိုင်ကြီးဖြစ်နေတဲ့အချိန်မှာ ကျုပ်က ကြေညာချက်တစ်ခုပြုမယ်၊ ကျုပ်ကို သတ်ဖြတ်ဖို့



ကြံနေတဲ့သူ ကျုပ်နဲ့ နှစ်ကိုယ်ချင်း စကားပြောခွင့်ရအောင် ကျုပ်အခန်းထဲမှာ တစ်ယောက်တည်းစောင့်နေမယ်၊ ဒါပေမယ့် အဲဒီလူတက်မလိုက်လာခဲ့ရင် ကျုပ် သူ့ကို ရဲလက်အပ်ယုံကလွဲလို့ တခြားလုပ်စရာမရှိတော့ဘူးလို့ ကြေညာမယ်'

စတန်တွန်က ထက်ထက်သန်သန် ခေါင်းညိတ်ရင်း ပြောလိုက်သည်။

'ဒီကိစ္စတစ်ခုလုံးဟာ ကျုပ်တစ်ခါက ကြည့်ဖူးခဲ့တဲ့ အတော်သောက်သုံးမကျတဲ့ ရုပ်ရှင်တစ်ကားနဲ့ တူနေပြီ ခင်ဗျားကို လုပ်ကြံဖို့ ကြိုးစားနေတဲ့သူက တလောကလုံး မြင်မြင်သာသာ အဲဒီလူကားထဲနေ ခင်ဗျားနောက်ကို တက်လိုက်လာမယ်လို့ ခင်ဗျား တကယ်ယုံကြည်သလား'

ကျွန်တော်က အသည်းအသန် မေးလိုက်မိသည်။

'ကျုပ် ခင်ဗျားကိုပြောဖို့ မေ့သွားတယ်၊ မိနစ် နှစ်ဆယ်လုံးလုံး တစ်အိမ်လုံးကို အမှောင်ချထားပါမယ်လို့ပါ၊ ကျုပ်က ကြေညာရမယ် ကျုပ်သေ့သည်သော့အကြောင်း ကျုပ်နောက်ကျေ ရိုးမှန်ရင်တော့ အဲဒီသောက်လူသတ်ကောင်ကပဲလို့ ကျန်တဲ့သူတွေက အမှောင်ထဲမှာ တစ်ပျော်ပါပါ လုပ်စရာကို မှောင်နေတုန်း ထက်ထက်သန်သန် လုပ်နေကြရလို့ လူသတ်သမား လှေကားက တက်လာရင်တောင် သိမှာမဟုတ်ဘူး'

ကျွန်တော်က ဘောဘွန်တစ်ပုံမျှ သောက်၍ ကိုယ့်ကိုကိုယ် အားဖြည့်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲဗျာ....ခင်ဗျားပြောတဲ့အတိုင်း ဖြစ်တယ်ဆိုပါတော့ သူလူမမြင် သူမမြင် လှေကားဘက်ကို တက်လာနိုင်ခဲ့ပြီ ဆိုပါတော့....'

'အမှန်ပဲ'

'ခင်ဗျားအခန်းထဲမှာ ခင်ဗျားတစ်ယောက်တည်းစောင့်နေလိမ့်မယ်'

'အဟုတ်'

'ခင်ဗျားကို အမှောင်ထဲမှာ ပီပီပြင်ပြင်သတ်၊ အမှောင်ထဲမှာ လွတ်လွတ်ကင်းကင်း ပြန်ဆင်းသွားခွင့် မရပေဘူးလား'

'ကျုပ်က 'လူသတ်သမား အဲဒီလို အတွေးပေါက်သွားစေချင်တာ၊ ဒီအကြံ၏ အောင်မြင်မှု တစ်ခုလုံးက ခင်ဗျားပေါ်တည်နေတယ် ကိုယ့်လူ'

စတန့်တွန်က ဂုဏ်ယူဝင့်ကြွားစွာ ဆိုလိုက်သည်။

'အင်း.... ကျုပ်ဘက်ကို မြှားဦးလှည့်လာမှာပဲ ဆိုတာကို ကျုပ်အစကတည်းက မြင်ဖို့ကောင်းတယ်၊ ကဲ ဆိုစမ်းပါဦး'

ကျွန်တော်က မျှော်လင့်ချက်ကင်းမဲ့ သူ၏လေသံဖြင့် ဆိုလိုက်သည်။

'ခင်ဗျားဘက် ပီပီပြင်ပြင်ပုံဖမ်းဖို့ လိုမယ် ကိုယ့်လူ၊ခင်ဗျားအရက်အရမ်းသောက်၊ အရက်အရမ်းမူးနေတဲ့ပုံ၊ ခင်ဗျားနဲ့ပလူးပလဲလုပ်နေတဲ့ ဧည့်သည်ကိုပဲ စိတ်ဝင်စားနေတဲ့ပုံဖမ်းရမယ်၊ အဲ မီးတွေမှိတ်သွားတာနဲ့ ခင်ဗျား ကျုပ်အခန်းကို အသော့နှင်ပြေးလာပြီး ကျုပ်နဲ့အတူ အခန်းထဲမှာပုန်းပြီး စောင့်နေရမှာ'



'ကျုပ် အလိဘတ်လို ခံစားလာမိနေပြီ၊ ကျုပ် မကြာမှီတင်ကာလမှာ အခန်းထဲက နှစ်မိနစ်လောက် ထွက်သွားပြီး 'ဒီမှာကိုယ့်လူ.... စောစောက ခင်ဗျားပြောတဲ့ လူသတ်သမားဖမ်းနည်းက နောက်နေတာ မဟုတ်လား' လို့ ကျုပ်ပြန်ဝင်လာပြောမိတော့မယ့်ကိန်း ဆိုက်နေပြီထင်တယ်'

ကျွန်တော်က ပြောလိုက်သည်။

'ကောင်းပြီ ဟိုလ်မန်း....ခင်ဗျား ဒါ့ထက်ကောင်းတဲ့အကြံအစည်များ ရှိသလား'

စတန့်တွန်က မကျေမနပ် ပြောလိုက်သည်။

'အေးလေ.... သောက်ရူးကို သောက်ရူးဖမ်းတတ်မှာပေါ့'

ကျွန်တော်က မပီမသ ငလုံးဗထွေးပြောလိုက်သည်။

'ဘာပြောတာလဲ'

စတန့်တွန်က မသက်မသာ မေးလိုက်သည်။

'ဘာမှ မဟုတ်ပါဘူး.... ကျုပ်ပိုပြီးကောင်းတဲ့အကြံအစည် မရှိဘူးလို့ ပြောတာ'

ကျွန်တော်က ခပ်ကျယ်ကျယ် ဖြေလိုက်သည်။

'ကဲ....ဒါဖြင့် ကိစ္စပြီးပြီပေါ့'

စတန့်တွန်က ရှင်မြူးစွာပြော၍ လက်ပတ်နာရီကို ကြည့်လိုက်သည်။

'အခု ၈ နာရီခဲ့ရှိပြီ၊ အဲဒီတော့ ဧည့်သည်တွေမရောက်လာခင် တစ်နာရီလောက် အချိန်ရတယ်၊ ကျုပ် ရေမိုးချိုး အဝတ်အစားလဲလိုက်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် အပြင်ကို ခဏသွားစရာရှိတယ်၊ လုပ်စရာတစ်ခု နှစ်ခု ရှိတယ်၊ ပါတီစတဲ့အချိန်ထိ ကျုပ်မရောက်လာသေးရင် တစ်ယောက်တည်း ထွက်မနေမိစေအောင် သတိထားပါ'

ကျွန်တော်က ဆိုလိုက်သည်။

'အား... စိတ်ချပါ၊ ကျုပ် ကြေညာချက်ပြုဖို့ အသင့်တော်ဆုံးအချိန်က သန်းခေါင်လို့သတ်မှတ်ထားတယ်၊ ဒီတော့ ခင်ဗျား အချိန်အများကြီးရှိပါတယ်၊ အရက်နဲ့ ညှော်မယ်တွေကြား မူးနေပုံဖမ်းဖို့ အချိန်မီတော့ ပြန်လာပါ ဟုတ်ပြီလား'

'စိတ်ချပါ'

ကျွန်တော်က အာမခံလိုက်သည်။

ကျွန်တော်သည် သူ့ကို တံခါးပေါက်အထိ လွှတ်ပေးလိုက်မှ ဟန့်လိုက်သည်။

'ခင်ဗျား တစ်ခုမေ့နေသေးတယ်'

'ကျုပ် သေချာတော့ ဘက်စုံတွေးပြီးပြီ မှတ်တယ်'

စတန်တွန်က အသံမာမာနှင့် ဆိုလိုက်သည်။

'ခင်ဗျား လီယွန်အကြောင်း မမေးခဲ့ပါလား'

'အေး...ဟုတ်ပါရဲ့ ကြည့်စမ်း...မေ့နေလိုက်တာ၊ စိတ်ချယုံကြည်ရပါတဲ့ ကျုပ်ရဲ့ညာလက်ရုံးကြီး၊ သူ့အကြောင်းမေးဖို့ မေ့သွားတယ်၊ ခင်ဗျားလီယွန်ကို ဘယ်လိုသဘောရလဲ'

စတန်တွန်က မြိန်မြိန်ကြီးပြုံး၍ ပြောလိုက် မေးလိုက်သည်။

'အားကောင်းထက်မြက် စိတ်မှန် ခင်မင်စရာကောင်းတဲ့ သူတစ်ယောက်ပဲ'

ကျွန်တော်က ဖြေလိုက်သည်။



'အမြဲတမ်း အဲဒီလိုပဲ'

စတန်တွန်က ကြည်ဖြူစွာ ဆိုလိုက်သည်။

'သူ အပန်းဖြေမှုအနေနဲ့ ဘာလုပ်တတ်လဲ'

ကျွန်တော်က မေးလိုက်သည်။

'ဓားကစားတတ်တယ်၊ ပြီးခဲ့တဲ့နှစ်က အပျော်တမ်းဓားရေး ပြိုင်ပွဲ ဝင်ပြိုင်ခဲ့သေးတယ်'

'ဟုတ်လား'

ကျွန်တော် ရေရွတ်လိုက်မိသည်။

'ခင်ဗျား ကျုပ်ကို လီယွန်အကြောင်း သတိပေးတာ ဝမ်းသာပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ယုံကြည်စိတ်ချရမယ့် သူ တစ်ယောက်ရှိမှန်းသိရတာ အတော်ကောင်းတာပဲ'

'သူ ခင်ဗျားရဲ့ အသက်အာမခံကို စိတ်ဝင်စားနေမယ် ထင်သလား...'

ကျွန်တော်က လေသံအေးဖြင့် မေးလိုက်သည်။

'အသက်အာမခံ...လီယွန် ခင်ဗျားက သူ့ကို ဘယ်လိုထင်လို့လဲ၊ အရူးလို့ မြင်လို့လား'

စတန်တွန်က ပြုံးကြည့်၍ မေးလိုက်သည်။

'သူ့ကိုယ်သူ ဘာထင်လဲ၊ မယ်လီက သူ့ကို ဘာထင်လဲတော့ ကျုပ်သိတယ်'

ကျွန်တော်က ခပ်ပြတ်ပြတ်ပြောလိုက်သည်။

'ကဲ...ဆိုစမ်းပါဦး၊ မယ်လီဆာက လီယွန်ကို ဘာထင်လဲ'

စတန်တွန်က ချိန်ချိန်ဆဆ မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'သူရဲ့ နောက်လူလို့ ထင်တယ်၊ အဲဒါကို ခင်ဗျားမသိဘူးလား၊ ခင်ဗျားရဲ့ သစ္စာရှိညာလက်ရုံးက အဲဒီသတင်းကို ခင်ဗျားဆီ ပထမဦးဆုံး ပါးခဲ့လိမ့်မယ်လို့ မှတ်တာ'

ကျွန်တော်က အေးဆေးစွာ ပြောလိုက်သည်။

စတန်တွန် အတန်ကြာ ကြက်သက်သေသွားသည်။ ထို့နောက် မျက်နှာပေါ်တွင် အပြုံးတစ်ပွင့်က ဖြည်းဖြည်း ထင်လာသည်။

'ဟာ....အပိုင်ပဲ....အပိုင်ပဲ'

ရွှင်ရွှင်မြူးမြူး ရေရွတ်လိုက်သည်။

× × ×

အခန်း (ခုနစ်)

လစ်ဗင်းအင်သည် တစ်ချိန်တစ်ခါကတော့ အတော်ပင် ...ကောင်းမွန်သည့် ပွဲရုံဖြစ်ပုံရသော်လည်း နှစ်ကာလဒဏ်ခံရတော့ ...ဖြည်းဖြည်း နွမ်းလျလာသောသရုပ်ပေါ်ပြင်နေသည်။

ကျွန်တော်သည် ဘားကောင်တာတွင် ရပ်တန့်ရင်း အရက် ...စ်ပက်ကို ခပ်မြန်မြန်မော့လိုက်သည်။ ဖားမျက်နှာနှင့်တူသော ...က်နှာပိုင်ရှင် ဆန်ဝါမတစ်ဦးက ဝက်ခြံဗလပြစ်နှင့် ဖောက် ...သည်တစ်ဦး၏ ပြူးကြောင်ကြောင်မျက်လုံး၊ မျက်နှာနားကပ် ...တင်လှုပ်အက ကပြနေသည်ကို တစ်ချက်ကြည့်လိုက်မိသည်။ ...မျှနှင့် စိတ်ကုန်မှု လုံလောက်သွားသည်။

ကျွန်တော် လမ်းပေါ်သို့ ပြန်ထွက်ခဲ့သည်။ ထို့နောက် ...တ်စပ်ပေါက်သို့ ကွေ့ပတ်လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲများတွင် ငါးအရှင်လတ်လတ် မြှုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူဟန်ပေါက်နေသော ထံခါးစောင့်ကို တွေ့ရသည်။ သူသည် သရဲတစ္ဆေကို ကြည့်သည့်ပုံစံ ကျွန်တော့်ကို မျိုးကြောင်ကြောင် ကြည့်လိုက်သည်။

ယိုနေ့ခုမှ မြန်မြန်ဆန်ဆန် လွတ်မသွားလျှင် ကျွန်တော့်လက်နှစ်ဘက်ကို ဆွဲဖြုတ်ပစ်မည်ဟု ခြိမ်းခြောက်လိုက်သည်။

သူ့မျက်နှာရှေ့တွင် ရမ်း၍ပြလိုက်သော ငါးခေါ်လာတန်သည် သူ၏ ဖောက်ပြန်လိုစိတ်ကို ငြိမ်သက်သွားစေစွမ်းခဲ့သည်။

'ငါ ဒီက ကောင်မလေး တစ်ယောက်ကို တွေ့ချင်တယ်၊ ဂျူနီကိုးက်ခ်နာမည်က'

ကျွန်တော်က သူ့ကို ပြောလိုက်သည်။

'တွေ့ခွင့် မရှိဘူး'

သူက အာလုပ်သံဖြင့် ပြောလိုက်သည်။ သို့သော် မျက်လုံးများက ငါးခေါ်လာတန်မှ မခွာ။

ကျွန်တော်သည် ထိုငါးခေါ်လာတန်အား သူ့စွပ်ကျယ်အင်္ကျီလည်ပင်းပေါက်ထဲသို့ ထိုးသွင်းလိုက်သည်။

'လယ်ရီ... မူလာရဲ့ မိတ်ဆွေတစ်ယောက် ရောက်နေတယ်၊ အရေးကြီးတယ်လို့ ပြောလိုက်'

ကျွန်တော်က အေးဆေးစွာ ဆက်ပြောလိုက်သည်။

'ခင်ဗျားကို ထွက်တွေ့မှာ မဟုတ်ဘူး ကိုယ့်လူ'

အစောင့်က စိတ်မကောင်းဟန်ဖြင့် ပြောလိုက်သည်။



'ငါပြောခိုင်းတဲ့အတိုင်း ပြောလိုက်ပါ၊ သူထွက်တွေ့ပါလိမ့်မယ်၊ မင်း သူ့ခေါ်လာရင် နောက်ထပ် ငါးခေါ်လာရမယ်'

ကျွန်တော်က ခိုင်ခိုင်မာမာ ဆိုလိုက်သည်။

'သူအခု ချက်ချင်းရောက်လာပါလိမ့်မယ်၊ သူအော်ဟစ်လာရင်လဲ စိတ်မပူနဲ့၊ သူ့ကို မရအရ ဆံပင်ကဖြစ်ဖြစ် ဆွဲခေါ်လာခဲ့မယ်'

အစောင့်က ရဲရဲကြီး အာမခံ၍ အထဲသို့ ဝင်သွားသည်။

နှစ်မိနစ်လောက် အကြာတွင် တစ်ယောက်တည်း ပြန်ရောက်လာသည်။

'သူ အခုပဲ လာလိမ့်မယ်၊ အဝတ်အစား ဝတ်နေတယ်၊ တကယ်တော့လဲ ဘာမှမက်လောက်စရာ မရှိပါဘူးဗျာ'

အစောင့်က တရင်းတနှီး ဆိုလိုက်သည်။

နောက် ငါးမိနစ်လောက် ကြာသောအခါတွင် ခပ်သွယ်သွယ် ခန္ဓာကိုယ်တစ်ခု တံခါးပေါက်မှ ထွက်လာသည်။

'ကဲ .. ရောက်လာပါပြီ ခင်ဗျာ၊ ကပွဲရုံရဲ့ ကြယ်ဆောင် မင်းသမီးချောလေး မစ္စဂျူနီလိုပက်ခ်'

အစောင့်က ဝင့်ကြွားစွာ ဆိုလိုက်သည်။

'မင်း မနာလို မဖြစ်မိဘူးလား'

ကျွန်တော်က သူ့ကို မေးမြန်းလိုက်ပြီး သူ့လက်ထဲသို့ ငါးခေါ်လာတန်တစ်ရွက် ထိုးထည့်လိုက်ပြန်သည်။

မိန်းမပျိုလေးက ကျွန်တော့်အနားသို့ မလာချင် လာချင်ဟန်ဖြင့် လျှောက်လာသည်။

'ရှင် လယ်ရီမူလာရဲ့ သူငယ်ချင်း ဟုတ်ပါတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com

သူမက သံသယဖြင့် မေးလိုက်သည်။

'အမှန်ပါပဲ...ငါ မင်းနဲ့ စကားပြောစရာရှိတယ်'

ကျွန်တော်က သူမကို ပြောလိုက်သည်။

'ကျွန်မ မိနစ် ၂၀ လောက်ပဲ အချိန်ရတယ်'

သူမက အင်တင်တင်ပြောလိုက်သည်။

'အဲဒါ အချိန်အများကြီးပဲ၊ ဒီဝန်းကျင်မှာ တစ်ခုခုသောက်လို့ ရမယ် ထင်တယ်'

ကျွန်တော်က ဆိုလိုက်သည်။

'ကော်ဖီသောက်ရအောင်၊ လမ်းထောင့်မှာ ဆိုင်တစ်ဆိုင်ရှိတယ်'

သူမက ဆိုလိုက်သည်။

လက်ဖက်ရည်ဆိုင်၏ မီးရောင်အောက်သို့ ရောက်သောအခါတွင် ဂျိနီကိုမက်ခ်၏ မျက်နှာကို ထင်ထင် အကဲခတ်နိုင်ခွင့်ရသည်။ သူမသည် အမှန်ထကယ် ချောမောသော်လည်း သောကရိပ် လွှမ်းနေသောကြောင့် ညှိုးချုံးရုပ်ကျနေပုံရသော ဆံပင်နက်မလေး ဖြစ်သည်။

သူမသည် ကော်ဖီခွက်ထဲသို့ သကြားခပ်ထည့်ရင်း ကျွန်တော့်ကိုသာ ပြုံးကြောင်ကြောင် ကြည့်နေခဲ့သည်။ ထိုပြုံးကြောင်ကြောင် မျက်လုံးများထဲတွင် ကြောက်လန့်ရိပ်များ ထင်းထင်းတွေ့နေရသည်။

'ရှင် ဘာသိချင်လဲ'

သူမက မေးမြန်းလိုက်သည်။

'ငါ ရှယ်လီအဆစ်ဘက်စတိန်းအကြောင်း သိချင်တယ်'



ကျွန်တော်က ပြောလိုက်သည်။

သူမတစ်ကိုယ်လုံး မတ်ခနဲဖြစ်သွားသည်။

'ကျွန်မ အဲဒါနဲ့ပတ်သက်ပြီး ဘာမှ မသိဘူး၊ ဘာဆိုဘာမှ သိဘူး၊ ရှင်အလကား အချိန်ဖြုန်းနေတာပဲ ဖြစ်မယ်'

သူမက အစ်တစ်တစ်အသံဖြင့် ဆိုလိုက်သည်။

'စိတ်မပူစမ်းပါနဲ့ ဂျိနီ၊ ငါလယ်ရီမူလာရဲ့ မိတ်ဆွေ တစ်ယောက်ပါ၊ ငါ့ကို ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်လို့ လယ်ရီ မှာလိုက်ပါတယ်၊ သူမညွှန်ပြပဲနဲ့ မင်းရှိတဲ့နေရာကို ငါဘယ် လုပ် သိမလဲ'

ကျွန်တော်က ချော့ချော့မြူမြူ ဆိုလိုက်သည်။

သူမ အနည်းငယ် စိတ်သက်သာရသွားဟန်ရသည်။

'သူကပြောလို့ ပြောတယ်ပေါ့'

သူမက ဒွိဟဖြင့် မေးလိုက်ပြန်သည်။

'ဟုတ်တယ်... မင်းကို သူက အဲဒီလို မှာလိုက်ရက်နဲ့ မင်း မှမပြောရင် သူသဘောကျမှာ မဟုတ်ဘူး'

ကျွန်တော်က အသံမာမာဖြင့် ပြောလိုက်သည်။

သူမသည် မထိမ်းနိုင် မသိမ်းနိုင် ဟန်ယင်သွားပုံရသည်။

'ကျွန်မ ပြောပါ့မယ်ရှင်၊ ဒါပေမယ့် သူက ပြောခွင့်ပြု သေချာချင်လို့ပါ၊ ရှင် ဘာသိချင်လဲ'

'မင်းဟာ ရှယ်လီနဲ့ အခင်မင်ဆုံး မိတ်ဆွေတွေ ဟုတ်တယ် ဟုတ်လား'

'အဲဒီလိုပဲ ဆိုရမယ်ထင်ပါတယ်၊ ကျွန်မတို့ အတော်တဲ့ တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျ'နီက အသက်မပါစွာ ပြောလိုက်သည်။

'သူ့ အစ်ကိုပက်ကို မင်း သိခဲ့တယ်ပေါ့'

'အဲဒီအရှူးက အမြဲတစေပဲ ရှယ်လီကို ပြဿနာပေးနေတတ်ခဲ့တယ်၊ ဒါလုပ် ဟိုဟာမလုပ်နဲ့ ဆိုပြီး သူကိုယ်တိုင်ကတော့ဘာမှမဟုတ်တဲ့ ထောင်ထွက်၊ တစ်သက်လုံး မိန်းမနဲ့ကင်းနေတဲ့လေသံမျိုးနဲ့ စကားပြောတတ်သေးတယ်၊ ရှယ်လီကို တစ်သက်လုံး အခန်းထဲပိတ်နေ၊ အိုမင်းသွားတာမျိုးကို လိုချင်ခဲ့တဲ့သူပဲ'

ဂျ'နီက ဒေါသတကြီး ဆိုလိုက်သည်။

'ရှယ်လီ နှလုံးရောဂါရှိခဲ့လား ဂျ'နီ'

'ရှိခဲ့ပါတယ်....အဲဒါကတော့ အမှန်ပဲ၊ တစ်ခါ သူ့ အခန်းထဲ ကျွန်မဝင်သွားတော့ ကြမ်းပြင်ပေါ်မှာလဲနေတာကို တွေ့ရတယ်၊ နှတ်ခမ်းတွေပြာနှမ်းစပြုနေခဲ့တယ်၊ ကျွန်မ သူ့ ကို နည်းနည်း ပြုစုနိုင်ခဲ့ပါတယ်၊ ဒါပေမယ့် ဆရာဝန်အခေါ်တော့ မခံဘူး'

ဂျ'နီက အောက်ခမ်းကိုကိုက်ရင်း ဖြေလိုက်သည်။

'အဲဒီတုန်းက သူမူးယစ်ဆေးဝါး သုံးစွဲနေလား'

'သုံးနေခဲ့တယ်၊ ရှယ်လီက ကျွန်မနဲ့ မသိခင်ကတည်းက ဆေးစွဲနေခဲ့တယ်၊သူ့ အစ်ကိုပက်က သူ့ အသက် ၁၅ နှစ်အရွယ် လောက် ဆေးခြောက်စီးကရက် နှစ်လိပ်တိုက်ခဲ့တယ်၊ နောက် နောက် ရှုတ်ရှုတ်သဘောပါပဲ၊ အဲဒီအချိန်ကတည်းက အကြိုက် တွေ့သွားတယ်'



'ဆောင်ကြာနန်းကလပ်မှာ အလုပ်လုပ်ကိုင်တဲ့ ကိစ္စရော....အဲဒီအကြောင်း တစ်ခါမှ မပြောမဆိုခဲ့ဘူးလား'

'အမြဲတမ်းပဲ ပြောခဲ့တယ်' အဲဒီမှာ အလုပ်လုပ်ရတာကို သူ သိပ်သဘောကျခဲ့တယ်၊ အဲဒီကလပ်ကို ပိုင်တဲ့သူသာသဘောမတွေ့ခဲ့ဘူး၊ သူက ကောင်မလေးတွေကိုပါ သူ ပိုင်တယ်လို့ ယူဆပုံရတယ်၊ ရှယ်လီက အဲဒါကို လက်မခံနိုင်ခဲ့ဘူး၊ ရှယ်လီက အပ်မတန် စာန်းတဲ့သူဖြစ်နေတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီလို ငါ့ခြံတွင်း ကြက်သဘောမျိုးထားတာကို သူ လက်မခံနိုင်ခဲ့ဘူး၊ သူ့ ကို သွေးတိုးစမ်းလာတိုင်း ခါထုတ်ပစ်လိုက်လေ့ရှိခဲ့တယ်၊ ဒါကြောင့် သူ အလုပ်ဖြုတ်ခံလိုက်ရတာပေါ့'

ဂျ'နီက ပြောလိုက်သည်။

'သူမသေခင် နောက်ဆုံး ဘယ်အချိန်က တွေ့ခဲ့လဲ'

'မသေခင်ညကပေါ့၊ အဲဒီတုန်းက သူအလုပ်လုပ်မနေခဲ့ဘူး တိုစတန်တွန်က သူ့ ကို အလုပ်ဖြုတ် ပစ်လိုက်ကတည်းကပေါ့၊ အတော်စိတ်ဓာတ်ကျသွားခဲ့ပုံရတယ်၊ သူ့ ဘဝ တစ်သက်တာမှာ အဲဒီကလပ်မှာလုပ်တဲ့ အချိန်ကပဲ တကယ်ပျော်ပါးခွင့်ကြုံတယ်လို့ ဆိုရမယ်၊ အဲဒါမျိုး အခွင့်အရေး နောက်တစ်ခါမှာမဟုတ်ဘူးလို့ တွက်ဆခဲ့ပုံရတယ်၊ ကျွန်မ လုပ်မသွားခင် ဒီနေ့ခင်းက သူ့ ကိုသွား တွေ့ခဲ့တယ်၊ အဲဒီညက ကျွန်မ ဗ်ဘက်က တစ်ခြားပွဲတစ်ခုမှာ ကဘို့ရှိခဲ့တယ်'

'ဘာဖြစ်ခဲ့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အင်း....ရှယ်လီ နည်းနည်း စိတ်လှုပ်ရှားနေပုံ ပေါက်ခဲ့တယ်၊ သူအေးချထားမှန်းလည်း သိသာခဲ့တယ်၊ မျက်အိမ်ကလေးတွေက အပ်ဖျားလို သေးငယ်နေခဲ့တယ်၊ နောက်ပြီး... စကားအများကြီး အရမ်းကာရော ပြောနေခဲ့တယ်၊ အဓိပ္ပာယ်သိပ်မရှိတဲ့စကားတွေ ဘယ်လိုပဲဖြစ်ဖြစ်လေ၊ စတန်တွန်ကိုဒီညတွေ့မယ်လို့ သူကဆိုခဲ့တယ်၊ အကယ်လို့ သူ့ကို အလုပ်ပြန်မခန့်ခဲ့ရင် ကလပ်မှာ မူးယစ်ဆေးဝါး လက်သိပ်ထိုးရောင်းတယ်၊ ကလပ်မှာ အလုပ်လုပ်နေတုန်း သူမူးယစ်ဆေးဝါး ရလာခဲ့တယ်လို့ ရဲတွေကို သွားတိုင်မယ်လို့ ပြောခဲ့တယ်'

ဂျူနီသည် စကား တန့်လိုက်ပြီး အဝေးသို့ လှမ်းမျှော်ကြည့်လိုက်မိသည်။ ထို့နောက် လေသံဖြင့် ဆိုလိုက်သည်။

'အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်မလိမ်ပြော မလုံဘူး သူတကယ်ပြောတာလို့ မယထင်ခဲ့မိဘူး၊ အဲဒီလိုပဲ အေးချထားတဲ့ အချိန်မှာ ပေါက်ကရ ပြောနေကြပြီးရင် ပြီးတာပဲ ဒီတစ်ကြိမ်တော့ တစ်မျိုးဖြစ်သွားလိမ့်မယ်လို့ ကျွန်မ ဘယ်လိုလုပ် သိခဲ့ပါ့မလဲ'

'မင်းမှာ အပြစ် မရှိပါဘူး ဂျူနီ၊ မင်း ဘယ်လို သိနိုင်တာမှ မဟုတ်ဘဲ'

ကျွန်တော်က ခိုင်ခိုင်မာမာ ပြောလိုက်သည်။

သူမ မျက်လုံးများတွင် ကျေးဇူးတင်ရိပ်ကို တွေ့ရသည်။ သူမ အမှတ်ရဟန်ဖြင့် ဆက်ဆိုလိုက်သည်။

'အဲဒါ ရှယ်လီကို ကျွန်မ နောက်ဆုံး တွေ့ခဲ့တဲ့ နေ့ပဲ'

'သူ့ကိုယ်သူ သတ်သေခဲ့တယ်လို့ ယူဆလား'



'ရှယ်လီ ဆစ်ဘတ်စတိန်းလား သူ့ကိုယ်သူ သတ်မှာ လော့ကကြီးမှာ အသက်ရှင် နေလိုတဲ့ စိတ်အား အကြီးမားဆုံး လူကိုပြပါဆိုရင် ရှယ်လီကို ပြရမှာပဲ'

ဂျူနီက ခပ်လျှောင်လျှောင် ရယ်ပုံဖြင့် ဖြေလိုက်သည်။

'ကောင်းပြီ ရှယ်လီအခလောင်းကို တွေ့ပြီး သုံးရက်လုံးလုံး မင်း ပျောက်သွားခဲ့တယ်၊ ဘာဖြစ်သွားခဲ့သလဲ ဂျူနီ မင်း အမေးအဖြေနီး မခံနိုင်ခဲ့လို့လား'

ကျွန်တော်က အေးဆေးစွာ မေးလိုက်သည်။

'ဒါနဲ့ ရှစ်က လယ်မှုလာခရဲ့ မိတ်ဆွေ တစ်ယောက်ဆို'

သူမက ဒွိဟဖြင့် မေးလိုက်သည်။

'ဟုတ်ပါတယ် အဲဒီကိစ္စဖြစ်ပြီးမင်းနဲ့သူ စကားပြောခဲ့တယ်ဆိုတာကို ငါ သိတယ်၊ ဒါပေမယ့် အဲဒါလောက်ပဲ သိတယ်'

ကျွန်တော်က လျှင်မြန်စွာ ဖြေလိုက်သည်။

'ရှစ်က လယ်ရီလို မဟုတ်ဘူးလေ'

ဂျူနီက ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။

ရှစ်ဟာ သူနဲ့လုံးဝ မတူဘူး၊ နောက်တစ်နေ့ မနက်စောစောမှာ သူ ကျွန်မအခန်းကို ရောက်လာတယ်၊ ရဲတွေ ရောက်လာပြီး ကျွန်မကိုပါ ဆေးသမားလို့ တွက်ပြီး မေးခွန်းပေါင်းထောင်သောင်းချီ မေးနေလိမ့်မယ်တဲ့ ဒါကြောင့် အဲဒီက ထွက်ပြေးရှောင်နေသင့်တယ်လို့ ပြောခဲ့တယ်၊ ဒါကြောင့် ကျွန်မတော့ ဝက်အိမ်တစ်အိမ်ကို ခေါ်သွားတယ်၊ ကိစ္စဝိစ္စတွေပြီးတဲ့အထိ'

www.burmeseclassic.com



'မင်းနဲ့ လယ်ရီ နှစ်ယောက်တည်း သုံးရက်လုံးလုံး အတူ နေခဲ့ရတယ် ဟုတ်လား'

သူမ တုန်ရီသွားသည် သွားချင်း မရိုက်မိစေရန် အံတင်း တင်း ကြိတ်လိုက်ဟန် ရှိသည်။

'ကျွန်မ သွားရတော့မယ်ရှင် လယ်ရီကို တွေ့ရင် ပြောလိုက် ပါရှင်မေးသမျှ မေးခွန်းအားလုံး ကျွန်မဖြေလိုက်ပါတယ်လို့'

သူမ တံထွေးမျိုရင်း ပြောလိုက်သည်။

'စိတ်ချပါ လူ့ဂျီနီ ငါ ပြောလိုက်ပါမယ်'

ကျွန်တော်က ခေါင်းညိတ်၍ ဖြေလိုက်သည်။

'ရှင့် အမူယ်ချမ်း ဖြစ်တဲ့အတွက် ကျွန်မ ကောင်းကောင်း မွန်မွန် ဆက်ဆံလိုက်ပါတယ်လို့ ပြောလိုက်ပါ၊ နောက်ပြီး သူ ပေးခဲ့တဲ့ အကြံကောင်းကို ကျွန်မ ဘယ်တော့မှ မမေ့ပါ ဘူးလို့ ပြောဖြစ်အောင် ပြောလိုက်ပါနော်....နော်'

သူမက အသည်းအသန် ပြောလိုက်သည်။

'သူ ဘယ်လို အကြံကောင်းကောင်း ပေးခဲ့သလဲ ဂျီနီ သုံ့ကြာမှာနဲ့လား'

ကျွန်တော်က သံဖြတ်ဖြင့် မေးလိုက်မိသည်။

သူမ ကျွန်တော့ကို အထိတ်တလန့် ကြည့်လိုက်သည်။ တစ် ချက် ရှိုက်လိုက်သည်။ ထို့နောက် လက်ဖက်ရည်ဆိုင်မှ ပြေး ထွက်သွားသည်။

ကျွန်တော်သည် သူမ ခြေသံများ လုံး၀ တိုးတိတ်သွားသည် အထိ နားထောင်နေလိုက်မိသည်။



လက်ဖက်ရည်ဆိုင် ကောင်တာမှ လူက ကျွန်တော့ကို မျက် မှောင်ကုပ်ကြည့်နေခဲ့သည်။

'ခင်ဗျား ကောင်မလေးကို ဘာလုပ်လိုက်တာလဲ ကိုယ့်လူ၊ သေလောက်အောင် ခြိမ်းခြောက်ပစ် လိုက်တာလား ဘာလဲ'

သူက ရှုတ်တရက် ဆိုလိုက်သည်။

'ကျုပ် ဘာမှ မလုပ်ခဲ့ရပါဘူး၊ ဟိုလွန်ခဲ့တဲ့ သုံးလလောက် ကတည်းက သူ သေလောက်အောင် ခြောက်ခဲ့ရပြီးပြီ'

ကျွန်တော်က စိတ်မကောင်းစွာ ဆိုလိုက်သည်။

\+ + ×

စတန်တွန်၏ အိမ်ရှေ့သို့ အငှားယာဉ်ဆိုက်ရောက်ချိန်တွင် ဆယ်နာရီထိုးရန် ငါးမိနစ်တိုင်နေသည်။ အလ်ဘတ် တံခါးဖွင့် ပေးလိုက်သောအခါတွင်အသံဗလံများကအရှိန်အဟုန်ပြင်းစွာ ရိုက်ခတ်လာသည်။

'ပါတီ အရှိန်ရစ ပြုနေပါပြီး မစ္စတာ ဟိုလ်မန်း စား သောက်ခန်းထဲမှာ ဘတ်ဖတ်ပွဲတွေ ခင်းထားတယ်ဆရာ ဗိုက် ဆာနေရင်ပေါ့၊ အရက်ကတော့ နေရာတကာ ဖြန့်ချထား တာပဲ'

အလ်ဘတ်က ပခုံး မသိမသာတွန့်၍ ဆိုလိုက်သည်။

ကျွန်တော်သည် ညှေ့ခန်းထဲသို့ ဝင်သွားသည်။ စတန်တွန် ပြောသကဲ့သို့ ဂီတသမားက အာယာငြိမ့်ညောင်းသော တေး များ တီးမှုတ်နေသည် မဟုတ်ချေ။ သွေးဆူစေသော ကြွားသော တေးဂီတများ စုန်းဝုန်းဒိုင်းဗိုင်း လက်စွမ်းပြနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပက်ဆစ်ဖစ်တိန်းသည်အနီးဆုံးဆိုဖာပေါ်တွင် ပက်လက် ဖြစ်နေသည်။ သူ့ပေါ်တွင် မျက်လုံးမှေးမှေးနှင့် ညှို့ကြို့မယ် တစ်ဦးက ကားယား ဖြစ်နေပသည်။ ပက်က သူ၏ တရုန်းပက် လက်ကွက်များကို သူမပေါ် စမ်းသပ်နေကြောင်း ရှင်းနေသည်။ ထရုန်းပက် အသံမျိုး မဟုတ်သည့်တိုင်အောင် တခစ်ခစ် ရယ်သံတော့ ထွက်လာသည်။

ကျွန်တော် အနားမှ ဖြတ်လျှောက် သွားသောအခါတွင် မျက်မှုံးမလေးက စိတ်ဝင်တစား လှမ်းကြည့်လိုက်သည်။

'အေး... ကျွန်မ နာမည် အန်နာဘာလ် သူကတော့ ပက်ဆစ်ဘတ်စ်တိန်းတဲ့၊ ကျွန်မ တစ်သက် တွေ့ခဲ့တဲ့ အထဲမှာတော့ အထွားဆုံး ပုဂ္ဂိုလ်ပဲ'

သူမက တခစ်ခစ် ရယ်မောရင်း ရွှင်မြူးစွာ ဆိုလိုက်သည်။

'အေး... ငါတော့ ဘိုက်ဆာနေတယ်'

ကျွန်တော်က ဝတ်ကြေတန်းကြေ တုန့်ပြန်ပြောလိုက်သည်။

အခန်းထဲတွင် လူပြည့်နေဟန် ရှိသည်။ ဤအခန်းပြည့်လောက်အောင် လောကတွင် လူမရှိဟု ထိုအချိန် မတိုင်ခင်အထိ ကျွန်တော် ထင်ခဲ့မိသည်။

အလ်ဘတ် ပြောခဲ့သကဲ့သို့ပင် အခန်းထောင့်စွန်း တစ်ဘက်တွင် ဘတ်ဖတ်စားသောက်ပွဲများ ချထားသည်။ ယင်းတေားတွင်မူ အရက်ကောင်တာ ခင်းထားသည်။

ကျွန်တော်သည် ဘားကောင်တာရှိ လူထံမှအရက်တစ်ခွက်ယူလိုက်ပြီး ဘတ်ဖတ်စားပွဲသို့ ကူးခဲ့သည်။ ထို့နောက် ကျွန်တော့ မျက်နှာသိ အများစု အုပ်စုသို့ လျှောက်ခဲ့သည်။



'ဟေး....ဒီမှာ ကြည့်စမ်း ငါ့မိတ်ဆွေကြီး ဟိုလ်မန်း အလကား အစားသောက်နဲ့ ပွဲတော်ကြီး တည်နေတယ်'

စတန်တွန်က ရွှင်ရွှင်မြူးမြူး ဆိုလိုက်သည်။

စတန်တွန်က အင်မတန် ဟာသမြောက်သည့် ဟားကွက်တစ်ခု ဆိုလိုက်သည်ဟု ယူဆသည့် ပုံစံဖြင့် ညှို့မယ်များက ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။ လီယွန် ဒေါက်ကလပ်ကမူ ယဉ်ကျေးစွာ ပြုံးယုံသာပြုံးလိုက်သည်။

'ခင်ဗျားကို ကောင်မလေးတွေနဲ့ မိတ်ဆက် ပေးချင်တယ်၊ ကိုယ့်လူ ဆံပင်နက်မလေး နာမည် အိုင်းနက်စ်၊ စပိန်ဘာသာနဲ့ ယုတ်ယုတ်ကန်းကန်း တတ်တယ်'

စတန်တွန်က ထက်ထက်သန်သန် ပြောလိုက်သည်။

'အို....မစ္စတာ စတန်တွန် လူတိုင်း လူတိုင်းကို ကြေညာနေရသလား'

သူမက စတန်တွန်အား မျက်စောင် ပုတ်ခတ်ပုတ်ခတ်ဖြင့် အပြစ်ဆိုဟန် ပြောလိုက်သည်။

'သူကတော့ ပေါလာ ပေါလာကို မှတ်မိတယ် မဟုတ်လား'

စတန်တွန်က ဆက်ပြောလိုက်သည်။

'မှတ်မိတာပေါ့ ကျုပ် ပထမဆုံး ဆုံခဲ့တဲ့ ညှို့မယ်ပဲ'

ကျွန်တော်က ပေါလာကို ပြုံးပြရင်း ပြောလိုက်သည်

'တွေ့ရတာ ဝမ်းသာစရာ ဖြစ်ခဲ့ပုံရပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com



မက သူတာဝန်ကျေကျေ ယဉ်ကျေးပြီး အံကြိတ် လိုက်သည်။

'ခင်ဗျားရဲ့ စုံစမ်း ထောက်လှမ်းမှု အခြေအနေရော ဘယ်ယုံစံအထိ ခရီးပေါက်နေပြီလဲ'

လီယွန် ဒေါက်ကလမ်က ကြည်သာစွာ မေးလိုက်သည်။

'ဟာ....အတော် ခရီးပေါက်နေပြီဗျ'

ကျွန်တော်က သူ့ကို အားပါးတရ ပြန်ဖြေရင်း စားပွဲပေါ်မှ ကြက်ပေါင်းတစ်ချောင်းကို လှမ်းဆွဲလိုက်သည်။

'ခင်ဗျာ ပြောတာ အမှန်ပဲ အတော် မျက်နှာပြောင်တဲ့ကိစ္စပဲ'

မျက်မှန်များ နောက်မှ လီယွန်၏ မျက်လုံးတွင် မှောင်ရိပ်လေး တွေ့ရသည်။

'ခင်ဗျားက အထိုးအခုတ်မှာ အိပ်စပတ်လို့ ကြားရတယ်၊ ခုတ်ထိုး ဓားရေးပေါ့ ဟုတ်လား'

ကျွန်တော်က ကြက်သားဝါးရင်း မေးလိုက်သည်။

'နည်းနည်းပါးပါး ကစားတာပါဗျာ၊ ရုံးစားပွဲမှာ တစ်နေကုန် ထိုင်ပြီး ကိုယ်လက်ကြံ့ခိုင်ရေး လုပ်သလိုပါပဲ၊ ခင်ဗျားရော လေ့ကျင့်ခန်း အနေနဲ့ ဘာလုပ်လဲ'

လီယွန်က ဆိုလိုက်သည်။

'စတန်တွန်လုပ်တဲ့ လေ့ကျင့်ခန်းမျိုးပဲ လုပ်တယ်၊ ဒါပေမယ့် သူလို အသားစီး ကျွန်းပိုင် မရှိဘူးပေါ့ဗျာ'

ယွက်

ကျွန်တော်က တမ်းတမ်းတတပုံ ပြောလိုက်သည်။

တော့



ထိုအချိန်တွင် စတန်တွန်နှင့် ပေါလာက တိုးတိုးပြောရမည့် စကားတစ်ခုကို ခပ်ကြွယ်ကြွယ်ပင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေပုံရနေခဲ့သည်။ ဘေးရောက်သွားသော အိုင်နက်စ်ကို ယင်းတို့ကို အားစက်စွာ ကြည့်နေခဲ့သည်။ သူမ အပြောကြွယ်သည်ဆိုသော စပိန်ဘာသာ စကားဖြင့် ယုတ်ယုတ်ကန်းကန်းများ ပြောတော့မည်လားဟု မှတ်ရသည်။

'ကျုပ် စတန်တွန်ရဲ့ ဝါတီကို ဒီတစ်ကြိမ်ပဲ ရောက်ဖူးတယ်'

လီယွန်က ဆိုလိုက်သည်။

'ဟိုဘက်မှာ မစ္စစတန်တွန်ရပ်နေတယ်ထင်တယ်၊ ခင်ဗျားကို လှမ်းခေါ်ဖို့ ကြိုးစားနေပုံရတယ်၊ အရေးကြီးတဲ့ ကိစ္စတစ်ခု လှမ်းဟစ်နေသလိုပဲ'

ကျွန်တော်က အခန်း တစ်ဘက်စွန်းသို့ လက်ဝှေ့ယမ်းပြရင်း ပြောလိုက်သည်။

လီယွန် မျက်စောင်း တစ်ဖျပ်ဖျပ် ခပ်မိသွားသည်။

'အို....ဟုတ်လား၊ ဒါဆို ကျုပ် သွားကြည့်လိုက်ဦးမယ်၊ ကျုပ်ကို ခွင့်ပြုပါအုံး'

လူတစ်ယောက် စကား ပြောချင်သည့် အချိန် ရှိတတ်သလို ဘာမှ မပြောဘဲ စားချင်သည့် အချိန်သာ ရှိတတ်သည်ကို သိကောင်းထက်မြက်သော အယ်ဒီတာချုပ် တစ်ဦးအနေနှင့် ပါရက်နှင့် လီယွန် ညှံ့ဟန်ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ပန်းကန်တစ်ချပ်ပေါ်သို့ ပုစွန်ထုပ်ကျော်နှင့် ပုစွန်ဆိတ်တစ်မို့ တစ်ပုံကြီးခပ်ထည့်လိုက်သည်။ ထို့နောက် အားရပါးရ စားပစ်လိုက်သည်။

ကျွန်တော် ပန်းကန်ပြောင် စားပြီးလောက်ချိန်မှာပင် ကျွန်တော့ နောက်ဘက်မှ ကျယ်လောင်အေးစက်သော အသံတစ်သံပေါ်လာသည်။

'အော်...ရှင်က ဒီရောက်နေတာကိုး'

ကျွန်တော် မဝံ့မရဲ လှည့်ကြည့်လိုက်သည်။

ကျွန်တော့ကို အေးစက်သော မျက်လုံးများဖြင့် စူးစူးရဲရဲ စိုက်ကြည့် ကြည့်နေသော အရပ်ရှည်ရှည် ဆံပင်ဝါမလေးကို တွေ့လိုက်ရသည်။ သူမ၏ မျက်လုံး အကြည့်ကြောင့် ကျွန်တော့ စိတ်များ ရုတ်တရက် ကသောင်းကနင်း ဖြစ်သွားသောကြောင့် အချိုးအစား ကျနလှသော ခန္ဓာကိုယ်ကို အတိုင်းမသိရနိုင်ပါ၊ စက္ကန့်တိုတို ကြာသွားသည်။

'အို...နီနာ၊ အချစ် မင်း ၂၄ နာရီတိတိ အိပ်ပစ်ခဲ့သလား'

ကျွန်တော်က အသံ အစ်အစ်ဖြင့် ဆိုလိုက်မိသည်။

'ရှင် အစုတ်ပလုတ် လူယုတ်မာ ကျွန်မ အကူအညီအလိုဆုံး အချိန်မှာ ကျွန်မကို စွန့်ပစ်ထားခဲ့တယ်'

သူမက စိတ်မကျေပြန် နှာခေါင်း ရှုံ့ရှုံ့ဖြင့် ဆိုလိုက်သည်၊

'ကိုယ် တောင်းပန်ပါတယ်ကွာ၊ ရေကန်က ရေနွေးကန်မို့ မင်း အအေး မမိဘူးဆိုတာကို ငါ သိခဲ့ပါတယ်၊ နောက်ပြီး



မင်း ရေကောင်းကောင်းကူးတတ်မှန်း သေချာမှ ငါထွက်သွားတာပါ'

ကျွန်တော်က အောက်ကျို့ကျို့ ဆိုလိုက်သည်။

'ကျွန်မ အဲဒီအကြောင်း ပြောနေတာ မဟုတ်ဘူး၊ ရေသူ့ရဲ့ လိုလက်မျိုးနဲ့ အလ်ဘတ်ရဲ့ လက်ထဲ ဝကွက်အပ်ခဲ့လို့ ပြောနေတာ၊ ကျွန်မတို့ ညှော်ခန်းထဲမှာ ပြေးပြေးလွှားလွှား တိုက်ပွဲ ဆင်ခဲ့ရတယ်၊ လှေကားမှာ အပြေးအလွှား အပြာရောင်ခန်းမကြီးမှာ တဒင်္ဂတိုက်ပွဲ ဆင်နွှဲပြီးမှ ကျွန်မ အခန်းထဲ ဝင်ပြီး တံခါးပိတ်နိုင်ခဲ့တယ်'

သူမက အေးစက်စွာ ဆိုလိုက်သည်။

'ကိုယ်တကယ် စိတ်မကောင်းပါဘူး နီနာ၊ အချစ် ကိုယ်က အလ်ဘတ်ကို အိမ်တော်စိုးသက်သက်လို့ မှတ်နေခဲ့တာ၊ အခုလို ဖြစ်မယ်လို့ မထင်ခဲ့ဘူး၊ နောက်ပြီးတော့လေ မင်း ဝတ်စားထားတဲ့ ပုံစံကို အခုမှ ငါ သတိရမိတယ်'

ကျွန်တော်က ယို့ယို့လေး ဆိုလိုက်သည်။

ငွေရောင် ဂါဝန်ရှည်ကို ဆင်မြန်းထားသော သူမကို တစ်ချက် ကြည့်လိုက်ပြီး ဆက်ပြောလိုက်သည်။

'ဟုတ်တယ်၊ မင်း ဝတ်စားထားခဲ့ပုံကို အခုမှ ငါ ပီပီပြင်ပြင် အမှတ်ရမိတယ်'

သူမ မျက်လုံးထဲတွင် လောင်ရိပ်ပေါ်လာသည်။ ထို့နောက် ကျွန်တော့ကို သွားဖြီးဖြီး ပြုံးလိုက်သည်။

'ကဲလေ...ရှင့်ကို ခွင့်လွှတ်ပါတယ်၊ ဒါနဲ့ ဒီနေ့အချိန်ကတော့ ကျွန်မကိုယ်ပိုင် အချိန် ဆိုတာကိုလည်း ပြောချင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် တို့လွတ်လွတ်လပ်လပ်စားနိုင်သောက်နိုင် ပျော်နိုင်ပါးနိုင်တယ်ပေါ့'

ကျွန်တော်က ဆိုလိုက်သည်။

'ရှင် ဘယ်တော့မှများ အခုလို လက်တွေ့ကျကျ မြင်ရှုလာစွမ်းပါ့မလဲလို့ ကျွန်မ စဉ်းစားနေခဲ့တာ'

သူမက ခပ်လျော့လျော့ ဆိုလိုက်သည်။

နောက် မိနစ်ကိုးဆယ်ကာလသည် ကျွန်တော့ရှေ့မှ နေရျဲဝေဝေဝါးဝါး ခပ်သွက်သွက် ပြသွားသော ရုပ်ရှင်ကားကဲ့သို့ လွန်သွားသည်။ ဟိုတစ်ကွက် ဒီတစ်ကွက်မျှသာ မရေမရာ အမှတ်ရမိသည်။

မှန်ပေါက်ပေါ်တွင် အုပ်ထားသော ကော်ဇောကို လှပ်ထားပြီး ထိုမှန်ပေါက် အနီးတွင် မေယာကို အမှတ်ရမိ၏။

ကျွန်တော့ကို ဆဲရေး တိုင်းထွာနေသော မလ်ရီဆာ စတန်တွန်၏ မျက်နှာနှင့် သူမကို အတင်း ဆွဲခေါ်သွားရန် ကြိုးစားနေသော လီယွန် ဒေါက်ကလပ်၏ မျက်နှာပေါ်မှ အားနာရိပ်။

မလ်လီဆာကို လှမ်းပစ်လိုက်သော ခွက်တစ်လုံး။ မလ်လီဆာ၏ နှာခေါင်းနှင့် ကပ်လွဲသွားပုံ၊ ခွက်ကိုလှမ်းပစ်လိုက်သူက နီနာ။

ညှော်ကြိုမှယ်လေး တစ်ဦးနောက်သို့အမဲလိုက်သလိုအသည်းအသန် လိုက်နေသော လယ်ရီမူလာ၏ ရမက်ထန်နေသော မျက်ခွက်။



လျှပ်တစ်ပြက် တွေ့မိသော ကျွန်တော် မသိသော မျက်နှာများ၊ နောင်လည်း ထပ်မမြင်လိုသော မျက်နှာ အများအပြားကို မရေမရာ အမှတ်ရလိုက်မိသည်။

ထိုနောက် ရုတ်တရက် ဆူသံပူသံများ ငြိမ်သွားသည်။ ကျွန်တော် စာကြည့်ခန်းထဲသို့ ရောက်နေပြီး ကျွန်တော့ကို နီနာက ပွေ့ဖက်ထားကြောင်း သတိရလိုက်သည်။

စာကြည့်ခန်းထဲတွင် ကျွန်တော်တို့ နှစ်ဦးအပြင် စားပွဲအောက်တွင် အိပ်ပျော်နေသော အဲရက်သမား တစ်ဦးနှင့် ဘားကောင်တာတွင် ရပ်လျက်နံ့သာဆီ တစ်မျိုးကိုထိပ်ပြောင်ခေါင်းပေါ်တွင် လိမ်းနေသော ခပ်ကြောင်ကြောင် လူတစ်ယောက် ရှိနေခဲ့သည်။

ကျွန်တော်သည် ကျွန်တော့ကို ရစ်ပတ်ထားသော နီနာ၏ လက်ကို အသာ ဖြေချလိုက်သည်။ သူမ ကြမ်းပြင်ပေါ်သို့ အသာကျသွားသည်။ မျက်လုံး တစ်လုံး ဖွင့်၍ ကျွန်တော့ကို ကြည့်လိုက်သည်။

'ရှင်ဟာ တကယ့်ကို လူကြီးလူကောင်း မပီသတဲ့သူ'

သူမက အသံ အေးတိအေးစက်ဖြင့် ဒေါသ ထွက်နေသည်။

'မဆိုတတ်ဘူးလေ၊ ငါက မင်း ငါ့ကိုချစ်ဖို့ ဖက်တွယ်ထားတယ် မှတ်နေတာ၊ အောက်လဲ မကျအောင် ဟိုင်အမှတ်နဲ့တွယ်ထားမှန်းမှ မသိခဲ့တာ'

ကျွန်တော်က အေးတိအေးစက်ပင် တုံ့ပြန် ဆိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

'ဒီအောက်မှာ ငနေသာဆိုင်သာ ရှိသားပဲ ရှင်ပါ ဒီကို ဆင်းခဲ့လေ'

သူမက မူးတူးတူး အသံဖြင့် ဆိုလိုက်သည်။

ကျွန်တော် စီးကရက်တစ်လိပ် မီးညှိပြီးချိန်တွင်မှ သူမထံမှ ဟောက်သံ ထွက်လာသည်။ ကျွန်တော် လက်ပတ်နာရီကို ကြည့်လိုက်သည်။ ထိတ်သွားသည် ဆင်ဒရယ်လားကဲ့သို့ ခံစားလိုက်မိသည်။ သန်းခေါင်တိုင်ရန် သုံးမိနစ်သာ လိုတော့သည်။

နီနာသည် လက်ရှိ အနေအထားနှင့် နေသာဟန် ရှိနေသည် သူမကို မိနစ် ၂၀ မျှ ပစ်ထားခဲ့ရမည်။ မုဆိုးကြီး တယ်ရီမှူလာ အခန်းထဲသို့ မတော်တဆ ရောက်လာပြီး သူမကို တွေ့သွားမည်ကိုသာ စိုးရိမ်မိလိုက်သည်။

စာကြည့်ခန်း တံခါးတွင် သော့တံ တပ်ထားသည်ကိုတွေ့ရသည်။ သို့ဖြင့် သော့ခတ်ပိတ်ပြီး သော့ယူသွားလျှင် ကိစ္စပြတ်ပြီဟု သဘောပေါက်လိုက်သည်။ လယ်ရီ အတွက် ပူစရာမလိုတော့။

စားပွဲအောက်မှ အရက်သမားကို ကြည့်လိုက်သည်။ ဆံပင်ဖြူနေသော ချိချိနွဲ့နွဲ့ အဖိုးကြီးကို တွေ့ရသည်။ နီနာက သတိရလာပြီး သူ့ကို မဟားဒယား ကြုံမှ ဖြစ်မည်ကိစ္စမို့ ခေါင်းထဲမှ ပယ်လိုက်သည်။

သို့ဖြင့် ပြဿနာတစ်ရပ်သာ ကျန်တော့သည်။

ကျွန်တော်သည် ခေါင်းပြောင်ပြောင်နှင့် နံ့သာဆီ လိမ်းပြီးရစ် လိမ်းနေသောပုဂ္ဂိုလ်ထံသို့ လျှောက်သွားသည်။ နှာခေါင်းတရှုံ့ရှုံ့ဖြင့် အနံ့ခံလိုက်သည်။



...ဟာ တကယ့် အနံ့ အသက်ပါလား၊ အဲဒီရေမွှေး ဆွတ်...တဲ့ ယောကျ်ားကို မိန်းမတိုင်း ကျူမှာ သေချာတယ်'

...ျွန်တော်က သူ့နားနားကပ်ပြီး စပ်ကျယ်ကျယ် ပြော...သည်။

...ူက သဘောကျစွာ ပြုံးလိုက်သည်။

...ကျုပ်ကလည်း အဲဒီလိုပဲ တွက်မိတယ်၊ ယောကျ်ား တစ်...က် ဆွဲဆောင်မှု အပြည့်ရှိအောင် လေယာဉ်ဆီ စစ်စစ်ကို...သင့်တယ်၊ ဆံပင်လည်း ပေါက်တယ်ဗျ'

...ူက ထိပ်ပြောင်ကို ပြင်းပြင်းထန်ထန် ပွတ်ရင်း ပြောလိုက်...

...လေယာဉ်ဆီလား၊ ကျုပ်က အရက်ပုန်း မှတ်နေတာ'

...ျွန်တော်က ဒွိဟနှင့် မေးလိုက်သည်။

...က ကျွန်တော့ကို မအူမလည် သူငယ်နှပ်စားလေးဟု ...သက်စွာ ကြည့်သည့်ပုံ ကြည့်လိုက်သည်။

...ရက်ပုန်းလောက်ကတော့ မုတ်ဆိတ်မွေး ရိတ်တဲ့အခါ ...ကျုပ် သုံးတယ်'

...က ပုလင်းကို မှောက်ချလိုက်ပြန်သည်။

...င်....ကုန်သွားပြီ'

...မတန် စိတ်သောက ရောက်ဟန်ဖြင့် ရေရွတ်လိုက်...

...န်သွားလည်း အခကြောင်း မဟုတ်ပါဘူးဗျာ၊ အခုပဲ ...ရဲ့ ဆွဲဆောင်မှုကို မခံမရပ်နိုင်လောက်အောင် ဖြစ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး နောက်နှစ်စက်လောက်သာ လိမ်းလိုက်ရင် ကျုပ်ကိုယ်
ခင်ဗျားကို ဖက်နမ်းမိမှာ'

သူသည် ကျွန်တော့ကို မျက်လုံးထောင့်မှ ခိုးကြည့်လို
သည်။ ထို့နောက် ကျွန်တော်နှင့် ခပ်လှမ်းလှမ်းရောက်အော
ဂဏန်းလျှောက် လျှောက်သွားလိုက်သည်။

'ခင်ဗျား ခပ်သွက်သွက်သွားမှ မဟုတ်ရင် လွတ်သွား
မယ်၊ လွန်ခဲ့တဲ့ ငါးမိနစ်လောက်က စတယ်'

ကျွန်တော်က စိုးရိမ်ဟန်ဖြင့် ပြောလိုက်သည်။

'ဘာစတာလဲ'

သူက စိတ်ဝင်စားဟန် မေးလိုက်သည်။

'ညွှန်သည့် တစ်ယောက်ချင်းကို အမျိုးသမီး တစ်ယော
ကျ ခွဲပေးနေတာလေ'

ကျွန်တော်က ဆိုလိုက်သည်။

နောက် တဒင်္ဂတွင် လေဟုန်ကဲ့သို့ သူ အခန်းပြင်သို့ရော
ရှိသွားသည်။ လေယာဉ်ဆီနံ့ သဲ့သဲ့ သာကျန်ခဲ့သည်။

ကျွန်တော်သည် စာကြည့်ခန်း တံခါးအတွင်းဘက်မှ
တံကို ဖြုတ်လိုက်သည်။ တံခါးကို အပြင်ဘက်မှ သော့
လိုက်ပြီး သော့ကို အိတ်ထဲ ထိုးထည့်လိုက်သည်။

ကျွန်တော် ညွှန်ခန်းထဲသို့ ရောက်သောအခါတွင် နာ
ကဲ့မတတ် ဆူညံသံများ တိတ်ဆိတ်နေချေပြီး စတန်တ
တီးဝိုင်းစင်မြင့်ပေါ် ရောက်ရှိနေပြီး စကားပြောရန် ဟ
နေသည်။ ကျွန်တော်သည် စုဝေးရပ်တန့်နေသော လူ
နောက်နားတွင် ရပ်လိုက်သည်။



'အမျိုးကောင်းသားနှင့် အမျိုးကောင်းသမီးအပေါင်းတို့'
စတန်တွန်က စကားစလိုက်သည်။ ထိုအချိန်မှာပင် မြေ
ာက် ရေကူးကန်မှ စူးစူးရှရှအော်ဟစ်လိုက်သော မိန်းမပျို
ဦး၏ အသံ ပေါ်လာသည်။

စတန်တွန်က မှိုကြီးသား အပြုံးပြုံး၍ ဆိုလိုက်သည်။

'အင်း....အမျိုးသမီး တစ်ယောက် အတွက်တော့ ပွဲစရာ
ူးမှတ်တယ်'

'အို....မစ္စတာ စတန်တွန် ရှင်က တကယ် ရယ်ရတဲ့သူပဲ'
ပေါ်လာ အားရပါးရ ထောပဏာပြုသံ ပေါ်လာသည်။

စတန်တွန်သည် ပေါ်လာကိုပါ ရေကန်ထဲ ကန်ချချင်စိတ်
ါလာသည်ကို ဖုံးကွယ်သည့် အနေဖြင့် မျက်စေ့ စုံမှိတ်
က်သည်။ မျက်စေ့ပြန်ဖွင့်ပြီး ပေါ်လာကို မရေမရာ ဖြုံးပြ
က်သည်။

'ကျုပ် တို့ဘို့နဲ့ လိုရင်းပဲ ပြောမှာပါ၊ ဒီကိစ္စဟာ လူအချို့
ာက်နဲ့ပဲပတ်သက်တာမို့ ကျန်တဲ့လူတွေသည်းခံနားထောင်
တောင်းပန်ပါတယ်'

စတန်တွန်သည် စုဝေး ရပ်တန့်နေသူများကို တစ်ယောက်
းစေ့စေ့ ကြည့်ရင်း မျက်နှာတည်သွားသည်။

'အဲဒီစာတွေကို ဘယ်သူ ရေးခဲ့လဲ ကျုပ်အသက်ကို ဘယ်
ြိမ်ခြောက်နေတယ် ဆိုတာကို ကျုပ်သိတယ်၊ စွပ်စွဲချက်ကို
ားကန်ပေးဖို့ အထောက်အထား ခိုင်ခိုင်လုံလုံရှိတယ်၊ ဒီကိစ္စ
တကယ်တော့ ကျုပ်နဲ့အဲဒီမှာရှိတဲ့ အခြား လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိ ကိုယ်ရေးကိစ္စ သက်သက်ပဲ၊ ဒီကိစ္စကို ကျုပ်တို့ မျက်နှာ
ဆိုင် ပွင့်ပွင့်လင်းလင်း ပြောသင့်တယ် ထင်တယ်'

ခဏနေရင် ကျုပ်အခန်းကို ကျုပ် တက်သွားမယ်၊ လှေ
ထိပ် တည့်တည့်က အခန်းက ကျုပ်အခန်းပဲ၊ အဲဒီမှာ ကျုပ်
၂၀ တိတိ စောင့်ပါမယ်၊ ကျုပ် ဒီစင်ပေါ်က ဆင်းသ
စက္ကန့် အနည်းငယ် အကြာမှာ ဒီအိမ်က မီးတွေအားလုံး
လိုက်ပါမယ်၊ မိနစ် ၂၀ လုံးလုံး အမှောင်ချထားပါမယ်'

စတန်တွန်သည် သူ့ရှေ့ရှိ လူများ၏ မျက်နှာကို အက
လိုက်ပြန်သည်။

'အကယ်လို့ ကျုပ်နဲ့ ရင်ဆိုင် တွေ့သင့်တဲ့သူ ပေါ်မလာ
ကျုပ် သူ့ကို ရဲလက် အပ်ယုံကလွဲလို့ တစ်ခြား လုပ်စရာ
တော့ပါဘူး၊ ရဲလက်ထဲ အပ်ရရင်တော့ မလိုလား အ
လူသိရှင်ကြား ကိစ္စ ဖြစ်ကုန်မှာပါပဲ'

ခုလို သည်းခံပြီး နားထောင်ကြတဲ့အတွက် ကျေးဇူး
ပါတယ် လူကြီးမင်းနဲ့အမျိုးကောင်းသမီးအပေါင်းတို့၊ နေ
မိနစ် ၂၀ အမှောင်ထဲမှာ ခင်ဗျားတို့ လုပ်စရာ ကိုင်စရာမ
ပါဘူး ဆိုရင်တော့ ခင်ဗျားတို့ကိုအင်မတန် ဂရုဏာသက်
တယ်လို့ ဆိုပါရစေ ခင်ဗျာ'

စတန်တွန်သည် စင်မြင့်ပေါ်မှ ဆင်းသက်သောအခါ
ပရိသတ် အုပ်က ရယ်မော လက်ခုပ်တီးနေဆဲ ဖြစ်သည်။
တွန် ဖြတ်သန်းသွားစေရန် လမ်းဖွင့်ပေးလိုက်သည်။

သူသည် ကျွန်တော့အနီး ဆယ်ပေလောက် အကွာမှ
သွားသည်။ ကျွန်တော့ကို တစ်ချက် ကြည့်လိုက်သည်။



တော်က ကျွန်တော့ အနေအခြေ ကောင်းကြောင်း ပေါ်ကျူး
သည့် အနေဖြင့် ခေါင်းတစ်ချက် ဆတ်ပြလိုက်သည်။

ထို့နောက် သူသည် ညှော်ခန်းထဲမှ နေ၍ ခန်းမကြီးထဲသို့
ဝင်ရောက် ပျောက်ကွယ်သွားသည်။

ပရိသတ်အုပ် ပြန်လည်ကွဲသွားသည်နှင့် အသံနှုန်းသည်
လည်း မူလ အဆင့်သို့ တစ်ဟုန်ထိုး ပြန်မြင့်တက် လာသည်။
ကျွန်တော် တံခါးဝဘက်သို့ လျှောက်ရန်အပြုတွင် ကျွန်တော့
ကို တစ်စုံတစ်ယောက် စူးစိုက်ကြည့်နေသည်ဟု မသိုးမသန့်
ခံစားမိသောကြောင့် တုန့်ခနဲ ရပ်တန့်လိုက်သည်။

'ကျွန်မကို ခွင့်ပြုပါရှင်'

ကျွန်တော် လှည့်ကြည့်လိုက်သည်။ အနက်ရောင် ဂါဝန်
ဝတ်ဆင်ထားသော သဲနာရီအိမ် ပုံစံ ခန္ဓာကိုယ် အချိုးအစား
နှင့် ဆံပင်ဝါမလေး တစ်ဦးကို တွေ့ရသည်။

'ခွင့်ပြုပါတယ် ခင်ဗျာ'

ကျွန်တော်က ခပ်ကြောင်ကြောင် ဆိုလိုက်သည်။

သူမ၏ ချယ်ရီနီရောင် နှုတ်ခမ်းများ တင်းသွားသည်။

ကျွန်တော်က ဘောင်းဘီကို လျှပ်မြန်စွာ ကောက်ယူပြီး
သူမကို ကမ်းပေးလိုက်သည်။

'ဟုတ်ကဲ့၊ ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်၊ ဟို မီးမှောင်
ခါနီးမှာ ပျောက်သွားတော့ ပြန်လင်းလာတဲ့အခါမှာ တွေ့ဖို့
ဆိုတာ သိပ် လွယ် အို....ထားပါတော့ ဒီကိစ္စကို'

သူမက ရှက်တရက် မျက်စေ့မှိတ်၍ ပြောလိုက်သည်။

www.burmeseclassic.com



ကျွန်တော်သည် ဤဆံဝါမနှင့် သူမ၏ စိတ်ဝင်စားဖွယ် အဖြစ်နှင့် စိတ်ဝင်စားဖွယ် အကနှင့်စိတ်ဝင်စားဖွယ် ဘောင်းဘီ ကျွတ်ပုံတို့ကို အချိန်မပေးနိုင်မှုန်း ရုတ်တရက် သတိရလိုက်သည်။

ကျွန်တော် သတိရလိုက်ချိန်မှာပင် တစ်အိမ်လုံး မှောင်ကျသွားသည်။ တံခါးဝရှိသည့်ဘက်ကို ကျွန်တော် အာရုထဲပုံသွင်းထားပြီး ဖြစ်သွားကြောင်း ကျွန်တော် လက်နှစ်ဘက်ဆန့်တန်းပြီး ထိုဘက်သို့ ဦးတည်လိုက်သည်။

ကျွန်တော်သည် အမှောင်ထဲမှာပင် ဘေးသို့ ခြေလှမ်းလိုက်သည်။ ထို့နောက် တံခါးဝ ရှိမည့်ဘက်သို့ လက်ဆန့်တန်းလျက်ပင် လျှောက်လာခဲ့သည်။

နောက်နှစ်စက္ကန့် အကြာတွင် လှေကားစွန်းကို ဒူးနှင့် တိုက်မိလိုက်သည်။ ကြိတ်၍ ကျိန်ဆဲလိုက်မိသည်။

သို့သော် ပထမ လှေကားထစ်ကို တွေ့ပြီးနောက် ကျွန်သည်က လွယ်လွယ်ကူကူပင်။ လှေကားလက်တန်း တစ်ဘက်ကို ကိုင်၍ အပေါ်သို့ ဆက်တက်သွားသည်။

နှစ်ထစ်သုံးထစ်၊ လေးငါးခြောက်ထစ် အမှောင်ထဲမှာပင် အဆင် အတော်ပြေနေခဲ့သည်။ သို့သော် ဒသမမြောက် လှေကားထစ်သို့ ရောက်သောအခါတွင် ကျွန်တော့်ခေါင်းပေါ်သို့ ဒုတိယထပ် တစ်ခုလုံး ပြိုကျလာသည်သို့ ခံစားလိုက်ရသည်။

x x x

အခန်း (ရှစ်)

ကျွန်တော် အမှောင်ထဲ နာကျင်မှုမှနေ၍ အမှောင်ထဲ နာကျင်မှုသို့ ကူးခတ်သွားမိသည်။ ကြောင်းကျိုးအာရုံတို့လုံးဝ ကင်းမဲ့နေခဲ့သည်။ ကျွန်တော့် မသိစိတ်က ခပ်ကြောင်ကြောင် ဆိုရှတ်မှုများ ပြုနေသကဲ့သို့ ခံစားမိသည်။

ကျွန်တော်သည် ကျွန်တော့် မသိစိတ်ကို ဆင်ဆာစိတ်လိုက်သည်။ သိစိတ်ကို အလုပ်ပေးဆိုက်သည်။ စဉ်းစား ဘာဖြစ်တာလဲ စဉ်းစား အကြောင်းအကျိုး ဆက်စပ် စဉ်းစား ကျွန်တော့် ဦးနှောက်ကို ကွန်ပြူတာ မောင်းနည်း ပြင်းပြင်း ထန်ထန် မောင်းလိုက်မိသည်။

'မင်းလူ အဲဒီတော့ ခမ္မခိုင်ရှာန်ကျကျ စဉ်းစား တွေးခေါ်ဆင်ခြင် ဗရမ်းဗတာ အတွေးတွေနဲ့ ကမောက်ကမ ကစဉ့်ကလျား ကတာမ်း ဖြစ်မနေနဲ့'

www.burmeseclassic.com



ထို့နောက် တဖြည်းဖြည်း ကျွန်တော် သတိဝင်လာသည်။ နာကျင်မှုက ခေါင်းထဲမှာ ဝေဒနာတာ ခေါင်းထဲမှာ မည်သည့်အတွက်ကြောင့် ဝေဒနာ ဖြစ်နေသနည်း။

မတော်တဆ ထိခိုက်မှု တစ်ခုခု ဖြစ်ခဲ့ခြင်းသာ ဖြစ်မည်။ သို့သော် ပေါ့ပေါ့သေးသေးတော့ မဟုတ်၊ အတော် ပြင်းထန်ခဲ့မည်။ သို့ကြောင့် ကျွန်တော် ယခုကဲ့သို့ ပြင်းပြင်းထန်ထန် ခံစားနေရသည်။

ကျွန်တော် သတိရနေသည် ဆိုပါလျှင် မည်သည့်အတွက်ကြောင့် အားလုံး မည်းမှောင်နေပါသနည်း၊ ကျွန်တော့ မျက်လုံး ဖွင့်နေပိတ်နေသည်လော လက်နှင့် အသာစမ်းကြည့်လိုက်မိသည်။ ရာစုနှစ်ရာစုလောက် ကြိုးစားလိုက်ရမိမှ လက်နှင့်မျက်လုံး ထိတွေ့သွားသည်ဟု ခံစားလိုက်ရမိသည်။

ကျွန်တော့မျက်လုံးများ ပြူးကျယ်နေသည်။ သို့ဖြင့် ကျွန်တော့ကို အမှောင် လွှမ်းဖုံးနေသည့် အကြောင်း တစ်ကြောင်းသာ ရှိမည်။ ကျွန်တော် လျှပ်စစ် တိုက်ပြိုမှုဒဏ် ခံရပြီးမျက်လုံး တာဝရ ကွယ်သွားခြင်းသာ ဖြစ်မည်။

ပြင်းထန်သော ပေါက်ကွဲမှု နှစ်ချက်ဆင့် ဖြစ်သွားသောကြောင့် ကျွန်တော် အမှတ်တမဲ့ တုန့်သွားသည်။ သေနတ်သံနှစ်ချက်ပင်။ ကျွန်တော် လက်မြှောက် အရှုံးမပေးနိုင်ခင်မှာပင် စူးရှသော အလင်းရောင်က မျက်လုံးများကို ရက်စက်စွာ တိုးဝင်လာသည်။

ထိုအခါမှသာလျှင် အဖြစ်အပျက် အားလုံး အံဝင်ခွင်ကျ အချိုးကျသွားသည်။ ကျွန်တော် စတန်တွန်၏ အခန်းဆီသို့



အတက်တွင် တစ်စုံတစ်ယောက်က ကျွန်တော့ကို ရိုက်နှက်ခဲ့သည်။ ထိုအချိန်တွင် အိမ်မီးများပိတ်၊ တစ်အိမ်လုံး မှောင်ကျနေခဲ့သည်။ ထိုအချိန် သေနတ်သံ နှစ်ချက် ပေါ်လာသည်။

ကျွန်တော် ဒူးထောက် ထ လိုက်သည်။ လှေကားလက်တန်းကို ဆွဲလိုက်သည်။ မတ်တပ်ရပ်လိုက်သည်။ ကျွန်တော် လှေကား လက်တန်းလို့ အသည်းအသန် ဆွဲအတက်တွင် တစ်စုံတစ်ယောက်၏ ဖလုံးဗထွေး ဆဲရေးတိုင်းထွာ ရေရွတ်နေသံကို ကြားလိုက်ရသည်။ အသံက ကျွန်တော့ အသံနှင့် အတော်တူလှ၏။ ထို့နောက်မှ သိလိုက်သည့် ကျွန်တော့ အသံပင်။ ကျွန်တော် ရေရွတ်နေမိခဲ့သည်။

ကျွန်တော့ ဦးနှောက် ကယောင်းကနင်း ကမောက်ကမ ဖြစ်နေချိန်တွင် ကျွန်တော့ အမှုသည် အသတ် ခံလိုက်ရသည်။ ကျွန်တော့ အမှုသည် ဘုရားခေါ်ရာနောက် ပါသွားခြင်းကား ကျွန်တော် ညံ့ရှုံးပြီ။

စတန်တွန်၏ အခန်းတံခါး ပိတ်ထားသည်။ သို့သော် တင်းတင်းမဟုတ် ကျွန်တော့ပခုံးနှင့် တိုက်ထည့်လိုက်ရာ ဟင်းလင်းပွင့်သွားသည်။ ကျွန်တော်လည်း အခန်းထဲသို့ ဟပ်ထိုးရောက်သွားသည်။

'ဟိုလ်မန်း....ခင်ဗျား....ဘာဖြစ်သွားတာလဲ'

စတန်တွန်က အခန်းလယ်တွင် ရပ်တန့်နေသည်။ လက်ထဲတွင် သေနတ် တစ်လက် ကိုင်ထားသည်။ မျက်လုံးများတွင် တုန်လှုပ်ချောက်ချားရိပ် ကဲနေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် လှေကားက တက်လာနေတုံး တစ်ယောက်ယောက်က ကျုပ်ကို ရိုက်ထည့်လိုက်တယ် ထားပါ အဲဒါ အကြောင်းမဟုတ်ဘူး ခင်ဗျားရော ဘာဖြစ်သေးလဲ'

ကျွန်တော်က မေးလိုက်သည်။

စတန်တွန် ခန်းထောင့်သို့လက်ညှိုးထိုးပြလိုက်သည်။ အခန်းထောင့်တွင် လူတစ်ယောက် လဲနေသည်ကို တွေ့ရသည်။ ကပြင်ပေါ် မှောက်နေသည်။ ဗီရိုစွန်းနှင့် တစ်ဝက် ကွယ်နေသည်။

ကျွန်တော့ခေါင်း အနည်းငယ် သက်သာရ သွားသည်။ တစ်ဟုန်ထိုး အုံကြွ နာကျင်မှုက ခေါင်းကိုက်မှု အဆင့်သို့ ကျဆင်း စုစည်းသွားသည်။

ကျွန်တော် အခန်းထောင့်သို့ ခြေလှမ်းထိန်း လျှောက်သွားသည်။ မလဲမပြိုပဲ ရောက်သွားသည်။ အလောင်းနားသို့ရောက်သောအခါတွင် အသာ ဒူးထောက်ပြီး ကြည့်လိုက်သည်။ မျက်နှာကို မြင်လိုက်သောအခါတွင် ကျွန်တော် အလွန်အမင်း အံ့သြသွားသည်။

'အလ်ဘတ် ပါလား'

ကျွန်တော် စတန်တွန်ကို တအံ့တသြ ကြည့်ကြည့်ပြီး ရေရွတ်လိုက်မိသည်။

'ဟုတ်တယ်၊ အိမ်မက်ဆိုး တစ်ခုလိုပဲ၊ ဒီလို အခြေအနေမှာ ဒီလို စကားပဲ ပြောရမယ် ထင်တယ်'

စတန်တွန်က ပြုံးရန် ကြိုးစားလိုက်သည်။ အချိန်မဟုတ် နောက်ရွတ်မိလိုက်သည့် အချက်ကို သဘော ပေါက်ဟန်ဖြင့် မျက်နှာ ပြန်တည်ရန် ကြိုးစားလိုက်သည်။



'ကျုပ်လည်း မယုံတာ ဖြစ်နေလို့ စိတ်ထား အထာမကျသေးဘူး'

ဗလုံးဗထွေး ပြောလိုက်သည်။

ကျွန်တော် မတ်တပ်ရပ်ပြီး သူ့ထံ လျှောက်သွားသည်။

'ဘယ်လိုလုပ် ဖြစ်ပျက်သွားတာလဲ'

'ခင်ဗျား ညနေပိုင်းက အပြင် ထွက်သွားပြီးတော့ ကျုပ်တကယ့်ကို ထက်ထက်မြက်မြက် တွေးလာတယ်၊ အချက်အလက်တစ်ခု မကျန်ကို အသေးစိတ် စီစဉ် ဆောင်ရွက်ခဲ့ရတယ်၊ အဲဒီရှေးဟောင်း ရွှေနံ့ဆီ မီးအိမ်က စာကြည့်ခန်းထဲက ကျုပ်က အဲဒီမီးအိမ်ကို ဒီသယ်လာခိုင်းခဲ့တယ်၊ အလ်ဘတ်ကို ပြီးတော့ ရေနံဆီ အပြည့် ရှိမရှိ စစ်ဆေးကြည့်လိုက်တယ်၊ အိမ်တစ်လုံးမှောင်ကျသွားရင် ကျုပ် အခန်းမှာ မှောင်ကျနေမှာကို ကျုပ်ရုတ်ချင်း သတိရလိုက်တယ်လေ၊ ခင်ဗျား ကျုပ်အနားမှာ ရှိရှိ မရှိရှိ၊ အမှောင်ထဲမှာတော့ ကျုပ် ထိုင်မနေချင်ခဲ့ဘူး'

စတန်တွန်က သက်မဲ့သံဖြင့် ပြောလိုက်သည်။

ကျွန်တော် စီးကရက် တစ်ဘူး ထုတ်ယူလိုက်သည်။ စီးကရက်ဘူးက ကြွေမွနေသည့် စီးကရက် တစ်လိပ်ကို ထုတ်ယူ၍ ဖြောင့်လိုက်သည်။ တုန်ယင်နေသော ကျွန်တော့လက်နှင့် တုန်ယင်နေသော သူ့လက်နှစ်ခုကြားတွင် စီးကရက်တစ်လိပ် မီးညှိရန် မီးခြစ်ဆံ တစ်ဒါဇင်မျှ ခြစ်လိုက်ရသည်။

'ကျေးဇူးပဲ အလ်ဘတ်က အထူးတလှယ် စိတ်ဝင်စားနေခဲ့မှန်း ကျုပ်က သိနေတော့ သူ့ကို ကျုပ်ကလည်း သိပ်ပြောပြနေချင်ခဲ့တယ် ကျုပ်ရဲ့ ဘဝင်ကို ဖြေတယ်ပဲ ပြောပြပါပေါ့

www.burmeseclassic.com

www.burmeseclassic.com



စတန်တွန်က ဆက်ဆိုလိုက်သည်။

'အဲဒီမှာ ကျုပ်အကြံ တစ်ခု ရလိုက်တယ်၊ မိန်းဆွဲပိတ်ဖို့ လူတစ်ယောက် အောက်မှာ လိုနေခဲ့တယ် မဟုတ်လား၊ မီးပိတ်သွားတဲ့အချိန်မှာ ကျုပ်က ဒီအခန်းထဲမှာ ရှိနေခဲ့မှာ ခင်ဗျား ကလည်း မီးပိတ်သွားမှ ဧည့်ခန်းထဲက လစ်ထွက် လာနိုင်မှာ အဲဒီတော့ အလ်ဘတ်ပဲ ရှိတော့တယ်၊ အဲဒီတော့ ကျုပ်ကို လုပ်ကြံ သတ်ဖြတ်ဖို့ ကြိုးစားနေတဲ့ လူကို ထောင်ဖမ်းဖို့ အသေးစိတ် အစီအစဉ်ကို ပြောလိုက်တယ်'

စတန်တွန်က သူ့ညာဘက်တွင် ကိုင်ထားသော သေနတ်ကို ပြုံးကြည့်လိုက်သည်။ သေနတ်ကို ပထမဦးဆုံး အကြိမ် သတိထားမိသကဲ့သို့ ပြုံးပြုံးကြောင်ကြောင် ကြည့်လိုက်မိသည်။ ထို့နောက် သေနတ်ကို အင်မတန် ရှုရှာစက်ဆုပ်သည့် ပုံစံဖြင့် လွှတ်ချလိုက်သည်။ ပါးစပ်ကို လက်ဖမိုးဖြင့် စက္ကန့်အနည်းငယ် ပိတ်မိလိုက်သည်။ ထို့နောက်သတိဝင်လာသကဲ့သို့ ရုတ်တရက် ဆိုလိုက်သည်။

'နေပါဦး စကား ဘယ်ရောက်သွားပါလိမ့်၊ ဟုတ်ပြီ အဲဒီ စင်မြင့်ထက်က စကား ပြောဆိုပြီးတော့ ခင်ဗျား သိတဲ့အတိုင်း ပဲပေါ့၊ ကျုပ် ဒီကို တန်းတန်းမတ်မတ် လာခဲ့တယ်၊ ကျုပ် ရေနံဆီ မီးအိမ်ကိုထွန်းပြီး ခါစမှာပဲ ကွက်တိ မီးတွေ ငြိမ်းသွား တယ်၊ ဒါနဲ့ ခင်ဗျား အရောက်ကို သက်တောင့်သက်သာ ထိုင်စောင့်မိလိုက်တယ်၊ ခဏကြာတော့ အခန်းပြင်ဘက်မှာ လူတစ် ယောက် အသံကို ကြားလိုက်ရပြီးတော့ အလ်ဘတ် ဝင်လာ တယ်'



စတန်တွန်၏ မျက်နှာပေါ်တွင် အံ့ဩရိပ် ကဲနေသည်။

'သူ့ပုံစံက အိမ်တော်စိုးနဲ့ မတူတော့ဘူး၊ လက်ထဲမှာ သနတ် မပါခဲ့ရင်တောင် မျက်နှာထားက အရင် အလ်ဘတ် ဟုတ်ဘူး၊ လူတိုင်းလူတိုင်းဟန်ဆောင်နေတတ်ကြတယ်ဆိုတဲ့ ချက်က အဲဒီအချိန်မှာ ထင်းထင်း ပေါ်လာတယ်၊ ခုလို သက်နဲ့ ရင်းတဲ့ကိစ္စတွေ ပေါ်လာတော့ ဘာကယ့် ရုပ်သွင် ါ်တော့တာပဲ'

'အလ်ဘတ်က တံခါးကို အသေအချာ ပိတ်ပြီးတော့မှ ျုပ်ကို သေနတ်နဲ့ ချိန်လိုက်တယ်၊ သူ့အကြိုက်ပေါ့၊ ကြောင် က်ကို ကစားတဲ့ ပုံစံ ကျုပ်ကို ကစားလာတယ်၊ ကျုပ်ကို ခွင့်အလမ်း ပီပီပြင်ပြင် ဖေါက်ပေးလိုက်တဲ့အတွက် ကျေး တင်ပါတယ်တောင် ဆိုလိုက်သေးတယ်၊ ခွေးမသား သူက ကိုယ်သူ ကျုပ်ထက် ဉာဏ်ရည်သာတယ်လို့ ထင်မိခဲ့ရတယ်'

'နောက် ငါးမိနစ်လောက် ကြာကြာမှာတော့ လူသတ်ဖို့ သော်ဆောင်ရွက်လာခဲ့ပုံ တွေလို့ အသေးစိတ် အနုစိတ် စိမ်းပြေ ပြ ရှင်းပြနေခဲ့တယ်၊ အဲဒီနောက်တော့ ဘာလို့ ကျုပ်ကို တ်ရတယ်ဆိုတာကို ရှင်းပြတယ်၊ နောက် ကျုပ် ဘိုးစဉ် ဘင်ဆက် တစ်မျိုးလုံးကို စော်ကားတယ်လို့ ဆိုရမယ့်ဆဲရေး ်းထွာမှုနဲ့ ကျုပ်ကို ထောပနာပြုတယ်'

တန်တွန်က သူ့လက်ဖမိုးနှင့် ပါးစပ်ကို သုတ်လိုက် ပြန် ည်။

'အဲဒီတော့ ကျုပ် ဘာတတ်နိုင်မလဲ ခင်ဗျား အခန်းထဲကို က်လာတော့ ခင်ဗျား တစ်ခုခုဖြစ်နေပြီလို့ ကျုပ်သဘော

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လိုက်တယ်၊ ကျုပ် အခဲ့မှာ ထိုင်နေလည်း ပစ်သတ်ခံ ရမယ့်အတူတူ သူ့ကို ခုန်အုပ်ပြီး ရင်ဆိုင်တိုက်ခိုက်ရင်း ပစ်သတ် ခံရတာ တော်သေးတယ်လို့ ယူဆတယ်၊ ဒါကြောင့် သူ့ကို ခုန်အုပ်လိုက်တယ်'

စတန်တွန်က တခဏ် မျက်လုံး မှိတ်လိုက်သည်။

'ကျုပ်ဘ၀ တစ်လျှောက်လုံးမှာ အရေးအရာ အပါဆုံး ဖြစ်မဲ့ အသံသုံးချက်ကြားလိုက်တယ်၊ မောင်းတင်ဖို့ မေ့နေပြီး ခလုပ်ညှစ်တဲ့ အသံမြိုက်သံ။ အလ်ဘတ်က သေနတ်မောင်းတင်ဖို့ မေ့နေခဲ့တယ်၊ ကျုပ် သူ့ အင်္ကျီစကိုဆွဲပြီး တစ်ခါတည်းအခန်း ထောင့်ကို မြှောက်ထည့်လိုက်တယ်'

စတန်တွန်က အလောင်းရှိနေရာဘက်သို့ မေးဆတ်ပြလိုက် သည်။

'အလ်ဘတ် အဲဒီမှာတင် လေးဘက်ထောက်ပစ်သွားတယ် ဒါပေမယ့် သူ့လက်ထဲမှာ သေနတ်ကို တင်းတင်း ဆုတ်ကိုင် ထားတုန်းပဲ၊ သေနတ်မောင်းတင်ဖို့ နောက်တစ်ကြိမ် သူ မှာမဟုတ်ဘူးလို့ ကျုပ် သဘောပေါက်လိုက်တယ်၊ ဒါကြောင့် သူ့ကို တစ်ခါ ခုန်အုပ်လိုက်ပြန်တယ်၊ သူ့ကျောပေါ် ကျသွား တယ်၊ ကျုပ်တို့ သေနတ်ကို အသည်းအသန် လုလိုက်ကြတယ် ကျုပ် သူ့လက်ကောက်ဝတ်ကို တအား ညှစ်ဖမ်းထားတော့ သေနတ်ကို ကျုပ်ဘက်ကနေ သူ့ဘက်ကို ဝိုက်ဆွဲ လှည့်လိုက် တယ်၊ သူ့ဘက်ကို သေနတ်တည့်ထားတဲ့ အနေ ရောက်သွား တယ်'

စတန်တွန်က သက်ပြင်းတစ်ချက် ချလိုက်သည်။



'ကျုပ် သူ့လက်ညှိုးပေါ် လက်ညှိုးထပ်တင်ပြီး ခလုတ် ကို ညှစ်လိုက်တယ်။ နှစ်ဆင့်ဆက်ပြီးတော့ ကျုပ် အတော်ကို ကြောက်လန့်နေခဲ့တယ် ကိုယ့်လူ အဲဒီနှစ်ချက်ကို သူတို့စိတ်စနိုး စနောင့် ဖြစ်မလား'

'ဘယ်သူတွေသဲ ရဲတွေလား၊ လူတစ်ယောက်က သူ့ အသက်အန္တရာယ်ကို သူ အောင်အောင် မြင်မြင် ကာကွယ်ဖြစ် တာကို အပြစ်ဘင်လို့ မရဘူးလေ'

ကျွန်တော်က ခေါင်းခါ၍ ပြောလိုက်သည်။

လွန်ခဲ့သော ဆယ်မိနစ်လုံးလုံး မည်သည့်အချက်ကို သူ့ကို စိတ်အနှောင့်အယှက် ဖြစ်နေခဲ့စေမှန်း ထိုအချိန်ကျမှ ကျွန် တော် သဘောပေါက်လိုက်သည်။

'ဒါနဲ့ နေပါဦး၊ ဘာဖြစ်လို့ ကျွန်တော့် သူငါးဆယ်လောက် ပါဒီအခန်းထဲ ရောက်မလာကြသေးတာလဲ'

ကျွန်တော်က မေးလိုက်သည်။

'ဟ ဘာတွေပြောနေတာလဲ ဟိုလ်မန်း....ခင်ဗျားကို ကျုပ် အလိုရှိဆုံးအချိန်မှာ ခင်ဗျား ကြောင်သွားပြီလား'

စတန်တွန်က ထအော်လိုက်သည်။

'ကျုပ် လှေကားထစ်ပေါ်မှာ သတိရလာတော့ သေနတ် သံနှစ်ချက်ကြားလိုက်ရတယ် ဘာလို့ ကျွန်တော့်သူတွေ မကြား တာလဲ'

ကျွန်တော်က မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါက လွယ်ပါတယ်'

စတန်တွန်က ပြောပြောဆိုဆိုပင် တံခါးပေါက်သို့လျှောက်သွားပြီး တခေါက်ဆွဲဖွင့်လိုက်သည်။

အောက်ထပ်မှ အသံဗလံများ ဆူညံစွာ လျှံတက်လာသည်။ တံခါးပြန်ပိတ်လိုက်သောအခါ တိတ်ဆိတ် သွားပြန်သည်။ ညှော်ခန်းထဲတွင် မည်မျှဆူညံနေမည်ကို ကျွန်တော် တွေးပင် မတွေးရဲခဲ့ပါချေ။

'လေကားထိပ်ပေါ်မှာတောင် ကြားမိတယ်မထင်ဘူး'

ကျွန်တော်က ရေရွတ်လိုက်သည်။

'အလ်ဘတ်က ခင်ဗျားကို ရိုက်လှဲခဲ့တယ်လေ၊ မှတ်မိတယ်မဟုတ်လား၊ ခင်ဗျားသတိရလာတော့ အဲဒီထဲမှာ ဖြစ်ပျက်နေတာကိုပဲ ခင်ဗျားအာရုံက စိတ်စောပျောက်နေခဲ့တယ်၊ သေနတ်သံနှစ်ချက်ကိုပဲ အာရုံခံနေသလို ဖြစ်နေခဲ့တယ်၊ အောက်ထပ်က အသံတွေက အရေးမပါခဲ့ဘူး၊ ခင်ဗျားက သူတို့ခေါ်ကြတဲ့ တစ်ယူသန်လူစားမျိုးပဲ'

စတန်တွန်က ဆိုလိုက်သည်။

'ထားပါတော့လေ'

ကျွန်တော်က ခေါင်းဒဏ်ရာကို အသာကိုင် ကြည့်လိုက်သည်။

'ကျုပ်တို့အခု ဘာလုပ်ကြမလဲ'

စတန်တွန်က အသံအစ်အစ်ဖြင့် မေးလိုက်သည်။



ကျုပ်တို့ ရဲကိုအကြောင်းကြားသင့်တယ်၊ အချိန် ဆွဲထားပြီးဆိုးလေ ဖြစ်နိုင်တယ်၊ ဒါပေမယ့် သူတို့ကိုမခေါ်ရင်
ာတွေကို ကျုပ် ကြားချင်သေးတယ် အလ်ဘတ် အဲဒီ
တ် ဘယ်ကရခဲ့လဲ'

ကြီးလမ်းအဆုံး ကျုပ်ရဲ့သီးသန့်ခန်းဘီရိုထဲက ရတာပဲ....
သေနတ်ကို ခိုးယူလာခဲ့တာလေ ခေးမသား'

န်တွန်က နာကြည်းစွာဆိုလိုက်သည်။

ကောင်းပြီ....ဒီကိစ္စရဲ့ မေးခွန်းကြီးကို မေးရမှာပဲ၊ ဘာ
လဲ ခင်ဗျားကို သတ်လောက်တဲ့အထိ ဖြစ်အောင် ဘာ
'

န်တော်က မေးလိုက်သည်။

ဗျား စီးကရက်ရှိသေးလား'

န်တော်က စီးကရက်ဘူးကို ကမ်းပေးလိုက်သည်။ သူ
းကရက်ကို ဂရုတစိုက် မီးညှိလိုက်သည်။ မြပွဲတစ်ခု
နေသည့် ပုံစံမျိုးဟန်ပန် အပြည့်အဝနှင့် မီးညှိလိုက်

ပ် ခင်ဗျားကို ပွင့်ပွင့်လင်းလင်း ပြောပြမယ်ဗျာ၊ ကျုပ်
း ကျုပ်ရဲ့တွေကို ဘယ်လောက်ပွင့်ပွင့်လင်းလင်း ပြော
ဘာကို ခင်ဗျားအကြံပြု ဟုတ်ပြီလား'

တွန်က ဖြည်းလေးစွာဆိုလိုက်သည်။

ပါပြီ....ဒါပေမယ့် နောက်မှ ရဲက အစကောက်လို
တွေ ဝှက်မထားပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'မတွက်ပါဘူး.... ခုကိစ္စဖြစ်ရတာ ရှယ်လီဆစ်ဘတ်စ် ကြောင့်ပဲ၊ ကျုပ်က သူ့ဆေးသမားဖြစ်လို့ အလုံထုတ် တယ်လို့ ပြောခဲ့တာအမှန်၊ ဒါပေမယ့် သူ့အစ်ကို ပြောခဲ့တာအမှန်။ အမှန်ကို သူရိပ်ကဲရမိခဲ့တယ်၊ ကျုပ်က ကို ကျုပ်အိမ်ကိုဖိတ်တော့ ကျုပ်ကိုအပြတ်သရော် လွှတ် ခဲ့တယ်'

စတန်တွန်က ကျွန်တော့်ကို မျက်လုံးချင်းဆိုင်မကြည့် ရန် ကြိုးစားရင်းဆက်ပြောလိုက်သည်။

'ကဲ....အဲဒီလို ကျုပ်နဲ့ အဲဒီပျော်ဖို့ပြင်းခဲ့တဲ့အပြင် ကလ လည်း ရှယ်လီ လျှောက်အာချောင်နေခဲ့တယ်၊ ကျုပ်က ကို ကျုပ်ဘာ့အကောင်မျှားမှတ်နေသလဲ၊ ဘာညာပေါ့၊ ဆို ကျန်တဲ့သူတွေပါ ကျုပ်ကို ကန့်တန့်တန့် လုပ်လာလို့ သဘောသပေါက်လာပြီး သူ့ကို စောစောစီးစီး အလုပ် ပစ်လိုက်တယ်'

'သူသေတဲ့ညက ဒီအိမ်ကို သူ့အလိုအတိုင်း သူလာ အဲဒီအချိန်မှာ ဧည့်သည်တစ်ယောက်မှ ရှိမနေခဲ့ဘူး၊ အိမ်ဖော်တွေပဲ ရှိခဲ့တယ်၊ အလ်ဘတ်က တံခါးဖွင့်ပေး တော့ အထဲဝင်လာတယ်၊ ကျုပ်ဘယ်မှာလဲ မေးတယ် ကို အပြတ်ပြောမလို့ပေါ့၊ အလ်ဘတ်က သူ့ကိုစာကြည့် ထဲ ပို့နိုင်ခဲ့ပြီး ကျုပ်ကို လာပြီး အကြောင်းကြားခဲ့တ ရှယ်လီ အရက်မူးနေသလား၊ ဆေးမူးနေသလာ မသိဘူး ခုနတော့ မူးနေတာပဲတဲ့'



ကျုပ်က ရှယ်လီကို မတွေ့ချင်ဘူးလို့ အလ်ဘတ်ကိုပြော တယ်၊ ဒီတော့ပြဿနာမတက်ဘဲနဲ့သူ့ကိုရနိုင်သလိုပထုတ် လိုက်တယ်၊ ကျုပ်တို့အခု စကားဖြတ်ပြီးတော့ အလ်ဘတ် ကို သုံးသပ်ကြည့်ရင် ကောင်းမယ်ထင်တယ်'

ခင်ဗျားအပြောပဲလေ....အဲဒီတော့ ပြောချင်တာ ပြော

ကျွန်တော်က ဆိုလိုက်သည်။

ပုံမှန်အိမ်တစ်အိမ်မှာ အိမ်တော်စိုးလုပ်နေရတာ အတော် စရာကောင်းမှာပဲ၊ ကျုပ်လို လူတစ်ယောက်ရဲ့ အိမ်မှာ အိမ်တော်စိုးလုပ်ရတာ တစ်မျိုးတစ်ဘာသာ ခြားလိမ့် အတူးသဖြင့် သူ့လို ဘက်ထက်ခြက်မြက် ကျန်းကျန်းမာ ကြံ့ကြံ့ ခိုင်ခိုင် ငယ်ငယ်ရွယ်ရွယ် လူတစ်ယောက်အတွက် ကျုပ်ဆီမှာ ကျင်းပတဲ့ပါတီတွေ စည်းလွတ် ဝါးလွတ် သွားနေကြတဲ့ ကောင်မလေးတွေ ရေကူးကန်တွေထဲမှာ ပါးနေတဲ့ လူတွေအားလုံး တပ်မက်စရာတွေ ချည်းပဲ.... မယ့် အိမ်တော်စိုးအတွက် မဟုတ်တဲ့အခြေအနေရောက် တယ်'

ဂျူဒီက အလ်ဘတ်အကြောင်း တစ်ကြိမ်နှစ်ကြိမ် တိုင်ဖူး ယ့် ကျုပ်အရေးမထားခဲ့ဘူး၊ သိပ်နှောင်းသွားတဲ့အချိန်မှာ ည့်သည်မယ်တွေကို တီးခေါက် မေးမြန်း ကြည့်လိုက်တော့ ဘတ်က သူတို့အားလုံးကို သွေးတိုးစမ်းခဲ့တယ်လို့ ဩ

www.burmeseclassic.com

www.burmeseclassic.com



မဖြတ်ထွက်လာတယ်၊ သူတို့က ကျုပ်ကို မပြောချင်ခဲ့လို့ ဘာသာသူတို့ အုပ်အုပ်ဆိုင်းဆိုင်း ခုခံခဲ့ကြကယ်ပေါ့၊ တော့ ရှယ်လီဆစ်ဘတ်စ်တိန်း ရောက်လာတဲ့ ညမှာ အလ်ဘတ်ကို လုပ်ချင်ရာ လုပ်ခွင့် ကျွန်တော်က ပြုလိုက်မိ ရောက်သွားတယ်'

ကျွန်တော်က စိတ်မရှည်စွာပြောလိုက်သည်။

'ကျုပ်ပြောတာတ်သလို ပြောပြနေတာပဲ'

စတန်ဟုန်က အမြင်ကပ်စရာကောင်းဝသာအသံနှင့်တေ ပန်လိုက်သည်။ စကားဆက်လိုက်သည်။

'အလ်ဘတ်စာကြည့်ခန်းထဲဝင်သွားတယ်၊ တံခါးကိုအ ကပိတ်လိုက်တယ်၊ ပြီးတော့ ရှယ်လီကို ကြွမ်းတော့တာ ရှယ်လီက ဘကယ့်ကို ကြောင်ရိုင်းလို အသည်းအသန် တို တိုက်ခိုက်ခဲ့တယ်၊ အလ်ဘတ်က နောက်တော့ကျုပ်ကို ခဲ့တယ်၊ အဲဒီလိုတိုက်ခိုက်နေရင်း ရှုတ်တရက်မှာပဲ ရှု ရှုတ်တရက် ပျောက်ခွေသွားတယ်'

'ကျုပ်က အဲဒီညက အိမ်မှာ အေးအေးဆေးဆေးနေ စာရင်းဇယားလေးတွေ ပြုစုမယ်လို့ ယူဆခဲ့တယ်၊ အလ်ဘတ် အခန်းထဲပြေးဝင်လာတယ်၊ စက္ကန့်သုံးဆယ် တော့ ကျုပ်စာကြည့်ခန်းထဲရောက်နေပြီ။ မိန်းမပျို့အလေ ရယ်....အရှူးလိုဖြစ်နေတဲ့ အလ်ဘတ်နဲ့'



'အဲဒီအဖြစ်သာ ပေါ်သွားခဲ့ရင် ကျုပ်ဘဝ အပျက်ပဲ....၊ မဂ္ဂဇင်းရော ကလပ်ရော အားလုံးပျက်ကိန်းပဲ၊ အဲဒီတော့ကျုပ် အနေနဲ့ အလ်ဘတ်ကိုကူညီယုံကလွဲလို့ တစ်ခြားဘာမှမလုပ်နိုင် ခဲ့ဘူး၊ အလောင်းကို အိမ်ထဲက ထုတ်ဖို့လိုခဲ့တယ်'

'အရင်က အမျိုးသမီး တစ်ယောက်က အပေါ်ဝတ် ကုတ် အင်္ကျီတစ်ခုကို အိမ်မှာ ထားရစ်ခဲ့တယ်၊ ရှယ်လီကို အဲဒီ ကုတ် အင်္ကျီနဲ့ ထုတ်ပိုးပြီး ကားဆီကို ထုတ်လာခဲ့တယ်၊ သူ့အခန်းကို ပြန်လိုက်ပို့ခဲ့တယ်၊ ကျုပ်တို့ တစ်ခြား ဘယ်မှ သွားစရာ စဉ်း စားလို့ မရလို့ သူ့ကို သူ့အခန်းထဲ ပြန်သွင်းခဲ့ရတာ တကယ် ဆက်စွန့်ကြီးပန်ကိုစ္စကျနေတာပဲ၊ ဒါပေမယ့် ဘယ်သူမှ မမြင် မတွေ့ဘဲနဲ့ အခန်းထဲ ရောက်နိုင်ခဲ့ပါတယ်'

'သူ့အဝတ်တွေက စုတ်ပြတ်နေခဲ့တော့ လဲဝ ချွတ်လိုက် ရတယ်၊ နောက်တော့ အလ်ဘတ်က သူ့လက်နဲ့ ခြေထောက်က အပ်ပေါက်တွေကို ထောက်ပြလိုက်တယ်၊ အဲဒီမှာ အကြံတစ်ခု ရလိုက်တယ်'

'ဒါနဲ့ သူ့ကို ရေနွေးဇယားထဲ ထည့်ပြီး သူ့လက်ကောက် ဝတ်တွေကို ဖြတ်လိုက်တယ်၊ သူ့ကိုယ်သူ သတ်သေတဲ့ပုံစံနဲ့ တူအောင် ရေနွေးကြောင့် သေဆုံးခဲ့မှု ကာလ ကသောင်းကနင်း ဖြစ်ပြီး သေဆုံးချိန်ကို တိတိကျကျတွက်ဆရခက်သွားမယ်ပေါ့ တကယ်လို့ ရဲတွေက ကျုပ်ကို လာမေးမြန်းလာရင် ရှယ်လီ မဆားသမား ဖြစ်ခဲ့နိုလို့ ကျုပ် အလုပ် ထုတ်ပစ်လိုက်တယ်လို့ ဖြေမယ်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'သူ့သူငယ်ချင်း ဂျီနီကို ပက်အကြောင်း ဘယ်လိုလုပ် သိတာလဲ'

'အယ်လ်ဘတ်နဲ့ လုံးနေတုန်းမှာ သူ့သူငယ်ချင်း ဂျီနီကို ပက်က သူ ဘယ်မှာရှိတယ်ဆိုတာ သိတယ်၊ တစ်ခုခုဖြစ်ရင် ရဲတွေကို အကြောင်းကြားလိမ့်မယ်လို့ ပြောခဲ့တာကိုး၊ ကျုပ် အိမ်ပြန်ရောက်တော့ မတတ်နိုင်ခဲ့တော့ဘူး၊ ဂျီနီမေယာကို ဖုန်းဆက်ပြီး အကျိုးအကြောင်း အားလုံး ပြောပြလိုက်တယ်၊ ကျုပ်အတွက် အခြား လမ်းလည်း မရှိခဲ့ဘူးကိုး၊ အဲဒီတော့ မေယာက ဂျီနီကို ပက်ခ်ကိစ္စကို သူ ရှင်းလိုက်ပါမယ်လို့ ပြောတယ်'

'ဒီတော့ ခင်ဗျားနဲ့ ခင်ဗျားရဲ့အိမ်တော်စိုးက ပူးပေါင်းကြံစည်သူ နှစ်ဦး၊ သူက ခင်ဗျားကို ဘာလို့ သတ်ချင်ရတာလဲ'

ကျွန်တော်က မေးမြန်းလိုက်သည်။

'ဖြစ်ပျက်သမျှတွေ အားလုံးကို သူ သိနေခဲ့တယ်၊ ရှယ်လီသေတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ပက်ဆစ်အက်စ်တိန်းက ကျုပ်ကို အပြစ်ဖို့တာကိုလည်း သူ သိတယ်၊ အဲဒီ ကျွဲပေါက် တစ်ကောင်လိုကောင်ကို ကျုပ် သေမလောက် ကြောက်မုန်းလည်း သူ သိတယ်၊ မေယာက အဲဒီ ဂျီနီကို ပက်စ်ကို အပိုင်ကိုင်ပြီး ဒီကလပ်ကို ကျုပ် ရောင်းအောင် ဖိအားပေးနေခဲ့တယ်၊ ကျုပ် ဖြစ်ရပ်မှန်သာ ဖွင့်ပြောလိုက်ရင် ဘာဖြစ်သွားမလဲ ဆိုတာကို အယ်လ်ဘတ် တွေးလာမိတယ်'

'ယောကျ်ား တစ်ယောက်ဟာ သူ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးတဲ့ မိန်းမနဲ့ အခန်းထဲမှာ တံခါးပိတ်ပြီး အဲဒီမိန်းမက သူ့



ကိုယ်သူ ကာကွယ်ရင်း နှလုံးရောဂါနဲ့ သေသွားတယ်လို့ ဂျူရီလူကြီးတွေကို ပြောလိုက်ရင် နောက်ပြီး အဲဒီမိန်းမပျို အလောင်းကို အခန်း ပြန်သယ်သွားပြီး သူ့ကို....သူ သတ်သေတဲ့ပုံစံ ရောက်အောင် လုပ်တယ်လို့ ဆက်ပြောလိုက်ရင်'

'အဲဒီလိုသာ ဖြစ်လာရင် သူတော့ လျှပ်စစ်ကုလားထိုင်ကို တန်းတန်းမတ်မတ် ဆိုက်တော့မယ်လို့ အယ်လ်ဘတ် သဘောပေါက်တယ်၊ သူ့ကို လျှပ်စစ်ကုလားထိုင်ပေါ် ရောက်အောင် ပို့နိုင်တဲ့သူကလည်း ကျုပ်ပဲလေ၊ တကယ်လို့ ကျုပ်ဆန္ဒနဲ့ ကျုပ်ဖြစ်ဖြစ် မေယာ ဒါမှမဟုတ် ပက်ရဲ့ ဒဏ်ကို မခံနိုင်တော့လို့ပဲ ဖြစ်ဖြစ်ပေါ့၊ နောက်ဆုံး ကျုပ်ကို အန္တရာယ်ကွက်ကို အသက်ရှင်လျက် လွှတ်ထားလို့ မဖြစ်ဘူးလို့ သူ သဘောပေါက်လာခဲ့တယ်'

'ကျုပ်ကို သတ်ဖို့ ခြိမ်းခြောက်တဲ့ စာတွေနဲ့ အစပြုလာတယ်၊ အယ်လ်ဘတ်က ကျုပ်ကို ကောင်းကောင်း ရိမ်ကဲဖမ်း ...က်မိတယ်၊ ကျုပ်အရိပ်ကို ကျုပ်လန့်တဲ့ကိန်း ဆိုက်မယ်ပေါ့၊ အဲဒီတော့ ကျုပ်အကူအညီ ရှာမယ်ပေါ့၊ ကျုပ်ရဲကိုအကြောင်း ကြားနိုင်တော့ ခင်ဗျားလို လူတစ်ယောက်ယောက်ကိုရှာမယ် ပေါ့၊ အဲဒါလည်း အယ်လ်ဘတ်အတွက် ကောင်းတာပဲလေ၊ ဘာလို့ဆိုတော့ ကျုပ်ကို သတ်နိုင်ကောင်းတဲ့ လူစာရင်းမှာ သူမပါဘဲ၊ ကျုပ်တို့ သံသယဖြစ်လောက်တဲ့ သူတွေ စုလိုက်ယ် အယ်လ်ဘတ် လက်ချက်နဲ့ ကျုပ်တကယ် သေသွားခဲ့ရင် ...တွေက မသက်သာသူတွေထဲမှာပဲ တရားခံ ရှာမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



စတန်တွန်က ကျွန်တော့ကို မျက်လုံးဒေါင့်ကပ် ခိုးကြည့်လိုက်သည်။

'ဒီအဖြစ်တွေထဲက ဘယ်လောက် ရဲကို ပြောရမလဲ'

'အဲဒါကတော့ ခင်ဗျားရဲ့ကိစ္စပဲ ကိုယ့်လူ၊ ခင်ဗျား ပြောချင်သလောက်ပေါ့၊ သူတို့ကြားနေကြအပုတ်နံ့ ဟောင်နေတဲ့ ဇာတ်လမ်းတွေနဲ့ မခြားနားလှပါဘူး'

ကျွန်တော်က အေးဆေးစွာ ပြောလိုက်သည်။

'ကျုပ်ကို ဒီအချိန်မှာ လျစ်လျူမရှုထားပါနဲ့ ဟိုလ်မန်း၊ ခင်ဗျားအကူအညီလိုတဲ့ အချိန်မှာ ဒီလို မလုပ်ပါနဲ့'

စတန်တွန်က အံသည်းအသန် ဆိုလိုက်သည်။

'ခင်ဗျား ရှေ့နေကောင်းကောင်း လိုတယ် ကိုယ့်လူ၊ ကျုပ်သာ ခင်ဗျား နေရာမှာဆိုရင် ကိုယ့်ကိုကိုယ် ကာကွယ်တဲ့အနေနဲ့ အလိဘတ်ကို သတ်လိုက်ပါတယ်လို့ ပြောပြီး ရှေ့နေ ရောက်လာတဲ့အထိ ရေငုံနှုတ်ပိတ် နေမှာပဲ'

ကျွန်တော်က တကယ် လေးလေးနက်နက် ပြောလိုက်သည်။

'ကျုပ်...ကျုပ်ရှေ့နေကို ချက်ချင်း အကြောင်းကြားလိုက်မယ်၊ နေဦး ကျုပ် မေယာနဲ့ စကားပြောချင်တယ် မေယာကို ဒီ လွှတ်လိုက်ပါလား ဟိုလ်မန်း၊ ကျေးဇူးပြုပြီးတော့ ကျုပ်ကို ထောက်ဆင်းသွားရင် အရက်သမား တစ်ယောက် ကျုပ်ကို ဝိုင်းထမယ်၊ ကျုပ် ဘာမှ လုပ်နိုင်မှာ မဟုတ်တော့ဘူး'



စတန်တွန်က အလျင်အမြန် ပြောလိုက်သည်။

'ကျုပ် ပြောလိုက်ပါ့မယ်'

ကျွန်တော်က ဖြေလိုက်သည်။ အခန်းထဲမှ ထွက်လာသည်။

ကျွန်တော် ဧည့်ခန်းသို့ပြန်ရောက်သော အခါတွင် အသံဗလံ အနည်းငယ် ငြိမ်သက်နေစ ပြုနေသည်။ ဂီတအဖွဲ့က ဤတွင် ငြိမ့်ငြိမ့်ညောင်းညောင်း ဂီတများ တီးမှုတ်နေခဲ့သည်။ ဆိုဖာများပေါ်တွင် ကိုးလိုးကန့်လန့် လဲလျောင်းနေသော ပရိသတ်ထုကို ကြည့်လိုက်သောအခါတွင် ဂီတသမားအနေဖြင့် ငြိမ့်ငြိမ့်ညောင်းညောင်း တီးမှုတ်၍ တစ်ခြားတေး တီးခတ်စရာ မရှိတော့ကြောင်း သဘောပေါက်မိသည်။

မေယာသည် မြေအောက် ရေကန်ပေါ်သို့ စီးမိုးနေသော မှန်ပေါက်ပေါ်တွင် ထိုင်၍ ရှုနေဆဲပင် ဖြစ်သည်။ ရေကန်ထဲတွင် မိန်းမပျို နှစ်ဦး ဆော့ကစားနေကြဆဲပင်ဖြစ်သည်။

'မေယာ'

ကျွန်တော်က သူ့ကို ခေါ်လိုက်သည်။

သူသည် ကျွန်တော့ဘက်သို့ မကြည့်ချင် ကြည့်ချင်ဟန် ခေါင်းလှည့်ကြည့်လိုက်သည်။ စကားတစ်ခွန်းမျှ မဟဲ့ ပြန်အား စေ့စေ့ကြည့်လိုက်သည်။ အတန်ကြာမှ ဆိုလိုက်သည်။

'ဂွတ်အီးဗနင်း ဟိုလ်မန်း ကျုပ်အရွယ်မှာတော့ ဒီပါတီပွဲတွေက ပညာယူစရာ အများကြီး ကြုံနေရသေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်ဖိုရင်ဖိ ပညာယူရခြင်းလောက်အောင်နက်နက်ရှိုင်းရှိုင်း ပညာရနိုင်တာ ဘယ်မှာရှိပါမလဲ၊ စတန်တွန်က ခင်ဗျားကို တွေ့ချင်လို့ အပေါ်ထပ်မှာ စောင့်နေတယ်၊ သိပ် အရေးကြီးတဲ့ကိစ္စပဲ'

ကျွန်တော်က ဆိုလိုက်သည်။

'ဒီကောင် အရက်မူးနေပြီ ထင်တယ်၊ ကျုပ်ကိုတွေ့ချင်ရင် သူ ကျုပ်ဆီကို လာရတယ် ဟိုလ်မန်း'

မေယာက အသာအယာ ဆိုလိုက်သည်။

'သူ့မျက်နှာ ဒီထဲပြလိုက်ရင် နောက် မိနစ်သုံးဆယ်အတွင်း ပြန်ထွက်ခွင့် ရမှာ မဟုတ်ဘူး၊ သူ ခပ်ကြောင်ကြောင် အကြံအစည်က အလုပ်ဖြစ်သွားတယ် မေယာ အိမ်ပေါ်ထပ်မှာ အလောင်းတစ်လောင်း ရောက်နေပြီ၊ ဒါပေမယ့် ရဲတွေကို မခေါ်ခင် ခင်ဗျားကို စကား ပြောချင်သတဲ့'

ကျွန်တော်က စိတ်ရှည်လက်ရှည် ပြောလိုက်သည်။

'ကျုပ်သဘောပေါက်ပြီ ခင်ဗျား လယ်ရီနဲ့ ချာလီကို လိုက်ရှာပြီး ကျုပ်နောက် လွှတ်လိုက်ပါ'

မေယာက တုလားထိုင်မှ ဖြည်းလေးစွာ ထရင်း ပြောလိုက်သည်။

'စိတ်ချ'

ကျွန်တော်က ခေါင်းဆတ် ဖြေလိုက်သည်။

'သူသည် မှန်ပေါက်ဘက်သို့ တစ်ချက် ကြည့်လိုက်သည်။



'အခု အချိန် သွားရမှာ ဆိုးတာပဲ အဲဒီ ဆံနီမလေးက တကယ် မောခနေတာ မဟုတ်ဘူး မောချင်ရောင် ဆောင်နေတာလို့ ကျုပ်က ကျုပ်ကို စာပေါ်လာအောင် လောင်းထားတာ၊ ဘယ်သူနိုင်မလဲလို့ ပွဲပြီးအထိ ကြည့်ချင်သား'

ကျွန်တော် အခန်းတစ်ဘက်သို့ လျှောက်သွားသည်။အိုးအောစ်ပေါ် သီးခြားချောင်းကြည့်ပေါက်မှ နေ၍ ချောင်းကြည့်နေသော ချာလီကို ဆွဲထုတ်လာခဲ့သည်။ သူသည် လက်ကိုင်ပဝါကြီးဖြင့် ချွေးတသုတ်သုတ်ဖြင့် ညွှတ်ဆောင်ဘက်သို့ ပြုကြသွားသည်။

လယ်ရီမူလာကိုမူ နည်းနည်း လိုက်ရှာလိုက်ရသည်။

မေယာ၏ နာမည်ကို ပြောလိုက်သည်နှင့် လယ်ရီ ရုံးလိုမှုသည် ပိန်းကြာရွက်ပေါ် ရေမှုတင်သကဲ့သို့ ချက်ချင်း ကြေပျက်ပျောက်ကွယ်သွားသည်။

ကျွန်တော်သည် ထင်သည်ထက် ပို၍ အားစိုက် ကြိုးစားလိုက်ရသည်။ သို့သော် နောက်ဆုံး ပက်ဆစ်ဘက်စ်ကျွန်း၊ လီယွန်ဖောက်နှင့် မလ်လီဆာ စတန်တွန်ကို ဆွဲထုတ်လာနိုင်ခဲ့သည်။

ပက် အရက်မူးနေခဲ့သည်။ လီယွန်အနေကြုပ် မျက်နှာပူနေခဲ့သည်။ မလ်လီဆီက အဝတ်အစား ဖရိုဖရဲ ဖြစ်နေခဲ့သည်။

ကျွန်တော်သည် နယ်လှည့် အရောင်းဈေးသည်တစ်ယောက်ပင် မြန်မြန်သွက်သွက်ပြောရင် အိမ်ပေါ်ထပ်မှ အဖြစ်အပျက်ကို အကြမ်းဖျင်း ရှင်းပြလိုက်သည်၊ ရဲများ မရောက်ခင် အမြန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



သစ်တော့ရန် ဆော်ဩလိုက်သည်။ ကျွန်တော့် စကားမဆုံးခင်မှာပင် ယင်းတို့ အမြေးအလွှား ထွက်ခွာသွားကြသည်။

ကျွန်တော်သည် မျက်လုံးများ ဝေရီနေသော ဘားကောင်တာ တာဝန်ခံထံမှ ဘောဘွန်ခွက်ကြီး တစ်ခွက် ယူလိုက်ပြီးနောက် ခန်းမကြီးဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ထိုအချိန်မှာပင် မေယာသည် လှေကားပေါ်မှနေ၍ ဆင်းသက်လာ၏။ သူ၏ လက်ရိုးနှစ်ဦး ရှိ၍ ပါလာသည်။

'ကျုပ်တို့ သွားတော့မယ် ဟိုလ်ခန်း၊ ကိစ္စအားလုံး အေးဆေးသွားပြီ မှတ်တယ်'

မေယာက အသာဆိုလိုက်သည်။

'ဟုတ်ကဲ့...သူ ရဲကို အကြောင်းကြားလိုက်ပြီလား'

ကျွန်တော်က မေးလိုက်သည်။

'တို့အခန်းထဲက အထွက်မှာ ဆက်နေပြီ ဒါနဲ့ ဟိုကောင်မလေးကို ခပ်မြန်မြန် သွားတွေ့မယ် ကိစ္စ'

မေယာက နှာခေါင်းထိပ်ကို ကုပ်ရင်း ဆက်ပြောလိုက်သည်။

'ဂျီနီကိုပက်ကိုလား'

'ဒါပေါ့ သူ့ကို သွားတွေ့ဖို့ မလိုတော့ဘူး ဟိုလ်မန်း'

မေယာက ခေါင်းတညိတ်ညိတ်ဖြင့် ဆိုလိုက်သည်။

'ကျုပ်က သူ့ကို တွေ့ပြီးပြီ လွန်ခဲ့တဲ့ သုံးနာရီလောက်က'

ကျွန်တော်က ယဉ်ကျေးစွာ ဖြေလိုက်သည်။



'အို...ဟုတ်လား အေးကွာ အဲဒါကြားရတာ စိတ်မကောင်းပါဘူး'

မေယာက သက်မဲ့ မျက်လုံးများဖြင့် ကျွန်တော့်ကို စေ့စေ့ကြည့်ရင်း ဖြေလိုက်သည်။

'သူ့ကြည့်ရတာ မိန်းမကောင်းလေးပါ၊ နည်းနည်းတုန်လှုပ်နေပုံတော့ ရတယ်'

ကျွန်တော်က ပြောပြောဆိုဆိုပင် သူ၏ ပခုံးကိုကျော်၍ လှေ[illegible]လာကို ကြည့်လိုက်သည်။

'[illegible]နီက မင်းကို နှုတ်ဆက်လိုက်ပါတယ်၊ မင်းပေးတဲ့ အကြံကောင်းကို သူ ဘယ်တော့မှ မမေ့ပါဘူးလို့ ပြောလိုက်ပါတယ်'

လယ်ရီ၏ ပိန်လှီသော ပခုံးများ ကျုံ့သွားသည်။ ကျွန်တော့်ကိုအယုတ်တမာ နာမည်များ စိတ်ထဲမှ ခေါ်နေကြောင်း မျက်လုံးတွင် ထင်းထင်းပေါ်သည်။

'အဲ...သူ အစိုက်သက်သက်ပါ'

လယ်ရီက နှာခေါင်းရှုံ့ ဆိုလိုက်သည်။

'မင်းတောင်မှ ဘယ်သူ့ကိုမှ အမှိုက်ဖြစ်အောင် လုပ်လို့ရဘူး ချာတိတ် မင်းကို မွေးကတည်းက အမှိုက်ဖြစ်ခနမှ ဖြစ်သာ'

ကျွန်တော်က ခပ်ပြတ်ပြတ် ပြောလိုက်သည်။

သူ့ မျက်နှာ ရုတ်တရက် ရဲသွားသည်။ ကျွန်တော့်ဘက်သို့ ခြေတစ်လှမ်း တိုးဟန်ပြုပြီး ရုတ်တရက် တန့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'လယ်ရို…'

မေယာက လက်သည်းတစ်ချောင်းကို အသာအယာ ယမ်းလိုက်သည်။ ထို့နောက် ကျွန်တော့ဘက်သို့ လှည့်ကြည့်လိုက်သည်။

'သူ့ကို ဒီလို စကားတွေ မပြောသင့်ဘူး ဟိုလ်မန်း၊ လယ်ရို စိတ်လှုပ်ရှားလွယ်ကယ်လို့ ကျုပ် ပြောခဲ့သားပဲ'

မေယာက သတိပေးစကား ဆိုလိုက်သည်။

'ကျုပ် စဉ်းစားမိတယ်လေ မေယာ၊ ခင်ဗျား သူ့အသုံးမကျလို့ များ သူ့ကို အနားမှာ ထားတာလား၊ ချာလီက အသုံးကျပြီး တစ်ခြားလူတွေရဲ့အသားပေါ်မှာ ချာတိတ်က ကဗျည်းထိုးလာကို ကြည့်ရတာ ဖီလင်လာလို့များ ထားပေးတာလားလို့'

ကျွန်တော်က ခပ်လှောင်လှောင် ဆိုလိုက်သည်။

'မစ္စတာ မေယာ ကျွန်တော် ကန့်ကွက်ရမယ် မစ္စတာ မေယာ'

'ကျွန်တော့ကိုစော်ကားတာပဲ၊ မစ္စတာမေယာ ကျွန်တော်'

ချာလီ၏ လက်ကိုင်ပဝါသည် စိတ်ဖောက်ပြန်သွားသော ငှက်ပြုတစ်ကောင်ကဲ့သို့ ပရမ်းပတာ လှုပ်ယမ်းသွားသည်။

မေယာ၏ လှုပ်ရှားသွားသော လက်ညှိုးက သူ့ကိုလည်း နှုတ်ပိတ်သွားစေသည်။

'မင်း စောဒက မတက်နဲ့ချာလီ၊ မင်းတစ်သက်လုံး စောဒက မတက်ပဲ လာခဲ့တာ အခုမှ စောဒကတက်လို့ မရဘူး'



မေယာက ဆိုလိုက်သည်။ ထို့နောက် လက်ညှိုးထောင်လာပြန်သည်။ ဤတစ်ကြိမ် လက်ညှိုးက ကျွန်တော့ ရင်ဘတ်ကို တည့်တည့်ထိုးလာသည်။

'ခင်ဗျားဟာ နုလို စိတ်ကို အလိုလိုက် နှုတ်ကျွန်နှုတ်လွန် ပြောလေ့ရှိတဲ့သူ မဟုတ်ပါဘူး ဟိုလ်မန်း၊ အချိန် သိပ်မရှိပေမယ့် ကျုပ်တို့နှစ်ဦးကြား အံရေးတကြီး ပြောစရာ ရှိတယ်'

'ခင်ဗျား ပြောတာ မှန်နိုင်ပါတယ် မေယာ'

ကျွန်တော်က အသာပြောလိုက်သည်။

'ကျုပ်တို့အပေါ်ထပ်က လူဝကြီးနဲ့ ကျွေနပ်လောက်စရာ အစီအစဉ်လုပ်ခဲ့ပြီးပြီ ပြဿနာမရှိတော့ဘူး'

မေယာက ဆိုလိုက်သည်။

'မရှိတော့ဘူးလို့ ခင်ဗျားထင်တယ်ပေါ့ ဟုတ်လား'

'ရှိတယ်လို့ ခင်ဗျား ထင်သေးတယ်ပေါ့…ကျုပ် ပြဿနာလား…ခင်ဗျားပြဿနာလား ဟိုလ်မန်း'

'အဓိကကတော့ ကျုပ်ပြဿနာပါ ဒါပေမယ့် ဟိုနေရာ ဒီနေရာမှာ နွယ်ယှက်နေတယ်လို့ မှတ်တယ်'

ကျွန်တော်က ပြောလိုက်သည်။

'ဂျူနီယိုပက်ကို့စွလား'

မေယာက ခပ်ပြတ်ပြတ် မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ချာတိတ်ကို သူ့နားမကပ်ပါစေနဲ့ မေယာ...ဒီကောင်ကို တစ်ယောက်ယောက်ဟာ အနှေးနဲ့အမြန် သတ်ပစ်တော့မှာပါ၊ ဒီကောင် အသတ်ခံရလို့ကလဲ ဘယ်သူမှအမှုရေးထားမှာ မဟုတ်ပါဘူး၊ ဒါပေမယ့် အဲဒီကောင်မလေးနား နောက်တစ်ကြိမ် ကပ်သွားလို့ကတော့ ဒီကောင်ကို ကျုပ်ကိုယ်တိုင် သတ်မယ်'

လယ်ရီသည် နှုတ်မှုတ်သံတစ်ရှူးရှူးဖြင့် ကျွန်တော့ကို ဒေါသတကြီး မြူးကြည့်လိုက်သည်။

'ခင်ဗျားဒီလောက် မတောင်းဆိုဘူးလို့ ကျုပ်မှတ်နေတာ၊ ခင်ဗျား ခလုပ်မဖြစ်ချင်ဘူး မဟုတ်လား ဟိုလ်မန်း'

မေယာက ဆိုလိုက်သည်။

'ခင်ဗျားမှာ ခလုပ်တွေ၊ အရှုပ်တွေများတာ အသေအချာပဲ ဒါပေမယ့် ကျုပ်အရှုပ်အထွေး တစ်ခုဖြစ်ရမယ် ဆိုရင်လဲ ဘယ်တတ်နိုင်မလဲ၊ ဖြစ်ယုံပေါ့'

ကျွန်တော်က တည်ငြိမ်စွာပင် တုံ့ပြန်လိုက်သည်။

မေယာသည် ဆယ်စက္ကန့်လုံးလုံး ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်လိုက်သည်။ ထို့နောက် အသာအယာသက်ပြင်းချလိုက်သည်။

'လယ်ရီ'

'ဟုတ်ကဲ့ မစ္စတာ မေယာ'



လယ်ရီက တက်တက်ကြွကြွ အနားကပ်လာသည်။

'မစ္စတာ ဟိုလ်မန်းကို သေချာကြည့်ထားစမ်း လယ်ရီ သေသေချာချာ ကြည့်ထားပါ'

မေယာကပြောလိုက်သည်။

မေယာက ကျွန်တော့်ကို ရန်လိုအကြည့်ဖြင့် စေ့စေ့ကြည့်သည်။

တစ်လောကလုံးကို မစ္စ ိယ်စိတ်ပျွားနေသော မျက်နှာထား ကိုတံဆိပ်ကို ခပ်နိမ့်ထားသော မျက်နှာပေးဖြင့် စေ့စေ့ကြည့်နေခဲ့သည်။

'ကျွန်တော်ကြည့်နေပါတယ် မစ္စတာမေယာ'

'မင်း ဘာတွေ့သလဲ ပြောစမ်း'

မေယာက မေးလိုက်သည်။

'ဗလသန်တဲ့ သေ့ာက်ရူးတစ်ကောင်ကို တွေ့ပါတယ်'

လယ်ရီက ဆိုလိုက်သည်။

'အဲဒီလို စကားတွေကို ငါသဘောမတွေ့ဘူး၊ ဒါပေမယ့် အရေးကြီးနိုင်တယ်၊ ခင်ဗျားလူဘယ်နှစ်ယောက် သတ်ဖူးလဲ ဟိုလ်မန်း'

ကျွန်တော် မျက်ခုံးပင့်ကြည့်လိုက်သည်။

ထိုအချက်ကို သူ ဥပက္ခာပြုလိုက်သည်။

'ငါးယောက်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်ပြတ်ပြတ်ဖြေလိုက်သည်။

'သူတို့ကို ဘယ်လိုသတ်ခဲ့သလဲ ဟိုလ်မန်း'

'သုံးယောက်ကို သေနတ်နဲ့၊ တစ်ယောက်ကိုဓားနဲ့၊ တစ်ယောက်ကို လက်ချည်းသက်သက်နဲ့'

'ကျေးဇူးပါပဲ'

မေယာက ပြောပြောဆိုဆိုပင် လယ်ရီကို လှည့်ကြည့်လိုက်သည်။

'တွေ့လားလယ်ရီ သူညာနေတာမဟုတ်ဘူး၊ ငါသိတယ်.... လူတစ်ယောက်ကို သောက်ရူးလို့ခေါ်လိုက်တာနဲ့ အရူးဖြစ်မသွားဘူး၊ ဘယ်သူ့ကိုမှ လျှော့မတွက်နဲ့'

'ကျွန်တော့်သဘောပေါက်ပါတယ် မစ္စတာမေယာ၊ ကျွန်တော်သဘောပေါက်ပါပြီ'

လယ်ရီက ထက်ထက်သန်သန်ဆိုရှင်၊ ကျွန်တော့်ကိုလှောစ်ကြည့် ကြည့်လိုက်သည်။

'ငါးယောက် ဟုတ်လား....မှောင်မဲတဲ့ ညတွေမှာ ခပ်များများနဲ့ ဝေးဝေးနေရမယ်ထင်တယ်... ဟုတ်လား မစ္စတာဟိုလ်မန်း'

'မင်း ငါ့နားကပ်ချင်တဲ့အချိန် ကပ်ချင်သလောက်ကပ်ပါ။ အဲဒီ ကိုပက်ကောင်မလေးနားသာ မကပ်နဲ့'

ကျွန်တော်က ကောင်းမွန်စွာပင် ပြောလိုက်သည်။

'ကဲ....ငါတို့ သွားကြမှ နောက်ငါးမိနစ်ဆို ရဲတွေရောက်လာလိမ့်မယ်'



မေယာက ဆိုလိုက်သည်။

'ဂွတ်နိုက် မေယာ'

ကျွန်တော်က နှုတ်ဆက်လိုက်သည်။

သူ လက်တစ်ဘက် အသာမြှောက်လာသည်။ ကျွန်တော့်လက်ကို အသာဖမ်းကိုင် နှုတ်ဆက်လိုက်သည်။

'ဂွတ်ဘိုင် ရစ်'

မေယာက ဆိုလိုက်သည်။

ကျွန်တော့်ကို သေခါချမှတ် နှုတ်ဆက်လိုက်သည့် စကားဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

ကျွန်တော် ဧည့်ခန်းထဲသို့ ခပ်သုတ်သုတ် ဝင်လာခဲ့သည်။ ကျွန်တော်သည် ခပ်သွက်သွက် လှုပ်ရှားလျှင် ရဲများရောက်မလာခင် အရက်တစ်ခွက် သောက်ချိန် ရပေအုံးမည်ဟု တွက်လိုက်သည်။

ကျွန်တော် ဘားကောင်တာသို့ ရောက်သည့် အခါတွင် ကောင်တာဝန်ထမ်းက အရက်မူး မှောက်နေချေပြီ။ သို့သော် လိုအပ်သော ပုလင်းများက ကမ်းသာလှမ်းသာ လွယ်လွယ်ကူကူ ရှိနေခဲ့သည်။

ကျွန်တော့် စိတ်ကြိုက် အရက်ဖျော်စပ်ရန် မခဲယဉ်းခဲ့ချေ။ ကျွန်တော် အရက်သောက်ရန် ဟန်ပြင်လိုက်ချိန်မှာပင် ကျွန်တော့် ပခုံးတစ်ဘက်ကို အသာပုတ်ခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မကို ခွင့်ပြုပါရှင်'

ကြည်လင်သော အသံတစ်သံက ဆိုလိုက်သည်။

ကျွန်တော် အသာလှည့်ကြည့်လိုက်သည်။

အနက်ရောင်ဂါဝန် ဝတ်ဆင်ထားသော ဆံဝါမလေးကို တွေ့လိုက်ရပြန်သည်။

'ဟ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါလား'

ကျွန်တော်က ရေရွတ်လိုက်မိသည်။

သူမက ကျွန်တော့် ရင်ဘတ်ကို မရေမရာ ပြုံးပြလိုက်သည်။

'ရှင် တွေ့များတွေ့မိသလားလို့ မေးကြည့်မိတာပါ၊ ကျွန်မ အပျိုစင်ကျွန်းက အပျိုစင်တွေ အကာကနေတာ....'

သူမက တအံ့တသြ ပြောလိုက်သည်။

'တစ်ချိန်မှာ ငါ့ခြေထောက်နဲ့ တက်နင်းထားခဲ့တယ်လေ'

ကျွန်တော်က ဖြေလိုက်သည်။

သူမ မျက်တောင် တဖျပ်ဖျပ် ခတ်သွားသည်။ ကျွန်တော့် မျက်နှာကို စေ့စေ့ကြည့်ပြီး စဉ်းစားရန် ကြိုးစားလိုက်ဟန် ရှိသည်။

'အား....တားလိုက်ပါတော့'

ကျွန်တော်တို့ နှစ်ယောက်လုံး သံပြိုင်ရွတ်လိုက်သည်။

သူမ ခြေဖျားထောက်၍ ကျွန်တော့် မျက်နှာကို စေ့စေ့ ကြည့်လိုက်သည်။



သူမ ဝမ်းသာအားရ ဆိုလိုက်သည်။

'နောက် မီးတွေ ပိတ်သွားတော့ ရှင်'

သူမ ထပ်ဆင့် သတိရချက်ကြောင့် မျက်လုံး ဝိုင်းသွားသည်။

သူမ ပြန်ပြောင်း အမှတ်ရ တုန်ယင်လျက် ပြောလိုက်သည်။

တစ်အောင့် အကြာတွင် ရွှေလှော်ခင်း ပုံစံ ပြုလုပ်ထားသော ခေတ်လှေကားကို ရှင်ပျစွာ စကား ဆိုနေသည်ကိုနောက်ဆုံး တွေ့လိုက်မိသည်။

ကျွန်တော် အရက်ခွက်ကို လက်စသတ် မော့လိုက်ချိန်မှာပင် ရီကား ဥဩသံ ပျပျကြားလိုက်ရသည်။

ဖရိုဖရဲ ဖြစ်နေသော ဆံနက်မတစ်ဦးက ကျွန်တော့် ရင်ဘတ်ကို ဝင်တိုက်လာသည်။

ထို့နောက် မူးမူး ထွေထွေနှင့် နောက်ပြန် လန်သွားသည်။

ယင်းသို့ ပစ်တိုင်းထောင်လို ဘောလုံး ခုန်ပျံစွမ်းရှိသော ညှော်မယ်တစ်ဦးသာ ရှိသည်။

သူမ အမြင် ကြည်လင်အောင် မနည်း ကြိုးစားနေပုံပေါက်နေသည်။

'ဟေး....ပေါ်လ်လာ အချစ်'

ကျွန်တော်က နှုတ်ဆက်လိုက်သည်။

www.burmeseclassic.com



'အို...ရှင်ပါလား မစ္စတာဟိုလ်မန်း'

သူမက ဝမ်းသာအားရ ဆိုလိုက်သည်။

'ဟုတ်ပါတယ်၊ ကိုယ်ပါ မစ္စတာဟိုလ်မန်းပါ'

ကျွန်တော်က ခပ်ကြောင်ကြောင် ပြောလိုက်သည်။

'ရှင် မစ္စတာ စတန်တွန်ကိုများ တွေ့မိသလား၊ ကျွန်မ သူ့ကို ရှာနေတာ ကြာပြီ အန္တိမ တွေ့ကိုမတွေ့ဘူး၊ တစ်ခါတည်း ပျောက်သွားပြီ'

သူမက ကြောင့်ကြောင့်ကျကျဟန်ဖြင့် ပြောလိုက်သည်။

'မင်း အိုအေစစ်မှာ ရှာကြည့်ပြီး ပြီလား'

ကျွန်တော်က ထောက်ပေးလိုက်သည်။

သူမ ခေါင်းညိတ်လိုက်သည်။

'တစ်ခြားနေရာမှာ ရှာမတွေ့ အဲဒီမှာ သွားရှာခဲ့တယ်၊ အဲဒီမှာ မစ္စတာ စတန်တွန် သုံးယောက်တောင် တွေ့ခဲ့တယ်၊ တစ်ယောက်ပြီး တစ်ယောက်ပဲ၊ ဒါပေမယ့် ကျွန်မ ရှာနေတဲ့ အစစ်မ မဟုတ်ဘူး၊ စတန်တွန်ဆိုတဲ့နာမည် အတော်ပေါတယ်၊ ထင်တယ်နော်၊ မစ္စတာဟိုလ်မန်း'

'ဆာဟာရ ထဲကန္တာရတစ်ခွင် ရှိရှိသမျှ အိုအေစစ်တွေမှာ စတန်တွန်တွေ ပွနေတာပဲ မင်းရဲ့မစ္စတာ စတန်တွန် အိမ်ပြန် သွားပြီ ထင်တယ်'



ထိုစကားတွင် ချွတ်ယွင်းချက် ရှိနေကြောင်း သူမ ရိပ်ကဲ ဖမ်းမိပုံ ရသည်။

သို့သော် မည်သည့် အချက် ချွတ်ယွင်းနေကြောင်း တွက်ဆ ရဟန် မတွေ့ချေ။

'ကျွန်မရဲ့ မစ္စတာ စတန်တွန်က ဒီလိုလူ မဟုတ်ပါဘူး၊ ပွဲပြီး တဲ့အထိ နေတဲ့လူပဲ'

သူမက အပြတ် ပြောလိုက်သည်။

'ပွဲပြီးနေပြီလေ ပေါလ်လာ၊ တီးဝိုင်းက ပါတီ ပြီးပါပြီလို့ တီးမှုတ်နေတာ မကြားဘူးလား၊ သေသေချာချာ နားထောင်'

သူမ ငါးစက္ကန့်မျှ နားစွင့်လိုက်ပြီး ခေါင်းခါလိုက်သည်။

'ဘယ်ကလာ တီးဝိုင်းရှိမှာလဲ အဲဒါ ရဲဥဩသံပဲ'

'ဟုတ်တယ်၊ ဒါပေမယ့် ပါတီ ပြီးပြီးဆိုတဲ့ တေးသွားမှုတ် နေတာပဲ၊ ဘာဖြစ်လို့လဲ သိလား'

ကျွန်တော်က မေးလိုက်သည်။

ဤတစ်ကြိမ် မျက်လုံး နှစ်လုံးစလုံး ဆုံတာ ကွဲသွားသည်။

ခပ်ကြောင်ကြောင် အကြည့် ပေါ်သွားသည်။

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



သူမ လျှာလေးအာလေးဖြင့် မေးလိုက်သည်။

'မင်းရှဲ့ မစ္စတာ စတန်တွန်လား၊ သိပ် ရယ်စရာကောင်းတဲ့ သတ္တဝါမို့ သူတို့ပါ လာပြီး အားပေးကြတာလေ'

ကျွန်တော်က ဆိုဖြစ်လိုက်သည်။

× × ×

## အခန်း (ကိုး)

ကျွန်တော်သည် တိုစနအို မုန်တိုင်းကြီး မွှေခတ်ခံထားရသည်နှင့် တူသော လူသုံကင်းမဲ့ နေပြီ ဖြစ်သော ခန်းမ တစ်လျှောက် ဖြည်းလေးစွာ လျှောက်သွားမိသည်။

စောစောက အသံဗလံ ဆူညံနေခဲ့သော နေရာသည် ယခုမူ ချောက်ချားဖွယ် ကောင်းလောက် အောင်ပင် တိတ်ဆိတ်ငြိမ်သက်နေလှန်းသည်။

အပျက်အစီး ကြီးကြီးမားမားကို အတူး ဝန်ထမ်းများက သယ်ထုတ်သွားကြချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုင်အောင် ဆိုဖာ အများစုမှာ စီးကရက်မီး လောင်ထားပြီး စီးကရက် ပြာခွက်များ မှောက်နေသည်။

အရက်များ ဖိတ်စင်စွန်းပေကျက်အိုင်နေသည်။

ငှက်လှောင်အိမ် ခေါက်လှေကားဖြင့် မြေညီထပ်သို့ ဆင်းသက်ခဲ့သည်။

ရေကူးကန်က သိပ် အခြေအနေ ပျက်ဟန် မရှိချေ။

ငွေတစ်ထောင်လောက် အကုန်ခံလိုက်လျှင် အကောင်းပကတိ ဖြစ်သွားရန် အလားအလာ များသည်။

အိုအေစစ်မှ အုန်းပင်တု နှစ်ပင်သည်မှိုင်း ၄၅ ဒီဂရီ တိမ်းစောင်းနေခဲ့သည်။

ယင်းသို့အုန်းပင်နှစ်ပင်တိမ်းစောင်းသွားရသည့်အကြောင်းရင်းကို တွေ့မြင်စရာ အချက် အများအပြား ရှိသည်။

သို့သော် ယင်းနှစ်ပင်ကြားတွင် ပေါလ်လာ ရပ်ပြီးအသက်ပြင်းပြင်း ရှူလိုက်သောကြောင့် တိမ်းစောင်း သွားသည်ဟု ကျွန်တော် ထင်မြင်မိသည်။

လက်ပတ်နာရီကို ကြည့်လိုက်သည်။

အချိန်က မနက် ၄ နာရီ။

စတာန်တွန်အတွက် အားလုံး အဆင်ပြေခဲ့ပါလျှင် သူ ယခုအချိန်လောက် ပြန်ရောက်လိမ့်မည်။



ယူနီဖောင်းဝတ် ရဲများသည် ညှော်ကြိုမယ်များကို ကြံကြံဖန်ဖန် ချောင်ကြိုချောင်ကြားများမှ ဆွဲထုတ်၍ တခစ်ခစ် သဘောကျနေခဲ့သည်။

စတာန်တွန်ကို ယင်းတို့ အတော်သဘောကျပေမည်။ သူလူသတ်ချစ်သနာလောက်သတ်၊ သူ့ပါတီပွဲကြီးများနှင့် သပိတ်အံကိုက်အောင် သတ်စွမ်းခဲ့လျှင် ရဲများတစ်ဘက် မျက်စေ့ဆောက်ကိန်းဆိုက်၍ သူလွတ်ကောင်း လွတ်နိုင်သည်။

ကျွန်တော်သည် အပေါ်ထပ်သို့ ခေါက်လှေကားဖြင့် ပြန်တက်ခဲ့သည်။ အိမ်ဝင်ပေါက်ခန်းမသို့ လျှောက်ခဲ့သည်။

အိမ်ဖော်များသည် အလ်ဘတ် အကြောင်းကြားလိုက်သည်နှင့် တညီတညွတ်တည်း အလုပ်ထွက်သွားခဲ့ကြသည်။ ယင်းတို့ကို အပြစ်မဆိုသာချေ။ အိမ်ရှင်က ညသန်းခေါင်ဝန်းကျင်တွင် အိမ်တော်စိုးကို ဘတ်ဖြတ်ပစ်လိုက်လျှင် မနက်စာစားချိန်တွင် စားပွဲထိုးမလေးကို သတ်ချင်သတ်လိုက်မည်။ သိပ်အစိုးရသည့်မဟုတ်ချေ။ သို့ကြောင့် စတာန်တွန် ပြန်မရောက်မချင်း အိမ်ထဲတွင် ကျွန်တော်တစ်ယောက်ထဲ ရှိနေသည်။

စတာန်တွန်၏ အခန်းသို့ရောက်ချိန်တွင် ရှေ့နေအသင့်ရောက်နေစေရန် မေယာ စီစဉ်လိုက်မည်ဟု စတာန်တွန်က ရဲများနှင့်လိုက်ပါမသွားခင်က ကျွန်တော့်ကို ပြောခဲ့သည်။ အချက်အလက် အကြီးအကြောင်းပေါ်မူ တည်လျှင် ကြံရုပ်ပါ ထင်ဖြစ် စွဲချက်တင်ခံရကိန်းရှိနေသော်လည်း စတာန်တွန်သည်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မှုပန်ဟန်မပြခဲ့ချေ၊ ရဲတပ်ဖွဲ့လုံးကို သူ၏ဆောင်ကြာနန်းကလပ်သို့ ခေါ်ဆောင်သွားပြီး ယင်းနေရာကို မှုးယစ်ဆေးဝါးဖြန့်သည့်နေရာ ဖြစ်နိုင်မဖြစ်နိုင် မျက်ဝါးထင်ထင် ကြည့်စေရန် ရည်ရွယ်ပုံရသည်။

ယင်းတို့ ထွက်ခွာသွားသည်နှင့် အိမ်ပေါ်တွင် ကျွန်တော်တစ်ယောက်တည်း ကျန်နေခဲ့သည်။ ကျွန်တော်တစ်ယောက်တည်းကျန်သည်နှင့် အိမ်ပေါ်ထပ်တက်သွားပြီးနောက် ကျွန်တော် ခရီးဆောင်အိတ်ထဲတွင်ထိုးထည့်ထားသောသေနတ်ကိုဆွဲထုတ်ခဲ့သည်။ ယခု ထိုသေနတ်က ကျွန်တော့်ချိုင်းအိတ်ထဲတွင် အသာကိန်းအောင်းနေခဲ့ပြီး သေနတ်ရှိနေ၍ တအားဖြစ်မိသည်။ ထိုတအားဖြင့် စောင့်မိသည်။ မိနစ်အနည်းငယ်အကြာတွင်မှု အိမ်ရှေ့တွင် ကားတစင်းရပ်သံကို ကြားလိုက်ရသည်။

ကျွန်တော်တံခါးဝနားသို့ အရောက်တွင် သော့ပေါက်ထဲ သော့တံထိုးထည့်သံကို သဲ့ဟဲ့ ကြားလိုက်ရပြီး တံခါးဟင်းလင်းပွင့်သွားသည်။ ခရစ်ပင်စတန်တွန် အခန်းထဲသို့ ခပ်ကြွားကြွားဝင်လာသည်။ သူသည် တံခါးကို တအားဆောင့်ပိတ်လိုက်ပြီးနောက် ကျွန်တော့်ကို သွားဖြီးပြုံးပြလိုက်သည်။

'ကျန်တဲ့ ညှော်သည် ကိုးဆယ့်ကိုးယောက် ဘာဖြစ်သွားသလဲ'

'ညှော်ခန်းထဲမှာ ကောဘွန်အရက်တစ်လုံး တွေ့ထားတယ်၊ အပြင်ခိုးထုတ်သွားမှယ့် သူတစ်ယောက် မေ့ပြီးကျန်ခဲ့တာ ဖြစ်မယ်၊ ခင်ဗျားသောက်မယ်ဆို ငှဲ့ထည့်လိုက်မယ်'



ကျွန်တော်က ပြောလိုက်သည်။

'သောက်ချင်သလား.... မမေးနဲ့ သူငယ်ချင်း၊ ကန္တာရကို ဖြတ်သန်းလာသလို ခံစားမိတယ်'

စတန်တွန်က ရွှင်မြူးစွာ ဆိုလိုက်သည်။

ကျွန်တော်သည် ဖန်ခွက်နှစ်ခွက်ကို ဟိုနေရာ ဒီနေရာမှ ရှာဖွေလိုက်သည်။

မီးဖိုဆောင်မှ ရေခဲတုံးအနည်းငယ်ရှာဖွေလာခဲ့ပြီး ညှော်ခန်းထဲသို့ ပြန်လာခဲ့သည်။

ထိုနောက် အခြေအနေကောင်းနေသေးဟန်ရှိသော ဆိုဖာပေါ် ထိုင်လိုက်သည်။

'ဆိုစမ်းပါဦး.... ဘာတွေဖြစ်ပျက်ခဲ့လဲ'

ကျွန်တော်က မေးမြန်းလိုက်သည်။

'ကျုပ်ကို ငွေတစ်သောင်းတန် အာမခံနဲ့ လွှတ်ပေးလိုက်တယ်၊ မဆိုးလှပါဘူး'

စတန်တွန်က သွားဖြီးပြုံး၍ ပြောလိုက်သည်။

'မေယာရဲ့ ဝတ်လုံက အခုတော့ တော်တော်လှိုင်ပဲနေမယ်'

ကျွန်တော်က ခေါင်းညိတ်၍ ဆိုလိုက်သည်။

'ခင်ဗျားမေယာအကြောင်းသိတယ်မဟုတ်လား၊ အကောင်းဆုံးမှ အသုံးပြုတာ'

စတန်တွန်က အတော်ကျေနပ်အားရဟန်ဖြင့် ပြောလိုက်သည်။

www.burmeseclassic.com



'ဒီည မေယာပြန်သွားတော့ ကျုပ် စိတ်ပူနေခဲ့တယ်'

ကျွန်တော်က အမှတ်တမဲ့ ဟန်ဆိုလိုက်သည်။

'မေယာအကြောင်း ဟုတ်လား...ဘာဖြစ်လို့လဲ'

စတန်တွန်က သံပြတ်နှင့် မေးလိုက်သည်။

'စိတ်အေးအေးထားစမ်းပါဗျာ၊ သူ သေသွားခဲ့ရင် သူ့အလောင်းက အမှန်အစ ဖြစ်သွားမှာမို့ ခေါင်းတလားထဲ တောင် ထည့်ဖို့ အချိန်ရပါ့မလားလို့ တွေးမိတာ'

ကျွန်တော်က ဆိုလိုက်သည်။

စတန်တွန်က စိတ်သက်သာရာရသွားဟန်ဖြင့် ဆိုဖာကိုမှီထိုင်လိုက်သည်။

ထို့နောက် ကျွန်တော့်ကို မျက်မှောင်ကုပ် ကြည့်လိုက်သည်။

'ခင်ဗျားဟာလေ ပေါက်ပေါက် ရှာရှာတော့ တကယ် ပေါက်တတ်တယ်'

ကျွန်တော်သည် ညွှန်ခန်းကို မျက်လုံးတစ်ချက် ကစားလိုက်သည်။

'ခင်ဗျား ပါတီပွဲ ကျင်းပပြီးတိုင်း ဒီလိုပဲ ဖြစ်ကျန်ခဲ့လေ့ရှိလား'

စတန်တွန်က ညွှန်ခန်းကို တမ်ချက် ကြည့်လိုက်သည်။

'အေးလေ၊ အဲဒီတော့ ဘာဖြစ်လဲ မနက်ကျရင် ကန်ထရိုက်က သူ့လူတစ်စုနဲ့ လာပြီး ရှင်းလင်းရေး လုပ်တယ်လေ၊ နေ့လယ်လောက်ဆို အားလုံး အကောင်းပကတိ ဖြစ်နေပြီ'



'ဆင်းရဲသားတွေရဲ့ သားတစ်ယောက်အတွက် တစ်ခုခုထုတ်ပေးပါ စတန်တွန်၊ ဒီကို ပါတီ ကျင်းပလိုက်ရင် ခင်ဗျားငွေ ဘယ်လောက် ကုန်သလဲ'

'ခင်ဗျားက ဘာကိစ္စ သိချင်ရတာလဲ'

'သိချင်တာ သက်သက်ပါ ကျုပ်က ဒီလို သုံးဖြုန်းဖို့ဆိုတာ အိမ်မက်တောင် မမက်ရဲဘူး'

ကျွန်တော်က ပြောလိုက်သည်။

'မပြောတတ်ဘူး၊ ဒေါ်လာ ၁၅၀၀ လောက်ကျရင် ကျမှာပေါ့၊ ခင်ဗျား ရေကန်ကို ကြည့်ရဲလား ဘယ်လိုနေလဲ'

'ပြောမပြစွမ်းအောင်ပဲ'

ကျွန်တော်က မှန်မှန်ကန်ကန် ပြောလိုက်သည်။

'အဲဒီရေကန် သန့်ရှင်းရေးပါ လုပ်ရတော့ နောက်ထပ် ဒေါ်လာ နှစ်ရာလောက် ကုန်လေ့ ရှိတယ်၊ ရေစစ်ပေါက်တွေက စိတ်ဆို့သွားတတ်တယ်'

'ဘာနဲ့ ပိတ်ဆို့သွားတာလဲ စွန့်ပစ် ညွှန့်မယ်တွေနဲ့လား'

စတန်တွန်က ကျွန်တော့ကို ဘုကြည့် ကြည့်လိုက်သည်။

'ခုလို မနက်သေးနာရီမှာ နောက်နောက် ရှတ်ရှတ် ပြောတတ်တဲ့သူ အနေနဲ့ ခင်ဗျားဟာ အတော် အမြင်ကပ်စရာ ကောင်းတဲ့သူပဲ ဟိုလ်မန်း'

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက ကျွန်တော့်ကို အတော် ရယ်စရာကောင်းတဲ့ သူလို့ မှတ်နေလား၊ ပေါ်လာက ခင်ဗျားကိုရယ်စရာကောင်းတဲ့သူ အဖြစ် မြင်တဲ့မြင်ပုံမျိုးနဲ့လား'

ကျွန်တော်က သူ့ကို မေးလိုက်သည်။

စတန်တွန်သည် သူ၏ ဆံပင်ကို စိတ်မရှည်စွာ ကုပ်ဖွလိုက်သည်။

ထို့နောက် အရက်ခွက်ကို မော့ချလိုက်သည်။

သူ၏ မျက်နှာပေါ်တွင် နှမ်းနယ်ရိပ် ကောင်းကောင်း သင့်နေသည်။

သူ့ကို ပထမအကြိမ် တွေ့ဆုံခဲ့စဉ်ကထက် ငါးနှစ်မျှ အိုဆာသွားပုံရသည်။

နှစ်ရက်ထဲကာလ အတွင်း၌ ထိုမျှ ရုပ်ကျသွားခြင်းက ဩချလောက်၏။

'ခုလို ကိစ္စမျိုးက ခင်ဗျားအတွက် တစ်နေ့တာ ကြုံဆုံလေ့ရှိတဲ့ အသုပ်မျိုး ဖြစ်ကောင်းဖြစ်မယ် ကိုယ်လူ၊ ကျုပ်အတွက်တော့ တစ်ဘဝတစ်ကြိမ် ကြုံရတာ တော်ပြီ၊ ကျုပ် သွားအိပ်တော့မယ်'

စတန်တွန်က ဒေါသသံဖြင့် ပြောလိုက်သည်။

'နေပါအုံး စတန်တွန် ခင်ဗျား ပြဿနာထဲ ကျုပ်ကြားညှပ်နေအောင် ခင်ဗျား လုပ်ခဲ့ပြီးပြီ၊ အဲဒါကို အရင် ဖြေရှင်းရဦးမယ်'



ကျွန်တော်က အေးစက် မာကြောစွာ ပြောလိုက်သည်။

စတန်တွန်က ကျွန်တော့်ကို တအံ့တသြ ကြည့်လိုက်သည်။

'ခင်ဗျား ဘာတွေ ပြောနေတာလဲ'

'ရှယ်လီ ဆစ်ဘာက်စတိန်း ကိစ္စ နောက်ပြီး အလ်ဘာတ်…က် ကျ နီမေယာနဲ့ ခင်ဗျားကျုပ်ကို ပဲလှော်ကြားညှပ်ခင် လုပ်ခဲ့ပြီ'

ကျွန်တော်က ပြောလိုက်သည်။

'အဲဒါတွေကို ခင်ဗျားဘီလ်မှာ အပိုအဖြစ် တင်ပြလိုက်ဗျာ၊ ် ထည့်သွင်း စဉ်းစားပေးမယ်'

'ရှယ်လီကို ခင်ဗျား ထည့်သွင်း စဉ်းစားခဲ့တဲ့ ပုံစံမျိုးလား'

ကျွန်တော်က အသာအယာ ဆိုလိုက်သည်။

မျက်လုံးပြာမျှား တဒင်္ဂ ဝေ့ဝဲသွားသည်။

'ကိစ္စက ဖြစ်ခဲ့ပြီးပြီပဲ၊ ကျုပ် မကူညီခဲ့ရင် အလ်ဘာတ် သူ့လောင်းကို အိမ်ထဲက ထုတ်နိုင်ခဲ့မှာ မဟုတ်ဘူး၊ သူ့ကြောင့် ဘဝ မျက်မှာ'

စတန်တွန်က ဒေါ်နဲ့မာနဲ့ ထ ဟစ်လိုက်သည်။

'ခင်ဗျားဟာ အဲဒီအဖြစ် မကြုံခင်ကတည်းက ဘဝပျက် ဆိုက်ခဲ့တာပါ၊ စတန်တွန်နှင့် မေယာနဲ့ လုပ်ငန်း ဖက်စပ်တည်းက ဘဝပျက်ခဲ့တာ'

ကျွန်တော်က ခပ်အေးအေးပင် ဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ရှူးနေသလား၊ ကျုပ်နဲ့ မေယာက အဆင်ကို လို့ ကျုပ်တို့နားလည်မှု လွဲမှားနေခဲ့တာတွေအားလုံး ပေါ်ထင်မှာဒီညပဲ ဖြေရှင်းခဲ့တယ်'

'အလ်ဘတ်က အခု သေပြီဆိုတော့ အလ်ဘတ် ငွေ တာကို မခံရတော့တဲ့ အတွက် သူ့ရဲ့ ငွေငါးသောင်းကို ဆပ်နိုင်ပါ့မယ်လို့ ခင်ဗျား ကတိပေး ပြောခဲ့တာလား'

စတန့်တွန်၏ မျက်နှာ ရုတ်တရက် သွေးဆုတ်ဖြူရော်သွား သည်။

'ဘာ.... ခင်ဗျား ဘာပြောလိုက်သလဲ'

သူ့အသံက လေသံ သဲ့သဲ့သာ ထွက်လာသည်။

'အခြေခံအားဖြင့် ခင်ဗျားဟာ အင်မတန် စက်ဆုပ်ရွံရှာ ကောင်းတဲ့သူပဲ၊ ဒါပေမယ့် ခင်ဗျား အခု ရောက်နေတဲ့အဆ ရောက်အောင် ခင်ဗျား အတော့ကို ကြိုးစားလာခဲ့တာဖြစ်မ အခုတော့ ခင်ဗျားက ပုတ်သင်ညိုလို ကျင့်နေပြီ ခင်ဗျား ပ ဝန်းကျင်နဲ့ အံဝင်အောင် အမြဲတစေ ပြောင်းလဲ နေ ရှိတယ်၊ လွန်ခဲ့တဲ့ ငါးမိနစ်က လူတိုင်း မုန်းတီးစက်ဆုပ် စတန့်တွန်က လူတိုင်းအပေါ် အံ့သြလောက်အောင် ကော တဲ့သူ ဖြစ်သွားတယ် ခင်ဗျားကို သတ်ဖို့ ခြိမ်းခြောက်တဲ့လူ ထောင်ဖမ်းဖို့ဆိုတဲ့ ခင်ဗျား အကြံအစည်ကြီးနဲ့ ခင်ဗျား ကျ ကို ကောင်းကောင်း နှစ်ပေါက် တစ်ပေါက် ရိုက်ခဲ့တယ်'

စတန့်တွန်က စီးကရက် ဆစ်လိပ် မီးညှိလိုက်သည်။



သူ့လက်များ အတော့် တုန်ယင်နေခဲ့သည်။

'ခင်ဗျား ကျုပ်ကို သဘောကျကျ၊ မကျကျ ကျုပ် လုံးဝ ရေးမထားဘူး ဟိုလ်မ်း၊ ခင်ဗျားကို အလုပ်တစ်ခု လုပ်ဖို့ ခဲ့တယ်ဆိုတာကို သတိရပါ၊ အခု အလုပ်က ပြီးသွားပြီ၊ တော့ ခင်ဗျား ကျုပ်အိမ်က အခုချက်ချင်း ထွက်သွားလို့ ယ်'

စတန့်တွန်က ကျွန်တော့်ကို မကြည့်ဘဲ ပြောလိုက်သည်။

ထို့ကြောင့် သူ့စကားက သူ့နားတွင်ရော ယဉ်ပါးရဲ့လား ကျွန်တော် တွေးမိသွားသည်။

'ကျုပ်ပြောတာကို ကောင်းကောင်း နားထောင် ကိုယ့်လူ၊ ပ်တို့ အချိန် သိပ်ရှိမယ် မထင်ဘူး၊ အလ်ဘတ်က ရှယ်လီ ကက်စတိန်းကို သတ်ခဲ့တယ်၊ ပြီးနောက် ခင်ဗျားက တစ် ကက်ယောက်ကို ချင်ဖွင့်လိုက်မှာ စိုးလို့ ခင်ဗျားကို သတ်ဖို့ ခဲ့တယ်'

ကျွန်တော်က ဘစ်လုံးချင်း ပြောလိုက်သည်။

'ကျုပ်တို့ ဒီကိစ္စကို တစ်ခါ ပြောခဲ့ပြီးပြီ၊ တစ်ပတ် ထပ် နေလို့ ဘာထူးမလဲ'

စတန့်တွန်က မကျေမနပ် ပြောလိုက်သည်။

'ဒီလို ပုံစံမျိုးနဲ့ မပြောရသေးပါဘူး'

ကျွန်တော်က တုံ့ပြန် ဟောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ခြိမ်းခြောက်စာတွေနဲ့စရအောင်၊ ခင်ဗျားဆီကိုရောက်
ခြိမ်းခြောက်စာတွေ အားလုံး အတွင်းလူမှ ပေးနိုင်မယ်ဆို
အချက်ကို ခင်ဗျား ပါးစပ်က မပြောဘဲ ကောင်းကော
ထောက်ပြခဲ့တယ်၊ ခြိမ်းခြောက်စာတွေကို ခင်ဗျားရဲ့ အံ
ရုံးစားပွဲ၊ နောက်ဆုံး ခင်ဗျားရဲ့ သီးသန့်အိမ်သာခန်းက ရ
တွေ၊ ခင်ဗျား ဆိုလိုချက်ကို ကျွန်တော် သတိမမူ မဖြစ်အော
ဦးညဦးပိုင်းက အလ်ဘာတ်ကို ကျုပ်ရှေ့မှာ မေးမြန်းခဲ့သေးတ
ဟုတ်ပြီလား'

'အဲဒီစာတွေကို အလ်ဘာတ်ရေးခဲ့တယ်ဆိုရင် သူ့ အိမ်ထဲ
လျှောက်ချခဲ့မှာမဟုတ်ဘူး၊ ဘာလို့ဆို အိမ်ဖော်တွေကို မသ
ရင် သူ့ကို ထိပ်ဆုံးက သံသယဝင်မယ်ဆိုတာကို သဘေ
ပေါက်မိတယ်၊ အဲဒီစာတွေကို အဲဒီရေးရိုးမှန်ခဲ့ရင် မြို့ထဲက
စာတိုက်ကတစ်ဆင့် ပို့နေခဲ့မှာပဲ'

'အလ်ဘာတ် သေပြီပဲ၊ ခင်ဗျား အဲဒါကို ပြောင်းလဲချ
မရဘူး'

စတန်တွန်က ဟောက်လိုက်သည်။

'ရှယ်လီဆစ်ဘာတ်စတိန်း ဒီကိုလာတဲ့ညက ခင်ဗျား က
သုံးတဲ့ မူဝါဒပဲ၊ ရှယ်လီအသက်ပျောက်သွားမှန်း သိ
ကယောင်ကတန်းဖြစ်ပြီး အလ်ဘာတ်ကို အကူအညီပြေးတော
ခဲ့တာက ခင်ဗျား'



'ခင်ဗျား ရှယ်လီအခန်းကပြန်လာပြီး မေယာနဲ့စကားပြော
တော့ ရှယ်လီ သူငယ်ချင်းကိစ္စကို မေယာ့တာဝန်ယူလိုက်
တော့ ခင်ဗျား သိပ်ပျော်သွားတယ်၊ ရှယ်လီနဲ့ပတ်သက်ပြီး
ခင်ဗျား ပြဿနာတစ်ခုမှမရှိခဲ့တော့ဘူး၊ အလ်ဘာတ်က ခင်ဗျား
ကို ငွေညှစ်တဲ့အလုပ် မလုပ်လာခင်အထိပေါ့၊ ခင်ဗျားက သူ
တောင်းတဲ့ငွေကို ကြည်ကြည်သာသာမပေးရင် သူ လိပ်ပြာ
မလုံဖြစ်လာပြီး တစ်စုံတစ်ဦးကို အမှန်အတိုင်း ဖွင့်ပြောချင်
ပြောမယ်ပေါ့၊ ရဲကိုပြောမယ်လို့ ဖော်ကောင်လုပ်မယ်လို့ အတိ
အကျကြီးတော့ မဟုတ်ဘူး၊ ခင်ဗျားသေမလောက်ကြောက်တဲ့
ပက်ဆစ်ဘာတ်စတိန်းကို ပြောချင်ပြောမယ်ပေါ့'

စတန်တွန်သည် သူ့ရှေ့တည့်တည့်သို့သာ စူးစိုက်ကြည့်
နေခဲ့သည်။ မျက်နှာပေါ်တွင် ခံစားချက်ကင်းအောင် ကြိုး
စားနေသော်လည်း အင်မတန် တုန်လှုပ် ချောက်ချားနေပြီ
ဖြစ်ကြောင်း မဖုံးကွယ်ထားနိုင်ခဲ့ချေ။

'မေယာက စာရင်းစာအုပ်ထဲအကြောင်း ပြောပြခဲ့တယ်၊
ခင်ဗျား သူတို့ကို ပထမဦးဆုံးအကြိမ် စာရင်းလိမ်ပြတာ
ရှယ်လီ သေပြီး ပြီးမှာပဲ၊ ခင်ဗျားဘက်က အဲဒီလို ငွေစာရင်း
ပျောက်တာနဲ့ အလ်ဘာတ် တစ်နေ့ရာရာမှာ ငွေသွင်းတာနဲ့
တိုက်ဆိုင်မှုရှိမယ် ထင်တယ်'

ကျွန်တော်က အေးစက်စွာဆက်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



‘ခင်ဗျား ဘာအထောက်အထားမှ မရှိဘူး၊ ဟိုလီမန်း ခင်ဗျား စကားပုံဖော်နေတာပဲရှိတယ်’

စတန်တွန်က ဟောက်လိုက်သည်။

‘သက်သေ အထောက်အထားရှာလို့ ရပါတယ် ကိုယ့်လူ၊ ဒါပေမယ့် အဲ့ဒီအထောက်အထားတွေကို ဆိုတယ်လို့ မထင်ပါနဲ့တော့’

ကျန်ဘော်က အံကြိတ်ဆိုလိုက်သည်။

‘ခင်ဗျား ဘာကိုဆိုလိုတာလဲ’

‘ဒီည ခင်ဗျားအခန်းကို မေယာတက်လာတော့ ခင်ဗျား အလိဘတ်ကို ဘယ်လို ပညာသားပါပါ ရှင်းလိုက်တဲ့အကြောင်း၊ ရှယ်သီကိစ္စမှာ ခင်ဗျားကြံရာပါဖြစ်ကြောင်း ဝန်ခံလည်း လွတ်ဖို့ အားအလွန်ကောင်းတယ်လို့ ပြောခဲ့တယ်၊ ထိပ်တန်းဝတ်လုံတစ်ယောက်က ခင်ဗျား ကွင်းလုံးကျွတ်လွတ်အောင် လျှောက်လဲချက် ပေးနိုင်ခဲ့လိမ့်မယ်၊ ခင်ဗျားရဲ့ အိမ်ထောင်စုံကြောင့် ခင်ဗျား စီးပွားပျက်ကိန်းကို ကာကွယ်ရတဲ့ အဖြစ်နဲ့ ခိုင်ခိုင်ပြနိုင်ခဲ့မယ်၊ ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျား နာမည်ပျက်ကိန်း လုံးဝကင်းလိမ့်မယ်’

‘ငွေညှစ်တဲ့ကိစ္စ တစ်ခါတည်းရှင်းသွားပြီဆိုတော့ မေယာရဲ့ငွေငါးသောင်းကို ခင်ဗျားပြန်ဆပ်နိုင်မယ့် အချက်လေးတချက်ပဲ ရှင်းဖို့ကျန်နေခဲ့တယ်၊ ရှယ်လီရဲ့ သူငယ်ချင်း ဂျီနီကိုပက်စ်က ခင်ဗျားကို အန္တရာယ်ပေးနိုင်သေးတယ်၊ သူ့ပုံကို တစ်



ခုတစ်ရာက မေးမြန်းလာခဲ့ရင် ရှယ်လီဟာ ပိုင်ရှင်ရဲ့အလို မလိုက်လို့ အလုပ်ထုတ်ခံရတဲ့အကြောင်း ရှယ်လီ သေသွားပြီးချင်းမှာပဲ လယ်ရီမူလာက သူ့ကိုတော့ အတွင်းဘက် ခေါ်သွားတဲ့အကြောင်း ပြောနိုင်တယ်၊ ရှယ်လီ အကြောင်း တစ်ယောက်ယောက်ကိုပြောရင် သူ့ကို ဘယ်လို လုပ်မယ် ဆိုပြီး ကိုယ်ထိလက်ရောက် ရိုက်နှက် ခြိမ်းခြောက်ခဲ့တာတွေကို ဖွင့်ပြောနိုင်တယ်’

‘အဲဒီတော့ မေယာ ချက်ချင်းလက်ငင်းဖြေရှင်းသင့်တဲ့ အချက်လေးရှိတယ်လို့ ခင်ဗျားက ယူဆလိုက်တယ်၊ အဲဒါကတော့ ခင်ဗျားရော လယ်ရီပါ ပြဿနာအေးအောင် ဂျီနီကို ကို ဖြောင့်ပစ်လိုက်ဖို့ပဲ၊ အဲဒီ လိုဆောင်ရွက်ခကို မေယာက တောင်းခံမှာပဲ၊ ခင်ဗျားဘယ်လောက်ပေးလိုက်ရလဲ စတန်တွန်’

‘ခင်ဗျား ရူးနေပြီ၊ ကျုပ် ခင်ဗျားစကားကို နားမထောင်တော့ဘူး’

စတန်တွန်က လေသံထက်မကျယ်နိုင်သော အသံဖြင့် ပြောလိုက်သည်။

‘ခင်ဗျားရဲ့ ပိုင်ဆိုင်တဲ့ ဆောင်ကြာမြိုင် ရှယ်ယာတစ်ဝက်ကို အောက်ဈေးနဲ့ ပေးလိုက်မယ်မှတ်တယ်၊ ဒါပေမယ့်လေ အဲဒါကို ကျုပ်စိတ်မဝင်စားပါဘူး၊ ခင်ဗျားက အပေါ်ထပ်မှာ မေယာနဲ့ အပေးအယူလုပ်ခဲ့တယ်။ မေယာ အောက်ထပ်ရောက်တော့ ကျုပ်သူ့ကို စကားပြောခဲ့တယ်’

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့စကားကြောင့် စတန်တွန် ခုန်ထလိုက်သည်။

'ခင်ဗျားဘယ်လိုလုပ်တာလဲ'

'အဲဒီ ဂျီနီပက်ဆိုတဲ့ ကောင်မလေးကို မထိန္ဒလို့ သတိပေးလိုက်တယ်'

စတန်တွန်က လှောင်ရီ ရီလိုက်သည်။

'မေယာက ခင်ဗျားကို ကြောက်မယ်ထင်လား'

ကျွန်တော် စီးကရက်တစ်လိပ် မီးညှိလိုက်သည်။

'ကျုပ်တို့ ဈေးတွက်တွက်ပြီး စွန့်စားတဲ့အကြောင်း မပြောခဲ့ဖူးဘူးလား။ မေယာဟာ သူ့ဘဝတစ်လျှောက်လုံး ဈေးတွက်တွက်ပြီး ပိုင်မှ စွန့်စားခဲ့တဲ့သူပါ၊ ပိုင်လောက်တဲ့အကွက်ကို နှင်းတဲ့လူပါ၊ ပြိုင်ဖက်အုပ်စုတစ်စုက မှောင်ခိုအရက်တွေ ကြားဖြတ်အလစ်သုတ်တာဟာ ဈေးတွက်တွက် စွန့်စားတာပဲ၊ အက်ဖ်ဘီအိုင် အမှုထမ်းတစ်ဦးကို လုပ်ကြံသတ်ဖြတ်တာလဲ အဲဒီလိုပဲ၊ ဂျီနီကိုပက်ကို လုပ်ကြံသတ်ဖြတ်ဖို့ကိစ္စ၊ အကျိုးအမြတ်ကိစ္စကို သူ့ဈေးတွက်တွက်မှာ သေချာတယ်'

ကြီးမားလှသော ဧည့်ခန်းကြီးအလယ်တွင် ထိုင်နေရခြင်းသည် အချိန်အကန့်အသတ်မရှိသော နေရာတွင် အကျဉ်းသားဖြစ်နေပုံနှင့် တူသည်ဟု ကျွန်တော်ခံစားမိလိုက်သည်။ စတန်တွန်ကို အဖော်အဖြစ် ရထားခြင်းကား ကံဆိုးလေစွ။

'ခင်ဗျားသဘောပေါက်အောင် အနှစ်တ် ခွဲခြမ်းပြပါရစေကိုယ့်လူ၊ မေယာဟာ ခင်ဗျားဆီက ထွက်သွားတော့ ကောင်မလေးကိုသတ်တာ အကောင်းဆုံးလို့ ဈေးတွက် တွက်သွားခဲ့တယ်။ ဒါပေမယ့် ကျုပ်သူနဲ့စကားပြောလိုက်တော့ သူ့အချက်အလက် တစ်ချို့ထပ်သိသွားရတယ်။ ဒါက ဘာလဲဆိုတော့ အယ်လ်ဘတ်ကို ခင်ဗျား လုပ်ကြံ သတ် ဖြတ် တာ ဖြစ် ကြောင်း ကျုပ်သိတယ်ဆိုတာ သူကောင်းကောင်း နားလည်သွားတယ်၊ နောက်ပြီး သူကောင်မလေးကို သတ်မယ်ဆိုတာ ကျုပ်သိတယ်ဆိုတာပါ နားလည်သွားတယ်'



'အဲဒီတော့ သူ့ဈေးတွက်တွက် စွန့်စားမှုကို ပြန်လည်တွက်ဆရမဲ့ အခြေအနေ ဆိုက်သွားတယ်'

စတန်တွန်က မျက်လုံးများ ရုတ်တရက် တောက်ပသွားသည်။ ကျွန်တော့ကို ခပ်ကြွားကြွားကြည့်လိုက်သည်။

'အေး....ခင်ဗျားကိုလဲ ကျုပ်တစ်ခုပြောလိုက်မယ်၊ အဲဒီကသောင်းကနင်းဖြစ်သွားတဲ့ ဈေးကွက်ကို ပြန်ညှိဖို့ လွယ်လွယ်လေး၊ ခင်ဗျားကို အရင်ဆုံးသတ်လိုက်ရင် ပြီးတာပဲ၊ ခင်ဗျားဘယ်လိုမြင်သလဲကိုယ့်လူ'

'ကျုပ် အဲဒီအချက်ကို တွက်ဆကြည့်ပြီးပါပြီ၊ မေယာရဲ့ရှုထောင့်ကကြည့်ရင် ဟုတ်ပါတယ်၊ ဒါပေမယ့် အဲဒီကိစ္စကို သေးသေးနက်နက် သုံးသပ်လိုက်ရင် ပြန်ချင့်ချိန်လာမယ်၊ သူ့ရှုထောင့်ကကြည့်ရင်တော့ ခင်ဗျားဟာ အသောက်သုံးမကျတဲ့ဟာတဲ့သူပဲ၊ ခင်ဗျားဘက်က ပုံကြီးလို့ သူ့အတွက် အကျိုးသိပ်မရှိနိုင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



‘ခင်ဗျား ဘာတွေပြောနေတာလဲ၊ ကျုပ်ကလပ်မှာ သူ့ကို ရှယ်ယာဝင်အဖြစ် လက်ခံခဲ့တယ် မဟုတ်လား၊ ကလပ်က ငွေ လကြွမ်းဝင်နေတာပဲ မဟုတ်လား’

စတန်တွန်က မကျေမနပ် အော်ဟစ်လိုက်သည်။

‘ခင်ဗျား စာရင်းဇယားတွေ ဖျောက်နေခဲ့တာ ခင်ဗျားကို ချာတိဆာပါ ခွစီးလိုက်မှ အန်ထွက်လာတဲ့ ငွေတွေလား’

ကျွန်တော်က လေအေးဖြင့် ဆက်ပြောလိုက်သည်။

‘မေယာဘက်ကကြည့်ရင် ခင်ဗျားကိုထားရတာ မြွေပွေး ခါးပိုက်ပိုက်သလို ဖြစ်နေမှန်း မေယာကောင်းကောင်းသဘော ပေါက်တယ်။ ခင်ဗျားရဲ့ ဖောက်ပြန်တဲ့လုပ်ရပ်မျိုးကြောင့် အခု အခြေအနေပြောင်းလဲတောင် နောင်တစ်ချိန်ချိန် အချိန်မရွေး ပြဿနာတက်လာနိုင်တယ်ဆိုတာ မေယာ ကောင်းကောင်း တွက်ဆမိတယ်။

‘ရှယ်လီမှာ နှလုံးရောဂါရှိမှန်း ကျုပ်ဘယ်လိုလုပ်သိမှာလဲ’

စတန်တွန်က ဂီလာနကဲ့သို့ ညည်းညည်းတွားတွားဆိုလိုက်သည်။

‘သူ့မှာ နှလုံးရောဂါရှိ မရှိ မလုပ်အပ်တဲ့ ကိစ္စတစ်ရပ်လို့ ခင်ဗျားက စကတည်းက တွက်ဆမိသင့်တယ်၊ မေယာက ဒီကိစ္စကို အခုလို မြင်မှာသေချာတယ်၊ ခင်ဗျားမရှိရင် ပိုကောင်းမယ်လို့ ဆုံးဖြတ်ကောင်း ဆုံးဖြတ်နေလိမ့်မယ်’



ကျွန်တော်က ရွှင်မြူးစွာ ဆိုလိုက်သည်။

‘ဒါမှမဟုတ် ခင်ဗျားမရှိရင်ကောင်းမယ် ယူဆပြီး ခင်ဗျားကို ထာဝရရှင်းထုတ်ပစ်ဖို့ တစ်ယောက်ယောက်ကို အမိန့်ပေးနေလိမ့်မယ်ထင်တယ်’

စတန်တွန်က ဒေါသတကြီး တုံ့ပြန်လိုက်သည်။

‘ဖြစ်နိုင်တာပဲ စတန်တွန်၊ ခင်ဗျား ပြောတာမှန်နိုင်တယ်၊ ဂျိုနီမေယာက ကျုပ်တို့နှစ်ယောက်ကြား ရွေးချယ်ရမှာ၊ အခုလဲ ရွေးချယ်နေမယ် မှတ်တယ်’

ကျွန်တော်က အေးအေးဆေးဆေးပင် တုံ့ပြန်လိုက်သည်။

စတန်တွန်၏ မျက်လုံးများတွင် ထိတ်ပြာထိပ်လျှ တက်လာသည်။

‘ခင်ဗျားလား ကျုပ်လား’

တုန်တုန်ရီရီဖြင့် ဆိုလိုက်သည်။

‘တကယ်ပဲ ခင်ဗျာ ဒီလိုမြင်သလား ဟိုလ်မန်း’

‘အတိအကျပဲ၊ ဒါကြောင့် ကျုပ်တို့အဲဒီအချက်ကို သိဖို့ ဒီမှာထိုင်စောင့်နေတာ’

ကျွန်တော်က ခေါင်းညိတ်၍ပြောလိုက်သည်။

’ဘာ....’

‘အချိန်နဲ့အမျှ အခြေအနေက ရှုပ်ထွေးလာနေတော့ ခုကိစ္စကို မေယာက မြန်မြန်ထက်ထက် ရှင်းရမှာပါ’

ကျွန်တော်က ချိန်ချိန်ဆဆ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလိုဆိုရင် ကျုပ်ကိုဗိုမှာ ဘာထိုင် လုပ်နေကြတာလဲ ဗျာ၊ ကျုပ်တို့လယ်ယာဉ်ပျံ တစ်စင်းငှါးပြီး....'

စတန်တွန်က ချောက်ချောက်ချားချား ခေါ်လိုက်သည်။

'ခင်ဗျားဒုံးပျံစီးပြီး ထွက်ပြေးတောင် မေယာရဲ့လက်က လွတ်နိုင်မှာမဟုတ်ဘူး အဲဒီတော့ဒီမှာ ထိုင်စောင့်နေတာကပဲ အကောင်းဆုံးပေါ့၊ ကျုပ်တို့နှစ်ယောက်ထဲက တစ်ယောက် ဖြစ်ရမှာ၊ ငါးဆယ် ရာခိုင်နှုန်းလွတ်ဖို့ အခွင့်အရေးရှိပါတယ် မဆိုးလှဘူး မဟုတ်လား ကိုယ့်လူ'

ကျွန်တော်က ဆိုလိုက်သည်။

'ခင်ဗျား ဖြစ်ပါစေလို့ ကျုပ်ဆုတောင်းနေတယ်'

'ဘာလို့များ ဒီလောက်တောင် စိတ်ပူနေတာလဲ စတန်တွန်၊ ခင်ဗျားက သေလူဖြစ်နေပြီပဲ၊ ခင်ဗျားကို မေယာမသတ်ရင် ရဲတွေကဖမ်းမှာပဲ၊ ရဲတွေက မဖမ်းဖြစ်ရင် ဟက်ဆင်ဘက်စတီနီး က သတ်မှာပဲ၊ စိတ်အေးအေး ထားစမ်းပါကိုယ့်လူ ခင်ဗျားက အရေးမပါတဲ့ အသေးအမွှားကိစ္စနဲ့ ခေါင်း ရှုပ် ခံနေတယ်၊ ဘယ်သူ့ ကျည်ဆံနဲ့ထိထိ ကျမှာပဲ၊ မဟုတ်လား'

'တော်ဗျာ....ခင်ဗျားပါးစပ်ပိတ်ထား'

'ကိစ္စပြီးသွားရင် ခင်ဗျားရဲ့မဂ္ဂဇင်း ဘယ်သူ့လက်ထဲ ရောက်သွားမှာလဲ စတန်တွန်'

ကျွန်တော်က အလာပသလ္လာပ လေသံဖြင့် ပြောလိုက်သည်။

'ပါးစပ်ပိတ်ထားစမ်းဗျာ'

စတန်တွန်က သံကုန်ဟစ်လိုက်သည်။



ပြောင်....လီမွန်ဒေါက်ကာလပ်သာ ရသွားရင် သိပ်ကောင်း မှာပဲလို့ ကျုပ်တွေးနေမိခဲ့တယ်၊ အဲဒီနောက် ခင်ဗျားရဲ့အသက် အာမခံ ငွေဘတ်သိန်းကိုရမယ့် မလ်ဆီဆာနဲ့ လက်ထပ်ပြီးရင်....'

စတန်တွန် ကျွန်တော့်ဘက်သို့ မျာခနဲ လှည့်ကြည့်လိုက် သည်။

မျက်နှာတပြင်လုံး ဇောချွေးများ စီးနေသည်။

'ကျုပ်သွားတော့မယ် ဟိုလိမန်း....ကျုပ် အသတ်ခံရဖို့ ထိုင် စောင့်မနေနိုင်ဘူး၊ ကျုပ်ကို မတားနဲ့၊ မတားနဲ့'

စတန်တွန်က ကယောင်ကတမ်း အော်ဟစ်လိုက်သည်။

စူးစူးရှရှပေါ်လာသော တံခါးခေါင်းလောင်းသံကြောင့် စတန်တွန် ငယ်သံပါအောင် ဟစ်လိုက်သည်။

ပါးစပ်ကို လက်နှစ်ဘက်ဖြင့် ပိတ်လျက် ဆိုဖာပေါ် ခြေပစ် လက်ပစ် ကျသွားသည်။ တကိုယ်လုံး ထိန်းကွပ်မရ တုန်ယင် နေခဲ့သည်။

'ခင်ဗျား တံခါးသွားမဖွင့်ဘူးလား စတန်တွန်'

'မဖွင့်ဘူး'

စတန်တွန်က ဆို့ဆို့ကြပ်ကြပ်အသံဖြင့် ဖြေလိုက်သည်။

'သူတို့ သုံးလေ့ သုံးထ နည်းစနစ်ဟောင်းကြီးသုံးနေတာ ဖြစ်နိုင်တယ်၊ တစ်ယောက်က ခင်ဗျားအာရုံ ရှေ့ဘက်ရောက် အောင် အိမ်ရှေ့တံခါးကခေါ်တယ်၊ အဲဒီအချိန်မှာ နောက်

www.burmeseclassic.com

www.burmeseclassic.com



ဘေး ပြတင်းပေါက်ကနေ တစ်ယောက်က ဝင်လာတတ်တယ်'

စတန်တွန်သည် ဆိုဖာပေါ်တွင် အလျားလိုက် ပစ်မှောက်လိုက်သည်။

ကူရှင်ကြားထဲသို့ သူ့ခေါင်း ထိုးမြှုပ် ထားလိုက်သည်။ မီခင်ပျောက်နေသော ကလေးသူငယ်ကဲ့သို့ ရှိုက်ကြီးတငင် ငိုကြွေးလိုက်သည်။

ကျွန်တော် ဆိုဖာပေါ်မှ ထလိုက်သည်။ အိမ်တံခါးဝသို့ လျှောက်သွားသည်။

× × ×

## အခန်း (တစ်ဆယ်)

ကျွန်တော်သည် အိမ်ရှေ့တံခါးကို အတတ်နိုင်ဆုံး ပညာသားပါပါ ဖွင့်လိုက်သည်။

ဒဿမ ၃၈ ကို ညာလက်တွင်ကိုင်၍ ဘယ်လက်ဖြင့် တံခါးလက်ကိုင်ဘုကို ဖွင့်လိုက်သည်။

ထို့နောက် ဘေးသို့ အသာကပ်ရပ်မြဲရပ်နေခဲ့သည်။ အပြင်ဘက်မှလူ ဆက်လှုပ်ရှားရန် စောင့်လိုက်သည်။

အပြင်ဘက်မှ သာမန်လူတစ်ယောက် မဟုတ်ခဲ့ချေ။ ပေါက်ကွဲလုလု အနီမြူဗုံးတစ်လုံး တစ်ဟုန်ထိုး ဝင်ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တံခါး ဝုန်းခနဲ ပွင့်သွားသည်။ ကျွန်တော် စဉ်းစား ချိန်မရခင်မှာပင် ကျွန်တော့်ပေါ် လူတောင် ပြိုကျလာသည်။

တင်းပုတ်ကြီးနှင့်တူသော လက်သီးချက်တစ်လုံး ရင်ဘတ်ကို ဝင်လာသည်။

ဝမ်းဗိုက်ကို ဝင်လာသည်။

ကျွန်တော် အခန်းထောင့်သို့ ကားယား လွင့်ထွက်သွား သည်။ လက်ထဲမှ သေနတ် လွင့်သွားသည်။ သုံးလေးပတ်မျှ လိမ့်သွားပြီးနောက် ပက်လက်ဖြစ်သွားသည်။

ကျွန်တော် ထရန် မကြိုးစားမိချေ။ မထနိုင်မှန်း သဘော ပေါက်မိသည်။

စက္ကန့်ပိုင်းအကြာတွင်မူ ခြောက်ပေ လေးလက်မ မြင့်မား သော အမျက်ဒေါသကြီးက ကျွန်တော့်ပေါ် အုပ်မိုးရပ်လာ သည်။ ပက်ဆစ်ဘတ်စတိန်း၏ မျက်နှာသည် သူ့ဆံပင်ထက်မျှ နက်မှောင်နေသည်။

မျက်လုံးများမှာမူ ချော်ရည်ပူကဲ့သို့ တောက်ပနေသည်။

'ခင်ဗျားက ရှေ့ရောက်နေခဲ့လို့ တွယ်ခံရတာ ဟိုလ်မန်း.... ခင်ဗျားနဲ့ကျုပ် ဘာရန်စမှ မရှိဘူး၊ ဒီတော့ ကြားဝင်မရှုပ်နဲ့၊ ကျုပ်ကို ဘယ်သူမှ မတားနိုင်ဘူး၊ ဘယ်သူမှ မတားနိုင်ဘူး'

ပက်က တောင်းပန်မှုကင်းမဲ့သော အသံဖြင့် ပြောလိုက် သည်။



ကျွန်တော် ပါးစပ်ဖွင့်လိုက်သည်။ သူ့ကို စကားပြောရန် ကြိုးစားလိုက်သည်။

သို့သော် ကျွန်တော့်ရင်ထဲ ဝင်သွားသော တင်းပုတ် လက် သီးချက်ကြောင့် အသက်ရှူပင် မမှန်နိုင်ခဲ့သေးချေ။ သူသည် ကျွန်တော့် ပါးစပ် လှုပ်စေ့ လှုပ်စေ့ ဖြစ်နေသည်ကို စက္ကန့်ပိုင်း သာ ကြည့်လိုက်သည်။

သူ့ကို မမိုက်ရန် ကျွန်တော် ဟန့်တားချက် အသံထွက် လာ၍ ဖြစ်မလာနိုင်ခင် သူ လှည့်ထွက်သွားသည်။

စတန်တွန်သည် လူမဟုတ်တော့။ ကိန်းဂဏန်းတစ်ခု အချိန် ပိုင်းနေပြီဖြစ်သော စက္ကန့်ပိုင်း၊ မိနစ်ပိုင်း အဖွဲ့အစည်းတစ်ရပ် ဖြစ် တဖြည်းဖြည်း လုံးပါး ပါးနေပြီဖြစ်သည်။ ဘာမျှလုပ်ရန် မရှိတော့ဟု ဟန့်တားချိန် မရလိုက်ချေ။

ပက်သည် ရှည်ခန်းထဲသို့ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်ဝင် သွားသည်။

အသည်းအသန် အသက်ရှူရန်ကြိုးစားနေသော ကျွန်တော် အသက်ရှူမှန်သွားသည်။

ကျွန်တော် ပက် လက်မှ မှောက်ထလိုက်သည်လောဟု စဉ်း စားလိုက်သည်။

သူ့လက်ချက်ကြောင့် ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွား သည်ဟု ခံစားမိသောကြောင့် မှောက်လိုက်သည်နှင့် နှလုံးက ကျောဘက်မှ ပေါက်ထွက်မည်ဟု ကြောင့်ကြမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ညည်သို့ပင်ဆိုစေ တစ်ပတ်လျှို့မှ်ဖြစ်လိုက်သည်။ ဗိုက်ပေါ် မှောက်လိုက်နိုင်ခဲ့သည်။

ပလပ် ဟူသော ပျော့ပျော့အရာတစ်ခုပွတ်ကျသံကြားသောကြောင့် ကျောမပေါက်သွားကြောင်း သိလိုက်သည်။

ဒူးထောက် လက်ထောက် ထနိုင်ရန် စက္ကန့်အနည်းငယ်ကြာသွားသည်၊

ထိုလက်သီးနှစ်ချက်က ကျွန်တော့် သက်တမ်း သုံးနှစ်တာမျှ ချော့သွားသည်ဟု စံစားမိလိုက်သည်။

ညည့်ခန်းထဲမှ အသံတစိုးတစေ့မျှ မကြားရချေ။ သို့ကြောင့် မည်သို့ဖြစ်နေပြီဟု ကျွန်တော် ထင်မြင်မိသည့်အချက်ကို မမြင်ရ သောကြောင့် ညည့်ခန်းထဲသို့ကြည့်ရန်ပင် တွန့်မိသည်။

ထို့ကြောင့် ကျွန်တော့်သေနတ်ကို အသည်းအသန်ရှာလိုက်သည်။

ကျွန်တော် ညာလက်နှင့် တစ်ပေလောက် အကွာအဝေးတွင် တွေ့လိုက်သည်။

ကျွန်တော် လူးလဲထလိုက်သည်။ ဒဿမ ၃၈ ကို ဆုပ်ကိုင်လိုက်ပြန်သည်။

ထိုနောက် ကြိုးတန်းလျှောက်နေသော အရုပ်မူးနေသည့် သဘောသွားခြေလှမ်းဖြင့် ညည့်ခန်းဘက်သို့ ဦးတည်လျှောက်ခဲ့သည်။



ပက်ဆစ်ဘက်စတိန်းက မလှုပ်မရှား ရပ်တန့်နေ၍ ကျောက်ရုပ်ကြီးတစ်ခုနှင့်ပင် တူနေသည်။ သူသည် ကူရှင်ထဲမျက်နှာအပ်၍ ဆိုဖာပေါ် မှောက်နေသော စတန့်တွန်၏သဏ္ဌာန်ကို စိုးမိုးကြည့်နေသည်။

ကျွန်တော် ဆိုဖာနားသို့တဖြည်းဖြည်းအလျှောက်တွင် ခန္ဓာကိုယ် ပို၍ပို၍မတ်လာနိုင်ခဲ့သည်။ နောက်နှစ်လှမ်းလောက်ဒက်ခံပြီးနောက် အကောင်းပကတိ မတ်တတ်ရပ်နိုင်မည်ဟု ကျွန်တော် ယုံကြည်လိုက်မိသည်။

ဆိုဖာနှင့် နီးလာသည်နှင့်အမျှ စတန့်တွန် ငိုရှိုက်နေသော အသံက ပို၍ ကျယ်လောင်လာသည်။

ဆိုဖာနှင့် ဆယ်ပေလောက်အကွာသို့ ရောက်သောအခါတွင် ပက်ဆစ်ဘက်စတိန်းက ကျွန်တော့်ဘက်သို့ အံ့အံ့ဩဩ လှမ်းကြည့်လိုက်သည်။

'ကျုပ် ယောကျ်ားတစ်ယောက်ကို လာသတ်တာ၊ ခုတော့ ဒါကြီး ဘာလဲဗျ'

ပက်က ဆိုဖာပေါ်မှသဏ္ဌာန်ကို စိတ်ပျက်လက်ပျက်ဟန်ဖြင့် လက်ငွေ့ယမ်းပြရင်း မေးလိုက်သည်။

ပက်အသံကို ရုတ်တရက် ကြားလိုက်ရသောကြောင့် စတန့်တွန် ရုတ်ခနဲ ခေါင်းမော့ကြည့်လိုက်သည်။ ပက်၏ မဲမဲပြောင်ပြောင် မျက်နှာကို မြင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတဒင်္ဂတွင် သူ့စိတ် ဒဏ်ခံမှုအဆင့် လွန်သွားသည် ထင်သည်။

အိပ်မက်ဆိုးနှင့် ဖြစ်ရပ်မှန် အတာင်းအကြပ် ပူးသွားသည်ကို ခံလိုက်ရပုံရသည်။

စတန်တွန်သည် ဆိုဖာပေါ်မှ တစ်ဟုန်ထိုး ခုန်ထလိုက်သည်။ ညွှန်ခန်းတစ်ဘက်စွန်းသို့ အသည်းအသန် ပြေးသွားသည်။

တကယ်ပင် ရှေ့တံခါးပေါက်မှ တစ်ဦး ဝင်ရောက်လာပြီးနောက် တံခါးပေါက်မှ တစ်ဦး ဝင်ရောက်ခဲ့သည်ကို ထိုအချိန်ကျမှ ကျွန်တော် သိလိုက်သည်။

သို့သော် ယင်းတို့ တစ်ဖွဲ့တည်း မဟုတ်ချေ။

ပက်က ရှေ့တံခါး လှခေါ်ခေါင်းလောင်း နှိပ်ချိန်တွင် လယ်ရီမူလာသည် နောက်ဘေးတံခါးမှနေ၍ အိမ်ထဲသို့ဝင်လာခဲ့သည်။

ညွှန်ခန်းမှနေ၍ နောက်ဘေး စင်္ကြံလမ်းသို့ ပေါက်သော တံခါး ဖွင့်သွားပြီး လယ်ရီ မြွေတစ်ကောင်ကဲ့သို့ ဝင်လာသည်။

လယ်ရီ လျင်မြန် သွက်လက်စွာ ရွှေ့လျားသည်။

ဘဲလေး အကသမား တစ်ဦး၏ ညက်ညောမှုမျိုးဖြင့် သွက်လက်စွာ လှုပ်ရှားလိုက်သည်။



စတန်တွန်သည် လယ်ရီကို ရုတ်ခနဲ လှမ်းမြင်လိုက်သည်။

လယ်ရီထံသို့ သွက်သွက် လှမ်းသွားသည်။

'ဟေး....လယ်ရီ သူတို့ ငါ့ကို သတ်မလို့တဲ့၊ သူတို့ကို တားပါ၊ ငါ့ကို ကယ်ပါ၊ လယ်ရီ....လယ်ရီ'

စတန်တွန်က သံကုန်ဟစ်လိုက်သည်။

လယ်ရီ၏ မျက်နှာကား မရဏ ဦးခေါင်းကဲ့သို့ ပြောင်းလဲ တောက်ပနေသည်။

မျက်လုံး နှစ်လုံး နေရာမှာ အရိုးခေါင်း မျက်တွင်း ဟောက်ပက်ကဲ့သို့ နက်မှောင်နေသည်။

ပါးစပ်ဟလိုက်သောအခါ အပြုံတွင် အနက်ဝန်းလေး ထင်းသွားသည်။

'စိတ်ချပါ မစ္စတာ စတန်တွန် ခင်ဗျား သူတို့လက်က လွတ်မြောက်အောင် ကျုပ် ကယ်ပါ့မယ်'

လယ်ရီက တစ်စစ်ခစ် ရယ်မောရင်း ဆိုလိုက်သည်။

'ပက်'

ကျွန်တော်က မမှန်နိုင်သေးသော အသံဖြင့် ဟစ်လိုက်သည်။

အသံအစ်တစ်တစ်၊ လေသံသဲ့သဲ့သာ ထွက်သွားသည်။

သို့သော် ပက်က ကျွန်တော့ အသံကို ကြားလိုက်သည်။

လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com



'ဘေးရှောင်နေ၊ နာသွားချင်သလား'

ပက် ချက်ချင်း သတိပေးပေါက်သည်။

ချက်ချင်းပင် ဆိုဖာနားတွင် ဒူးထောက် မှောက်ချလိုက်သည်။

လယ်ရီသည် စတန်တွန် သူနှင့် ဆယ်ပေအကွာ ရောက်သွားသည်အထိ စောင့်နေလိုက်သည်။

'ဒါ အဆောက်အဦ ဖြစ်နိုင်ကောင်းပါတယ် မစ္စတာ စတန်တွန်'

လယ်ရီ၏ လက် ရုတ်တရက် မြောက်တက်သွားသည်။

နှလုံးပြူးသေနတ်မှ တစ်ပြောင်းကို စတန်တွန်၏ ရင်ဘတ် တည့်တည့်ချိန်၍ မောင်းဖြုတ်လိုက်သည်။

စတန်တွန်သည် အရုပ်တစ်ခုကဲ့သို့ တအိ ချာချာလည်သွားသည်။

ထို့နောက် ခေါ်ဇောပေါ်သို့ ခြေကားယား၊ လက်ကားယား ပစ်ကျသွားသည်။

သူ့မျက်နှာ နေရာတွင် မျက်နှာ မရှိခဲ့တော့။

လယ်ရီသည် တမင်တကာပင် ရှုပ်ပျက်ဆင်းပျက် ဖြစ်အောင် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့ နှစ်ယောက်ကြားတွင် ပေ ၃၀ မျှ ခြားနေခဲ့သော်လည်း လယ်ရီသည် စတန်တွန်၏ မျက်နှာကို ကြည့်နေ



ခိုက်တွင် ကျွန်တော်သည် ဆယ်ပေမျှ သွက်သွက် တိုးသွားနိုင်ခဲ့သည်။

လယ်ရီ မော့ကြည့်လိုက်သည်။

ထို့နောက် သဘောကျစွာ ရယ်မောလိုက်သည်။

'လာလေဗျာ၊ ကျန်တဲ့ပြောင်းက ခင်ဗျား အတွက်ပဲ'

'စိတ်အေးအေး ထားစမ်းပါ၊ လယ်ရီ မင်းတစ်ချက်ပဲ ပစ်ဖို့ အခွင့်အရေး ရှိတော့တယ်၊ လွဲလို့ကတော့'

'ကျုပ် မလွဲပါဘူး ကိုယ့်လူ၊ ကျုပ်အဖိုးကြီးကိုတန်းတွဲမိုစိ စကား ပြောဆိုနေတာကို ကြုံတဲ့ ပထမနေ့ကတည်းက ခင်ဗျားကို ကျုပ် ကြည့်မရခဲ့ဘူး၊ ခုလို ပစ်သတ်ဖို့ အခွင့်အရေးရမှ ရပါ့မလားလို့ တွေးပူခဲ့တယ်'

လယ်ရီက သူ့ကိုယ်သူ ယုံကြည်မှု အပြည့်အဝဖြင့် ဆိုလိုက်သည်။

'အော်....အဲဒါ မင်းကို မှတ်လောက် သားလောက် ဒူးနေရာဒူး သိတတ်အောင် သေနတ်ဒင်နဲ့ နယူး သမပေးလိုက်တဲ့ နေ့ကလား၊ ငါ ကောင်းကောင်း မှတ်မိတာပေါ့၊ အဲ့ဒီနေ့ကလောက် ရယ်စရာကောင်းတာ မရှိခဲ့ဘူး'

ကျွန်တော်က အေးအေးဆေးဆေး ဆိုလိုက်သည်။

လယ်ရီ၏ မျက်နှာတစ်ခုလုံး ညိုမဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာ အရှုံးပဲ ချာတိတ်၊ အဲဒါကို မင်း သိရောသိရဲ့လား'

ကျွန်တော်က ခက်ထန်စွာ ဆက်ဆိုလိုက်သည်။

လယ်ရီသည် မြွေတစ်ကောင်၏ အသံမျိုး ပြုလိုက်သည်။

သေနတ်မောင်းပေါ် တင်ထားသော လက်ညှိုး တင်းလာသည်။

'တည့်တည့်မတ်မတ်ချိန် လယ်ရီ၊ မင်းမှာ အခွင့်အရေး တစ်ခါပဲ ရှိတယ်'

ကျွန်တော်က အားပေးစကား ပြောလိုက်သည်။

လယ်ရီ ကျွန်တော့်ကို မမှိတ်မသုန် ကြည့်လိုက်သည်။

ကျွန်တော်သည် ဒသမ ၃၈ ကို ညာဘက်သို့ အသာတည့် လိုက်သည်။

သေနတ်ကို သူ သတိပြုမိယုံသက်သက်။

'မင်းမှာ တစ်ချက်တည်း ရှိပေမယ့် ငါ့မှာ ခြောက်ချက်ရှိတယ်ဆိုတာ သဘောပေါက်'

'ခင်ဗျား ပထမ တစ်ချက်တောင် ပစ်ခွင့်ရမှာ မဟုတ်ဘူး'

သူ့စကားက ဟုတ်တော့ ဟုတ်သည်။

ကိစ္စက သူရောကိုယ်ပါ သေနိုင်သည့်ကိစ္စ ဖြစ်နေသည်။

'ပိုပြီး သေချာသွားအောင် ရှေ့လေး နည်းနည်း ဆက်တိုးလာပါလား၊ ခင်ဗျား မျက်လုံးနှစ်လုံးကြား တည့်တည့်ကို မလွဲတမ်း ပစ်ချင်တယ်၊ တိုးလေဗျာ၊ ရှေ့လေး တိုးစမ်းပါ'



လယ်ရီက အံကြိတ်လျက် ဆိုလိုက်သည်။

ထို့နောက် တခစ်ခစ် ရယ်မောလိုက်သည်။

သူ အလျှင်စလိုပစ်ခတ်မှုပြုအောင်သွေးတိုးနိုင်မည်ဆိုသော ကျွန်တော့် ယူဆချက် တဖြည်းဖြည်း ပျောက်သွားသည်။

လတ်တလော ကျွန်တော် အကူအညီလိုနေခဲ့သည်။

ခြေမြန်တပ်မကြီး တစ်တပ်လောက် အကူအညီ လိုနေသည်။

'ဟိုလ်မန်း.....'

ပက်ဆစ်ဘာတ်စတိန်း ရုတ်တရက် ခေါ်လိုက်သော အသံကြောင့် ကျွန်တော့ လိပ်ပြာ လွင့်မတတ်ပင် ဖြစ်သွားသည်။

သူ အခန်းထဲမှာ ရှိနေသည်ကိုပင် ကျွန်တော် မေ့နေခဲ့သည်။

'ဘာလဲ ပက်'

ကျွန်တော်သည် လယ်ရီပေါ်မှ မျက်လုံးတစ်ချက် မလွှဲပဲ မေးလိုက်သည်။

'ကျုပ်နဲ့ခင်ဗျား တညီတည်းလောက် ရှိတယ်၊ နှစ်ယောက်ပေ ၂၀ လောက် ခြားနေတယ်'

ပက်က အေးဆေးစွာ ဆိုလိုက်သည်။

'အဲဒီတော့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီတော့ ကျုပ်တို့ နှစ်ယောက်လုံး သူ့ဆီ တစ်ချိန်တည်း ဝင်ရအောင် သူ့နှစ်လုံးပြူးက တစ်ပြောင်းတည်း၊ ကျည်ဆန် ရှိတယ်၊ နောက်ထပ် ကျည်ဖြည့်ဖို့အချိန်မရနိုင်ဘူး၊ သူကျုပ်ကို ပစ်ချရင် ခင်ဗျား သူ့ကို ပစ်တည့်လို့ ရတယ်၊ ခင်ဗျားကို ပစ်ချရင် ကျုပ်က သူ့ခန္ဓာကိုယ်က ဓာတ်ခုခု ကျိုးသွားအောင် သူ့ကို နောက်ပြန် ကွေးပစ်လိုက်မယ်'

'သူ့ကျောရိုး ကျိုးအောင်လား'

ကျွန်တော်က ရှင်မြူးစွာ ဆိုလိုက်သည်။

'ဇက်ဖြစ်ရင်လည်း ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ပေါ့ဗျာ၊ ကျုပ်က ဘယ်အင်္ဂါရယ်လို့မှ သိပ် ဇီဇာမကြောင်ပါဘူး၊ အသက် ထွက်သွားရင် ပြီးတာပဲ'

ပက်က လေးလေးဖြင့်ပြောလိုက်သည်။

အဲဒီတော့ တို့နှစ်ယောက်လုံး ရှေ့ကို သုံးလှမ်းစီတိုးမယ်၊ တစ်....နှစ်....သုံး'

ခြေလှမ်း သုံးလှမ်း လှမ်းလိုက်သည်နှင့် ကျွန်တော့အား တည့်မတ်စွာ ချိန်ရွယ်ထားသော သေနတ်ပြောင်းနှင့် ၁၅ ပေ အကွာသို့ ရောက်သွားသည်။

လယ်ရီ၏မျက်လုံးများသည် ပက်ဘက်သို့ တစ်ချက် ဝေ့ဝဲသွားသည်။ ထို့နောက် ကျွန်တော့ဘက်ဆီပြန်ရောက်လာသည်။ သူ့ပါးစပ် ရုတ်တရက် တွန့်သွားသည်။ နဖူးပြင်တွင် ချွေးစို့လာသည်။



'အဲဒါမျိုး နောက်တစ်ကြိမ်လုပ်ရင်တော့ အသေပဲ'

လယ်ရီက ဒေါသတကြီး ဆိုလိုက်သည်။

'ဘယ်သူသေမှာလဲ'

ကျွန်တော်က ယဉ်ကျေးစွာမေးလိုက်သည်။

လယ်ရီ နှုတ်ဆိတ်ကိုက်လိုက်သည်။ ကြံရာမရဖြစ်နေခဲ့သည်။

'ပက်....အဲဒီကောင် ဘာနဲ့တူသလဲ'

ကျွန်တော်က ခပ်လျှော့လျှော့ မေးလိုက်သည်။

'မဆိုတတ်ဘူး၊ ပါးစပ်နဲ့ပြောလို့ သရုပ်ဖော်ဖို့တောင် ပြီးပြင်မှာမဟုတ်တဲ့ သတ္တဝါပဲ'

ပက်က တွေးတွေးဆဆ ဆိုလိုက်သည်။

နှစ်လုံးပြူးသေနတ်ပြောင်းက ပက်ဘက်သို့ ဝဲသွားသည်။ လမ်းတစ်ဝက်နေ၍ ကျွန်တော့ဘက် ပြန်တည့်လာသည်။

'သိပြီ....သိပြီ၊ ဒါ ပွဲခင်း ပြပွဲကလွတ်လာတဲ့ ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်ပဲ၊ မျောက်လို အသံပြုပေးမဲ့ မျောက်လို အမွေးအမျှင်မရှိတော့ မျောင်ပဲဖြစ်မယ်'

ကျွန်တော်က ခပ်မြူးမြူးပြောလိုက်သည်။

လယ်ရီမှလာ ဒေါသအိုး ပေါက်ကွဲရိပ်ကို ကျွန်တော် မျှတ်ကနဲ တွေ့လိုက်သည်။

ကျွန်တော်သည် ၃၈ ဒသာမ၏ခလုပ်ကို ဆက်တိုက်ညှစ်ချရင်း တစ်ဘက်သို့ထိုးခုန်လိုက်သည်။ သူ့ကို ပီပီပြင်ပြင် ချိန်

www.burmeseclassic.com



ရှယ်ပစ်ချခွင့်မရသည့်တိုင်အောင် ပဏာမအားဖြင့် ထိကောင်းသည်ဟု ယူဆလိုက်မိသည်။

ခုန်အရှောင်တွင် ဆိုဖာစွန်းတစ်ခုနှင့် ထိပြီးရပ်သွားသည်။ နောက် တစ်စက္ကန့်တွင်မူ ကျွန်တော့လက် အမှန်ကောင်းသွားသည်ဟု သိလိုက်သည်။ ဒယာမ ၃၈ ကျည်ဆံသည် လယ်ရီ၏ နှာခေါင်းကိုထိမှန်ပြီး ဦးနှောက်ထဲတစ်နေရာသို့ ဖောက်ထွင်းဝင်ရောက်သွားသည်။ သူ့ ခန္ဓာကိုယ် ကြမ်းပေါ် ပြုတ်ကျသောအခါတွင် ကော်ဇောကြောင့် အသံပင် သိပ်မမြည်လှခဲ့ချေ။

ပက်က ကျွန်တော်ထိခိုက်မှု ရှိ မရှိကြည့်ရန် အပြေးအလွှားအလာတွင် ကျွန်တော်လှုးလဲထလိုက်သည်။ သူ၏ မဲနက်သော မျက်နှာက သွေးလုံးဝကင်းနေပုံရပြီး ဆံပင်က ချွေးစို့စို့ထိုင်းနေပုံရသည်။

'ဝူး....ဒီလိုအဖြစ်မျိုးတော့ တစ်သက်မှာ တစ်ခါလောက်ပဲ ကြုံတာနဲ့ လုံလောက်ပါပြီ'

ပက်က သက်ပြင်းမှုတ်ထုတ်ရင်း ပြောလိုက်သည်။

'ခင်ဗျား....သူ့ ဆီကို လက်နက်မဲ့ချဉ်းကပ်ရဲတာ တကယ့်သတ္တိပဲ...ကျုပ် ဒီအတိုင်း တသက်လုံး ရပ်နေရတော့မယ်လို့ မှတ်နေတာ'

ကျွန်တော်က တလေးတစားဆိုလိုက်သည်။



'ဟ...ကျုပ်သတ္တိရှိတာ မဟုတ်ဘူး....၊ ကျုပ်သာ သူ့ဆီရှိ သေနတ်သမားကိုပဲ ပစ်မှာလို့ တွက်မိပြီးသား၊ ဒီတော့ သိပ်ပူလှခဲ့တယ် မဟုတ်ဘူး'

ပက်က သွားဖြီးပြုံး၍ ပြောလိုက်သည်။

'ရဲကိုအကြောင်းကြားလိုက် ပက်....ကိုယ့်ကိုကိုယ် ကာကွယ်တဲ့အနေနဲ့ ပစ်ခတ်တာဖြစ်ကြောင်း ခင်ဗျားကို သက်သေထွက်ရမှာမို့ စောင့်နေအုံး'

ကျွန်တော်က သူ့ ကိုပြောလိုက်သည်။

'စိတ်ချ ကျုပ် ဖုန်းဆက်လိုက်မယ်'

'ကျုပ်လုပ်စရာရှိသေးတယ်၊ သိပ်မကြာဘူး၊ အခုပဲပြန်လာခဲ့မယ်'

ကျွန်တော်က ပြောပြောဆိုဆို အပြင်သို့ ထွက်လာခဲ့သည်။

ကျွန်တော် အိမ်ထဲမှ ထွက်လာသည်။ လမ်းပေါ် သို့ရောက်သောအခါ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

'သိပ်ကြာကြာ မရှာလိုက်ရချေ။ ကိုက် ၅၀ လောက်အကွာတွင် ရပ်တန့်နေသော အနက်ရောင်ကား ဒီလက်စ်ကားတစ်စင်းကို တွေ့ရသည်။

ကားအနီးတွင် လမ်းမီးတိုင်တစ်တိုင် ရှိနေသည်။ ကားထဲတွင်ထိုင်နေသူကို မြင်တွေ့လောက်အောင် အလင်းအား လုံလောက်သည်။ ကားတံခါးအနီးသို့ ကျွန်တော်ရောက်ရှိသွားချိန်တွင် ကားပြတင်းပေါက်ပွင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



မေယာ၏အသံ ထိုင်နေသူထံမှ အသံသဲ့သဲ့ ထွက်လာသည်။ လက်ကိုင်ပဝါဖြူဖြူဖြင့် ချွေးတသုတ်သုတ် လုပ်နေသော ချာလီဆာဂါ၏သဏ္ဌာန်ကို ရေးရေးမြင်လိုက်ရသည်။

ကျွန်တော်စကားတစ်ခွန်းမှ မဟာခိုင်းခင်မှာပင် ချာလီ ရှေ့သို့ကိုင်းညွှတ်၍ မေးလိုက်သည်။

'လယ်ရီရော'

အဖြေကို ကြိုတင်တွက်ဆထားမိဟန်ဖြင့် သူ့အသံတုန်နေသည်။

'လယ်လီ သေပြီလေ ချာလီ၊ ဒါကြောင့် ဟိုလ်မန်း ဒီရောက်လာတာပေါ့'

မေယာက အေးဆေးစွာ ဖြေလိုက်သည်။

ချာလီကား ထိုင်ခုံကို နောက်မှီထိုင်ချလိုက်သည်။ လယ်ရီ သေဆုံးသွားသည်ကို ဝမ်းနည်းသည့် ပုံစံ တစ်ချက် နှစ်ချက် ရှိုက်သံပေါ်လာသည်။

'မေယာ....စတန်တွန် သေပြီ၊ လယ်ရီက ပစ်သတ်လိုက်တယ်'

ကျွန်တော်က ဆိုလိုက်သည်။

'ဒါဖြင့် သူတာဝန်ကျေသွားခဲ့တယ်ပေါ့၊ ဒီအကောင် စိတ်လှုပ်ရှားလွယ်ပေမဲ့ မဆိုးလှပါဘူး၊ ဟုတ်တယ်မဟုတ်လား'

မေယာက ကျွန်တော့်ကို မေးလိုက်သည်။

'မဆိုးလှပါဘူး မေယာ၊ ဟို....ကိုပက်ကောင်မလေး သူဟာ ပြဿနာမဟုတ်တော့ဘူး မဟုတ်လား'



ကျွန်တော်က မေးလိုက်သည်။

'ဘယ်က ကိုပက်ကောင်မလေးလဲ၊ အဲဒီလို ပေါက်ကရ နာမည်မျိုးနဲ့ လူတစ်ယောက်မှ ငါမသိပါဘူး''

မေယာက မျက်နှာပြောင်းဆိုလိုက်သည်။

'ကျေးဇူးပဲ'

ကျွန်တော် ပြတင်းပေါက်မှ နောက်ပြန် ယို့လိုက်သည်။ ချာလီဆာဂါ အသည်းအသန် ရှေ့သို့ကိုင်းညွှတ်၍ မေးလိုက်သည်။

'မစ္စတာ ဟိုလ်မန်း....'

'ဘာလဲ ချာလီ'

'စတန်တွန် ခင်ဗျားကိုငှါးခဲ့တာ မဟုတ်လား'

'ဟုတ်တယ်'

ကျွန်တော်က ဆိုလိုက်သည်။

'ဒါဆို...အခု ခင်ဗျားရဲ့ လုပ်အားခကို ဘယ်သူပေးမှာလဲ'

ချာလီက ပြောပြောဆိုဆိုပင် ဝမ်းသာအားရ တခစ်ခစ် ရယ်မောလိုက်သည်'

ကား ရုတ်တရက်ထွက်သွားသောကြောင့် ချာလီ ကုလားထိုင်နောက်မှီပေါ် လန်ကျသွားသည်။

တရားခံများကို ဒေါသထွက်အောင် စိတ်ဆွပေးပြီး စကားအစ်ထုတ်မှု၌ ကျွမ်းကျင်သော ရဲအရာရှိတစ်ဦး၏ မေးခွန်းပေါင်း အတော်များများကို လက်မှတ်ရေးထိုးပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

မကြာမတင် ကာလမှာပင် ရဲစခန်းမှနေ၍ လွတ်လွတ်လပ်လပ် ပြန်လွှက်လာနိုင်ခဲ့သည်။

စဘန်တွန်၏ အိမ်ရှေ့သို့ အငှါးကား ပြန်ဆိုက်ချိန်တွင် မနက်ဆယ်နာရီထိုးနေသည်။ နေကောင်းကောင်းသာနေသည်။ ကျွန်တော့လက်ဆွဲအိတ်ကိုယူရန် ပြန်လာခဲ့ခြင်း ဖြစ်သည်။ ကုန်ကျစရိတ်ကိုမူ ထည့်သွင်းစဉ်းစား၍ အပိုပစ်၊ အမှုသည်များသည် လူသတ်သမားများဖြစ်သည့်တိုင်အောင် ကိုယ့်ကိုကိုယ်တော့ အသေမခံသင့်သေးကြောင်း တွေးမိလာခဲ့သည်။ အနည်းဆုံး အမှုလိုက်ခရှင်းပြီးမှ သေသင့်ကြသည်။

BURMESE CLASSIC .com

တံခါးခေါက်သံ သဲ့သဲ့ ကြားလိုက်ရ၍ ကျွန်တော့တစ်ကိုယ်လုံး ကြက်သီးမွေးညှင်းထသွားသည်။ ဤအိမ်တွင် အလောင်းကထပ်ခဲ့တော့ တစ်စုံတစ်ယောက်သော သူရဲက ညအချိန်အထိမစောင့်နိုင်၊ နေ့ခင်းကြောင်တောင် ခြောက်နေရပြီလားဟု ထင်မှတ်လိုက်သည်။ သူရဲအစောင်များ နေ့လျှင် ခွဲတမ်းချနေ့ဆိုင်း ညဆိုင်း ခွဲခြောက်ရမည့်ကိန်းကိုး။

အသံလာရာသို့ စူးစိုက်ကြည့်လိုက်မိသည်။ စာကြည့်ခန်းတံခါးခေါက်သံမှန်း သိလိုက်တော့မှ စိတ်သက်သာရာ ရသွားသည်။ နောက် သတိရလိုက်မိသည်။

ကျွန်တော်သည် အင်္ကျီအိတ်ထဲသို့ ကမန်းကတန်း မွှေနှောက်လိုက်သည်။ သော့ဆွဲထုတ်လိုက်သည်။ စာကြည့်ခန်းတံခါးကို ဖွင့်လိုက်သည်။



ဆံပင်ဖြူနေသော အဖိုးကြီးတစ်ဦး အခန်းထဲမှ ထွက်လာသည်။ ကျွန်တော်တို့ စာကြည့်ခန်းထဲဝင်သွားစဉ်က စားပွဲအောက်တွင် အရက်မူးအိပ်ပျော်နေသူဖြစ်မှန်း အမှတ်ရလိုက်သည်။

အဖိုးကြီးက ယဉ်ကျေးစွာ ပြုံးပြပြောလိုက်သည်။

'ဂွတ်ဘိုင်...ကျေးဇူးအများကြီးတင်ပါတယ်ဗျာ၊ တကယ့်ပါတီပွဲပဲ'

သူသည် ဧည့်ခန်းကို ဖြတ်လျှောက်ပြီး အိမ်ရှေ့ပေါက်မှ ထွက်သွားသည်။

ကျွန်တော် သတ္တိမွေး၍ ဧည့်ခန်းထဲသို့ ဝင်လိုက်သည်။ နီနာအား ဆယ်နာရီလုံးလုံး မေ့လျော့ထားခဲ့သည့် ကိစ္စ၊ နီနာ ကျေနပ်အောင် မည်သို့ဆင်ခြေပေးရမည်နည်း။

သူမသည် မနေ့ညသန်းခေါင်က ကျွန်တော်သူမကို ထားရစ်ခဲ့သောနေရာတွင် နှစ်နှစ်ခြိုက်ခြိုက် ကျေကျေနပ်နပ်ကြီး အိပ်မောကျနေပုံရသည်။ သူမ၏မျက်နှာပေါ်တွင် အပြုံးသဲ့သဲ့ပင် တွေ့ရသည်။

ကျွန်တော်သြချ အံ့သြနေစဉ်မှာပင် သူမမျက်လုံးများ ပွင့်သွားသည်။ ကျွန်တော့်ကို မော့ကြည့်လိုက်သည်။

'ဂွတ်မောနင်း...ရစ် ကျွန်မတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတယ် ရှင်ရော'

www.burmeseclassic.com

www.burmeseclassic.com



သူမက လက်နှစ်ဖက်ဆန့်တန်း အညောင်းဖြေရင်း ပြောလိုက်သည်။

'အို...ကောင်းသလား မမေးနဲ့'

ကျွန်တော်က ဆိုလိုက်သည်။

'အိပ်လို့ အရမ်းကောင်းတာပဲ၊ အသံဗလံ တစ်စိုးတစ်စေ့မှ မကြားရဘူး၊ အားလုံး အေးအေးဆေးဆေး ငြိမ်ငြိမ်ချမ်းချမ်းပဲ၊ ပါတီက တော်တော်ကောင်းခဲ့လား ရှစ်'

သူမက ကျေနပ်ရောင့်ရဲစွာ ဆိုလိုက်သည်။

'အို...အမျှင်မပြတ် တစ်ခုပြီးတစ်ခု ဆက်ဖြစ်နေခဲ့တဲ့ကိစ္စပဲ၊ ဒါပေမယ့် မင်းမကြုံလိုက်ရချင်လို့ တမ်းတမ်းတတ ဖြစ်စရာ တစ်ခုမှ မဖြစ်ခဲ့ပါဘူး'

ကျွန်တော်က ပြောမပစ်လိုက်မိသည်။

သူမကထိုင်ပြီး ကိုယ်လက်ဆန့်လိုက်ပြန်သည်။

'ကျွန်မကတော့ ပြည့်ပြည့်ဝဝ ကျန်းမာသလို ခံစားမိတယ်'

'ဝမ်းသာပါတယ်ကွာ'

နီနာက သူမခေါင်းကို ဘယ်ညာလှည့်ခါလိုက်သည်။ စက်ကြောပြေအောင်ပြုသည့်ပုံ ပြုလိုက်သည်။

'ဟေး...ရှစ်'

သူမ၏အသံက ရုတ်တရက် ညုတုတုဖြစ်သွားသည်။

'ဘာလဲ'

ကျွန်တော်က မေးလိုက်သည်။



'ကျွန်မအကြံကောင်း ဉာဏ်ကောင်း တစ်ခုရထယ်၊ အပြင်ဘက်မှာ ဘယ်သူရှိသလဲ'

သူမက အသံဟိုးတိုးဖြင့် မေးလိုက်သည်။

'စောစောက အလောင်း နှစ်လောင်းသုံးလောင်းရှိခဲ့တယ်၊ ဒါပေမယ့် ခုလောက်ဆို ယူသွားကြပြီး မှတ်တယ်'

'ဟာ...ရှင်တကယ်ပဲ စောစောစီးစီး အသေအရှင်ပေါက်လို့ အတော်ဝမ်းသာနေတယ် ထင်တယ်၊ ပြောစမ်းပါအုန်း၊ ဘယ်လိုအလောင်းတွေလဲ'

'သက်မဲ့ အလောင်းတွေပေါ့၊ တစ်ခြားဘယ်လို အလောင်းမျိုးများရှိတတ်လို့လဲ'

ကျွန်တော်က အော်လိုက်မိသည်။

'မဟုတ်ဘူး၊ ဘယ်လို သေတာလဲလို့ မေးတာ'

'နှစ်လောင်းကတော့ ခြောက်လုံးပြူးကျည် မှန်ပြီးသေတာ၊ နောက်တစ်လောင်းကတော့ နှစ်လုံးပြူးမှန်တာ'

'တကယ်ပဲ...တကယ်ပဲ၊ ရှစ် ရှင် တကယ်ပဲစိတ်ကူးယဉ်တတ်လွန်းတယ်၊ ရှင် ပေါက်ကရ ပြောတာနဲ့ ကျွန်မ အကြံကောင်းတောင် မေ့မလို့'

'ဟုတ်လား'

ကျွန်တော်က ခပ်ကြောင်ကြောင်ပင် မေးလိုက်သည်။

'မသွားဘူး'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဟောက်ထည့်လိုက်သည်။

'ဘာ'

ကျွန်တော်သည် ငါးစက္ကန့်မျှ မျက်လုံးတင်းတင်း စေ့လိုက်သည်။

'ကိုယ်ပြောတာ တစ်မျိုး မယ်စ်နဲ့ နီနာအချစ် တစ်ခြားအချိန်မှာဆို မင်းအကြံ သိပ်ကောင်းတယ်လို့ ငါ ဘက်မှာ ခါ ပါမယ့် မနေ့ညက ငါ တမှေးမှ မအိပ်ရဘူး၊ လုပ်စရာတွေ ထားပါ၊ ခါယ်နာရီလုံးလုံး မရပ်မနား လှုပ်ရှားနေခဲ့ရတယ်လို့ သာ သဘောပေါက်'

ကျွန်တော်က သူ့ကို အတတ်နိုင်ဆုံး ပြေပြေပြစ်ပြစ် ပြောလိုက်သည်။

နီနာကမူ ကျွန်တော့ စကား နားထောင်နေဟန် မရှိချေ။

ကျွန်တော့ ကွတ်အင်္ကျီအိတ် တစ်အိတ်ကိုသာ ဖူးစိုက်ကြည့်နေပုံရသည်။

'နားလည်တယ် မဟုတ်လား အချစ်'

ကျွန်တော်က အသာ မေးလိုက်မိသည်။

'ကျွန်မ ကောင်းကောင်း နားလည်တယ်ပေါ့၊ နှစ်ပေါက်တစ်ပေါက် မိတ်ဆွေကြီးရယ်'

သူမက ရုတ်တရက် ဒေါသဖြင့် ဆိုလိုက်သည်။

သူမ၏ လက်များသည် မြွေထက် လျင်မြန်စွာ လှုပ်ရှားသွားသည်။



ကျွန်တော့ ကွတ်အင်္ကျီအိတ်ထဲမှ တစ်စုံတစ်ရာကို ဖျတ်ခနဲ ဆွဲလိုက်သည်။

'အို သနားစရာ ရစ်ဘီလေးရယ် ဒါကြောင့် ရှင် နွမ်းနေတာကိုး၊ ဒါကြောင့် အိပ်ချိန် မရခဲ့တာကိုး၊ တော်တော်ပန်းသွားတယ် ဆယ်နာရီပေါ့'

'အဲဒါ ဘာလဲ'

ကျွန်တော်က မျက်မှောင်ကုပ် မေးလိုက်မိသည်။

'ပြောစမ်းအုံး သူ့နာမည်လေးက အချောလှကညာရဲ့နာမည်လေး'

'ဘာလဲ'

ကျွန်တော်က သူမကို တုံ့ပြန်ဟောက်လိုက်သည်။

နီနာ ရုတ်တရက် လက်ဝါး ဖြန့်လိုက်သည်။

သူမ လက်ထဲတွင် အတွင်းခံ ဘောင်းဘီအနက် တစ်ထည်။

ထိုအခါကျမှ ကျွန်တော် သတိရလိုက်သည်။

စထန်တွန် ပြန်လာရန် စောင့်ဆိုင်းနေခိုက် ကောက်ရခဲ့သည့် အမှတ်တမဲ့ အင်္ကျီအိတ်ထဲ ထိုးထည့်လိုက်မိဟန် ရှိသည်။

ကျွန်တော်ပြောရင်း ပြောရင်းကပင် နီနာ၏ မျက်နှာပေါ်တွင် မယုံရိပ်များ ပိုမိုကဲလာ၍ စကား ဖြတ်လိုက်သည်။

'ဟာ....နေတော့ကွာ'

ကျွန်တော် စာကြည့်ခန်း အပြင်သို့ ထွက်လာခဲ့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



စာကြည့်ခန်းတံခါးကို သော့ ပြန်ခတ်လိုက်သည်။

နေစေတော့ ကျွန်တော့်လို လူကြီးလူကောင်း တစ်ယောက် စကားကို မယုံတဲ့ မိန်းမလောက် မှတ်လောက် သားလောက် တစ်နာရီလောက် ပိတ်လှောင် ထား လိုက်မည်ဟု ဆုံးဖြတ်လိုက် သတည်း။

× × ×

ပြီးပါပြီ။

BURMESE CLASSIC .com



ထွန်းလင်းတောက်စာပေမှ ရရှိနိုင်သော
ပညာပေးတက်ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓအလောင်းတော်၏နှလုံးသား(နိုင်ငံမြည်သူ) ထွက်ပြီ

၂။ ရွှေရတုပုံပြင်များ (ဦးလှစေ) ထွက်ပြီ

၃။ ချစ်မေတ္တာနဲ့ ဖိုမ ပြဿနာ (ဦးအောင်လွင်) ထွက်တော့မည်

၄။ သားစောင်း မွန်ပုံပြင်များ (ဆုလွဲရည် မြို့စုသည်)

www.burmeseclassic.com